
# မင်္ဂလာနိဒါန်း

မောင်အုံ့
(မဟာဝိဇ္ဇာ-ဒုံဘော)



# မင်္ဂလာနိဒါန်း

မောင်အုံ
(မဟာဝိဇ္ဇာ-ဘုံဘေ)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ-၂၅၅၇ ကောဇာ-၁၃၇၅ ၂၀၁၃

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဝင်းထင်အောင်
မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)က
ပုံနှိပ်ထုတ်ဝေသည်။

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | **မင်္ဂလသုတ်ပျို့** ... ... | ၁ |
| | **နိဒါန်း** ... ... | ၃ |
| ၁။ | အသေဝနာ စ ဗာလာနံ–လူမိုက်ကို မမှီဝဲခြင်း | ၁၂ |
| ၂။ | ပဏ္ဍိတာနဉ္စ သေဝနာ–ပညာရှိကိုမှီဝဲခြင်း | ၁၉ |
| | ဒုစရိုက် ၁၀– ပါး ... ... | ၂၁ |
| ၃။ | ပူဇာ စ ပူဇနေယျ–ပူဇော်ထိုက်သူကိုပူဇော်ခြင်း | ၂၈ |
| ၄။ | ပဋိရူပဒေသဝါသ–သင့်တင့်သောအရပ်၌နေခြင်း | ၃၅ |
| ၅။ | ပုဗ္ဗေ စ ကတပုညတာ–ရှေးကကြိုတင်၍ ကောင်းမှုများ ပြုလုပ်ခဲ့ခြင်း ... ... | ၄၁ |
| ၆။ | အတ္တသမ္မာပဏိဓိ–မိမိစိတ်ကို ကောင်းစွာထားခြင်း | ၄၇ |
| | သမ္မတ္တိစက်လေးပါး ... ... | ၅၁ |
| ၇။ | ဗာဟုသစ္စ–အကြားအမြင်များခြင်း | ၅၅ |
| | လူမိုက် ၁၀–ဦး ... ... | ၆၀ |
| ၈။ | သိပ္ပ–အတတ်ပညာတစ်ခုခုကို တတ်မြောက်ခြင်း | ၆၃ |
| | ကလာ ၆၄–မျိုး ... ... | ၆၇ |
| ၉။ | သုသိက္ခိတ ဝိနယ–စည်းကမ်းကျင့်ဝတ်ကို ကောင်းစွာသင်ယူခြင်း ... ... | ၇၂ |
| ၁၀။ | သုဘာသိတဝါစာ–မှန်ကန်ကျိုးရှိစကားကို ပြောခြင်း ... ... ... | ၇၈ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁။ | မာတာပိတုဉပဋ္ဌာန–မိဘတို့ကိုလုပ်ကျွေးခြင်း | ၈၅ |
| | မြန်မာဆန်ချင်သူ ... ... | ၈၈ |
| | အောက်ကလိအာ ... ... | ၈၉ |
| ၁၂။ | ပုတ္တဒါရဿ သင်္ဂဟော–သားမယားအား ချီးမြှောက်ခြင်း ... ... ... | ၉၂ |
| | မိဘကျင့်ဝတ် ၅–ပါး ... ... | ၉၂ |
| | လင်ကျင့်ဝတ် ၅–ပါး ... ... | ၉၅ |
| | မယားကျင့်ဝတ် ၅–ပါး ... ... | ၉၆ |
| | မယား ၇–မျိုး ... ... | ၉၈ |
| | စံပြမယား ... ... ... | ၁၀၀ |
| ၁၃။ | အနာကုလာ စ ကမ္မန္တာ–အနှောင့်အယှက် မရှိသော အမှုတို့ကိုပြုလုပ်ခြင်း ... ... | ၁၀၂ |
| | သမ္ပဒါ တရား ၄–ပါး ... ... | ၁၀၃ |
| | ရွာဦးကျောင်းဆရာတော်၏ဝီရိယ ... | ၁၀၃ |
| | ခွဲ လုံ့လ ဝီရိယကြီးမားသူများ ... | ၁၀၄ |
| ၁၄။ | ဒါန–ပေးကမ်းလှူဒါန်းခြင်း ... ... | ၁၁၁ |
| | အလှူခံတစ်ကျိပ်လေးပါး ... | ၁၁၂ |
| | သက္ကစ္စဒါန ... ... | ၁၁၄ |
| | အလှူခံပုဂ္ဂိုလ်ပယ်ရမည့် တရားငါးပါး | ၁၁၅ |
| | အလှူခံပုဂ္ဂိုလ်ပြည့်စုံရမည့်ဂုဏ်အင်္ဂါငါးပါး | ၁၁၅ |
| | မေတ္တာ၏ရုပ်ပုံလွှာ ... ... | ၁၁၅ |
| | လောဘပယ်မှုလေ့ကျင့်ခန်း ... | ၁၁၅ |
| | ပါရမီအစ ဒါနက ... ... | ၁၁၆ |
| | ရှိန်းပြီးသည့်ဒါန ... ... | ၁၁၆ |
| | ဓမ္မဒါနနှင့်အာမိသဒါန ... ... | ၁၁၇ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅။ | ဓမ္မစရိယ–တရားမျှတ မှန်ကန်စွာ ပြုကျင့်ခြင်း | ၁၁၈ |
| | ခေတ်ပျက်နှင့် ခေတ်ကောင်း ... | ၁၂၅ |
| ၁၆။ | ဉာတကာနဉ္စ သင်္ဂဟ–ဆွေမျိုးတို့ကို ချီးမြှောက် ထောက်ပံ့ခြင်း ... ... ... | ၁၂၇ |
| | သင်္ဂဟတရား ၄ –ပါး ... ... | ၁၂၇ |
| | မြတ်စွာဘုရား၏ ဉာတိသင်္ဂဟ ... | ၁၂၇ |
| | ဘုရားအလောင်းတော်၏ ဉာတိသင်္ဂဟ | ၁၂၉ |
| | ဆွေခုနစ်ဆက် ... ... | ၁၃၁ |
| ၁၇။ | အနဝဇ္ဇကမ္မ–အပြစ်ကင်းသော အမှုကိုပြုလုပ်ခြင်း | ၁၃၃ |
| ၁၈။ | အာရတီ ပါပါ–မကောင်းမှုမှ ဝေးစွာရှောင်ခြင်း | ၁၃၉ |
| ၁၉။ | ဝိရတီ ပါပါ–မကောင်းမှုဒုစရိုက်မှ အထူးရှောင်ခြင်း | ၁၄၁ |
| | ဝိရတီသုံးမျိုး ... ... | ၁၄၁ |
| | သမာဒါန ဝိရတိ ... ... | ၁၄၂ |
| | သမ္ပတ္တ ဝိရတိ ... ... | ၁၄၃ |
| | ကုသိုလ်နှင့်အကုသိုလ်ကြားခံနယ် ... | ၁၄၄ |
| ၂၀။ | မဇ္ဇပါနသံယမ–အရက်သေစာ သောက်စားခြင်း | ၁၄၆ |
| | သေရည်သေရက်နှင့်မူးယစ်ဆေးဝါးဆိုးကျိုးများ | ၁၄၇ |
| ၂၁။ | အပ္ပမာဒ–ကုသိုလ်ကောင်းမှု၌ မမေ့မလျော့ခြင်း | ၁၅၇ |
| | အပ္ပမာဒေါ အမတံ ပဒံ... ... | ၁၅၈ |
| | ပမာဒေါ မစ္စုနော ပဒံ ... ... | ၁၅၉ |
| | အကျွတ်တရား ... ... | ၁၆၀ |
| | ဖိုးရာဇာ၏ သတိတရား... ... | ၁၆၀ |
| ၂၂။ | ဂါရဝ–ရိုသေထိုက်သူကို ရိုသေခြင်း ... | ၁၆၃ |
| | ရတနာသုံးပါးအား ရိုသေခြင်း ... | ၁၆၃ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၃။ | နိဝါတ–မိမိကိုယ်ကိုနှိမ့်ချခြင်း... ... | ၁၆၉ |
| | သုဘာလုလင် ... ... ... | ၁၇၀ |
| | မာနကြီးသော သာကီဝင် မင်းမျိုးများ ... | ၁၇၂ |
| | မာန်စွယ်ကျိုးသော အရှင်ပေါဋ္ဌိလ ... | ၁၇၄ |
| ၂၄။ | သန္တုဋ္ဌိ–ရောင့်ရဲတင်းတိမ်ခြင်း ... | ၁၈၆ |
| ၂၅။ | ကတညုတာ–သူပြုဖူးသော ကျေးဇူးကိုသိခြင်း | ၁၈၀ |
| | မဟာအဿာရောဟဇာတ် ... ... | ၁၈၀ |
| | ဂုဏဇာတ် ... ... ... | ၁၈၂ |
| | အမ္ဗဇာတ် ... ... .. | ၁၈၃ |
| ၂၆။ | ဓမ္မဿဝန–သင့်တင့်သောအခါ၌ တရားနာခြင်း | ၁၈၅ |
| | တရားနာခြင်းအကျိုးငါးပါး... ... | ၁၈၅ |
| ၂၇။ | ခန္တီ–သည်းခံခြင်း ... ... ... | ၁၉၁ |
| | ခန္တီဝါဒီဇာတ် ... ... ... | ၁၉၂ |
| | စူဠဓမ္မပါလဇာတ် ... ... | ၁၉၃ |
| | ဆဒ္ဒန်ဆင်မင်းဇာတ် ... ... | ၁၉၅ |
| | သင်္ခပါလဇာတ် ... ... ... | ၁၉၅ |
| | အရှင်ပုဏ္ဏမထေရ် ... ... | ၁၉၅ |
| | ကဲ့ရဲ့ခုနစ်ရက် ... ... ... | ၁၉၆ |
| | အချမ်းအပူကို သည်းခံခြင်း ... | ၁၉၇ |
| | ဒုံရင်းပြန်ခြင်း ... ... ... | ၁၉၈ |
| | သူခိုးကြီးတေကာ်ပြား ... ... | ၁၉၉ |
| ၂၈။ | သောဝစဿတာ–ဆိုဆုံးမ လွယ်ကူခြင်း ... | ၂၀၁ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၉။ | သမဏာ ဒဿန–ရဟန်းသာမဏေများကို ဖူးမြင်ရခြင်း | ၂၀၈ |
| | အဇာတသတ်မင်းကြီး ... ... | ၂၀၉ |
| | ဥပတိဿ ပရိဗိုဇ် ... ... | ၂၁၁ |
| | သီရိဓမ္မာသောက ... ... | ၂၁၁ |
| | စိတ္တဂုတ္တ မထေရ် | ၂၁၂ |
| ၃၀။ | ကာလေန ဓမ္မသာကစ္ဆာ–သင့်တင့်လျောက်ပတ်သော အခါ၌ တရားစကားဆွေးနွေးခြင်း ... | ၂၁၄ |
| | ဖိုးရာဇာနှင့် သီဟပတေ့အမတ်ကြီး ... | ၂၁၇ |
| ၃၁။ | တပ–ခြိုးခြံစွာကျင့်ခြင်း ... ... | ၂၂၀ |
| ၃၂။ | ဗြဟ္မစရိယ – မေထုန်အမှုမှ ရှောင်ကြဉ်ခြင်း ... | ၂၂၉ |
| | ယသသူဌေးသား ... ... | ၂၂၉ |
| | ယုတ်ညံ့သောအမှု ... ... | ၂၃၀ |
| | ကာမစည်းစိမ် ဘင်ပုတ်အိမ် ... ... | ၂၃၁ |
| | မေထုန်ငယ်ခုနစ်ပါး ... ... | ၂၃၂ |
| | ဗြဟ္မစရိယအကျင့် ... ... | ၂၃၃ |
| | ပိပ္ပလိနှင့် မယ်ဘဒ္ဒါ ... ... | ၂၃၄ |
| ၃၃။ | အရိယာသစ္စာန ဒဿန–သစ္စာလေးပါးကို ထိုးထွင်း သိမြင်ခြင်း ... ... | ၂၃၈ |
| | သမ္မုတိသစ္စာ ... ... | ၂၃၈ |
| | ပရမတ္ထသစ္စာ ... ... | ၂၃၈ |
| | အရိယသစ္စာလေးပါး ... ... | ၂၃၉ |
| | ဒုက္ခသစ္စာ ... ... | ၂၃၉ |
| | သမုဒယသစ္စာ ... ... | ၂၄၀ |
| | နိရောဓသစ္စာ ... ... | ၂၄၁ |
| | မဂ္ဂသစ္စာ ... ... | ၂၄၁ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၄။ | နိဗ္ဗာန သစ္ဆိ ကိရိယာ– နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း | ၂၄၄ |
| | နိဗ္ဗာန်ချမ်းသာ ... ... | ၂၄၄ |
| | နိဗ္ဗာန်ကိုသိရန် ခက်ခဲခြင်း ... ... | ၂၄၅ |
| ၃၅။ | လောကဓမ္မေဟိ ဖုဋ္ဌဿ စိတ္တံ န ကမ္ပတိ–လောကဓံ တရားရှစ်ပါးနှင့် တွေ့သောအခါစိတ်မတုန်လှုပ်ခြင်း | ၂၅၁ |
| | လောကဓံရှစ်ပါး ... ... | ၂၅၁ |
| ၃၆။ | အသောက–စိုးရိမ်မှုကင်းခြင်း ... ... | ၂၅၇ |
| ၃၇။ | ဝိရဇ–ရမ္မက်ဟူသော မြူမရှိခြင်း ... | ၂၆၃ |
| ၃၈။ | ခေမ–ဘေးရန်ကင်းကွာခြင်း ... ... | ၂၆၆ |
| | မာရ်နတ်၏ စစ်သည်များ ... ... | ၂၆၈ |
| | နိဂုံး ... ... ... | ၂၇၁ |

# မင်္ဂလာနိဒါန်း
# ၏
# နိဒါန်း

၁၉၈၈-ခုနှစ်၊ စက်တင်ဘာလ (၁၈)ရက်နေ့တွင် တိုင်းပြည်၏ အာဏာကို တပ်မတော်က လွှဲပြောင်းရယူကာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးအဖွဲ့ (န. ဝ. တ)ကို ဖွဲ့စည်း၍ စစ်အုပ်ချုပ်ရေးစနစ်ဖြင့် အုပ်ချုပ်ခဲ့ရသည်။

ထိုအခါ ဗိုလ်ချုပ်ကြီး (နောင်တွင် ဗိုလ်ချုပ်မှူးကြီး) ဦးသန်းရွှေသည် သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အား အခြေပြုသဒ္ဒါ၊ အခြေပြုသင်္ဂြိုဟ်၊ ပါတိမောက်ဘာသာဋီကာ၊ သင်္ဂြိုဟ်ဘာသာဋီကာ၊ မဟာစည်ဆရာတော်၏ သတိပဋ္ဌာန်ကမ္မဋ္ဌာန်းစာအုပ်၊ နန္ဒာသိန်းဇံ၏ ကမ္မဋ္ဌာန်းအားထုတ်နည်း (၅)နည်းစသော ဘာသာရေးစာအုပ်များကို တစ်လလျှင် တစ်အုပ်ကျ မှာထားလေ့ရှိသဖြင့် ညွှန်ကြားရေးမှူးချုပ်အနေဖြင့် မကြာခဏ စစ်ရုံးသို့သွားရောက်ပေးပို့ခဲ့ရပါသည်။

ကျွန်တော်၏ စိတ်ထဲတွင် "ဒီဗိုလ်ချုပ်ကြီးက ဘုန်းကြီးလူထွက်လည်း မဟုတ်ဘဲနဲ့၊ ဒီစာတွေ ဖတ်နိုင်လို့လား" "သဒ္ဒါသင်္ဂြိုဟ် ဝိနည်းဆိုင်ရာ စာအုပ်တွေ ဖတ်တယ်ဆိုရင်တော့ ငယ်စဉ်က ဘုန်းကြီးကျောင်းနေဘူးရမည်"ဟု ထင်မြင်မှန်းဆရသည်။ န. ဝ. တ အစိုးရအဖွဲ့ သက်တမ်းတစ်နှစ်မပြည့်မီ ဗိုလ်ချုပ်ကြီးသန်းရွှေသည် ကျွန်တော်ကို ခေါ်၍-

"ဦးအုံ့မောင်၊ ကျုပ်တို့ ဗမာလူမျိုးတွေဟာ အင်မတန် နူးညံ့သိမ်မွေ့တာ၊ ပုရွက်ဆိတ်တောင် သတ်ရဲတာမဟုတ်ဘူး၊ ဒါပေမယ့် အခု (၈၈)အရေးအခင်းကာလမှာ" လမ်းလယ်ခေါင်လူပုံအလယ်မှာ ခေါင်းဖြတ်သတ်ရဲရုံသာမက ခေါင်းပြတ်နှစ်လုံးကို တစ်ဖက်တစ်ချက်ကိုင်ဆွဲပြီး ဗွီဒီယိုအရိုက်ခံပြီး ကမ္ဘာကိုလှင့်ထုတ်ပြသရဲကြတယ်၊ ဗမာဆိုရင် ကျောက်ခေတ်လူရိုင်းတွေလို့ ကမ္ဘာလူထုက ထင်မြင်ယူဆသွားကြပြီ၊ အင်မတန်ရှက်စရာကောင်းတယ်၊ ဒီလိုဖြစ်ရတာဟာ ခုခေတ်လူငယ်လူရွယ်တွေဟာ မင်္ဂလသုတ် မသင်ခဲ့ကြရတော့ မင်္ဂလာတရား၊ ဗုဒ္ဓဘာသာ ကိုယ်ကျင့်တရားကို မသိကြဘူး၊ နားမလည်ကြဘူး၊ ဒါ့ကြောင့် ဦးအုံ့မောင် အနေနဲ့ မင်္ဂလာတရားကို မတတ်သာမှ ပါဠိစကားလုံးသုံးပြီး ဗမာလို အရပ်သုံးစကားနဲ့ လွယ်အောင်ရေးပေးပါ။ ကျုပ်တို့လို (ဗိုလ်ချုပ်ကြီးက သူ၏ရင်ဘတ်ကိုပုတ်ပြပြီး)လူပြိန်းနားလည်အောင် ရေးစမ်းပါဟု" စိတ်အားထက်သန်စွာဖြင့် ကျွန်ုပ်အား တိုက်တွန်းခဲ့သည်။

ကျွန်တော်သည် ဗိုလ်ချုပ်ကြီးသန်းရွှေ၏ စေတနာကို လေးစားသောအားဖြင့် "မင်္ဂလာနိဒါန်း"ဟူသော အမည်ဖြင့် နေ့စဉ်ထုတ်သတင်းစာများ၌ တစ်ပတ်လျှင် မင်္ဂလာတရားဆောင်းပါးတစ်ပုဒ်ကျရေးသားထည့်သွင်းပေးခဲ့ပါသည်။

ရေးသားသည့်အခါ ပါဠိတော် အဋ္ဌကထာကျမ်းများမှ အနက်အဓိပ္ပါယ်များကို ခြုံငုံယူပြီး မြန်မာ့ရိုးရာပုံတိုပတ်စများဖြင့် တန်ဆာဆင်လျက် စာဖတ်တတ်ခါစ (၂)တန်း၊ (၃)တန်း ကလေးသူငယ်များ ဖတ်နိုင်

စေရန် (သို့မဟုတ်) မိခင်များက မိမိသားသမီးငယ်များကို ဖတ်ပြဆုံးမ နိုင်စေရန် တိုရှင်း၊ လိုရင်း၊ အရပ်သုံးစကားဖြင့် ရေးသားခဲ့ရာ (၃၈)ပတ် ပြည့်သောအခါ (၃၈)ဖြာ မင်္ဂလာပြီးပြည့်စုံအောင် ရေးသားနိုင်ခဲ့ပါသည်။

မင်္ဂလာ (၃၈)ပါး ပြည့်စုံသွားသောအခါ ယင်းဆောင်းပါးများ စုစည်း၍ ကျမ်းစာအုပ်ငယ်အဖြစ် ရိုက်နှိပ်ဖြန့်ချိခဲ့ရာ ယခုအချိန်အထိ စာအုပ်ရေ (၁)သိန်းကျော် ဖြန့်ဝေခဲ့ပြီး ဖြစ်ပါသည်။

**"အထူးတောင်းပန်ချက်"**

ဤစာအုပ်ငယ်ကို မူပိုင်ပြုလုပ်မထားဘဲ မည်သူမဆို ရိုက်နှိပ် ဖြန့်ဝေနိုင်ပါကြောင်း၊ ရိုက်နှိပ်ဖြန့်ဝေပေးကြပါရန် အနူးအညွတ် မေတ္တာ ရပ်ခံ တိုက်တွန်းလိုက်ပါသည်။

**မောင်အုံ့**
**မဟာဝိဇ္ဇာ (ဘုံဘေ)**

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## မင်္ဂလသုတ်ပျို့

မဟာပရမေ၊ ငါးရန်ချွေလျက်၊ ကိုးထွေဂုဏ်ပျံ၊ အရဟံထွင့်ချာ၊ သမ္မာသမ္ဗုဒ္ဓ၊ဉာဏပွင့်ဝါ၊ ဝိဇ္ဇာစရဏ၊သမ္ပန္နဟု၊ တေဇပြန့်ပြော၊ သုဂတောနှင့်၊ လောကဝိဒူ၊ ပြိုင်သူဝေးဆုတ်၊ အနုတ္တရ၊ လူထိုမျှကို၊ ဆုံးမနိုင်စွာ၊ လိမ္မာတတ်ကြူး၊ လှည်းယာဉ်မှူးဟု၊ အထူးမှတ်ရ၊ ပုရိသဒမ္မသာရထိ၊ ကျော်ရှိန်ညီ၏၊ ဒိဋ္ဌမာန၊ ပါပမြွေးထူ၊ နတ်နှင့်လူကို၊ သုံးဆူဝင့်မှ၊ ကင်းလွတ်ထအောင်၊ ဟောပြတတ်စွာ၊ သတ္ထာပညတ်၊ လေးရပ်သစ္စာ၊ စိတ်ဖြာဖော်ပြ၊ ဗုဒ္ဓမည်သာ၊ ဘုန်းခြောက်ဖြာကြောင့်၊ ဘဂဝါဟူသည်၊ အတည်တည်ဖြင့်၊ ရောင်ခြည်ထောင်ပြည့်၊ ဝန်းဝန်းလှည့်သို့၊ နှိုင်းရှည့်ဖက်ကင်း၊ မင်းမင်းအထွင့်၊ နတ်နတ်အချာ၊ပြဟ္မာမာတို့၊ ရတနာရောင်ဝှန်၊ မြတ်တံခွန်၏၊ စက်မွန်နှစ်စုံ၊ ထီးဖြူရုံကို၊ ထိပ်အုံကာမိုး၊ ရှိခွယ်ခိုး၏၊ ကိုးနှင့်ခြောက်သွယ်၊ အန္တရာယ်လည်း၊ ပျောက်ပြယ်ရှင်းလျက်၊ ရာသက်ရိပ်ငြိမ်၊ စည်းစိမ်ချမ်းသာ၊ ပညာဗလ၊ ယသကိတ္တိ၊ သမ္ပတ္တိနှင့်၊ သိဒ္ဓိလာဘ၊မြိတ္တဝရံ၊သုခံဘောဂ၊ တေဇဇေယျာ၊ စိန္တာမယ၊ ဣဋ္ဌဗလံ၊ စက္ကံသီရိ၊ ဣဒ္ဓိဝဏ္ဏာ၊ ပါမောက္ခဟု၊ ကုသလရှိန်စော်၊ အာနုဘော်သည်။ နှိုင်းလျော်ရွှေလ တူစေသောဝ်။ ။

မုံရွေးဆရာတော်

မောင်အုံ့ (မဟာဝိဇ္ဇာ – ဘုံဘော)

## မင်္ဂလသုတ္တ

ယံ မင်္ဂလံ ဒွါဒသဟိ၊ စိန္တယိံသု သဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတ္တိံသဉ္စ မင်္ဂလံ။
ဒေသိတံ ဒေဝဒေဝေန၊ သဗ္ဗပါပဝိနာသနံ။
သဗ္ဗလောကဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမ ဟေ။

ဧဝံ မေ သုတံ–
ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ
ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။
အထ ခေါ အညတရာ ဒေဝတာ
အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ
ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ
ယေန ဘဂဝါ တေနုပသင်္ကမိ။ ဥပသင်္ကမိတွာ
ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ။
ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ
ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

ဗဟူ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ ဗြူဟိ မင်္ဂလမုတ္တမံ။

# နိဒါန်း

မြန်မာနိုင်ငံတော်သူ နိုင်ငံတော်သားများသည် အချင်းချင်း တွေ့ဆုံသည့်အခါ 'မင်္ဂလာပါ'ဟု နှုတ်ခွန်း ဆက်လေ့ ရှိကြသည်။ ကျွန်တော်တို့ ငယ်စဉ်က စာသင်ခန်းထဲသို့ ဆရာမ ဝင်လာသောအခါ တခဲတန်းလုံးမတ်တတ်ရပ်၍ 'မင်္ဂလာပါ ဆရာမ'ဟူ၍ အားရပါးရ သံပြိုင်အော်ဟစ် နှုတ်ဆက်ခဲ့ရသည်ကို ပြန်ပြောင်းသတိရမိသည်။

သို့ရာတွင် ယင်း'မင်္ဂလာ' ဟူသော စကားလုံး၏ အနက်အဓိပ္ပာယ် အတိမ်အနက်ကိုမူ တိတိကျကျ မသိခဲ့ပါ။ အများဆိုသံကြား၍ သံယောင်လိုက်ဆိုခဲ့ခြင်း ဖြစ်ပါသည်။ နောက်ပိုင်းတွင် 'မင်္ဂလသုတ်'နှင့် စပ်ဆိုင်သော ရှင်းလင်းဖွင့်ဆိုချက် စာအုပ်စာတမ်းများကို လက်လှမ်းမီရာ ဖတ်ရှုလေ့လာရသောအခါ မင်္ဂလာတရားတော်၏ ကျယ်ဝန်းနက်နဲပုံကို တွေ့ရှိလာရသည်။

မင်္ဂလာတရားတော်သည် လူမျိုးမရွေး၊ ဘာသာမရွေး၊ တိုင်းပြည်နေရာ ဒေသမရွေး၊ အချိန်မရွေး လိုက်နာကျင့်သုံးရမည့် တရားတော်ဖြစ်သည်ကို သဘောပေါက်လာမိသည်။ လူတိုင်းအတွက် နေ့စဉ်ဘဝတစ်ခုဖြစ်နေသည်။ နေ့စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ ဖြစ်နေသည်။

အိမ်တက်မင်္ဂလာ၊ မွေးနေ့မင်္ဂလာ၊ အလှူပွဲများ၌ ကျက်သရေ မင်္ဂလာ တိုးတက်ပွားများစေရန် သံဃာတော်များက 'မင်္ဂလသုတ်' ကို ရွတ်ဆိုချီးမြှင့်ကြသည်။ ဒါယကာ ဒါယိကာမများကလည်း နာယူကြသည်။ ဤ 'မင်္ဂလသုတ်တော်' ကို ရွတ်ဆိုနာယူသည့်အတွက် ကျက်သရေမင်္ဂလာ တိုးပွားမှု ဧကန်အမှန် ဖြစ်နိုင်ပါသည်။

ထို့ကြောင့် 'မင်္ဂလသုတ်' ကို ရွတ်လည်း ရွတ်ဆိုရမည်။ နာလည်း နာယူရမည်။ သို့ရာတွင် ဤကဲ့သို့ ရွတ်ဆိုနာယူရုံမျှဖြင့် 'ကျက်သရေ မင်္ဂလာ' တိုးပွားမှုသည် အထွတ်အထိပ်သို့ အပြီးအဆုံးတိုင် ရောက်ပြီဟု မဆိုနိုင်သေးပါ။ အဘယ်ကြောင့်ဆိုသော် မင်္ဂလာတရားတော်သည် နေ့စဉ်ဘဝ၌ လက်တွေ့အသုံးချ ကျင့်သုံး ရမည့်တရား ဖြစ်သော ကြောင့်တည်း။

မြတ်စွာဘုရားရှင် 'မင်္ဂလသုတ်'တော်ကို မဟောကြားမီက မင်္ဂလာနှင့် ပတ်သက်၍ နည်းအမျိုးမျိုး ယူဆခဲ့ကြသည်။ အချို့က နံနက်စောစော အိပ်ရာထ ထွက်ပြူခါစ နေဝန်းကို ကြည့်ရလျှင် ထိုနေ့တစ်နေ့လုံးအတွက် ကျက်သရေမင်္ဂလာနှင့်ပြည့်စုံ၍ လုပ်သမျှ အောင်မြင်သည်ဟု ယူဆကြသည်။

တချို့က နံနက် အိပ်ရာထစတွင် မင်္ဂလာရှိသည်ဟု သတ်မှတ်ထားသော တစ်စုံတစ်ယောက်၏ မျက်နှာကို ကြည့်လိုက်ရလျှင် ထိုနေ့အတွက် ကံတိုင်းအောင်သည်ဟု ယူဆကြသည်။ တချို့က နံနက်စောစော နွားချေးပုံကို လက်ဖြင့် နှိုက်လိုက်ရလျှင် မင်္ဂလာရှိသည်၊ ဒိုးကျက်မြည်သံကြားရသော် မင်္ဂလာရှိသည်၊ တစ်တီတူး မြည်သံ ကြားရသော် မင်္ဂလာမရှိ၊ ကျီးနားသော် မင်္ဂလာရှိသည်၊ လင်းတနားသော် မင်္ဂလာမရှိ စသည်ဖြင့် မိမိတို့ ဘိုးစဉ်ဘောင်ဆက် ရိုးရာ အစဉ်အလာ ခွဲမိခွဲရာ 'မင်္ဂလာ'အယူအဆ အမျိုးမျိုး ကွဲပြားနေကြသည်။

အချို့က အဖြူရောင်ကို 'မင်္ဂလာ' အဖြစ် သတ်မှတ်၍ အချို့က 'အမင်္ဂလာ'အဖြစ် သတ်မှတ်ကြပြန်သည်။ အလားတူ အနီရောင်ကို လည်းကောင်း၊ အနက်ရောင်ကိုလည်းကောင်း 'မင်္ဂလာရှိသည်'ဟု ယူဆကြသကဲ့သို့ 'မင်္ဂလာမရှိ' 'အမင်္ဂလာ' ဟု ယူဆကြသူများလည်း ရှိကြသည်။ ထိုသို့ အယူအဆ မတူညီသူများ အချင်းချင်း ထိပ်တိုက် တွေ့ဆုံလာသောအခါ 'မင်္ဂလာ'အတုအစစ် 'မင်္ဂလာ'အမှားအမှန် အငြင်းပွားကြရသည်။

ထိုကဲ့သို့ 'မင်္ဂလာ'အယူအဆ မတူကွဲပြား အငြင်းပွား နေကြသည်ကို ပြေငြိမ်းသွားစေရန် မြတ်စွာဘုရားရှင်က လူမျိုးမရွေး၊ ဘာသာမရွေး၊တိုင်းပြည်နေရာဒေသမရွေး၊အချိန်မရွေး အမြဲ မှန်ကန်သော မင်္ဂလာတရားအစစ်အမှန်ကို ဟောကြားတော် မူခဲ့ပါသည်။

ယင်းမင်္ဂလာတရားတော်ကို လူကြီးလူငယ်မရွေး သဘောကျ နှစ်ခြိုက် လက်ခံကြသည်။ အရှေ့တိုင်းရော၊ အနောက်တိုင်းပါ ကြိုက်နှစ်သက်ကြသည်။ အဘယ်ကြောင့်ဆိုသော် မင်္ဂလာတရားတော်သည် ကောင်းကျိုးချမ်းသာကို ဖြစ်ထွန်းစေနိုင်သည်။ လူတိုင်းလူတိုင်း စိတ်ချမ်းသာစေနိုင်သည်။

မင်္ဂလာတရားတော်ကို လိုက်နာကျင့်သုံးသူသည် အသိပညာ အတတ်ပညာ ဗဟုသုတနှင့်ပြည့်စုံသည့်အပြင် စီးပွားဥစ္စာလည်း ကုံလုံကြွယ်ဝနိုင်သည်။ မိမိကိုယ်တိုင်လည်း ယဉ်ကျေး၍ ပတ်ဝန်း ကျင်ကိုလည်း ရင်အေးစေသည်။ မိမိကိုယ်တိုင် ဆင်းရဲတွင်းမှ လွတ်မြောက်၍ သူတစ်ပါးကိုလည်း ကယ်တင်နိုင်စွမ်းရှိသည်။

ငြိမ်းချမ်းသာယာ ကြွယ်ဝသောနိုင်ငံများကို သေချာစွာ လေ့လာ ကြည့်ရှုပါက မင်္ဂလာတရားတော်များကို အများဆုံးလိုက်နာ ကျင့်သုံး နေသည်ကို တွေ့ရပေသည်။ မငြိမ်းချမ်းသော တိုင်းပြည်များ၊ ဆင်းရဲမွဲတေနေသော တိုင်းပြည်များကို လေ့လာဆန်းစစ်ကြည့်ပါက ယင်းနိုင်ငံသားများသည် မင်္ဂလာတရားတော်များကို မလိုက်နာ မကျင့်သုံးသည်ကို တွေ့ရှိရပေမည်။

ဥပမာအားဖြင့် ကတညုတာ (ကျေးဇူးသိတတ်ခြင်း) ဟူသော မင်္ဂလာ တစ်ပါးတည်းကိုပင် ကြည့်ပါ။ မိမိအား ကိုးလလွယ်ဆယ်လမွေး နို့ချိုတိုက်ကျွေး၊ အညစ်အကြေးသုတ်သင်၊ ဖဝါးလက်နှစ်လုံး ပခုံး လက်နှစ်သစ်က ဝါးဖတ်တော်ကစီကျွေး လူဖြစ်အောင် မွေးခဲ့သည့် မိဘနှစ်ပါး၏ ကျေးဇူးကို သိတတ်ဖို့လိုသည်။

ကျေးဇူးမဆပ်နိုင်ချင်နေပါစေ၊ ကျေးဇူးကိုတော့ သိနေရမည်။ သိတတ်ရမည်။ ကျေးဇူးမကန်းမိဖို့လိုသည်။

အလားတူပင် မိမိထက်ကြီးသော အစ်ကိုကြီး အစ်မကြီးတို့သည် မိမိကို ချီပိုးသယ်ဆောင်ခဲ့ကြဖူးသည်။ သူစိမ်းတစ်ရံဆံများ မစော်ကားနိုင်စေရန် စောင့်ရှောက်ခဲ့ကြဖူးသည်။ ဦးကြီးဦးလေး၊မိကြီးမိထွေး စသည်တို့သည်လည်း အနည်းနှင့်အများ ကူညီစောင့်ရှောက်ခဲ့ကြဖူးသည်ချည်း ဖြစ်သည်။

ပညာသင်ချိန်၌ ပညာသင်ပေးသော ဆရာသမားများ၊ စီးပွားဥစ္စာရှာချိန်၌ ကူညီစောင်မကြသော မိတ်ဆွေများ စသည်ဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး မိမိကျေးဇူးရှင်တွေ ဖြစ်နေသည်ကို မေ့မထား သင့်ချေ။ အဆင်သင့် အကြောင်းတိုက်ဆိုင်သည့်အခါ ကျေးဇူးတုံ့ပြန်ဖို့ ကျေးဇူးဆပ်ဖို့ တာဝန်ရှိသည်။ ကျေးဇူးကြွေး တင်နေသည်ကို သိနေရပေမည်။ အကြောင်းတိုက်ဆိုင် နေပါလျက် ကျေးဇူးတုံ့ပြန်မှု မပြုလုပ်နိုင်လျှင် ကျေးဇူး မသိတတ်သူ ကတညုတာမင်္ဂလာ ဆိတ်သုဉ်း နေသူဟု ဆိုရပေမည်။

ထို့ထက်ဆိုးရွားသည်မှာ ကျေးဇူးရှင်ကို ကျေးစွပ်ခြင်း၊ ကျေးဇူးရှင်၏ အပြစ်ကိုပြောဆိုမိခြင်း၊ ကျေးဇူးကန်းခြင်းအဆင့်သို့ ရောက်သွားပါမူကား ဒုက္ခလှလှကြီး တွေ့တတ်သည်။

ကျွန်ုပ်တို့သည် မြန်မာနိုင်ငံ မြန်မာလူမျိုးဟူ၍ ယနေ့ ကမ္ဘာ့အလယ် ရပ်တည်နေနိုင်သည်မှာ ကျွန်ုပ်တို့ဘိုးဘေးများ၏ ကျေးဇူးတရားကြောင့် ဖြစ်သည်ကို အမြဲသတိရ အောက်မေ့နေသင့်သည်။

မင်္ဂလသုတ်ကို မသင်ဖူးသူ၊ သင်ဖူးသော်လည်း အဓိပ္ပာယ် မသိသူများ၊ သို့မဟုတ် လက်မခံသူများသည် ကျွန်ုပ်တို့၏ ဘိုးဘေးများ ဖြစ်ကြသော ရှေးမြန်မာဘုရင်များကို ပဒေသရာဇ်များ၊ နယ်ရှင်ပယ်ရှင်များ၊ မင်းစည်းစိမ် ဖိမ် ခံနေသူများအဖြစ် ကဲ့ရဲ့ပြစ်တင် ရှုတ်ချပြောဆိုကြသည်ကို ကြားနေရသည်။

သူတို့လည်း သူတို့ခေတ်အခြေအနေအရ နိုင်ငံ့ခေါင်းဆောင်များ၊ အမျိုးသားခေါင်းဆောင်များ ဖြစ်ခဲ့ကြသည်ဆိုသော အချက်ကို မေ့မထား သင့်ပါချေ။ မြန်မာ့သမိုင်းတစ်လျှောက် ပြန်လည်လေ့လာကြည့်လျှင် ကျွန်ုပ်တို့၏ အမျိုးသား ခေါင်းဆောင်များသည် အရေးကြုံလာပါက ရှေ့တန်းမှ အသက်စွန့်ခဲ့ကြသည်ချည်း ဖြစ်သည်။ သူ့ခေတ်နှင့်သူ ကမ္ဘာကို ရင်ပေါင်တန်းနိုင် ခဲ့ကြသည်။ ကျွန်တော်တို့တစ်တွေ ကျွန်တော်တို့ခေတ်မှာ ကမ္ဘာကိုရင်ပေါင်တန်းနိုင်ပါရဲ့လား၊ ဆန်းစစ်ကြည့်ပြီး အလောင်းဘုရား၊ ဘုရင့်နောင်၊ အနော်ရထာ စသော ခေါင်းဆောင် ကြီးများကို ဦးချထိုက် မချထိုက် မိမိဘာသာ ဆုံးဖြတ်ကြစေလိုသည်။

တိုးတက်ကြီးပွားနေသော နိုင်ငံများကိုကြည့်ပါ။ သူတို့ ခေါင်းဆောင်ကို လေးစားကြသည် မြတ်နိုးကြသည်၊ ထိုက်တန်စွာ အရိုအသေပြုကြသည်။ သူတို့ ခေါင်းဆောင်နှင့်သူတို့လူထု အပြန်အလှန် ကျေးဇူးပြု၍ အပြန်အလှန် ကျေးဇူး သိနေကြသည်မှာ အတုယူ အားကျဖွယ်ရာ ဖြစ်သည်။ ကတညုတာ မင်္ဂလာကို လက်တွေ့ကျင့် သုံး နေကြသည်။

မြန်မာရာဇဝင်တွင် အလောင်းစည်သူမင်းတရားကြီးသည် ဖောင်စကြာဖြင့် ဇမ္ဗူဒိပ်ကျွန်းကို လှည့်လည်နိုင်သူဖြစ်၍ သူ့၏ ဘိုးလောင်းတော် ဘေးလောင်းတော်များကို သူ့လောက် ဘုန်းကံမကြီးဟု အထင်သေး ပြစ်မှားသော စိတ်အကြံအစည် ဖြစ်ပေါ်ခဲ့သည်။ ယင်းပြစ်မှားမှုကြောင့် အလောင်းစည်သူမင်းတရားကြီးသည် ချက်ချင်း လက်ငင်း ဒိဋ္ဌဓမ္မ မျက်စိကွယ်ရလေသည်။

တစ်ဖန် ဘိုးလောင်းတော်၊ ဘေးလောင်းတော်တို့၏ ရုပ်တုများ ပြုလုပ်၍ အပြစ်ကို တောင်းပန်ဝန်ချ ကန်တော့သည့်အခါမှ မျက်စိနှစ်ကွင်း အလင်း ပြန်လည် ရရှိကြောင်း မှန်နန်းရာဇဝင်၌ ပြဆိုထားသည်။

ကျွန်တော်တို့နိုင်ငံတွင် ကျေးဇူးကန်းတရား ထွန်းကား လာသည့် အချိန် ကတညုတာမင်္ဂလာ ဆိတ်သုဉ်းလာသည့် အချိန်မှစ၍ အေးချမ်း ငြိမ်သက်မှု မရှိနိုင်တော့ဘဲ အချင်းချင်းသတ်ပွဲများနှင့် လမ်းဖျက်တံတားချိုး၊ ရွာမီးရှို့မှုများ အဆက်မပြတ် ဖြစ်ပေါ်နေခဲ့၍ လူ့အသက်ပေါင်းများစွာ ဆုံးရှုံးပြီး ပစ္စည်းဥစ္စာ ကုဋေကုဋာ ပြာကျခဲ့ပါပြီ။

ထို့ကြောင့် ယင်းကျေးဇူးကန်းအယူဝါဒ အမှားကြီးကို ပယ်စွန့်ချိန် တန်ပါပြီ။ အများစုမှာ ယင်းအယူဝါဒကို ပယ်စွန့်၍ ကတညုတာမင်္ဂလာကို လက်ခံ ကျင့်သုံးလာသည်ကို တွေ့နိုင်ပါသည်။ သို့ရာတွင် အချို့သူတို့မှာ ယင်းကျေးဇူးကန်း အယူဝါဒ အမှားကြီးကို ဆက်လက်ချီးပင့် ကိုင်စွဲ ကျင့်သုံးနေကြဆဲ ဖြစ်သည်ကို ဝမ်းနည်းဖွယ်ရာ တွေ့ရပေသည်။

သို့ဖြစ်၍ ကျွန်ုပ်တို့သည် မိဘကျေးဇူးကို သိတတ်ရမည်။ အစ်ကို အစ်မ၊ ဘကြီး၊ဘထွေး၊မိကြီး မိထွေးတို့၏ ကျေးဇူးကိုလည်း သိတတ်ရမည်။ မိမိ ဘိုးဘေးဘီဘင် အစဉ်အဆက်ကိုလည်း အမြတ်တနိုး ချီးမြှောက်ပြောဆိုခြင်းဖြင့် ကျေးဇူးသိတတ်ရမည်။ ရာဇဝင်အစဉ်အဆက် အုပ်ချုပ်ခဲ့ကြသော မင်းကောင်း မင်းမြတ်များကိုလည်း ဤမြန်မာနိုင်ငံနှင့် မြန်မာလူမျိုး အစွန့်ရှည်ကြာ ကမ္ဘာ့အလယ် ဝင့်ကြွားစွာ ရပ်တည်နိုင်အောင် ဒါတို့ပြေ ဒါတို့မြေ ပြစရာရှိအောင် သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့မှု အတွက် ကျေးဇူးဂုဏ်ကို တသသ အောက်မေ့နေကြရပေမည်။

မြန်မာ့သမိုင်းတစ်လျှောက်လုံးကို ကြည့်ပါက 'ကျေးဇူးသိခြင်း' ဟူသော ကတညုတာမင်္ဂလာကို အဓိကထား၍နိုင်ငံတည်ဆောက် ခဲ့ကြောင်း၊ တိုင်းပြည်ထူထောင်ခဲ့ကြောင်းကို တွေ့ရပေမည်။

ရှေးခေတ်မြန်မာနိုင်ငံ တိုင်းသူပြည်သားများနှင့် အမှုထမ်းများသည် အုပ်ချုပ်သူဘုရင်မင်းမြတ်ကို ကျေးဇူးရှင်အဖြစ်သတ်မှတ်၍ လေးစား မြတ်နိုးခဲ့ကြသည်။

အုပ်ချုပ်သူ ဘုရင်သို့မဟုတ် အစိုးရမရှိခဲ့သော် အကွပ် မရှိ သည့်ကြမ်း ပရမ်းပတာ ဆိုသကဲ့သို့ သူတစ်လူငါတစ်မင်း ဖြစ်လာ၍ ကြီးနိုင်ငယ်ညှဉ်း၊ အုပ်စုအားကောင်းသူ လူမိုက်တစ်စု၏ ဗိုလ်ကျသမျှ

ခံနေရမည်။ နေ့မအိပ်ရ ညမအိပ်ရ၊ ကျီးလန့်စာစား၊ နံနက်မိုးလင်းလျှင် မျက်နှာသစ်စရာရှိပါ့မလား ဟူသော စိုးရိမ်စိတ်ဖြင့် တထိတ်ထိတ် တလန့်လန့် ကြက်အိပ်ကြက်နိုး နေကြရမည်၊

ကာလဝိပ္ပတ္တိ ကာလပျက်သည့် အခြေအနေမျိုး ကြုံကြရမည်ဖြစ်၍ ကျွန်တော်တို့ ဘိုးဘွားများသည် ဘုရားရှိခိုးတိုင်း "မင်းပြောင်းမင်းလွှဲ မကြုံရပါလို၏ ဘုရား၊ ဝိပ္ပတ္တိတရားလေးပါး အပါအဝင်ဖြစ်သည့် ကာလဝိပ္ပတ္တိ ကာလပျက် ခေတ်ပျက်နှင့် မကြုံရပါလို၏ဘုရား" ဟု ဆုတောင်း၍ ရေမြေသနင်း ပြည့်ရှင်မင်းကြီး ကျန်းမာပါစေ၊ အသက်ရှည်ပါစေဟု အမြဲတမ်း ဆုတောင်းမေတ္တာပို့သ၍ ကုသိုလ်ပြုတိုင်း အမျှပေးဝေ သည့် အစဉ်အလာ ရှိခဲ့ပါသည်။

ဤသည်မှာ ပြည်သူပြည်သားတို့က အုပ်ချုပ်သူအပေါ် ကျေးဇူးသိတတ်မှု ကတညုတာမင်္ဂလာကို လိုက်နာကျင့်သုံးပုံ အမြွက်မျှပြဆိုလိုက်ခြင်းဖြစ်ပါသည်။

ကျေးဇူးရှင် မန်လည် ဆရာတော်ဘုရားကြီးကလည်း မဃဒေဝ လင်္ကာသစ် စာပိုဒ်ရေ ၁၇၇ ၌–

"ယုတ်မြတ်များစွာ၊ လူတို့မှာလျှင်
ကမ္ဘာဦးက၊ ခုတိုင်ကျအောင်
စိုးရသနင်း၊ မင်းတို့အုပ်ထ
စောင့်ရှောက်ကြ၍၊ ထိုမျှသီးသီး
သားသမီးနှင့်၊ ငယ်ကြီးနိုင်ထက်
မနိပ်စက်ဘဲ၊ ငြိမ်သက်ချမ်းသာ
သက်မွေ့ကာလျှင်၊ အိမ်ရာတည်ကျ
နေနိုင်ကြ၏၊ ဉာဏနည်းသူ

ရှင်လူအချို့၊ သူမိုက်တို့ကား
ဤသို့အထူး၊ မင်းကျေးဇူးကို
ကြည်နူးမသိ၊ မင်းမရှိဘဲ
မိမိတို့ချည်း၊ လိုရာနည်းဖြင့်
ပေါင်းစည်းပျော်ကာ၊ နေနိုင်စွာဟု
ပညာဆင်ခြင်၊ အမြင်မရှိ
ငြူစူဘိ၏”

ဟု ဆုံးမတော်မူခဲ့သည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရား အားလုံးကို လိုက်နာရန် မဆိုထားဘိ၊ ကျေးဇူးသိတတ်မှု တည်းဟူသော ကတညုတာ မင်္ဂလာတရားတော် တစ်ခုမျှကိုပင် ညီညာဖျဖျ ကျင့်သုံး ကြပါက မင်္ဂလာကျက်သရေ ဖြိုးဖြိုးဝေ၍ စားရေရိက္ခာ ပေါကြွယ်ဝသည့် ငြိမ်းချမ်း သာယာ ပြည်မြန်မာအဖြစ်ဖြင့် ကမ္ဘာ့ အလယ်တွင် ဂုဏ်ယူ ဝင့်ကြွား နိုင်ကြမည် ဖြစ်ပေသတည်း။

ဒုစ္စရိတဝိပါက။ ၇။ ဒုစ္စရိတဝိပါက။ ၇။
ဒုစ္စရိတဝိပါက။ ၇။ ဒုစ္စရိတဝိပါက။ ၇။

ဒုစ္စရိတဝိပါက။ ၇။ ဒုစ္စရိတဝိပါက။ ၇။
ဒုစ္စရိတဝိပါက။ ၇။ ဒုစ္စရိတဝိပါက။ ၇။

ဒုစ္စရိတဝိပါက။ ၇။ ဒုစ္စရိတဝိပါက။ ၇။
ဒုစ္စရိတဝိပါက။ ၇။ ဒုစ္စရိတဝိပါက။ ၇။

## မင်္ဂလသုတ်ပါဠိနှင့် ကဗျာ

အသေဝနာ စ ဗာလာနံ ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလမုတ္တမံ။

### အသေဝနာ စ

လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့၊
မမှီဝဲနဲ့ ကင်းအောင်နေ။
ပညာရှိကို အရှည်တွဲလို့၊
မှီဝဲဆည်းကပ် နည်းယူစေ။
သုံးပါးရတနာ မိဘများနှင့်၊
ဆရာသမားကို ပူဇော်လေ။
ချမ်းသာကိုပေး ဆက်ဆံရေး၊
မျှော်တွေးသုံးချက်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

## မင်္ဂလာ (၁)

၁။ **အသေဝနာစ ဗာလာနံ မင်္ဂလာ** လူမိုက်ကို မမှီဝဲမဆည်း ကပ်ခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

၂။ **ပဏ္ဍိတာနဉ္စ သေဝနာ မင်္ဂလာ** ပညာရှိကို မှီဝဲဆည်းကပ်ခြင်းသည် ကောင်းမြတ်သော မင်္ဂလာ မည်၏။

ဤမင်္ဂလာတရား နှစ်ပါးသည် ခေါင်းနှင့် ပန်းကဲ့သို့ဖြစ်၍ တစ်ပြိုင်နက် ပူးတွဲ လေ့လာ သင့်ပေသည်။ ထို့ကြောင့် ဤအမှတ်စဉ် (၁)နှင့်အမှတ်စဉ် (၂) မင်္ဂလာများကို ပူးတွဲစုပေါင်း ရှင်းလင်း ပြပါမည်။

အကြောင်းအကျိုး အကောင်းအဆိုး မခွဲခြမ်း၊ မဝေဖန် မသိတတ်သူကို ဗာလလူမိုက်ဟု ခေါ်သည်။ ထိုပြင် ဗာလ လူမိုက်သည် မိမိသူတစ်ပါးချမ်းသာအောင် မဆောင်ရွက်နိုင်ဘဲ ဆင်းရဲအောင်၊ အကျိုးမဲ့အောင် ပြုတတ်၏။ တစ်ဖက်သား ပျက်စီးစေရန် ကြံဆောင်ကြိုးကုတ် ပြုလုပ်လေ့ရှိ၏။

ဗာလလူမိုက်၏ သဘောလက္ခဏာများကို ပြောင်းပြန်လှန်လိုက်ပါက ပဏ္ဍိတ ပညာရှိကို သိနိုင်ပေပြီ။ လူမိုက် နှင့် ပေါင်းသင်းခြင်း၊ လူမိုက်ကို ဆရာတင်ခြင်း၊ ဆရာတစ်ဆူပြုလုပ် ဆည်းကပ်ခြင်း မပြုရ။ ပညာရှိနှင့် ပေါင်းသင်း၍ ပညာရှိကို ရှေ့တန်းတင်ခြင်း၊ ပညာရှိကို ဆရာတစ်ဆူပြုလုပ်ကိုးကွယ်မှသာ စည်းစိမ် ဥစ္စာ ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံလာပေမည်။

ဘုရားဟော ငါးရာ့ငါးဆယ်ဇာတ်မှ အပဏ္ဏကဇာတ်တော်တွင် ဒေဝဒတ်လောင်း လှည်းကုန်သည်နှင့် ဘုရားလောင်း လှည်းကုန်သည် နှစ်ဦးတို့ကို နှိုင်းယှဉ်လျက် လူမိုက်နှင့် ပညာရှိကို သရုပ်ခွဲပြထားသည်။

လှည်းကုန်သည် နှစ်ဦးတို့သည် နောက်လိုက် တပည့် လှည်းသား ငါးရာစီ အသီးသီး ရှိကြသည်။ ဒေဝဒတ် လောင်း လှည်းကုန်သည် သည် ဝေးလံသော နိုင်ငံရပ်ခြား တိုင်းပြည်

တစ်ခုသို့ အရောင်းအဝယ်သွားရန် စီစဉ်နေသည်။ အလားတူပင် ဘုရားလောင်း လှည်းကုန်သည် ကလည်း တိုက်တိုက်ဆိုင်ဆိုင် ယင်းနိုင်ငံသို့ပင် သွားရောက် ရောင်းဝယ် ရန် စီစဉ်မိလျက် ဖြစ်နေသည်။

ဤသတင်းကို ကြားရသော ဒေဝဒတ်လောင်း လှည်းကုန်သည် သည် ဘုရားလောင်း လှည်းကုန်သည်နှင့် သာတူညီမျှ ပူးပေါင်းလုပ်ဆောင်လိုစိတ် မရှိဘဲ အကြဲတူ ရန်သူဟု သဘောထားကာ လက်မတွဲနိုင်သဖြင့် ယင်းခရီးကို မည်သူအလျင်သွားမည်နည်းဟု မေးမြန်းလိုက်သည်။

ဘုရားလောင်းလှည်းကုန်သည်က ဒေဝဒတ်လောင်း စိတ်ကြိုက်ရွေးရန် ပြောလိုက်သည်၊ ထိုအခါ ဒေဝဒတ်လောင်း လှည်းကုန်သည်က ပထမဦးဆုံး သွားရန် ရွေးချယ်လိုက်သဖြင့် ဘုရားလောင်းလှည်းကုန်သည်လည်း ယင်းတို့ ပြန်လာမှသွားရန် ဆုံးဖြတ်လိုက်သည်။

ခေါင်းဆောင် နှစ်ဦး၏ တွေးခေါ် မြော်မြင်ပုံမှာ ဤသို့တည်း။

ဒေဝဒတ်လောင်းက ပထမဦးဆုံး သွားသူသည် နွားစာမြက် ပေါပေါများများ ရနိုင်သည်။ လှည်းသမားများ ဟင်းသီးဟင်းရွက်ဦးဦးဖျားဖျား စားသုံးကြရမည်။ လမ်းခရီးတွင် ရေတွင်း ရေကန်၊ ရေအိုင်များမှ ရေကောင်း ရေသန့် ဖောဖောသီသီ သုံးစွဲရမည်။ နောက်လူမှာ ရွှံ့နောက်ရေကိုသာ သုံးရမည်။ ခရီးဆုံးသို့ရောက်သောအခါ မိမိကြိုက်ဈေးကို ဈေးတင်ရောင်းချ၍ အမြတ်အစွန်းများများ ရနိုင်မည်ဟု ယူဆသည်။

ဘုရားလောင်း လှည်းကုန်သည်ကမူ ပထမသွား သူများသည် မြက်ရင့်မြက်ကြမ်းကိုသာ နွားစာကျွေးကြရ၍ ကြမ်းထော်နေသော ဟင်းရွက်အရင့်ကိုသာ ချက်စားကြရမည်။

နောက်မှသွားသူများမှာမူ ပထမလူများ ဆွတ်ခူး ရိတ်ဖြတ်သွားရာမှ အတက်ပေါက်မြက်နုရွက်နုများကို အသုံးပြုကြရမည်။

ရေရှားပါးသောနေရာ၌ ပထမသွားသူများက ရေတွင်းတူးဖော်ကြရမည်ဖြစ်၍ နောက်မှ သွားသူများသည် ယင်းတူးဖော်ပြီး ရေတွင်းများမှ အဆင်သင့် ခပ်သောက်ရုံမျှသာ ရှိတော့သည်။ လမ်းခရီးတစ်လျှောက် ရွံ့ဗွက်များဖို့ခြင်း၊ ကျင်းချိုင့်များ ချောက်များဖို့ခြင်း၊ မတ်စောက်သော အတက်အဆင်းများကို ဖြေခြင်း၊ လမ်းမရှိသေးသော နေရာ၌ လမ်းသစ်ဖောက်လုပ်ခြင်းများကို ပထမသွားသူများက လုပ်ဆောင်ကြရမည်ဖြစ်၍ဒုတိယသွားသူများမှာမူ ရှေးကသွားထားပြီး လမ်းဟောင်းအတိုင်း လိုက်ကြရုံသာရှိတော့သည်။

ခရီးလမ်းဆုံးသို့ရောက်သော အခါတွင်လည်း မိမိရှေ့က ကုန်သည်များ ဈေးဖြတ်သွားသည့် ပေါက်ဈေးအတိုင်း ရောင်းချရုံသာဖြစ်၍ အခက်အခဲ မရှိတော့ချေ။ ပထမသွားသူများမှာ ကုန်ပစ္စည်းအသစ်၊ ဈေးနှုန်းအသစ်ဖြစ်၍ များလွန်းသွားပြီလား၊ နည်းလွန်းသွားပြီလား ချိန်ဆ၍ ဈေးဆိုကြရသည်။

ဝယ်သူများဘက်မှလည်း ကုန်ပစ္စည်းအသစ်၊ ဈေးနှုန်းအသစ်ဖြစ်၍ ရဲရဲဈေးမပေးဝံ့ ဖြစ်တတ်သည်။ ဈေးဦးမပေါက်သေး၍ ပေါက်ဈေးသတ်မှတ်ရန် ခက်ခဲတတ်သည်။ သို့ဖြစ်၍ နောက်မှ ရောက်သော ကုန်သည်များသည် ပေါက်ဈေးအတိုင်း ရောင်းရုံမျှသာ ဖြစ်၍ ထိုက်သင့်သည့် အမြတ်ကိုတော့ရမည်ဖြစ်သည်။

ဤသို့ စဉ်းစားမြော်မြင်ပုံချင်း မတူကြချေ။ မည်သူက မှန်သည်ကိုမူလက်တွေ့ဘဝ၌ချပြ ကျင့်သုံးသည့် အခါ ထင်ရှား ပါလိမ့်မည်။

ပထမဦးဆုံး ဒေဝဒတ်လောင်း ဦးဆောင်သည့် လှည်းကုန်သည်ငါးရာတို့ ခရီးထွက်ခွာသွားကြသည့်အခါ လမ်းဖောက်၊ လမ်းဖို့၊ တံတားခင်းခြင်းများ ပြုလုပ်သွားကြရသည်။

နွားများမှာ မြက်ကြမ်းမြက်ရင့်ကိုသာစားကြရ၍ လူများမှာလည်း ဟင်းသီးဟင်းရွက် အကြမ်းကိုသာ စားကြရသည်။ ရေမရှိသော လှည်းစခန်း၌ ရေတွင်း တူးဖော်ကြရသည်။ နောက်ဆုံးအဆင့် ရေမရှိသော သဲကန္တာရခရီးကို ဖြတ်သန်းသွားကြသောအခါ ဘီလူးများက လှည်းတစ်စီးဖြင့် ခရီးရင်ဆိုင် မောင်းနှင်လာခဲ့ကြသည်။

လှည်းပေါ်တွင် လူယောင်ဆောင်ထားသော ဘီလူးများက ဆံပင်နှင့် အဝတ်များ ရေစိုစွတ်လျက် ကြာစွယ်ကြာပန်းများကိုင်လျက် ဒေဝဒတ်လောင်း လှည်းကုန်သည်အား လွန်ခဲ့သည့်ညက မိုးအကြီးအကျယ်ရွာ၍ ရှေ့နားမလှမ်းမကမ်းတွင် ရေအိုင်ကြီးတစ်ခုရှိနေကြောင်း၊ ယင်းရေအိုင်တွင် မိမိတို့သောက်ချိုးခဲ့၍ ကြာစွယ်ကြာပန်းများကို ခူးယူခဲ့ကြောင်း၊ လှည်းများပေါ့ပါးလျင်မြန်စေရန် ကုန်သည်များ၏ လှည်းပေါ်တွင် သယ်ယူလာသော ရေများကို သွန်ပစ်ကြ၍ ယင်းရေအိုင်ကြီးသို့ အမြန်မောင်းသွားသင့်ကြောင်း တိုက်တွန်းကြလေသည်။

ဒေဝဒတ်လောင်းသည် ဘီးလူးများ၏ စကားကို မစဉ်းမစား ယုံကြည်လက်ခံ၍ ပါလာသော ရေများကို အကုန်သွန်ပစ်ပြီး ဆက်လက်မောင်းနှင်ကြသည်။

ရှေးဘေက သဲကန္တာရ ခရီးသွားကြပုံမှာ ညဥ့်အခါ လှည်းများကို မောင်းနှင်ကြ၍ နံနက်နေထွက်ချိန်တွင် လှည်းစခန်းချရသည်။ရွက်ထည်မိုး တဲထိုးပြီး လူများ၊ နွားများ နေခို ချက်ပြုတ် စားသောက်နားနေ အိပ်စက်ကြရသည်။ ညနေ နေအေးသောအခါတစ်ဖန် ခရီး စတင် ထွက်ခွာရသည်။

ဒေဝဒတ်လောင်း ဦးဆောင်သော လှည်းအုပ်ကြီးသည် ပါလာသမျှ ရေများကို သွန်ပစ်၍ ရေအိုင်ကြီး တွေ့နိုးတွေ့နိုး မျှော်လင့်ချက်ဖြင့် ဆက်လက် မောင်းလာခဲ့ရာ နံနက် နေထွက်သည်အထိ ရေအိုင်ကို မတွေ့ရ၊ ပူပြင်း ခြောက်သွေ့သော သဲပြင်ကြီးကိုသာ တွေ့နေရ၍ ဆက်လက် မသွားနိုင်တော့ဘဲ စခန်းချ ရပ်နားကြသည်။

စားစရာပဲများ ဆန်များ ပါလာသော်လည်း ရေမရှိသဖြင့် ချက်ပြုတ် မစားနိုင်ကြ၊ ထမင်းအသက်ခုနစ်ရက်၊ ရေအသက် တစ်မနက် ဆိုသည့်အတိုင်း နေမြင့်လေ ရေဆာလေ ဖြစ်သည်။ တစ်နေကုန် နေပူ၊ လေပူ၊ သဲပူရှိန်များအကြား ရေငတ်သည့် ဝေဒနာကြောင့် လူများ နွားများသည် လက်လှုပ် ခြေလှုပ်ရန် မဆိုထားဘိ လျှာနှင့်နှုတ်ခမ်းများပင် မလှုပ်နိုင်ကြ။

အာခေါင်နှင့်လျှာများ ခြောက်သွေ့ကွဲအက်လာ၍ အချင်းချင်း စကားတစ်ခွန်းမျှပင် မပြောနိုင်။ အင်အားချည့်နဲ့ ယဲ့ယဲ့မျှသာ ရှိသည်။ ညမိုးချုပ်လာသောအခါ ဘီးလူးများ ရောက်ရှိလာ၍ အသက်ငွေ့ငွေ့မျှသာရှိသော လူများ၊ နွားများ အားလုံးကို အစိမ်းစားပစ်လိုက်ကြတော့သည်။

ဒေဝဒတ်လောင်းလှည်းကုန်သည် ခရီးထွက်သွားပြီး နောက် တစ်လခန့်အကြာတွင် ဘုရားလောင်း လှည်းကုန်သည် ဦးဆောင်သည့် လှည်းငါးရာ ခရီးစတင်ထွက်ခဲ့ကြသည်။

ရှေ့လူများက လမ်းဖောက်၊ လမ်းပြင်၊ လမ်းခင်း သွားကြ၍ နောက်လူများအတွက် ဖြောင့်ဖြူးနေသည်။ မြက်များ နှင့် ဟင်းရွက်များ အတက်ပေါက်နေပြီဖြစ်၍ နွားများအတွက် မြက်နု၊ လူများအတွက် ဟင်းရွက်နုကို စားသုံးကြရသည်။

ရေရှားသည့် စခန်းများ၌လည်း ရှေ့လူများ တူးထားခဲ့သောရေတွင်းများမှ အဆင်သင့် ခပ်ယူသုံးစွဲရုံမျှသာ ရှိသည်။ နောက်ဆုံးအဆင့် သဲကန္တာရကို ဖြတ်သန်းသော အခါ ရေအိုးများ၊ ရေစည်များကို ရေအပြည့်ဖြည့်၍ ရေကို အဖိတ်အစင်မရှိစေရ၊ စနစ်တကျ ခြိုးခြံချွေတာ သုံးစွဲကြရန် ခေါင်းဆောင် လှည်းကုန်သည်က ညွှန်ကြား၍ သဲကန္တာရကို စတင် ဖြတ်သန်းကြသည်။

ရှေးနည်းအတူ ဘီလူးများက ပါလာသမျှရေကို သွန်ပစ်ကြရန် တိုက်တွန်းသည်။ လှည်းကုန်သည်ခေါင်းဆောင်က လှည်းများကို ရပ်ပြီးချက်ချင်း အစည်းအဝေးခေါ်လိုက်သည်။ အစည်းအဝေးတွင် ရေသယ်လာရသော လှည်းရှင်များက ရေအိုင်ကြီးသို့ အမြန်ရောက်လိုဇောဖြင့် ပါလာသည့်ရေများကို သွန်ပစ်ခွင့်ပြုရန် ဆွေးနွေးကြသည်။

ထိုအခါ လှည်းကုန်သည်ခေါင်းဆောင်က 'တိမ်တော၊ လေကော်၊ လျှပ်စက် ပဇ္ဇော၊ သံတယော' ဟု ရှေးပညာရှိများ ဆုံးမခဲ့ကြောင်း။ အဓိပ္ပါယ်မှာ မိုးတိမ်ကို သုံးယူဇနာမှမြင်ရ၏။ မိုးသက် လေတိုက်လာသည်ကို တစ်ယူဇနာမှ မြင်ရ၏။ လျှပ်စီးလက်သည်ကို ငါးယူဇနာမှ မြင်ရ၏။ မိုးချုန်းသံကို သုံးယူဇနာမှ ကြားနိုင်၏ ဟုဆိုလိုပါသည်။

လှည်းကုန်သည်ခေါင်းဆောင်က မိမိတို့ရှေ့ဆက်သွားရမည့် လမ်းခရီးဆီသို့ မျှော်ကြည့်ပြီး မိုးတိမ်ကိုလည်းမမြင်ရ၊ မိုးသက်လေကိုလည်း မတွေ့ရ၊ လျှပ်စီးလက်သည်ကိုလည်း မတွေ့ရ၊ မိုးချုန်းသံလည်း မကြားရ၊ သို့ပါလျက် မိုးရွာ၍ ရေအိုင်ကြီးရှိနေသည်ဟူသော စကားကို မယုံကြည်သင့်ကြောင်း ရှင်းပြပြီး မိမိအမိန့်မရဘဲ ရေတစ်စက်မျှမသွန်ကြရန် ကြီးကြပ်ကွပ်ကဲ၍ ဆက်လက်မောင်းနှင်စေသည်။

ထိုနေ့ မိုးလင်းပိုင်းတွင် သဲကန္တာရ အလယ်၌ လူရိုး၊ နွားရိုးများ ဖရိုဖရဲကျဲလျက် လှည်းဝိုင်းကြီးကို တွေ့ရှိရသည်။ လှည်းငါးရာပေါ်တွင်မူ ရောင်းကုန်ပစ္စည်းများ အကောင်းပကတိ တွေ့ရှိရသည်။

ဘုရားလောင်းဦးဆောင်သည့် ကုန်သည်များသည် တန်ဖိုးရှိရာ ပစ္စည်းများကို ရွေးချယ်ယူပြီး မိမိတို့လှည်းများပေါ်သို့ ပြောင်းရွှေ့တင်ကြသည်။ ညမှောင်လာသည့်အခါ ဘီလူးများသည် လူသားစားရန် ရောက်လာကြသည်။ သို့ရာတွင် လှည်းကုန်သည်များမှာ အစာရေစာ ဝပြိုးစွာ စားသောက်ကြရ၍ အင်အားပြည့်ဖြိုးစွာဖြင့် ဓားလှံလက်နက်စွဲကိုင် စောင့်ရှောက်နေကြသဖြင့် ဘီလူးများ အနားမကပ်ရဲကြချေ။

ထို့နောက် ဘုရားလောင်းဦးဆောင်သည့် လှည်းကုန်သည် ငါးရာ တို့သည် ပစ္စည်းဥစ္စာပြည့်စုံစွာ၊ ဘေးရန်အန္တရာယ် ကင်းရှင်းစွာ မိမိတို့နေရပ်သို့ ပြန်လာနိုင်ခဲ့ကြသည်။

## မင်္ဂလာ(၂)

မုဆိုးနားနီးမုဆိုး၊ တံငါနားနီးတံငါဆိုသကဲ့သို့ လူမိုက်နှင့်ပေါင်းလျှင်လူမိုက်အဖြစ်သို့ ရောက်ရှိသွားတတ်၍လူလိမ္မာပညာရှိနှင့်ပေါင်းသင်းလျှင် လူလိမ္မာပညာရှိအဖြစ်သို့ ရောက်ရှိနိုင်သည်။

ရှေးအခါက ပဉ္စာလတိုင်းမှ ဘုရင်ကြီးသည် တောကစားထွက်တော်မူရာ နောက်လိုက်အခြွေအရံများနှင့် ကွဲကွာ၍ဘုရင်ကြီး တစ်ပါးတည်းရထားစီးလျက် တောအုပ်ကြီးအတွင်းသို့ ခရီးလွန်ကာ ရောက်ရှိသွားပေသည်။

တောအုပ်ကြီးအတွင်း အရိပ်အာဝါသ ကောင်းသောပညောင်ပင်ကြီးအောက်၌ ခေတ္တရပ်နားခဲ့ရာ ဘုရင်ကြီးကိုဖမ်းကြလော့၊ ဆီးကြလော့၊ လက်ဝတ်တန်ဆာများကိုလုယူကြလော့ စသည်ဖြင့် အော်ဟစ်သံကြားရ၍ အသံလာရာဖက်သို့ကြည့်လိုက်သောအခါ ကျေးသား တစ်ကောင် သစ်ပင်ကြီးတစ်ပင်ပေါ်မှ ဟစ်အော်နေသည်ကို တွေ့လိုက်ရသည်။

ထိုအခါ ဘုရင်ကြီးသည် သည်ပတ်ဝန်းကျင်၌ ခိုးသားဓားပြများ ရှိသည်ဖြစ်ရာ၏ဟု သံသယစိတ် ဝင်လာ၍ ထိုနေရာမှချက်ချင်း ထွက်ခွာလာခဲ့ရသည်။ မကြာမီ ရသေ့ ကျောင်းတစ်ကျောင်းကို တွေ့မြင်ရ၍ ဝင်ရောက်သွားသောအခါ –

"အရှင်မင်းကြီး ကြွတော်မူပါ၊ ထိုင်တော်မူပါ၊ အပမ်းဖြေနားနေတော်မူပါ၊ အမောပြေရေအေးတစ်ခွက် သောက်တော်မူပါ၊ ချိုမြိန်သော သစ်သီးတို့ကိုလည်း သုံးဆောင်တော်မူပါ၊ ရှင်ရသေ့မှာသစ်သီးရှာသွားနေခိုက်ဖြစ်၍ အရှင်မင်းကြီးကို ဧည့်ဝတ်ပြုမည့်သူ

မရှိ ဖြစ်နေပါသည်၊ ကျွန်ုပ်မှာ လက်မရှိ၍ ကိုယ်တိုင်ဧည့်ဝတ် မပြုနိုင်သဖြင့် စိတ်မကောင်းပါ၊ အရှင်မင်းကြီး ကိုယ်တော်တိုင်သာ အလိုတော်ရှိသရွေ့ သုံးဆောင်တော်မူပါတော့”

စသည်ဖြင့် သာယာချောင်းသောစကားကို ကြားရ၍ အသံလာရာဘက်သို့ ကြည့်လိုက်ရာ ကျေးသားတစ်ကောင်ကို တွေ့ရလေသည်။ ကျေးသား၏ ပျူငှာဖော်ရွေသော စကားကြောင့် မင်းကြီးသည် ပင်ပမ်းနွမ်းနယ်မှုများ တစ်မုဟုတ်ချင်း ငြိမ်းအေးသွားကြ၍ ကြည်သာရွှင်ပျ စိတ်ချမ်းသာသွားလေသည်။

မင်းကြီးက တောအုပ်အတွင်းမှတွေ့ ခဲ့ရသောကျေးသားနှင့် ရသေ့ကျောင်းရှိ ကျေးသားနှစ်ဦးတို့ ကွာခြားပုံကိုနှိုင်းယှဉ်၍ ပြောပြသောအခါ ရသေ့ကျောင်းရှိ ကျေးသားငယ်က ရှင်းလင်းပြပုံမှာ မိမိတို့ ကျေးသားနှစ်ကောင်သည် တစ်အူထုံ့ ဆင်း ညီရင်းအစ်ကိုများဖြစ်ကြကြောင်း၊ ငယ်စဉ်အခါက လေပြင်း တိုက်ခတ်သဖြင့် အသိုက်မှလွင့်ကာ တကွဲတပြားစီ ဖြစ်ခဲ့ရာတွင် ယခင်ကျေးသားမှာ ဓားပြတို့ထံ ရောက်ရှိသွား၍ သတ္တိဂုမ္ဘ ကျေးဟု အမည်ရရှိခဲ့ကြောင်း၊ မိမိ မှာမူ ရသေ့တို့ထံ ရောက်ရှိလာ၍ ပုပ္ဖသူဝ ကျေးလိမ္မာ ဖြစ်လာခဲ့ကြောင်း ရှင်းလင်း ပြောပြလေသည်။

ထို့နောက် ပုပ္ဖသူဝ ကျေးလိမ္မာက ဆက်လက်၍ တရားစကားပြောကြားရာတွင် ‘ငါးပုပ်ကို သမန်းမြက်ဖြင့် ထုပ်လျှင် သမန်းမြက်ပါ အပုပ်နံ့ နံပါသည်၊ ထို့အတူပင် သူမိုက်နှင့်ပေါင်းသင်းလျှင် သူမိုက်သာ ဖြစ်လာနိုင်ပါသည်၊ တောင်ဇလပ်ပန်းကို ပေါက်ဖက်နှင့်ထုပ်လျှင် ပေါက်ဖက်ပါ ပန်းရနံ့ မွှေးကြိုင်ပါသည်၊ ထို့အတူပင် ပညာရှိသူတော်ကောင်းနှင့် ပေါင်းဖက်လျှင် ပညာရှိသူတော်ကောင်းဖြစ်လာနိုင်ပါသည်’ ဟု ဟောကြားခဲ့ကြောင်း ဝီသတိနိပါတ် သတ္တိဂုမ္ဘဇာတ်၌ လာရှိပါသည်။

ထို့ပြင် အင်္ဂုတ္တိုရ်ပါဠိတော် တိကနိပါတ် ဘယသုတ်၌ ဆား ဥပဒ်အန္တရာယ် ရန်စွယ်မှန်သမျှသည် လူမိုက်ကြောင့်သာ ဖြစ်ပေါ်ကြ၏။ သူတော်ကောင်းကြောင့် မဖြစ်ပေါ်ပါ။ ထို့ကြောင့် လူမိုက်ဖြစ်ကြောင်း ဒုစရိုက်တရားတို့ကို ရှောင်ရှား၍ ပညာရှိ သူတော်ကောင်းဖြစ်စေမည့်**သု**စရိုက်တရားတို့ကို ကျင့်ကြံပွားများ အားထုတ်ကြရာ၏ဟူ၍ မြတ်စွာဘုရား ဟောကြားခဲ့ပါသည်။

ဤစကားရပ်နှင့်စပ်လျဥ်း၍ ဒုစရိုက် (၁၀) ပါး၊ သုစရိုက် (၁၀) ပါး တို့ကို ရှင်းလင်းစွာ သိထားရန် လိုအပ်ပါသည်။ ဒုစရိုက် (၁၀) ပါးကို အကျဥ်းအားဖြင့် ခွဲခြားလိုက်ပါက ကာယကံ (ကာယဒုစရိုက်) ၃-ပါး၊ ဝစီကံ (ဝစီဒုစရိုက်) ၄-ပါး၊ မနောကံ (မနောဒုစရိုက်) ၃-ပါးတို့ဖြစ်သည်။

**ကာယကံ = ကာယ ဒုစရိုက် (၃) ပါးတို့မှာ -**

၁။ ပါဏာတိပါတ = သူ့အသက်ကိုသတ်ခြင်း၊
၂။ အဒိန္နာဒါန = သူ့ပစ္စည်း၊ သူ့ဥစ္စာကိုပိုင်ရှင်မပေးဘဲ ခိုးဝှက်လုယူခြင်း၊
၃။ ကာမေသုမိစ္ဆာစာရ = ကာမဂုဏ် တို့၌ မှားယွင်းစွာ ကျင့်ခြင်းတို့ ဖြစ်သည်။

**ဝစီကံ = ဝစီဒုစရိုက်(၄)ပါးတို့မှာ -**

၁။ မုသာဝါဒ = လိမ်လည်ပြောဆိုခြင်း၊
၂။ ပိသုဏာဝါစာ = အချင်းချင်း မုန်းတီးစေရန် ချစ်ခင်မှု ပျက်ပြယ်စေရန် ကုန်းချောစကား ပြောဆိုခြင်း၊

၃။ ဖရုသဝါစာ = ဆဲရေးရေရွတ် ခြိမ်းခြောက် ကြိမ်းမောင်းခြင်းစသော ကြမ်းတမ်းရိုင်းပျသော စကားကို ပြောဆိုခြင်း၊

၄။ သမ္ဖပ္ပလာပ = အကျိုးမရှိသောစကား၊ အနှစ်သာရမရှိသောစကားများကို ပြောဆိုခြင်းတို့ ဖြစ်သည်။

**မနောကံ = မနောဒုစရိုက်(၃)ပါးတို့မှာ –**

၁။ အဘိဇ္ဈာ = သူတစ်ပါးပစ္စည်းကိုရလိုမှုအတွက် ရှေးရှုကြံစည်ခြင်း၊

၂။ ဗျာပါဒ = သူတစ်ပါးကို ဖျက်စီး နှိပ်စက်ညှဉ်းပန်းရန် ကြံစည်ခြင်း၊

၃။ မိစ္ဆာဒိဋ္ဌိ = မှားယွင်းသော အယူဝါဒကို လက်ခံယုံကြည်ခြင်းတို့ ဖြစ်သည်။

သုစရိုက် ၁၀–ပါးမှာ ယင်းဒုစရိုက် ၁၀–ပါးကိုရှောင်ကြဉ်ခြင်းပင်ဖြစ်သည်။ သုစရိုက် ၁၀–ပါးကိုလည်း ကာယကံ ၃–ပါး၊ ဝစီကံ ၄–ပါး၊ မနောကံ ၃ပါးဟူ၍ ခွဲခြားနိုင်သည်။

**ကာယကံ= ကာယသုစရိုက် (၃)ပါးတို့မှာ –**

၁။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သတ္တဝါများအသက်ရှည်အောင်၊ ကျန်းမာအောင်၊ ဝပြိုးအောင်ဆောင်ရွက်ပေးခြင်း၊

၂။ သူတစ်ပါးပစ္စည်း ခိုးဝှက် လုယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူတစ်ပါးပစ္စည်းကို မိမိပစ္စည်းနှင့်အလားတူ မပျောက်မပျက် မဆုံးရှုံးရအောင် စောင့်ရှောက်ထိန်းသိမ်းပေးခြင်း၊
၃။ ကာမဂုဏ်တို့၌ မှားယွင်းစွာပြုကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်းတို့ ဖြစ်သည်။

**ဝစီကံ = ဝစီသုစရိုက်(၄)ပါးတို့ မှာ–**

၁။ မှန်သောစကားကို ပြောဆိုခြင်း၊
၂။ နှစ်ဦးနှစ်ဖက်တို့ ချစ်ခင်စေမည့် စကားကို ပြောဆိုခြင်း၊ ကွဲပြားနေသူ နှစ်ဦးကို ညီညွတ်လာအောင် စေ့စပ်ရေး စကား ပြောဆိုခြင်း၊
၃။ နူးညံ့သိမ်မွေ့ချိုသာ ပြေပြစ်သောစကားကို ပြောဆိုခြင်း၊
၄။ အကျိုးရှိ၍ အနှစ်သာရပြည့်ဝသောစကားကို ပြောဆိုခြင်း တို့ ဖြစ်သည်။

**မနောကံ = မနောသုစရိုက်(၃)ပါးတို့ မှာ–**

၁။ သူတစ်ပါး၏ပစ္စည်းကိုရယူလိုစိတ် မရှိခြင်း၊ သူတစ်ပါးပစ္စည်း ဥစ္စာ ပြည့်စုံမှုကို ကြည့်ရှု၍ ဝမ်းမြောက်စိတ်ဖြစ်နိုင်ခြင်း၊
၂။ သူတစ်ပါးကို ဖျက်ဆီးလိုစိတ် မရှိခြင်း၊ သူတစ်ပါးကို ချမ်းသာ စေလိုသောဆန္ဒရှိခြင်း၊
၃။ မှန်ကန်သော ဘာသာအယူဝါဒ၊ မကောင်းမှုပြုက မကောင်းကျိုး ခံစားရမည်၊ ကောင်းမှုပြုက ကောင်းကျိုး ခံစားရမည်ဟု ယုံကြည်လက်ခံခြင်းတို့ ဖြစ်သည်။

မြတ်စွာဘုရားရှင် လက်ထက်တော်က အရှင်မဟာကဿပ မထေရ်ကြီးသည် ဝေဘာရတောင်ပေါ်တွင် ပိပ္ပလိ ဂူကျောင်း၌ သီတင်းသုံး နေတော်မူသည်။ မထေရ်ကြီးမှာ ဝတ်ကြီးဝတ်ငယ် ပြုစုရန် တပည့် သာမဏေနှစ်ပါးရှိသည်။ တစ်ပါးမှာ သဒ္ဓါတရားရှိ၍ တပည့်ဝတ် ကျေပွန်အောင် ဆောင်ရွက်သည်။ အခြားတစ်ပါးမှာ သဒ္ဓါမဲ့၍ ကောက်ကျစ် စဉ်းလဲသည်။

လိမ္မာသော တပည့်သည် အရှင်မဟာကဿပမထေရ်ကြီး နံနက်အိပ်ရာထ အဆင်သင့် အသုံးပြုရန် မျက်နှာသစ်ရေ၊ ရေဖလား၊ တံပူသွားတိုက်တံ၊ မျက်နှာသုတ်ပဝါတို့ကို အသင့်စီစဉ်ထားရှိပေးသည်။ ကျောင်းပေါ်၌ လည်းကောင်း၊ ကျောင်းဝင်း၌လည်းကောင်း တံမြက်လှည်း သန့်ရှင်းရေး ပြုလုပ်သည်။ ရေချိုးချိန်တွင် ရေနွေးဖြင့်ချိုးနိုင်ရန် အဆင်သင့် ရေနွေးတည်ပေးသည်။ မထေရ်ကြီး၏ သင်္ကန်း၊ အိပ်ရာခင်း စသည်ကို လျှော်ဖွပ်ပေးသည်။ ဝစ္စကုဋီသန့်ရှင်းစေရန် သုတ်သင်ခြင်း ပြုလုပ်ပေးသည်။

သို့ရာတွင် ကောက်ကျစ်စဉ်းလဲသော တပည့်သည် ထိုတပည့် လိမ္မာ ဆောင်ရွက်ထားသော အမှုများကို မိမိဆောင်ရွက်လေဟန် ပြုမူလေ့ရှိသည်။ မျက်နှာသစ်ရေ ရပါပြီ၊ ချိုးရန်ရေနွေးရပါပြီ၊ သင်္ကန်းဖွပ်လျှော်ပြီးပါပြီ စသည်ဖြင့် မိမိလုပ်သည့်ဟန်ဖြင့် နှုတ်လောကွတ် ပြုတတ်သည်။ သူတစ်ပါး တံမြက်လှည်း၍ သန့်ရှင်းပြီးသည်ကို မထေရ်ကြီးရှေ့၌ တံမြက်လှည်းဟန် ပြုလုပ်သည်။

ဤသို့ ပြုလုပ်ဖန်များသောအခါ အမှန်တကယ် ဝတ်ကြီး ဝတ်ငယ် ဆောင်ရွက်နေသော တပည့်လိမ္မာသည် ဆရာဖြစ်သူ မထေရ်ကြီး အမှန်အတိုင်း သိရှိစေရန် ကြံဆောင်ခဲ့သည်။ တပည့်လိမ္မာသည် ကျိုပြီးသောရေနွေးကို ရေချိုးအိမ်၏ နောက်ဘက်၌ ဝှက်ထားလိုက်၍ ရေချိုးအိမ်အတွင်း၌ ဇလာဖြစ်သော အိုးကြီးတစ်လုံးကို ထားရှိခဲ့သည်။

ကောက်ကျစ်သော တပည့်သည် ထုံးစံအတိုင်း ရေချိုးအိမ်အတွင်း၌ ရေနွေးများ ရောက်ရှိနေပြီထင်မှတ်၍ မထေရ်ကြီးအား "ရေနွေးများ အဆင်သင့်ဖြစ်ပါပြီ၊ ရေသုံးသပ်တော်မူပါဘုရား"ဟု လျှောက်ထားသည်။

မထေရ်ကြီးသည် ရေချိုးအိမ်အတွင်းဝင်၍ ရေမှုတ်အရိုးရှည်ဖြင့် ရေအိုးထဲသို့ လှမ်းခတ်လိုက်ရာ ရေတစ်စက်မျှ မရှိသဖြင့် ရေမှုတ်သည် အိုးဖင်ကို ရိုက်ခတ်သွားလေသည်။ ထိုအခါ တပည့်မိုက်သည် အရက်ရ၍ တပည့်လိမ္မာအပေါ် ဆဲရေး ရေရွတ်လျက် ရေခပ်ရန် ထွက်ခွာသွားသည်။

ထို့နောက် တပည့်လိမ္မာသည် ရေချိုးအိမ်၏နောက်ဘက်၌ ဝှက်ထားသော ရေနွေးအိုးကို ထုတ်ယူခဲ့၍ မထေရ်မြတ်အား ရေနွေးဖြင့် ချိုးရေဆက်ကပ်လိုက်သည်။ တပည့်မိုက်၏ ကောက်ကျစ်စဉ်းလဲပုံကို တွေ့ရှိရသော ဆရာအရှင်မြတ်သည် နောင်တွင်အလားတူ ကောက်ကျစ်စဉ်းလဲမှု ဟန်ဆောင်မှုများ မပြုလုပ်ရန်ဆိုဆုံးမသည်။

ယင်းသို့ ဆုံးမခြင်းကို မကျေနပ်သည့်အတွက် တပည့်မိုက်သည် ဆရာအရှင်မြတ်နှင့်အတူ ဆွမ်းခံမလိုက်တော့ဘဲ နောက်ချန်နေခဲ့သည်။ မိမိတစ်ပါးတည်း တခြားရွာတစ်ရွာသို့ သွားရောက်ဆွမ်းခံသောအခါ ဒါယကာဒါယိကာမများက မထေရ်မြတ်ကြီးအကြောင်း မေးမြန်းကြသည်။ ထိုအခါ တပည့်မိုက်သည် ဆရာအရှင်မြတ် မကျန်းမာ၍ ကျောင်း၌ နေရစ်ခဲ့သည်။ ဤမည်သော ဆွမ်းခဲဖွယ်တို့ကို လောင်းလှူလိုက်ကြရန် မှာကြားလိုက်ကြောင်းကို ပြောသဖြင့် ဒါယကာဒါယိကာမများသည် ကောင်းနိုးရာရာ ခဲဖွယ်ဘောဇဉ်များကို လောင်းလှူလိုက်ကြသည်။ ယင်းခဲဖွယ်ဘောဇဉ်များကို တပည့်မိုက်သည် သူတစ်ပါးတည်း စားပစ်လိုက်သည်။

နောက်တစ်နေ့တွင် ထိုရွာသို့ မထေရ်မြတ်ကြီး ဆွမ်းခံကြွလာသောအခါ ဒါယကာဒါယိကာမများ၏ လျှောက်ထားချက်အရ တပည့်မိုက်၏ကောက်ကျစ်စဉ်းလဲမှုကို သိရှိရ၍ ကျောင်းသို့ ပြန်ရောက်သောအခါ ဆိုဆုံးမပြန်သည်။ တပည့်မိုက်သည် ယမန်နေ့က

ရေနွေးကလေး မရရှိမှုဖြင့် ငါ့ကိုပြစ်တင်မောင်းမဲသည်။ ဤနေ့လည်း ဆရာအားလှူသည့်ဆွမ်းကို တပည့်က စားရုံမျှဖြင့် ဆူပူကြိမ်းမောင်း နေပြန်ပြီဟု ကြံစည်လျက် မထေရ်မြတ်ကြီးအပေါ် ရန်ငြိုးဖွဲ့ လေသည်။

နောက်တစ်နေ့တွင် မထေရ်ကြီး ဆွမ်းခံကြွသွားသောအခါ တပည့်မိုက်သည် တစ်ပါးတည်း ကျောင်း၌ ချန်နေခဲ့၍ ကျောင်းကို မီးရှို့ ဖျက်ဆီးပြီး အရပ်တစ်ပါးသို့ ထွက်ခွာသွား၏။ ဤအဖြစ်အပျက်နှင့် ပတ်သက်၍ မြတ်စွာဘုရားရှင်က –

"မိတ်ဆွေရှာသောအခါ သီလ၊ သမာဓိ၊ ပညာ၊ အကျင့်၊ သိက္ခာအရာတွင်မိမိထက် သာလွန်သူကိုဖြစ်စေ၊ မိမိနှင့် တန်းတူသူကို ဖြစ်စေ မတွေ့ရလျှင် မိမိတစ်ယောက်တည်းသာ နေရာ၏။ လူမိုက်နှင့်ကား ပေါင်းသင်းဆက်ဆံခြင်းမပြုရာ" – ဟူ၍ ဆုံးမတော်မူလေသည်။

ယုတ်မာဆိုးသွမ်းသော ရှင်ဒေဝဒတ်နှင့် ပေါင်းသင်းမိခြင်းကြောင့် အဇာတသတ်ဘုရင်သည် ဖခင်အရင်းကိုသတ်မိခြင်း (ပိတုဃာတက) ကံကြီး ထိုက်ခဲ့သည်။ ထိုဘဝမှာပင် မဂ်ဉာဏ်ဖိုလ်ဉာဏ် ရနိုင်ခွင့်ရှိပါလျက် ယင်းအခွင့်အရေး ဆုံးရှုံးရုံမျှမက ငရဲသို့ပင် ကျရောက်ခဲ့ရသည်။

ဤကား လူမိုက်နှင့်ပေါင်းသင်းဆက်ဆံခြင်း လူမိုက်ကို ဆရာ တင်၍ ဆည်းကပ်ကိုးကွယ်မိခြင်းကြောင့် ပစ္စုပ္ပန်သံသရာနှစ်ဖြာသော ဘဝ၌ ဆင်းရဲဒုက္ခရောက်ရပုံကို အနည်းငယ်မျှဖော်ပြခြင်းဖြစ်ပေသည်။

ပညာရှိသူတော်ကောင်းများနှင့် ပေါင်းသင်းဆက်ဆံရ၍ ပညာရှိ သူတော်ကောင်းကို ဆည်းကပ်ကိုးကွယ်ခွင့်ရသဖြင့် ပစ္စုပ္ပန် ဆင်းရဲ ဒုက္ခမှလွတ်မြောက်ခြင်း၊ သံသရာဝဋ် ဒုက္ခမှလွတ်မြောက်၍ နိဗ္ဗာန်ချမ်း သာကိုရရှိခြင်း အကျိုးထူးများကို ခံစားရရှိနိုင်သည်။

မြတ်စွာဘုရားရှင်လက်ထက်တော်က လူပေါင်းထောင်နှင့်ချီ၍ သတ်ဖြတ်ညှဉ်းဆဲခဲ့သော အင်္ဂုလိမာလ ခိုးသူကြီးသည် မြတ်စွာဘုရား

တည်းဟူသော ပညာရှိသူတော်မြတ်နှင့် တွေ့ဆုံဆည်းကပ်ခွင့် ရသဖြင့် မင်းပြစ်စိုးဒဏ် ရာဇဝတ်ဘေးမှ လွတ်မြောက်ရုံမျှမက အာသဝေါကုန်ခန်း ရဟန္တာဖြစ်သည်အထိ ကောင်းကျိုးရရှိသွားခဲ့သည်။

ထိုကြောင့် ပညာရှိသူတော်ကောင်းကို (ကလျာဏမိတ္တ) မိတ်ဆွေ ကောင်းအဖြစ်သတ်မှတ်၍ ဆက်ဆံပေါင်းသင်းရမည်။ အရှင်အာနန္ဒာက မိတ်ဆွေကောင်းသည် လိုအပ်သည့်အကျိုးတရားကို တစ်ဝက်ပြီး စေနိုင်သည်ဟု ဥဒါန်းစကားကျူးရင့်သည်ကို မြတ်စွာဘုရားကြားသိတော်မူ၍ မြတ်စွာဘုရားရှင်က "အာနန္ဒာ ဤသို့မဆိုလင့် ဤသို့မဆိုလင့်၊ မိတ်ဆွေကောင်း(ကလျာဏမိတ္တ)သည် လိုအပ်သောအကျိုးတရား အလုံးစုံ အပြည့်အဝ ပြီးစေနိုင်သည်" ဟူ၍ မိန့်ကြားတော်မူသည်။

ဤကား အသေဝနာစ ဗာလာနံ မင်္ဂလာနှင့် ပဏ္ဍိတာနဉ္စ သေဝနာ မင်္ဂလာနှစ်ပါးအဓိပ္ပါယ် အကျဉ်းချုပ်ဖော်ပြခြင်းဖြစ်ပေသည်။

# မင်္ဂလာ (၃)

၃။ **ပူဇာ စ ပူဇနေယျာနံ** ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

ပူဇော်ခြင်းသည် လက်အုပ်ချီမှု၊ ရှိခိုးမှုစသော ကိုယ်အမူအရာဖြင့် ပူဇော်ခြင်း၊ ဂုဏ်ကျေးဇူးကို ထုတ်ဖော်ချီးကျူး၍ နှုတ်ဖြင့်ပူဇော်ခြင်း၊ အကျင့်တရားဖြင့် ပူဇော်ခြင်း၊ ပစ္စည်းဝတ္ထုဖြင့် ပူဇော်ခြင်းဟူ၍ အမျိုးမျိုး ရှိသည်။

ဘုရား, တရား, သံဃာရတနာသုံးပါးနှင့် မိဘဆရာသမားတို့ အား ယင်းတို့၏ကျေးဇူးဂုဏ်ကို ယုံကြည်အားကိုးလျက် လက်အုပ်ချီမိုး ရှိခိုးပူဇော်ခြင်းအမှုကိုပြုကြရသည်။ ရှိခိုးခြင်းကိုပြုရာ၌ ထိခြင်းငါးပါးဖြင့် စနစ်တကျ ရှိခိုးတတ်ဖို့ လိုသည်။

ရှေးဦးစွာ မိမိရှိခိုးမည့် အပူဇော်ခံ ရတနာရှိရာဘက်သို့ မျက်နှာမူလျက် ဆောင့်ကြောင့်ထိုင် လက်အုပ်ကိုနဖူးသို့ ထိအောင်ချီထား ရမည်။ ထို့နောက်ကြမ်းပြင်ပေါ်သို့ ဒူးထောက်လျက် ဒူးမှ တစ်တောင်ခန့် အကွာတွင် လက်ဝါးဖြန့်၍ ချရမည်။ တံတောင်ဆစ်နှစ်ဖက်ကို ကြမ်းပြင်နှင့် ထိသည့်တိုင်အောင် ညွှတ်ကိုင်းဝပ်တွားရမည်။ နဖူးကို ကြမ်းပြင်နှင့် ထိစေရမည်။

ဤကဲ့သို့ နဖူး၊ လက်ဝါးနှစ်ဖက်၊ တံတောင်နှစ်ဖက်၊ ဒူးနှစ်ဖက်တို့ ကြမ်းပြင်သို့ ထိနေခြင်းကို ထိခြင်းငါးပါး ဖြင့်ရှိခိုးသည်ဟု ခေါ်ဆိုရသည်။ မှတ်သားရန်လင်္ကာမှာ "ခြေ၊ လက်၊ နဖူး၊ တတောင်ဒူး၊ ရှိဦး ငါးအင်္ဂါ"ဟူ၍ မှတ်သားရန်ဖြစ်သည်။

ထိခြင်းငါးပါးဖြင့် ရှိခိုးရန်မဖြစ်နိုင်သည့် အခြေအနေ အချိန်အခါ မျိုးတွင် လက်အုပ်ချီမှုဖြင့်လည်းကောင်း၊ လက်အုပ်မချီနိုင်သည့်အခါ လက်တစ်ဖက်ဖြင့်သာ လက်အုပ်ချီဟန်ပြုခြင်း၊ သို့မဟုတ် လက်ကို ဆန့်တန့်ခြင်း၊ မြှောက်ခြင်း၊ ဆလံပေးခြင်း၊ ဦးခေါင်းညွှတ်ခြင်း၊ ခါးကုန်းခြင်း၊ ဒူးထောက်ခြင်း စသည်ဖြင့် သတ်မှတ်ထားသော

ကိုယ်အမှုအရာ တစ်ခုခုကိုပြုလုပ်ခြင်းဖြင့် ရိုသေလေးစားကြောင်းကို ဖော်ပြလေ့ရှိသည်။ ဤကား ကာယကံဖြင့် ပူဇော်ခြင်းဖြစ်သည်။

နှုတ်ဖြင့်အရိုအသေပြုရာ၌ မိမိကိုယ်ကိုနှိမ့်ချ၍ ရတနာသုံးပါး မိဘဆရာသမားတို့၏ ဂုဏ်ကျေးဇူးကို ထုတ်ဖော်ချီးကျူးခြင်း၊ဘုရား ရှိခိုးစာများကို ရွတ်ဆိုခြင်းသည် (ဝစီကံ) နှုတ်ဖြင့် ပူဇော်ခြင်းဖြစ်၏။

တရားတော်၏ဂုဏ်ပုဒ်ကို ထုတ်ဖော်ချီးကျူးခြင်း၊ တရားတော် များကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ သီလကိုဖြည့်ကျင့်ခြင်း၊ ဘာဝနာ ပွားများအားထုတ်ခြင်းဖြင့် တရားတော်ကို လိုက်နာကျင့်သုံးခြင်းသည် (ဓမ္မပူဇာ)တရားဖြင့် ပူဇော်သည်မည်၏။ ရတနာသုံးပါး မိဘ ဆရာ သမားတို့အား ပစ္စည်းဝတ္ထုဖြင့် လှူဒါန်းပူဇော်ခြင်းသည်(အာမိသပူဇာ) ပစ္စည်းဖြင့်ပူဇော်သည်မည်၏။

မိမိထက် မြင့်မြတ်သူများကို ပူဇော်၍ မိမိနှင့် တန်းတူသူများကို ချီးမြှောက် ရမည်။ မိမိ၏မိသားစုအတွင်း၌ အမိအဖ အစ်ကိုအစ်မများကို ပစ္စည်းဝတ္ထုဖြင့် လည်းကောင်း၊ ကိုယ်အမှုအရာ နှုတ်အမှုအရာဖြင့် လည်းကောင်း၊ ကိစ္စကြီးငယ်ဆောင်ရွက်ပေးခြင်းဖြင့်လည်းကောင်း ပူဇော် ကြရမည်။

အလားတူ မိမိအောက်ငယ်သူများကို ကြီးသူများက ချီးမွမ်း ဖွယ်ရာ တွေ့သည့်အခါ ချီးမွမ်းပြောဆိုခြင်း၊ ပစ္စည်းဝတ္ထု ပေးကမ်းခြင်းဖြင့် ချီးမြှောက်မှု ပြုကြရမည်။ ဤကဲ့သို့ အပြန်အလှန်ပူဇော်မှု၊ ချီးမြှောက်မှု ပြုခြင်းသည် 'ပူဇာ စ ပူဇနေယျာ မင်္ဂလာ' ကို လိုက်နာသည် မည်၏။

ငယ်ရွယ်သူက ကြီးသူများကိုပူဇော်ရန် တာဝန်ရှိသကဲ့သို့ ကြီးသူများကလည်း ငယ်ရွယ်သူ၏ ထူးခြားသော စွမ်းဆောင်မှု ထူးခြား သောအကျိုးပြုမှု၊ ထူးခြားစွာ အကျင့်သီလ စောင့်ထိန်းနိုင်မှုများအတွက် ချီးမြှောက်မှု၊ ပူဇော်မှုပြုရန် တာဝန်ရှိလေသည်။ ထို့ကြောင့် သီလ ရှိသော ရှင်သာမဏေငယ်ကို အသက်ကြီးသူများက ရှိခိုးပူဇော် လှူဒါန်း ပူဇော်ကြခြင်းဖြစ်သည်။

စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သော ကျောင်းသားငယ် များကို ဆရာ ဆရာမ၊ လူကြီး မိဘများက ချီးကျူးဂုဏ်ပြုကြခြင်း ဖြစ်သည်။

ကျွန်ုပ်တို့၏ ဘိုးဘွားများသည် သီတင်းကျွတ် လပြည့်နှင့် တန်ဆောင်မုန်းလပြည့်များတွင် ဆီမီးပူဇော်ပွဲပြုလုပ်၍ ရတနာသုံးပါး မိဘဆရာသမားတို့အား ဆီမီးပူဇော်ပြီးနောက် မိမိနေအိမ် နွားတင်းကုပ်အတွင်းရှိ နွားများ၏ ကျေးဇူးတရားကို အသိအမှတ်ပြုသောအားဖြင့် ကျေးဇူးရှင်နွားများအတွက် ဆီမီးထွန်းညှိ ပူဇော်လေ့ရှိသည်ကို တွေ့ရဖူးပါသည်။

ထို့ကြောင့် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ အကျင့်သီလကောင်းမွန်သူများ၊ ပညာထူးချွန်သူများ၊ အများအကျိုးအတွက် အသက် အိုး အိမ် စည်းစိမ် အနစ်နာခံပြီး ဆောင်ရွက်သူများသည် ပူဇော်ခြင်း၊ ချီးမြှောက်ခြင်း ခံထိုက်သူများဖြစ်ကြသည်။

ကျေးရွာ၊ရပ်ကွက်အလိုက်လည်းကောင်း၊ မြို့နယ်၊ ပြည်နယ်၊ တိုင်း အလိုက်လည်းကောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့်လည်းကောင်း ရွေးချယ်စိစစ်၍ ပူဇော်ခြင်း၊ ချီးမြှောက်ခြင်းအမှု၊ ပူဇာစ ပူဇနေယျ မင်္ဂလာကို ကျင့်သုံးပါက ကျေးရွာ၊ရပ်ကွက်၊ မြို့နယ်၊ ပြည်နယ်၊ တိုင်း နိုင်ငံသည် တိုးတက်ဖွံ့ဖြိုးချမ်းသာကြွယ်ဝ၍ ကမ္ဘာ့အလယ် မျက်နှာပန်းလှလှ ရပ်တည်နိုင်မည်ဖြစ်ပေသည်။

အရှင်သာရိပုတ္တရာ မထေရ်သည် ဥပတိဿ ပရိဗိုဇ် ဘဝက အရှင်အဿဇိ မထေရ်ထံမှ တရားတော်ကို နာကြားရ၍ သောတာပန်တည်ခဲ့သည်။ ထို့ကြောင့် အရှင်သာရိပုတ္တရာသည် ဆရာဖြစ်သော အရှင်အဿဇိ မထေရ်ကို ပူဇော်သည့်အနေဖြင့် ရောက်လေရာ အရပ်တိုင်း၌ အရှင်အဿဇိ ရှိရာအရပ်ဘက်သို့ ဦးခေါင်းပြု၍ အိပ်ခြင်း၊ ရှိခိုးခြင်းကို အမြဲပြုလေသည်။

ဤအပြုအမူကိုကြည့်၍ အကြောင်းရင်းအမှန်ကို မသိသော အခြားရဟန်းများက အရှင်သာရိပုတ္တရာ မထေရ်သည် အရှေ့၊ အနောက်

တောင်၊ မြောက် အရပ်မျက်နှာကို ရှိခိုးနေသည်ဟု ထင်မှတ်ကြသဖြင့် မိစ္ဆာဒိဋ္ဌိ အယူရှိသည်ဟု ကဲ့ရဲ့ပြစ်တင် ကြလေသည်။ ဤအကြောင်းအရာကို မြတ်စွာဘုရားအား လျှောက်ထားကြရာ မြတ်စွာဘုရားရှင်က အရှင်သာရိပုတ္တရာမထေရ်ကို မေးမြန်းတော်မူသည်။

အရှင်သာရိပုတ္တရာမထေရ်က မိမိ၏ လက်ဦးဆရာ ဖြစ်သော အရှင်အဿဇိမထေရ်အား အရိုအသေပြုသောအားဖြင့် ဤကဲ့သို့ ပြုမူခြင်း ဖြစ်ပါသည်ဟု လျှောက်ထားလေသည်။ ဤကား အရှင် သာရိပုတ္တရာ၏ ဆရာသမားအပေါ် လေးစား ကော်ရော်ပူဇော် မြတ်နိုးပုံကို အတုယူဖွယ်ရာ ဖော်ပြခြင်း ဖြစ်ပါသည်။

ပင်းယငါးစီးရှင် ကျော်စွာမင်းကြီးသည် ပူဇာ စ ပူဇနေယျ မင်္ဂလာကို ပြုလုပ်ရန်တာဝန်ပျက်ကွက်ခဲ့သဖြင့် တိုင်းပြည်ငြိမ်းချမ်းရေး ပျက်ပြားထိခိုက်မည့် အခြေအနေ ဆိုက်ရောက်ခဲ့သည်။ သို့ရာတွင် သတိပညာနှင့်ပြည့်စုံသော ဘုရင်ဖြစ်၍ မိမိသူရဲကောင်းကို ပြန်လည် ဂုဏ်ပြု၍ ပူဇာ စ ပူဇနေယျ မင်္ဂလာကို ကျင့်သုံးခဲ့သဖြင့် တိုင်းပြည် ငြိမ်းချမ်း သာယာခဲ့ပုံကို မှန်နန်းရာဇဝင်တော်ကြီး ပထမတွဲ၌ ရေးသား ထားချက်ကို မူရင်းအတိုင်းဖော်ပြအပ်ပါသည်။

ငါးစီးရှင်မင်းကြီးကား အခါခပ်သိမ်း လမ္ဘူ ရန္တသူ၊ မြင်စိုင်း သက်တော်ရှည်၊ ညောင်ရမ်းစောမွန်နစ်၊ ဝတီးသခ်ယာ၊ သာဂရဂုဏ္ဏန္တ ရာဇ်ကြီး၊ ရမည်းသင်းသီဟပတေ့၊ ယင်းတော်စား တရင်ပုညာကြီး၊ ပေါက်မြိုင်မင်းပုလဲ၊ ဤမင်းများတို့ ရှေ့တော်ဝယ် ခစားသောအခါ ရွှေဖလားတွင် ငါးစီးရှင် ကိုယ်တော်တိုင် ဖက်ဝန်းလိပ်၍ ထည့်ပြီးသော် နေ့တိုင်း လက်ဖက် တည်တော်မူ၏။

တစ်ရံရောအခါ ငါးစီးရှင် သတိတော်လျော့၍ ရမည်းသင်း သီဟပတေ့ကို ဖက်ဝန်းမအုပ်မိ၊ သုံးရက်ရှိလေ၏။ သီဟပတေ့

လည်း စောမွန်နစ်ကို တည်တော်မူသော လက်ဖက်ကိုသာစား၏။ စောမွန်နစ်လည်း အဘယ့်ကြောင့် သင့်ကိုတည်သော လက်ဖက်ကိုမစား၊ ငါ့ကိုတည်သော လက်ဖက်ကိုသာ စားသနည်း ဟုမေး၏။

သီဟပတေ့လည်း သူများကိုကား ဖက်ဝန်းအုပ်သည်၊ ငါ့ကို မူကား မအုပ်ပါပြုတော်မူလေသည်။ ငါ တိုက်ဆင်ခြောက်ဆယ်၊ မြင်းရှစ်ရာ၊ ဗိုလ်တစ်သောင်းရှင်ကို ဆင်ဖြူငါးစီးရှင် ပွဲအလယ်တွင် အရှက်ခွဲလေသည်။ သူတကာတို့၏ ကျေးဇူးအထူးကို သိတတ်သည် ဟူ၍ပြုလျက် ငါ့ကျေးဇူးကို မသိလေသောကြောင့် ခြားနား၍နေတော့ မည်ဟု ကြံသည်ဆို၏။ စောမွန်နစ်လည်း ဘဝရှင်ကို စုံစမ်းဦးမည် အလျင်မလိုနှင့် ဟူ၍ ဆို၏။

ညောင်ရမ်း စောမွန်နစ်လည်း ငါးစီးရှင်နန်းတော်သို့ သွား၍ ဘုန်းတော်ကြီးလှသောဘုရား၊ ကျွန်တော်ရမည်းသင်းစား သီဟပတေ့သည် သူများကိုဖက်ဝန်းအုပ်၍ ငါ့ကိုမအုပ်ပါ၊ ငှက်ပျောဖက်သည် ဆန်တစ်လက်ဖက်မျှ လည်းကောင်း၊ ငွေပဲခြမ်းမျှ လည်းကောင်းမတန်၊ ပွဲလယ်တွင် ရှုတ်ရှုတ်ချချ ပြုလေသည်ဟူ၍ ကျွန်တော်ကို ခြားနားသောင်းကျန်းတော့မည် ပြောဆိုသည်ဟု နားတော်လျှောက်လေ၏။

ငါးစီးရှင်လည်း သတိလျော့၍ မအုပ်မိရှိလေသည်ကို ရမည်းသင်းစား သီဟပတေ့ယ်သည် ကြံလေငြားသော်လည်း ငါဆင်ဖြူငါးစီးရှင်ကို ကြံနိုင်မည်မဟုတ်၊ ကေသရာဇာခြင်္သေ့မင်း လက်မှ ယုန် ဒရယ် တို့သည် မလွတ်နိုင်သကဲ့သို့ ငါ့ဘုန်းလက်ရုံး ပညာဖြင့် သိမ်းကျုံးရသည်ရှိသော် ဘယ်သို့ လွတ်နိုင်ရာအံ့နည်း၊ ငါ၏ ဘုန်းလက်ရုံးပညာတော်ကို မသိ၍ ဆိုမိလေသည်သာ ဖြစ်သည်။

ထိုသို့ကြံမိလေငြားသော်လည်း ငါသို့သော အရည်အသွေးနှင့် ပြည့်စုံသော မင်းသည် အသိမ်းအမြန်း မတတ်သောကြောင့် ရှိုင်းပြလေသည်ဟူ၍ သူတကာတို့ အပြစ်တင်အံ့သည်ဟူ၍ သီဟပတေ့ကိုခေါ်တော်မူပြီးသော် အစ်ကိုအပြစ်ကို ငါသည်းခံတော်မူတော့သည်ဟု မိန့်တော်မူ၍ အုန်းပေါင်မြင်းနက်ကျော် တစ်စီးကို လက်ဖွဲ့တော်မူ၏။

ထိုအကြောင်းကိုထောက်၍ "ရေမြေ့ရှင်ဖြစ်တော်မူသော ဧကရာဇ်မင်းမြတ်သည် ခပ်သိမ်းသောသူအပေါင်းတို့အား ပေးပေးသမျှသောအခါ စားသောက်ဖွယ်ရာတို့ကို ကြည့်ရှုစုံစမ်းတော်မူဦးမှ ပေးကမ်းတော်မူရာသည်"ဟူ၍ သူဟောင်းတို့ ဆိုစကုန်သည်။

ဤကား ပူဇော်ချီးမြှောက်ထိုက်သူကို ပူဇော်ချီးမြှောက်ခြင်းသည် လာဖြစ်ပုံကို ပြဆိုခြင်းတည်း။

ပဋိရူပ ဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ။
အတ္တသမ္မာပဏိဓိ စ၊ ဧတံ မင်္ဂလမုတ္တမံ။

## ပဋိရူပ

ကုသိုလ်ပညာ ဥစ္စာရဖို့၊
သင့်ရာဒေသ အမြဲနေ။
ရှေးကတင်ကြို ပြုခဲ့ဖူးသည့်၊
ကောင်းမှုအထူး ရှိပါစေ။
မိမိကိုယ်ကို ကောင်းအောင်းထိန်းလို့၊
မတိမ်းစေနဲ့ ဆောက်တည်လေ။
ဥစ္စာကိုပေး နေထိုင်ရေး၊
မျှော်တွေး သုံးချက်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

# မင်္ဂလာ (၄)

၄။ **ပဋိရူပ ဒေသဝါသ မင်္ဂလာ** သင့်တင့်လျောက်ပတ်သော အရပ်၌ နေရခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

သင့်တင့်လျောက်ပတ်သော အရပ်ဆိုသည်မှာ ပညာသင်ယူနေသော ကျောင်းသားတစ်ဦးအတွက် စာသင်ကျောင်းနှင့် လည်းကောင်း၊ ဘက္ကသိုလ် ကောလိပ် သိပ္ပံကျောင်းနှင့်လည်းကောင်း နီးစပ်သော အရပ်ဒေသမျိုးကိုဆိုလိုလေသည်။

ရောင်းဝယ် ဖောက်ကားသူတစ်ဦးအတွက် ရထားဆိပ်၊ ကားဆိပ်၊ သင်္ဘောဆိပ်၊ ဈေးများနှင့်နီးကပ်သော အရပ်ဒေသမျိုးကိုဆိုလိုသည်။

မကျန်းမာသူတစ်ဦးအတွက် ဆေးရုံ ဆေးခန်းတို့ နှင့်နီးကပ်သော အရပ်ဒေသကိုဆိုလိုသည်။ လယ်သမားတစ်ဦးအတွက် မိုးပေါ ရေပေါသော အရပ်ဒေသကိုဆိုလိုသည်။ စစ်သည်တစ်ဦးအတွက် ရန်သူကို အပေါ်စီး ရယူနိုင်သည့် ဒေသကိုဆိုလိုသည်။

အားလုံး ခြုံ၍ဆိုရပါမူ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်၍ အသွားအလာ လွယ်ကူခြင်း၊ စာသင်ကျောင်းများ, ဈေးများ, ဆေးရုံ စသည်တို့ နှင့်နီးစပ်ခြင်း၊ ရေမီး စသည်ရလွယ်ခြင်း ပညာရှိများရှိခြင်း စသော အချက်အလက်များနှင့်ပြည့်စုံလျှင် ထိုအရပ်ဒေသကို **ပဋိရူပဒေသ** ဟု ဆိုရသည်။

ရေရှားမိုးရှား၊ စားရေ ရိက္ခာရှားပါး၍ ရဟန်းပညာရှိ လူပညာရှိ လည်းမရှိ၊ ဆရာဝန်မရှိ၊ ဆေးရုံမရှိ၊ စာသင်ကျောင်းမရှိ၊ လမ်းပမ်း အဆက်အသွယ်ခက်ခဲသော အရပ်ဒေသမျိုးသည် **ပဋိရူပဒေသ** မဟုတ်ချေ။

အကယ်၍ မိမိအခြေချနေထိုင်သော အရပ်ဒေသသည် သင့်တင့် လျောက်ပတ်သော "**ပဋိရူပဒေသ**" မဟုတ်လျှင် "တစ်ရွာမပြောင်း၊ သူကောင်းမဖြစ်" ဟူသော ရှေးလူကြီးများ၏ဆိုရိုးစကားနှင့်အညီ အခြားသင့်လျော် လျောက်ပတ်သော ဒေသသို့ ရွှေ့ပြောင်းရမည်။

ဘုရင့်နောင်၏ မိဘများသည် ပုပ္ပားအရပ်မှ တောင်ငူသို့ ပြောင်းရွှေ့သွားရာ တပင်ရွှေထီး၏ နို့ထိန်းရာထူးကိုရရှိ၍ ကြီးပွားတိုးတက်ခဲ့သည်ကို တွေ့နိုင်ပါသည်။ သို့မဟုတ် မိမိတို့၏လက်ရှိအရပ်ဒေသကိုပင်လျှင် **ပဋိရူပဒေသ** သင့်တင့်လျောက်ပတ်သော ဒေသဖြစ်အောင် ယောကျ်ားတို့၏ လုံ့လ ဝီရိယ၊ စွမ်းပကားဖြင့် ကြိုးပမ်း အားထုတ်ပြုပြင်ရမည်။

သောက်ရေ၊ သုံးရေမရှိပါက ရေတွင်းရေကန် တူးဖော်ရမည်။ စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်းမရှိသေးပါက လူထုကို စည်းရုံးလှုံ့ဆော်စုပေါင်း၍ ကြိုးပမ်းအားထုတ် ဆောက်လုပ်ကြရမည်။ မိုးခေါင်ရေရှားအရပ်ဒေသ၌ လယ်ရေသောက် ရေလှောင်ကန်များ ဆည်များဖို့လုပ်ကြရမည်။ ရေလွှမ်းမိုးသော အရပ်ဒေသတွင် ရေထုတ်မြောင်းများ၊ ရေကာတာများဆောက်လုပ်ကြရမည်။

ကျွန်ုပ်တို့၏ ဘိုးဘေးများသည် မိတ္ထီလာကန်၊ အောင်ပင်လယ်ကန်၊ မဟာနန္ဒာကန်စသော လယ်ရေသောက်ကန်ကြီးများကိုဆည်ဖို့၍ မိတ္ထီလာ၊ မန္တလေး၊ ရွှေဘို အညာဒေသတဝိုက်ကို သာယာစိုပြည်သော စပါးကျီ၊ စပါးတိုက်အဖြစ် ဖန်တီးခဲ့ကြသည်။

ဇော်ဂျီမြစ်နှင့် ပန်းလောင်မြစ်တို့၌ ရေလွှဲဆည်များတည် ဆောက်ခဲ့ကြ၍ ကျောက်ဆည်နှင့်မြစ်သား လယ်တွင်းကိုးခရိုင် ဖော်ထုတ်ခဲ့သဖြင့် ယနေ့အထိ **ပဋိရူပဒေသ** ဖြစ်နေပေသည်။

လွတ်လပ်ရေးခေတ်တွင် အစိုးရအဆက်ဆက်လည်း ဝါရှောင်ဆည်ကြက်မောက်တောင်ဆည်၊ မုန်တိုင်ဆည်၊ ကင်းတားဆည်၊ နဝင်းဆည်၊ ဆည်တော်ကြီး၊ မိုးဗြဲရေကာတာ၊ အစရှိသောဆည်အမျိုးမျိုးကို တည်ဆောက် ပေးခြင်းဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို သင့်တင့်လျောက်ပတ်သော **ပဋိရူပဒေသ** ဖြစ်အောင် လုပ်ဆောင်ဖန်တီးခဲ့သည်ကို တွေ့ရပေသည်။

ဤကဲ့သို့ မိမိတို့ အမွေဆက်ခံရရှိထားသော တို့ဘိုးဘွားအမွေ အနှစ် တို့ပြည်၊ တို့မြေ၊တို့ ရေကို ကမ္ဘာပေါ်တွင် အကောင်းဆုံးဒေသ **ပဋိရူပဒေသ** ဖြစ်အောင် ပြုပြင်ဖန်တီးသည့် လုပ်ငန်းစဉ်သာလျှင် တမျိုးသားလုံး၏ ရေရှည် ရေတို အကျိုးစီးပွားဖြစ်နိုင်ပေသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ကိုင်စားသောက်ရန် မြေလွတ် မြေလပ် မြေရိုင်းများစွာရှိနေပေသည်။ မိုးရေလည်း အနည်းနှင့် အများရနိုင်ပါသည်။ ရာသီဥတုမှာလည်း မပူလွန်း မအေးလွန်း စိုက်ပျိုးမွေးမြူရေးအတွက် သင့်လျော်သည်။ မြစ်ချောင်း အင်းအိုင်လည်း ပေါများသည်။ တောတောင်လည်း ကျယ်ဝန်းသည်။ အခြေချလုပ်ကိုင် စားသောက်ရန်အတွက် စမုံမြေဇာကောင်းမွန်လှပေသည်။

ဤအချက်ကိုသိမြင်သော ပတ်ဝန်းကျင်အိမ်နီးချင်းနိုင်ငံများမှ လူအမြောက်အမြားတို့သည် တရားဝင်မဝင် လာရောက် အခြေချ လုပ်ကိုင် ရင်းနှီးမြှုပ်နှံလျက်ရှိကြသည်။

ကျွန်ုပ်တို့သည် အမိနိုင်ငံ၏ **ပဋိရူပဒေသ** ဖြစ်ရပုံကို သိမြင် သင့်ကြသည်။ ဤခေတ်တွင် မိုးမရှိ၊ ရေမရှိသော သဲကန္တာရအတွင်း၌ သဲထုကြီးကိုရေထိန်းနိုင်အောင် ပြုပြင်ခြင်း၊ မြေဩဇာ ထည့်သွင်းခြင်း ပြုလုပ်၍ ဆားငန်ပင်လယ်ရေကို ရေချိုချက်လုပ်ပြီး ရေလောင်းစိုက်ပျိုးကာ သဲကန္တာရကြီးကို စိမ်းလန်းစိုပြည်အောင် ပြုပြင်နေကြပေသည်။ ခြောက် သွေ့သော သဲကန္တာရကို ပန်းဥယျာဉ်၊ သစ်သီးဥယျာဉ် အဖြစ်သို့ ပြောင်းလဲပေးခြင်းဖြင့် မိမိတို့နေရပ်ဒေသကို **ပဋိရူပဒေသ** ဖြစ်အောင် ဆောင်ရွက်လျက်ရှိကြသည်။

ရှမ်းပြည်နယ် အင်းလေးဒေသ၌ အင်းသားများမှာ ရေပြင်ပေါ်၌ နေကြရ၍ စိုက်ပျိုးရန် မြေမရှိကြချေ။ အင်းသားများသည် ရေပြင်ပေါ်တွင် မျောနေသော ဒိုက်ဖတ်များကိုစုစည်းကာ ဒိုက်ဖတ်များပေါ်၌ ရေမှော်နှင့် မြေသားတင်ထားပြီး စိုက်ပျိုးလုပ်ကိုင်စားသောက်ကြသည်။ ရေပြင်ကို မြေပြင်ဖြစ်အောင် ဖန်တီးလုပ်ကိုင်နေကြသော အင်းသားများ၏ ဇွဲသတ္တိ လုံ့လ ဝီရိယမှာ အံ့မခန်းဖွယ်ဖြစ်ပေသည်။

ထိုပြင်တစ်ဦးစီ၏ ကြီးပွားချမ်းသာ တိုးတက်မှုအတွက် ကျွန်ုပ်တို့ နိုင်ငံသားများသည် ကမ္ဘာအရပ်ရပ်သို့ စွန့်စားထွက်ခွာလျက် စီးပွားရှာနေကြသည်ကို တွေ့ရှိရပေသည်။ ယင်းပုဂ္ဂိုလ်များတွင် အုပ်ချုပ်ရေးကျွမ်းကျင်သူများ၊ စီးပွားရေးကျွမ်းကျင်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ကာယလုပ်သားနှင့် ဉာဏလုပ်သားများ အမျိုးမျိုး ပါဝင်လျက်ရှိပေသည်။

နောင်တချိန်တွင် ထိုပုဂ္ဂိုလ်များ၏ အတွေ့အကြုံ ဗဟုသုတများသည် နိုင်ငံတော်အား ကျေးဇူးပြုနိုင်ကြမည်မှာ မလွဲဧကန် ဖြစ်ပေသည်။ သို့ရာတွင် နိုင်ငံရပ်ခြား တိုင်းတစ်ပါး၌ အလုပ်လုပ်ကိုင်ဖူးသော မြန်မာတိုင်း မြန်မာတိုင်း၏ မှတ်ချက်မှာ မြန်မာနိုင်ငံကဲ့သို့ အစားအသောက်ပေါများသော၊ မြန်မာနိုင်ငံကဲ့သို့ အစားချောင် အနေချောင်သော နိုင်ငံသည် ကမ္ဘာတွင်မရှိ ဟူသတည်း။

မြန်မာနိုင်ငံသည် ရာသီဥတု၊ ရေ၊ မြေသြဇာ ကောင်းမွန်သဖြင့် မျိုးစေ့ချထားလိုက်လျှင် အလိုအလျောက် အပင်ပေါက် သီးပွင့်စားသုံးကြရသည်။ ကျွန်ုပ်တို့၏ ဘိုးဘွားများထံမှ အစဉ်အဆက်ကြားရဖူးသည်မှာ မိသားစုတစ်စုအတွက် စပါးမျိုးစေ့အဖြစ် ဘူးသီးအခွံတစ်ခုဖြင့် စပါးအပြည့်ထည့်ထားပါက လုံလောက်သည်။ စပါးပင်များမှာလည်း တစ်ကြိမ်စိုက်ထားပါက စပါးပင်အငုတ်မှ အတက်ပြန်ပေါက်၍ သီးလေ့ရှိသဖြင့် သုံးကြိမ်သုံးခါ ရိတ်သိမ်းရသည်ဟူ၍ ဆိုကြသည်။

ထို့ပြင် ဤနိုင်ငံသူ နိုင်ငံသားအများစုသည် မေတ္တာ၊ ကရုဏာ ဗြဟ္မစိုရ်တရား လက်ကိုင်ထားကြသူများဖြစ်၍ လူသားအချင်းချင်း ကူညီဖေးမ စောင့်ရှောက်မှု ပြုတတ်ကြသည်။ ရှုံးနိမ့်သွားသော မိမိ၏ ရန်သူကိုပင် ဘေးမသီ ရန်မခအောင် စောင့်ရှောက်ပေးတတ်ကြသည်။

ဥပမာအားဖြင့် ဒုတိယကမ္ဘာစစ်အစပိုင်းက မြန်မာနိုင်ငံမှ ထွက်ပြေးကြသော နိုင်ငံခြားသား စစ်ပြေးဒုက္ခသည်များကို မြန်မာကျေးလက် တောရွာလူထုက စားနပ်ရိက္ခာ ထောက်ပံ့ကူညီခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်ပြီးခါနီးတွင် စစ်ရှုံးသော ဂျပန်စစ်သားများကို ကျွေးမွေးစောင့်ရှောက်ခြင်း၊ အဖမ်းမခံရအောင် ကျေးရွာများ၌ ဝှက်ထား ပေးခြင်းပြုခဲ့ကြသည်။

ဤကား မေတ္တာဓာတ်၊ ကရုဏာဓာတ် အားကြီးသော မြန်မာ တိုင်းရင်းသားတို့၏ စိတ်နေ စိတ်ထားဖြစ်သည်။ ထိုကဲ့သို့ မေတ္တာ ကရုဏာအားကြီးသော လူ့ဘောင် လူ့အဖွဲ့ အစည်းအတွင်း၌ နေပျော် သပျော်ဖြစ်၍ ဤတိုင်းပြည်ကို **ပဋိရူပဒေသ** ဖြစ်သည်ဟု ရဲဝံ့စွာ ဆိုနိုင်ပါသည်။

ငါးရာ့ငါးဆယ်ဇာတ်တော် သကုဏဂ္ဃိဇာတ်၌ မိဘ ဘိုးဘွားတို့ အမွေပေးခဲ့သော နေရပ်ဒေသသည် **ပဋိရူပဒေသ** သင့်တင့်လျောက်ပတ် သောဒေသမည်၏ဟု ပြဆိုခဲ့သည်။

ဗီလုံးငှက်တစ်ကောင်သည် မိဘရိုးရာ အစဉ်အလာအားဖြင့် ထွန်ချေးခဲ၊ ထယ်စာခဲများအကြား၌ နေထိုင်ကျက်စားခြင်း မပြုဘဲ မြေတလင်းပြင် ကွင်းပြောင်ထဲ၌ ကျက်စားမိလေသည်။ ထိုအခါသိမ်းငှက်တစ်ကောင်က ထိုးသုတ်ဖမ်းယူသွားလေသည်။ ဗီလုံးငှက်ငယ်က ငါ၏မိဘနိုင်ငံ၌ မနေမိသည့်အတွက် ရန်သူ ဖမ်းယူ နှိပ်စက်ခြင်းခံရသည်ဟု မြည်တမ်းလေသည်။

ထိုအခါသိမ်းငှက်က 'အပြောကြီးသောဗီလုံးငှက်ငယ်၊ သင်၏ မိဘနိုင်ငံ၌ နေထိုင်လျက် ခုခံကာကွယ်လေတော့'ဟုဆို၍ ပြန်လွှတ်လိုက်သည်။ ဗီလုံးငှက်ငယ်သည် ထွန်ချေးခဲ တစ်ခုပေါ်၌ ရပ်နားလျက် သိမ်းငှက်အား စိန်ခေါ်လိုက်သည်။

သိမ်းငှက်သည် ဒေါသအမျက်ခြောင်းခြောင်းထွက်၍ အဟုန် ပြင်းစွာထိုးဆင်းလာကာ ဗီလုံးငှက်ငယ်ကို ထိုးသုတ်လေသည်။ ဗီလုံးငှက်ငယ်သည် ထွန်ချေးခဲ နှစ်ခုအကြားသို့ ဆင်း၍ ပုန်းနေလိုက်သည်။ သိမ်းငှက်သည် အရှိန်လွန်ကာ ထွန်ချေးခဲကို ရင်အုပ်ဖြင့် တိုက်မိ၍ သေဆုံးခဲ့လေသည်။

အလားတူပင် ရေကန်တစ်ခုအတွင်း၌ နေသော ဖားသူငယ်သည် တောသုံးထောင်ကို အစိုးရသော ကေသရာဇာ ခြင်္သေ့မင်းကိုပင် အနိုင်ရခဲ့ဖူးကြောင်း အဆိုရှိခဲ့သည်။ ဖန်အိမ်အတွင်း၌နေသော ကြွက်ငယ်သည် ကြောင်ကြီး လေး ကောင်ကို သေမင်းနိုင်ငံသို့ ပို့ ဆောင်နိုင်ခဲ့ဖူးသည်။ ဖန်ဂူ၌နေသော မြွေခွေးငယ်သည် ခြင်္သေ့ပျို များကို အနိုင်ယူအသေသတ်နိုင်ခဲ့သည်။

အလားတူပင် ရာဇဝင်သမိုင်း တစ်လျှောက်လုံး၌ စစ်ပွဲအသီးသီးကို ပြန်လည်သုံးသပ်ကြည့်ပါက အရပ်အနေမှန်သော စစ်တပ်သည် တစ်ဖက်ရန်သူအပေါ် အနိုင်ရရှိခဲ့ကြောင်း တွေ့ရပေမည်။

ထို့ကြောင့် '**ပဋိရူပဒေသဝါသမင်္ဂလာ**'သင့်တင့်လျောက်ပတ်သော အရပ်ဒေသ၌ နေထိုင်ရခြင်းသည် အကောင်းဆုံး ဆုလာဘ်တစ်ပါးဖြစ်သည်ကို မည်သူမျှငြင်းဆိုနိုင်မည် မဟုတ်ကြောင်း ဖော်ပြလိုက်ရပေသတည်း။

# မင်္ဂလာ (၅)

၅။ **ပုဗ္ဗေစ ကတပုညတာ မင်္ဂလာ** ရှေးယခင်က ကြိုတင်၍ ကောင်းသောအမှုများကို ပြုလုပ်ခဲ့ခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

အထူးအားဖြင့် ရှေးဘဝအဆက်ဆက်က ကုသိုလ်ကောင်းမှုများကို ပြုခဲ့ဖူးသောသူသည် ပဋိသန္ဓေမှစ၍ ချမ်းချမ်းသာသာဖြစ်ခဲ့ရသည်။ စည်းစိမ် ဥစ္စာ အာဏာ ခြွေရံသင်းပင်းနှင့် ပြည့်စုံသော အမိဝမ်းတွင်း၌ ပဋိသန္ဓေနေရ၏။ မွေးဖွားလာသောအခါ၌လည်း ကစားဖော် ကစားဖက် အခြံအရံများနှင့် ပြည့်စုံစွာ ကစားရသည်။

ဘုရားအလောင်းတော် မဟောသဓာသည် ဖွားဖက်တော် တစ်ထောင် အခြံအရံနှင့်ပြည့်စုံ၏။ **ပုဗ္ဗေစ ကတပုညတာ မင်္ဂလာ** နှင့်ပြည့်စုံသူကို ရှေးဘုန်းရှေးကံ ကြီးမားသည်ဟုခေါ်ဆိုရသည်။ ရှေးဘုန်းရှေးကံကြီးမားသူများသည် လုံ့လဝီရိယ၊ အကြံအား၊ ဉာဏ်အား များစွာ မစိုက်ထုတ်ရဘဲလျက် ရည်ရွယ်တိုင်း ပြီးမြောက်ကြသည်။ တောင့်တတိုင်း ပြည့်စုံကြသည်။ နတ်တို့ ဖန် ရေကန်အသင့် ကြာအသင့် ဖြစ်ခဲ့ရသည်။ ပြိုင်ဖက်ရန်သူတို့ တားဆီးနှောင့်ယှက်ခြင်းငှာ မတတ်နိုင်ကြကုန်။

အတိတ်ကုသိုလ်ကံနှင့် ပတ်သက်၍ 'ဉာဏ်ချင်းသာပြိုင်၍ရမည် ကံချင်းပြိုင်၍ရမည်မဟုတ်၊ ကံမရှိ ဉာဏ်ရှိတိုင်းမွဲသည်၊ ဥစ္စာကံစောင့် အသက်ဉာဏ်စောင့်သည်၊ ကံထမ်းလာသည်ကိုမမြင်ရ၊ လုံ့ထမ်းလာသည်ကို မြင်နိုင်သည်၊ ကံမခိုင် သံတိုင်အိမ်ဆောက်သော်လည်း ကံမှောက်လျှင် ကျိုးသည်' စသည်ဖြင့်ဆိုးမစကားများ ထားရှိခဲ့သည်။ ကံရိပ်ကံနိမိတ် ကြီးမားသော ပုဂ္ဂိုလ်များကို အန်တုခြင်းသည် ဖားတုလို့ ခရုခန် အိုင်ပျက်ရုံ ရှိမည်ဟု ရှေးလူကြီးများဆုံးမခဲ့ကြသည်။

မြန်မာ ရာဇဝင်၌ ဘုရင့်နောင် ကျော်ထင် နော်ရထာ (ဟံသာဝတီ ဆင်ဖြူများရှင်)မင်းတရားကြီးကို မွန်အမတ်ကြီး ဗညားဒလသည် လုပ်ကြံသတ်ဖြတ်ရန် ၊ သုံးကြိမ်တိုင်တိုင် စီမံအားထုတ်ခဲ့သော်လည်း မအောင်မမြင်ဖြစ်ခဲ့ရသည်။ ဘုရင့်နောင်သည် ဗညားဒလကို 'ငါ၏ဘုန်းကံကိုမသိ၍ ကြံစည်မိလေသည်' ဟု ဆို၍ အရေးမယူဘဲ အပြစ်ကိုခွင့်လွှတ်သည်းခံခဲ့သည်။

မန္တလေးခေတ်တွင် မောင်းထောင်ရွာကြီး၌ ဦးဆုရ အမည်ရှိသော သေဌေးကြီးတစ်ဦးရှိခဲ့သည်။ အလွန်ကုသိုလ်ကံ ကောင်းသည်ဟု ကျော်ကြားခဲ့သည်။ တနေ့၌ ဦးဆုရသည် မိမိ၏ ကုသိုလ်ကံကို စုံစမ်းလိုသဖြင့် နှမ်းများကိုလှော်ပြီးမှ ယာခင်း၌ ကြဲရန် စီစဉ်ထားသည်။ အမှန်တကယ် ကုသိုလ်ကံ ကောင်းနေပါက လှော်ထားသော နှမ်းမျိုးစေ့သည်လည်း အပင်ပေါက်ရပေမည်။

ဦးဆုရသည် နှမ်းများကိုမကြဲမီ နှမ်းလှော်မျိုးစေ့တောင်းကို ယာခင်းစည်းရိုးအနီး၌ ထားခဲ့သည်။ ယာနီးချင်း တောင်သူကြီးတစ်ဦးသည်လည်း နှမ်းကြဲရန်စီစဉ်နေစဉ် ဦးဆုရ၏ နှမ်းမျိုးစေ့တောင်းကို တွေ့မြင်ရ၍ ဦးဆုရ၏ နှမ်းမျိုးစေ့များသည် ပိုမိုကောင်းမည် ဟု ယူဆကာ မိမိနှမ်းမျိုးစေ့များနှင့် လဲလှယ်ယူပြီး မိမိယာခင်းအတွင်း ကြဲပက်လိုက်သည်။

အပင်ပေါက်ချိန်ရောက်သောအခါ ဦးဆုရ၏ ယာခင်းမှာ နှမ်းပင်များဝေဆာနေ၍ ယာနီးချင်း တောင်သူကြီး၏ ယာခင်းတွင်မူ နှမ်းပင်တစ်ပင်မျှ မတွေ့ရချေ။ ထို့ကြောင့် 'ကံကောင်းလျှင် နှမ်းကိုလှော်ကြဲတောင် အပင်ပေါက်သကွယ့်' ဟု မောင်းထောင်ရွာသားတို့ ဆိုရိုးစကားပြုကြသည်။

မြတ်စွာဘုရားရှင် လက်ထက်တော်ကလည်း ဇောတိက သေဌေးအတွက် ဖန်မြေ မှန်မြေပေါ်တွင် ရတနာဗိမာန်ကြီးပေါ်ထွန်းခဲ့ရသည်။ ဇဋိလသေဌေး၊ မေဏ္ဍက သေဌေးတို့ အတွက်လည်း ရွှေတောင် ငွေတောင်ပေါက်ခဲ့ရသည်။

လူတိုင်းလူတိုင်း တစ်ဘဝတွင် အနည်းဆုံးတစ်ခါတော့ စန်းပွင့်တတ်သည်။ ကံကောင်းလေ့ရှိသည်။ သာမည ကျေးတောသူတစ်ဦးပင် ဖြစ်ပါစေ၊ စန်းပွင့်ချိန်၌ ချစ်သူနှစ်ဦး သုံးဦး စုပြုံ၍ စန်းပွင့်တတ်သည်။

ရုပ်ရှင်မင်းသား မင်းသမီးများ၊ ဇာတ်မင်းသား မင်းသမီးများကို ကြည့်ပါက ပို၍ထင်ရှားသည်။ အချို့မှာ အတိတ်ကံဇာတာ ကောင်းနေချိန် (စန်းပွင့်ချိန်) ဖြစ်နေလျှင် ဘာကိုလုပ်လုပ်၊ ဘယ်လိုလုပ်လုပ်ပရိသတ်က ကြိုက်နေသည်။ ဘာမျှထူးထူးခြားခြား ခက်ခက်ခဲခဲ သရုပ်ဆောင်မှု မရှိသော်လည်း ကြိုက်နေပြီဖြစ်၍ ဘာလုပ်လုပ် အကောင်းထင်နေသည်။ သူ့ခေတ်ကုန်သွားသောအခါ ဘယ်လိုဘဲ ကြိုးစားပြီး သရုပ်ဆောင်ကြသော်လည်း ကြည့်မည့်သူ မရှိတော့ချေ။ ပရိသတ်က ကျောခိုင်းလိုက်သည်။

နိုင်ငံရေးလောကတွင်လည်း ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် စန်းပွင့်ချိန် ခေတ်စားချိန်၌ ဘာပြောပြော ပြောသမျှ ပရိသတ်က ကြိုက်နေသည်။ ခေတ်ကုန်သွားသောအခါတွင်မူ ယင်းပုဂ္ဂိုလ်ပြောသမျှ လုပ်သမျှ အပြစ်ချည်းမြင်တတ်ကြသည်။ အကောင်းမထင်ကြတော့ပေ။

ထို့ကြောင့် **ပုဗ္ဗေစ ကတပုညတာ မင်္ဂလာ** ဟူသော ရှေးဘဝက ပြုခဲ့ဖူးသောကုသိုလ်ကံသည် လူတစ်ဦးတစ်ယောက်အတွက် မည်မျှအရေးကြီးသည်၊ မည်မျှပဓာနကျသည်ကို လေ့လာသုံးသတ်တွေ့မြင်နိုင်ပေသည်။

သို့ရာတွင် ယင်း **ပုဗ္ဗေစ ကတပုညတာ မင်္ဂလာ** သည်လည်း နေရပ်ဒေသကိုလိုက်၍ အကျိုးပေးမှု အကြီးအငယ်ကွာခြားသည်။ တောရွာမှာနေပါက တောသူဌေး၊ တောသူကြီးမျှသာဖြစ်နိုင်မည်။ မြို့ကိုပြောင်းရွှေ့ပါမှ သူဌေးကြီး။ ၊ ကုန်သည်ကြီး၊ ခေါင်းဆောင်ကြီးဖြစ်နိုင်ပေသည်။ ပဋိရူပဒေသဝါသ မင်္ဂလာနှင့် ပေါင်းစပ်မှသာ အကျိုးပေးထက်သန်နိုင်ပေသည်။

ထို့ပြင် ကလျာဏမိတ္တခေါ် မိတ်ဆွေကောင်း၏ အကူအညီ လိုပါသေးသည်။ တရားသဖြင့်အုပ်ချုပ်သောဘုရင်၊ မင်း၊ အစိုးရကို

အမှီပြုရမှသာ အကျိုးပေး ကြီးကျယ်ဖွံ့ဖြိုးနိုင်သည်။ အစိုးက ဘွဲ့ထူး ဂုဏ်ထူးဖြင့် ချီးမြှောက်လိုက်သောအခါ ထိုပုဂ္ဂိုလ်၏ အမည်နာမ ဂုဏ်သတင်း ပိုမိုကျော်ကြားလာရသည်။ နာမည်ကျော်ကြားလာသည်နှင့် အမျှ လုပ်ငန်းများပိုမိုအောင်မြင်လာသည်။ တဖန်အောင်မြင်မှုများရရှိလာသည်နှင့်အမျှ ဂုဏ်နှင့် ဂုဏောလိုက်လျောအောင် နေတတ် ထိုင်တတ်ရန် လိုသည်။

မိမိဂုဏ်သိက္ခာကို ထိန်းသိမ်းလျက် အနေအထိုင်အပြောအဆို အပြုအမူကို ဆင်ဆင်ခြင်ခြင်ပြုလုပ်ခြင်း၊ အတ္တသမ္မာပဏိဓိ မင်္ဂလာနှင့်လည်း ပြည့်စုံပါမှ အောင်မြင်မှုကို ရေရှည်ထိန်းသိမ်းထားနိုင်မည် ဖြစ်သည်။

တစ်နည်းအားဖြင့် ဤ ပုဗ္ဗေစ ကတ ပုညတာ မင်္ဂလာကို ရှေးအတိတ်ဘဝကံကိုချည်း မယူသင့်။ ယခုပစ္စုပ္ပန်ဘဝ၌ လုပ်သင့်လုပ်ထိုက်သော ကောင်းမှုများကို ကြိုတင်ပြုလုပ်ထားခြင်းကိုလည်း ပုဗ္ဗေစ ကတပုညတာ မင်္ဂလာ၌ ထည့်သွင်းယူသင့်ပေသည်။

သို့မှသာလျှင် မင်္ဂလာတရားတော်သည် လူသားတို့လိုက်နာကျင့်သုံးရမည့် တရားဖြစ်ပေမည်။ အတိတ်ဘဝကံကိုချည်း ရည်ညွှန်းနေပါက အလုပ်မလုပ်ဘဲ အတိတ်ကံကိုသာ ပစ်ပုံအားကိုးနေသော ပုဗ္ဗေကတ ဟေတု ဒိဋ္ဌိသို့ သက်ဝင်သွားနိုင်ပေသည်။

သို့ဖြစ်၍ ကောင်းသောအလုပ်များ လုပ်သင့်လုပ်ထိုက်သော အလုပ်များကို ကြိုကြိုတင်တင် လုပ်ဆောင်ထားခြင်းသည် ပုဗ္ဗေစ ကတ ပုညတာ မင်္ဂလာမည်၏။

ပွဲမဝင်မီ အပြင်ကကျင်းပ ဆိုသကဲ့သို့ ကြိုတင်ဓာတ်တိုက်ခြင်း အစမ်းလေ့ကျင့်မှုများ ပြုလုပ်ထားခြင်းသည် မင်္ဂလာရှိသောအမှုဖြစ်သည်။

ကျောင်းသားတစ်ယောက်အတွက် စာမေးပွဲမတိုင်မီက ကြိုတင်စာကျက်ခြင်း၊ ကျောင်းဆရာတစ်ဦးအတွက် မိမိသင်ပေးမည့် သင်ခန်းစာကို

ကြိုတင် ပြင်ဆင်လေ့လာ ဖတ်ရှု မှတ်စုထုတ်ထားခြင်း၊ တောင်သူလယ်သမားတစ်ဦးအတွက် မိုးမကြမီက ထွန်၊ ထယ်ပြင်ဆင်ခြင်း၊ အိမ်ရှင်မတစ်ယောက်အတွက် ထမင်းဟင်းလျာ မချက်မီက ချက်စရာများကို ကြိုတင်စုဆောင်းပြင်ဆင်ထားခြင်းသည် လက်ငင်းခံစားရသော ကောင်းကျိုးချမ်းသာမင်္ဂလာဖြစ်ပေသည်။

မိမိတိုင်းပြည်ကာကွယ်ရေး၊ မိမိလူမျိုး ကျွန်ပြုမခံရရေး၊ မိမိလူမျိုးမှ အမျိုးကောင်းသမီးများ အစော်ကားမခံရအောင် ခုခံကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် ကြိုတင်စစ်ပညာများ လေ့ကျင့်နေခြင်းသည် ကောင်းသော အလုပ်ကိုကြိုတင်ပြုလုပ်နေခြင်း ဖြစ်၏။

အထူးအားဖြင့် ဤ ပုဗ္ဗေ စ ကတပုညတာ မင်္ဂလာတရားတော်သည် လုံ့လ ဝီရိယကို ဦးစားပေးသောမင်္ဂလာဖြစ်သည်။ ယင်းလုံ့လ ဝီရိယကို ဖြူစင်ကောင်းမြတ်သော လုပ်ငန်းများ၌အသုံးပြုရန် ဟောကြားတော်မူလိုရင်းဖြစ်ပေသည်။

ရှေးအခါက လုလင်ငါးရာတို့သည် ဒိသာပါမောက္ခ ဆရာကြီးတစ်ဦးထံ၌ ဗေဒင်ပညာကို သင်ယူနေကြသည်။ ရှေးခေတ်က စာသင်နည်းမှာ ဤခေတ်မှာကဲ့သို့ စာအုပ်စာတမ်း အသုံးမပြုရ။ဆရာက ရှေ့မှ နှုတ်တိုက်ချပေးသည်ကို လိုက်ဆို၍ အလွတ်ကျက်မှတ်ကြရသည်။ အလွတ်ရပြီးသော စာများကို နေ့စဉ် နံနက်စောစောထပြီး အလွတ်ပြန်ရွတ်ဆိုကြည့်ရသည်။ စာပြန်ကြရသည်။ လေပူမထစေရန် နံနက်စောစောဆန်ပြုတ်(ယာဂု) သောက်ပြီးမှ စာပြန်ကြရသည်။ ဆန်ပြုတ်ကျိုရန်အတွက် လုလင်ငါးရာတို့ အလှည့်ကျ ထင်းခွေခြင်း၊ ဆန်ပြုတ်ပြုတ်ခြင်း ပြုလုပ်ကြရသည်။

တစ်နေ့သ၌ ထင်းခွေတာဝန်ကျသော လုလင်များအနက် တစ်ယောက်သော လုလင်သည် ပျင်းရိသည်၊ အလွယ်ကြိုက်သည်။ သူ့ကို မောင်ပျင်းဟု ခေါ်ကြသည်။ ထင်းခွေရန် တောအုပ်အတွင်း ရောက်သော အခါ မောင်ပျင်းသည် အရွက်ကြွေနေသော ခံတက်ပင်ကို သစ်ပင်ခြောက်ထင်မှတ်၍ ထင်းအတွက်လုံလောက်ပြီ၊ တရေးတမော

အိပ်လိုက်ဦးမည်၊ ပြန်ခါနီးမှ တက်ချိုးလိုက်ရင် အလွယ်ကလေးပဲဟု တွေးတောကာ ခံတက်ပင်ရင်း၌ ခွေအိပ်လိုက်သည်။

နေဝင်ခါနီး၌ အခြားလုလင်များ ထင်းခွေပြီးသောအခါ မောင်ပျင်းကို အိပ်ရာမှ နှိုးယူရသည်။ မောင်ပျင်းသည် ပျာယီးပျာယာ အိပ်ရာမှ ထတည့်၍ ခံတက်ပင်ကိုင်းများကိုချိုးယူသည်။ နောက်ဆုံးတွင် ခံတက်ပင်၏ အကိုင်းတစ်ခုသည် မောင်ပျင်း၏ မျက်နှာကို ရိုက်မိရာ မျက်စိတစ်ဖက်ပျက်သွားရသည်။ မောင်ပျင်းသည် ခံတက်သား အစို များကို ယူခဲ့၍ အခြားလုလင်များ ခွေထားသည့် ထင်းခြောက်များအပေါ်၌ ပစ်ချ ထားခဲ့၍ အိပ်ရာထဲဝင်ခဲ့သည်။

နောက်တနေ့ နံနက်စောစော ဆန်ပြုတ်ကြိုသည့်လုလင်များသည် အပေါ်ဆုံးမှ ထင်းများကိုယူ၍ မီးဆိုက်ရာ မောင်ပျင်း၏ ခံတက်သား အစိုများဖြစ်နေ၍ မီးခိုးအူကာ မီးမတောက်ဘဲ အချိန်ကြန့်ကြာသွားသည်။ အချိန်မီ ဆန်ပြုတ်မကျက်သဖြင့် လုလင်များမှာ ဆန်ပြုတ်မသောက်ကြရ။ ထိုနေ့ အတွက်ရပြီးစာများ ပြန်လည်အလွတ်ရွတ်ဆိုမှု မပြုကြရတော့။ လူပျင်းတစ်ယောက်အတွက် လုလင်ငါးရာ အကျိုးစီးပွားပျက်ခဲ့ရသည်။

ဤကားကြိုတင်ပြုလုပ်ရမည်ကို မပြုလုပ်ဘဲ အချိန်ဆွဲကာ ဖင့်နွဲ နေသဖြင့် အကျိုးစီးပွား ဆုတ်ယုတ်ရပုံကိုဖော်ပြသည့် ဘုရားဟော ဝရဏဇာတ်တော်လာ ဝတ္ထုသက်သေဖြစ်ပါသည်။

အနောက်တိုင်းသားတို့၏ စာပေ၌လည်း 'မြင်းခွာသံမှိုတစ်ချက်ကို ကြိုတင်ပြင်ဆင်သံမရိုက်မိသည့်အတွက် စစ်ပွဲကြီးတစ်ခုလုံး ရှုံးနိမ့်ခဲ့ရသည်' ဟု ဆိုရိုးစကားရှိသည်။ ထို့ကြောင့် ပုဗ္ဗေစ ကတ ပုညတာ မင်္ဂလာသည် လူတစ်ဦးတစ်ယောက်အတွက် လည်းကောင်း၊ အသင်းအဖွဲ့ တစ်ခု အတွက်လည်းကောင်း၊ လူမျိုးတစ်မျိုး တိုင်းပြည်တစ်ပြည် အတွက် လည်းကောင်း၊ မည်မျှအရေးကြီးသည်၊ ပဓာနကျသည်ကို သိနိုင်လောက်ပြီ ဖြစ်၍ အရာခပ်သိမ်း ကောင်းမြတ်ဖြူစင်သော လုပ်ငန်းများကို ကြိုကြို တင်တင် ပြုလုပ်ထားကြရန် တိုက်တွန်းလိုက်ပါသတည်း။

## မင်္ဂလာ (၆)

၆။ **အတ္တသမ္မာပဏိဓိ မင်္ဂလာ** မိမိစိတ်ကို ကောင်းစွာ ထားခြင်းသည် မင်္ဂလာမည်၏။

အဓိပ္ပါယ်မှာ မိမိစိတ်ကို ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြစ်သည်။ ကြည့်ချင်စရာနှင့်တွေ့၍ မည်မျှပင်ကြည့်ချင်စေကာမူ အကျိုးမရှိပါက မကြည့်ဘဲ နေနိုင်အောင် စိတ်ကို ထိန်းနိုင်ရမည်။ နားထောင်ချင်စရာနှင့်တွေ့၍ မည်မျှပင်နားထောင်စေချင်ပါမူ အကျိုးမရှိပါက နားမထောင်ဘဲ နေနိုင်အောင် စိတ်ကို ထိန်းနိုင်ရမည်။

အလားတူပင် စားချင်စရာနှင့်တွေ့၍ မည်မျှပင်စားချင်စေကာမူ အကျိုးမရှိပါက မစားဘဲနေနိုင်အောင် စိတ်ကို ထိန်းထားနိုင်ရမည်။ လိုချင်စရာ ပစ္စည်းတစ်ခုခုနှင့်တွေ့ရ၍ မည်မျှပင်လိုချင်စေကာမူ မယူမိအောင် စိတ်ကို ထိန်းထားနိုင်ရမည်။ မိမိအရွယ်နှင့် လိုက်လျောအောင် ရာထူး အဆင့်အတန်းနှင့်လိုက်လျောအောင် မိမိကိုယ်ကို စောင့်ထိန်းကြရမည် ဖြစ်သည်။

မြတ်စွာဘုရား လက်ထက်တော်က သေဌေးသားဃောသကသည် ဖခင်ကွယ်လွန်သောအခါ သေဌေးဘွဲ့ ခံယူရန် ဘုရင့်နန်းတော်သို့ သွား၏။ မိုးရွာသွန်းပြီးစဖြစ်၍ နန်းရင်ပြင်လူသွားလမ်းတွင် ရေအိုင်တစ်ခု ရှိနေ၏။ ဃောသကသည် ထိုရေအိုင်ငယ်ကို ခုန်ကျော်ကာ နန်းတော်ဘက်သို့ ဆက်လက်သွား၏။

ဘုရင့်ထံမှ သေဌေးဘွဲ့ ခံယူပြီး၍ အပြန်ခရီးတွင်မူ ထိုရေအိုင်ငယ်ကို မခုန်တော့ဘဲ ရေအိုင်သို့ ဆင်း၍ဖြတ်သွား၏။ ဤကဲ့သို့ အလာခရီးနှင့် အပြန်ခရီးမတူသည်ကို ဘုရင်မင်းမြတ်က တွေ့မြင်ရ၍ ခေါ်ယူမေးမြန်းသောအခါ အလာခရီးတွင်မူ

သေဌေးဘွဲ့ မရသေးသဖြင့် လူသာမန်တို့ ကဲ့သို့ ဣန္ဒြေသိက္ခာ မထိန်းသိမ်းဘဲ ရေအိုင်ငယ်ကို ခုန်ကျော်ခဲ့ပါသည်။ အပြန်ခရီး တွင်မူ ညီလာခံတက်နိုင်သော ဘွဲ့ခံသေဌေးကြီး တစ်ဦးဖြစ်လာပြီ ဖြစ်၍ မိမိဣန္ဒြေသိက္ခာကို စောင့်ထိန်းသောအားဖြင့် ရေအိုင် ငယ်ကိုမခုန်တော့ဘဲ ဆင်း၍ ဖြတ်သန်းခဲ့ပါသည်ဟု ရှင်းလင်း လျှောက်ထားခဲ့သည်။

ထို့ပြင် ငါးရာ့ငါးဆယ်ဇာတ်တော် သုရာဃဋ ဇာတ်တွင် သေဌေးသားတစ်ယောက်သည် သေသောက်ကြူး ဘဝရောက် ရှိ၍ ပစ္စည်းဥစ္စာ မွဲပြာကျကာ အိုးမဲ့အိမ်မဲ့အခြေအနေရောက် ရှိခဲ့သည်။

ယင်း၏ဖခင်ဖြစ်သူသည် သိကြားနတ်မင်းဖြစ်နေ၍ သားဖြစ်သူအားစောင့်ရှောက် မ'စလိုသဖြင့် လိုတရအိုးတစ်လုံး ကိုပေးလေသည်။ ယင်းအိုးအတွင်းမှလိုချင်တာကို နှိုက်ယူသုံးစွဲ နိုင်သည်။

သေသောက်ကြူး သေဌေးသားသည် မိမိကိုယ်ကို စောင့်ထိန်းနိုင်ခြင်းမရှိ၊ အရက်မူးလွန်၍ ယင်းလိုတရသောအိုးကို မြှောက်ကာ မြှောက်ကာ ကစားရာ မြေပေါ်သို့ကျကာ အိုးကွဲသွား ခဲ့သည်။ ထို့နောက် သေသောက်ကြူးသေဌေးသား သည် အငတ်ငတ် အပြတ်ပြတ်ဖြစ်ကာ သူတစ်ပါး၏ အိမ်ဘေးတွင် ခွေးသေဝက်သေ သေရရှာလေသည်။

တစ်ဖန်ငါးရာ့ငါးဆယ်ဇာတ်တော် တေလပတ္တဇာတ်တွင် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီး၌ သားတော်တစ်ရာရှိရာ အငယ်ဆုံးသားမှာ မင်းဖြစ်ရန်အခွင့်အရေး နည်းပါးလျက်ရှိ၏။

မင်းသားငယ်သည် ပစ္စေကာဗုဒ္ဓါ အရှင်မြတ်တို့အား မေးလျှောက်ရာ တက္ကသိုလ်ပြည်သို့ သွားနိုင်လျှင်မင်းဖြစ်နိုင်သည်။ သို့ရာတွင်လမ်းခရီးတွင် ယက္ခဇနာငါးဆယ်ရှိသော တောအုပ်ကြီးကိုဖြတ်သန်းသွားရမည်။ ယင်းတောအုပ်၌ ဘီလူးမများ၏ဖြားယောင်းသွေးဆောင်မှုကို မကျော်လွှန်နိုင်ပါက ဘီလူးစားခံရမည်ဖြစ်ကြောင်း သတိပေးမှာကြားလိုက်သည်။

မင်းသား၏ ငယ်ကျွန်တော် ငါးယောက်သည် အတူလိုက်ပါခွင့်ပြုရန် တောင်းပန်နေမှုကြောင့် ဘီလူးများ၏ ဖြားယောင်းသွေးဆောင်တတ်ပုံကို ရှင်းလင်းပြောကြားပြီး လိုက်ပါခွင့်ပြုခဲ့သည်။

တောအုပ်အတွင်းသို့ ရောက်သောအခါ ရှေးဦးစွာဘီလူးများသည် လှပသောဥယျာဉ်နှင့် ပန်းခိုက်ကားများ၊ လှပသောမိန်းမပျိုများကို ဖန်ဆင်းကာ မြူဆွယ်ကြလေသည်။ ရူပါရုံအဆင်း၌ တတ်မက်စွဲလမ်း တတ်သော ငယ်ကျွန်တော်သည် ဆုံးမ မရ၊ တားမရဖြစ်ကာ နောက်ချန်နေရစ်ပြီး အလှအပများကို သွားရောက်ရှုစားပျော်ပါးရန် အားထုတ်ခဲ့သဖြင့် ဘီလူးစားခံရလေသည်။

အလားတူပင်အသံ၌ စွဲလမ်းတတ်မက်သော ငယ်ကျွန်တော်တစ်ယောက်ကို တူရိယာ ဂီတသီချင်းသံဖြင့် လည်းကောင်း၊ အနံ့၌ စွဲလမ်းတတ်မက်သော ငယ်ကျွန်တော်ကို ရေမွှေးနံ့သာတို့ဖြင့် လည်းကောင်း၊ အရသာ၌ စွဲလမ်းတတ်မက်တတ်သော ငယ်ကျွန်တော်ကို စားသောက်ဖွယ်ရာဖြင့်လည်းကောင်း၊ အတွေ့အထိ၌ တတ်မက်တတ်သော ငယ်ကျွန်တော်ကို ဖဲကတ္တီပါမွေ့ရာခေါင်းအုံးများ၊ အမျိုးသမီးအလှများဖြင့် လည်းကောင်း သွေးဆောင် ဖြားယောင်း ခံရသည်ကို စိတ်မထိန်းနိုင်ကြသဖြင့် ငယ်ကျွန်တော်အားလုံး ဘီလူးစာ ဖြစ်ကြရသည်။

မင်းသားတစ်ပါးတည်းသာ အာရုံငါးပါးဖြင့် ဖြားယောင်းသည်ကို ခံနိုင်ရည်ရှိ၍ စိတ်ထိန်းနိုင်သဖြင့် ဘီလူးစား မခံရဘဲ တက္ကသိုလ်ပြည်မင်းအဖြစ်ကို ရယူနိုင်ခဲ့လေသည်။

ထို့ကြောင့် မိမိကိုယ်စိတ်နှစ်ပါးကို ထိန်းသိမ်းစောင့်ရှောက်နိုင်မှုသည် မိမိဘဝ တိုးတက်ကြီးပွားစေရန်နှင့် ကြီးပွားလာသည့် အခြေအနေကို မဆုတ်ယုတ်စေရန် အလွန်အရေးပါသော အကြောင်းတရားဖြစ်ပေသည်။

လောက၌ ဆင်းရဲခြင်းဒဏ်ကို ခံနိုင်ကြသော်လည်း ချမ်းသာမှုဒဏ်ကို ခံနိုင်သူရှားပေသည်။ ပစ္စည်းဥစ္စာ အာဏာ၊ ခြွေရံသင်းပင်းနှင့် ပြည့်စုံလာသောအခါ မာန်တက်ကာ ဝင့်ဝါလာတတ်သည်။ မတန်မရာဟူ၍ မရှိတော့ဘဲ ဘာမဆိုသူနှင့်တန်သည် ဟု ယူဆလာတော့သည်။

မိမိငယ်ပေါင်းကြီးဖော် များကိုပင် အဖက်မတန်ဟု ယူဆလာတော့သည်။ ကြီးနိုင်ငယ်ညှဉ်း မတရားပြုမူလာတော့သည်။ ဘဝကို မေ့ကာ အောက်ခြေလွတ်သွားကြသည်။ ဤပုဂ္ဂိုလ်များသည် အတ္တသမ္မာပဏိဓိ မင်္ဂလာ ကင်းမဲ့ကြသူများဖြစ်၍ ကြီးပွားတိုးတက်မှု အခြေအနေကို ဆက်လက်ထိန်းမထားနိုင်တော့ဘဲ ဓောက်ထိုးလျှောကြကာ ဘဝပျက်ခဲ့ကြသည်။

ရှေးအခါက ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်းကြီးသည် ဆီးသီးသည် အမျိုးသမီးငယ်ကို နှစ်သက်တော်မူသဖြင့် တော်ကောက်ကာ မိဖုရားမြှောက်ခဲ့သည်။ တစ်ရံရောအခါဘုရင်ကြီးသည် ဆီးသီးမှည့်များကို ရွှေခွက်အတွင်းထည့်၍ သုံးဆောင်တော်မူနေသည်ကို မိဖုရားက 'မောင်တော်ဘုရား ဟိုနီနီ အသီးလေးတွေက ဘာသီးပါလဲဘုရား' ဟု မေးလျှောက်လေသည်။

ထိုအခါဘုရင်ကြီးသည် အမျက်ထွက်တော်မူ၍ 'သင်ဆွေမျိုးတို့၏ဥစ္စာဖြစ်သော ဆီးသီးများကိုပင် မသိတော့ပြီလော၊ ဤမိန်းမယုတ်ကို သူ့နေရင်းအိမ်သို့ ပြန်ပို့လော့' ဟု အမိန့်ချမှတ်ခြင်းခံရကြောင်း ငါးရာ့ငါးဆယ်ဇာတ်တော် သုဇာတာဇာတ်၌ လာရှိသည်။

အခြားဥပမာတစ်ခုမှာ မြန်မာအလုပ်သမားတစ်ဦးနှင့် ကုလားအလုပ်သမားတစ်ဦးတို့ နှစ်ဦးပူးတွဲ၍ လွှဆွဲသစ်ခွဲသည့် လုပ်ငန်းကို လုပ်ကြ၏။ မြန်မာအလုပ်သမားသည် ရလာသော လုပ်အားခကို ဝက်သား ကြက်သား ဝယ်၍ ကောင်းကောင်းစား၏။ ကုလား အလုပ်သမား မှာမူ ရလာသောငွေကို ခါးကြား၌ ကျစ်ကျစ်ပါအောင် လိမ်စုထား၍ ငရုတ်သီးတစ်တောင့်၊ မန်ကျည်းသီးတစ်ဆစ်မျှဖြင့် ချွေတာစား၏။

ဆယ်နှစ်ခန့် အတူတူ အလုပ်လုပ်ပြီးသောအခါကုလားအလုပ်သမားသည် ငွေရင်းငွေနှီးရပြီဖြစ်၍ လွှမဆွဲတော့ဘဲ မြို့တက်ဈေးရောင်းသည်။ မြန်မာအလုပ်သမားမှာမူ လွှဆွဲမြဲ ဆွဲကာ နောင် ငါးနှစ်ခန့် ကြာသောအခါ မြန်မာအလုပ်သမားသည် လွှဝယ်ရန် မြို့တက်သွားသည်။ ထိုအခါ သံဆိုင်မှ ကုလားကဆီးကြိုခေါ်ငင်ကာ ထမင်းဖိတ်မံကျွေးမွေးသည့် အပြင် အလိုရှိသော လွှကိုပါ ပေးလိုက်၏။ ဤမျှကြီးမားတိုးတက်လာသည်ကို မြန်မာအလုပ်သမားက အံ့သြနေစဉ် ဆိုင်ပိုင်ရှင် မိတ်ဆွေ ကုလားက 'အစ်ကို ဝက်သားစား စောသကိုး'ဟု မှတ်ချက်ချ လိုက်သည်။

## သမ္မတ္တိစက်လေးပါး

ကြီးမားသောရည်ရွယ်ချက် သို့မဟုတ် လုပ်ငန်းကြီးတစ်ခု ဖြစ်မြောက် အောင်မြင်စေရန် လိုအပ်ချက်များမှာ အောက်ပါ အတိုင်း ဖြစ်သည် –

(၁) ကလျာဏမိတ္တတာ = မိတ်ဆွေကောင်းရှိခြင်း၊

(၂) ပဋိရူပဒေသဝါသ = နေရာကောင်း နေရာမှန်ရရှိခြင်း၊

(၃) ပုဗ္ဗေစ ကတပုညတာ = ကောင်းမြတ်ဖြူစင်သော လုပ်ငန်းများကို ရှေးကကြိုတင်ပြုခဲ့ပြီး ဖြစ်ခြင်း၊

(၄) အတ္တသမ္မာပဏိဓိ =ကိုယ်, နှုတ်, နှလုံး, သုံးပါးလုံးကို စောင့်ထိန်းနိုင်ခြင်း (ဝါ)ရတနာသုံးပါးအာရုံ၊ ဒါန, သီလ, ဘာဝနာ အာရုံတို့၌ ထားနိုင်ခြင်း။

ကလျာဏမိတ္တ မိတ်ဆွေကောင်းရှိခြင်း ဟူသည် မင်္ဂလာတရားတော်အရ ပဋိရူပဒေသဝါသမင်္ဂလာ ဖြစ်၏။ ကုန်ရောင်းကုန်ဝယ်ပြုရာ၌ ငွေရင်းထုတ်ပေးမည့်သူ၊ နည်းပေးလမ်းပြ အကြံကောင်းပေးမည့်သူကို ကလျာဏမိတ္တ ဟု ခေါ်၏။

ပညာသင်ရာ၌ စာကြိုးစားသည့် ကျောင်းသားအပေါင်းအဖော် စာပြစာသင်ကောင်းသည့်ဆရာကို ကလျာဏမိတ္တဟုခေါ်သည်။

စစ်ပွဲတစ်ခုကိုအောင်မြင်နိုင်ရန် သို့မဟုတ် အခက်အခဲတစ်ခုကို ကျော်လွှန်နိုင်ရန် ရှေးခေတ်က ဘုရင်များအတွက် ပညာရှိမှူးမတ်များ လိုအပ်၏။ ဤခေတ်အစိုးရများအတွက် ကျွမ်းကျင်သူ အကြံပေးပညာရှင်များလိုအပ်၏။

လောကုတ္တရာတရား ရရှိရေးအတွက်မူ သူတော်ကောင်းကိုအမှီပြုရခြင်း သပ္ပုရိသူပနိဿယနှင့် ပြည့်စုံရမည်။ ပဋိရူပဒေသဝါသ မင်္ဂလာကိုပင် သပ္ပုရိသူပနိဿယဟု လည်းကောင်း၊ ကလျာဏမိတ္တတာဟု လည်းကောင်း ခေါ်၏။ မိတ်ကောင်းဆွေကောင်း ဆရာကောင်းရှိခြင်းကို ပထမ သမ္ပတ္တိစက် ဟု ဆိုလိုသည်။

ပဋိရူပဒေသဝါသ မင်္ဂလာနှင့်အညီ နေရာကောင်းနေရာမှန် ရွေးတတ်ဖို့၊ နေရာယူတတ်ဖို့၊ နေရာဦးတတ်ဖို့ လို၏။ နေရာကောင်းရနေသူအား ယင်းထက် ပညာအရည်အချင်း ကြံရည်ဖန်ရည်သာသူများပင် မယှဉ်ပြိုင်နိုင်ဘဲ အလျှော့ပေးကြရ၏။

ဥပမာ – လူမျိုးတစ်မျိုးသည် ရေနံထွက်သည့်ရေနံမြေပေါ်၌ တိုင်းပြည်တည်ထောင်မိခြင်း၊ ရာသီဥတုညီညွတ်မျှတ၍ မိုးလေဝသနှင့် ပြည့်စုံသောနေရာ၌ တိုင်းပြည်တည်ထောင်မိခြင်းတို့သည် ထိုလူမျိုးများ အတွက် ပဋိရူပဒေသဝါသ သမ္ပတ္တိစက်နှင့် ပြည့်စုံခြင်းပင် ဖြစ်သည်။

ပုဗ္ဗေစကတပုညတာမင်္ဂလာအရ အခုရေတွင်းတူး အခုရေကြည် သောက်ချင်၍မရနိုင်။ အခုအုန်းပင်စိုက် အခုအုန်းသီးစားချင်၍မရနိုင်။ ကြိုတင်ပြင်ဆင် လုပ်ကိုင်ဆောင်ရွက်မှုသည် အရာရာ အောင်မြင်ခြင်း၏ အကြောင်း သမ္ပတ္တိစက်တစ်ပါး ဖြစ်၏။

ထိုနည်းအတူ အတ္တသမ္မာပဏိဓိမင်္ဂလာ တည်းဟူသော အချိန် မရောက်မီ မပြုလုပ်မပြောဆို မသုံးစွဲမိစေရန် စိတ်ကို ထိန်းသိမ်းနိုင်မှု သည်လည်း အရေးအကြီးဆုံး သမ္ပတ္တိစက် ဖြစ်၏

ဥသြငှက်မသည် ကျီးသိုက်၌ ဝင်ရောက်ဥတတ်သည်၊ ကျီးဥနှင့် ဆင်တူနေ၍ ကျီးမသည် မခွဲခြားနိုင်။ မိမိဥများနှင့်အလားတူထားကာ ဝပ်ပေးရ၏။ အကောင်ငယ်ဖြစ်လာသော အခါ၌လည်း ခွဲခြားမသိ၍ ကျီးမက အစာကျွေးရင်း အတောင်အလက်စုံ၍ ပျံနိုင်သောအခါ ဥသြ ငှက်ငယ်သည် မိမိဘာသာဘာဝ အသံဖြင့် တွန်ကျူးမှသာ ဤကားဥသြငှက် ဟု ခွဲခြားသိလေသည်။

ထိုသို့သိသောအခါ၌ ဥသြငှက်ငယ်မှာ ဘေးလွတ်ရာသို့ ပျံသန်း သွားနိုင်ပြီ ဖြစ်သည်။ ထို့ကြောင့် ဥသြငှက်ငယ်များသည် အတောင် မစုံမီ အော်မြည်ခြင်းမပြုရ၊ တိတ်ဆိတ်စွာနှုတ်ကို စောင့်စည်းနေကြရသည်။ နှုတ်မစောင့်နိုင်သော ဥသြငှက်ငယ်ကို ကျီးမက ထိုးဆိတ် ပေါက်သတ် လိုက်ကြောင်းကို ကောကိလ ဇာတ်တော်၌ ဖော်ပြထားသည်။

ဤသို့လျှင် အမှုခပ်သိမ်း အောင်မြင်လိုပါက သမ္ပတ္တိစက် လေးပါးနှင့် ပြည့်စုံအောင် ကြိုးပမ်းကြရမည်။

ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော။
သုဘာသိတာ စ ယာ ဝါစာ၊ ဧတံ မင်္ဂလမုတ္တမံ။

## ဗာဟုသစ္စဉ္စ

တတ်ကောင်းတတ်ရာ ဟူသမျှကို၊
ကြားမြင်သုတ ရှိပါစေ။
အိုးအိမ်တည်ထောင် ဝမ်းစာရေးနဲ့၊
အသက်မွေးဖို့ အတတ်သင်လေ။
လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို၊
ကောင်းစွာသင်ကြား နားလည်စေ။
မှန်ကန်ယဉ်ကျေး ချိုသာအေး၊
ဆိုရေးတတ်ပါစေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

# မင်္ဂလာ (၇)

၇။ **ဗာဟုသစ္စ မင်္ဂလာ** အကြားအမြင် ဗဟုသုတများခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

ဗာဟုသစ္စ မင်္ဂလာ အကြားအမြင်ဗဟုသုတနှင့် ပြည့်စုံသူသည် အလိမ်မခံရ၊ လူလိမ်မခံရအောင် ဤမင်္ဂလာတရားတော်နှင့် ပြည့်စုံအောင် ကြိုးပမ်းကျင့်ဆောင်ကြရမည်။

ဤခေတ်တွင် အင်္ဂရိတ်နည်းဖြင့် ရွှေတုပြုလုပ်၍ လိမ်ခြင်း၊ရွှေနှစ်ဆပွားခြင်း၊ ငွေတုလုပ်ခြင်း၊ ငွေနှစ်ဆပွားခြင်းစသည့် လိမ်နည်းအမျိုးမျိုးဖြင့် လိမ်နေကြသည်ကို နေ့စဉ်နှင့်အမျှ သတင်းစာ၊ ရေဒီယိုများတွင် ဖော်ပြနေသော်လည်း ယင်းလိမ်နည်းများမှာ ရိုးသွားသည် ဟူ၍မရှိဘဲ ဆက်လက် အသုံးပြု၍ ရနေသည်။

အလိမ်ခံသူများကလည်း ဆက်လက်အလိမ်ခံနေကြသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့ နိုင်ငံသားများသည် ရေဒီယိုကိုလည်း သီချင်းချိန်၌သာ ဖွင့်ထားကြ၍ သတင်းလာနေချိန်တွင် ပိတ်ထားလေ့ရှိကြသည်။သတင်းစာလည်းမဖတ်ချင်ကြ၊ ကာတွန်းစာအုပ်မှတစ်ပါး အခြားစာကြီး ပေကြီးများ၊ မှတ်သားဖွယ်ရာ ဆောင်းပါးများကိုလည်း ဖတ်လေ့ဖတ်ထမရှိ၊ ဈေးထဲမှ ပါးစပ်စကားနှင့် လက်ဖက်ရည်ဆိုင်မှ ကောလာဟလ သတင်းကိုသာ အတည်ပြုလက်ခံကြသည်။

သို့ဖြစ်၍ ဤနိုင်ငံတွင် လိမ်စား၍မကုန်နိုင်၊ အလိမ်ခံမည့်သူတွေ တန်းစီစောင့်နေကြသည်။ မြန်မာတို့သည် ဗေဒင်ဆရာကလိမ်လိုက်၊ နတ်ကတော်ကလိမ်လိုက်၊ စီးပွားရေးသမားများက လိမ်လိုက် အမျိုးမျိုး အလိမ်ခံနေကြရသည်။ ဤဗာဟုသစ္စမင်္ဂလာနှင့် ပြည့်စုံအောင် ကြိုးပမ်းကြပါမှ အလိမ်ခံခြင်းအမျိုးမျိုးမှ ကင်းလွတ်ကြမည်ဖြစ်သည်။

လောကီလောကုတ္တရာနှင့် စပ်လျဉ်းသော အကြားအမြင် ဗဟုသုတများပြားစေရန်အတွက် ပညာရှိတို့ ၏ပြောစကားကို နာယူမှတ်သားခြင်း၊ စာအုပ်စာတမ်း ဖတ်ရှုလေ့လာခြင်းတို့ကို ပြုကြရမည်။

ဤခေတ်တွင်မူ ငယ်စဉ်အခါ ကျောင်းသားဘဝက စာသင်ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်များ၌ ဆရာများသင်ကြားပို့ ချသည်ကို နာယူမှတ်သား ကျက်မှတ်ကြရသည်။ ထို့ပြင် စာကြည့်တိုက်မှ စာအုပ်စာတမ်းများ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ ဖတ်ရှုလေ့လာကြရသည်၊ဟောပြောပွဲများနှင့် တရားပွဲများသို့ လည်း သွားရောက်နာယူမှတ်သားကြရသည်။

ဤမျှဖြင့် မလုံလောက်သေးသဖြင့် စက်ရုံအလုပ်ရုံများ၊ ကျေးလက်တောရွာ၊ လယ်တောယာတောများသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်၍ အလုပ်သမားဘဝ၊ လယ်သမားဘဝစသော ဘဝအမျိုးမျိုးကို လက်တွေ့လေ့လာသမှု ပြုကြရသည်။ နေ့စဉ်တွေ့ ထိနေရသော မိမိဘဝ ပတ်ဝန်းကျင်ကိုလည်း လေ့လာမှတ်သားကြရသည်။

ဤကဲ့သို့ အမြဲသတိယှဉ်ကာ ပညာဆည်းပူးခြင်းကို ၁၅ နှစ်၊ အနှစ် ၂၀–ခန့် ကြိုးပမ်းပြုလုပ်ပါမှ လူထဲဝင်နိုင်လောက်သည့် အကြားအမြင် ဗဟုသုတ ရရှိနိုင်ပေသည်။

ရာဇဝင်, မဟာဝင်သမိုင်းဘာသာရပ်ဆိုင်ရာ ဗဟုသုတ၊ ပိဋကတ်, ဗေဒင်, နက္ခတ်, ဆေးကျမ်းစသောကျမ်းဂန်ဆိုင်ရာ ဗဟုသုတ၊ ရာဇသတ်, ဓမ္မသတ်, ဖြတ်ထုံး, လျှောက်ထုံး, စီရင်ထုံးစသော ဥပဒေဆိုင်ရာ ဗဟုသုတ၊ စာဏကျနီတိ, လောကနီတိ, မဟာရဟာနီတိ စသော နီတိကျမ်းဆိုင်ရာ ဗဟုသုတ။

ဗုဒ္ဓအဘိဓမ္မာနှင့်သာသနာပတိတ္ထိ ဆရာကြီးများ၏ အယူဝါဒရေးရာဗဟုသုတ၊ ဓာတုဗေဒ, ရူပဗေဒ, ဇီဝဗေဒ, ခန္ဓာဗေဒ, ရက္ခဗေဒ စသော ပညာရပ်ဆိုင်ရာဗဟုသုတ၊ စစ်ပညာ, အုပ်ချုပ်ရေးပညာ,

စီမံခန့်ခွဲရေးပညာ, စီးပွားရေးပညာ စသော ပညာရပ်ဆိုင်ရာဗဟုသုတ၊ ဒေသန္တရဗဟုသုတ စသည်ဖြင့်ဆည်းပူး၍ မကုန်နိုင်၊ လိုက်စား၍ မဆုံးနိုင်လောက်အောင် ဗဟုသုတအမျိုးအစား များပြားကျယ်ဝန်း လှပေသည်။

ဤမျှ များပြားကျယ်ဝန်းသော ဗဟုသုတများကို လူတစ်ဦးတစ်ယောက် အနေဖြင့် ကုန်စင်အောင်လေ့လာဆည်းပူးနိုင်မည်မဟုတ်ပေ။ သို့ရာတွင် မိမိဘဝလမ်းကြောင်းအတွက် သင့်လျော်အပ်စပ် အသုံးချနိုင်မည့် ပညာဗဟုသုတ တစ်မျိုးနှစ်မျိုးကိုသာ ပေါက်ရောက်အောင်မြင်အောင် အထူးပြုလေ့လာ၍ အခြားသောဗဟုသုတများကိုမူ အခြေခံသဘောမျှ လောက်သာ လေ့လာဆည်းပူးသင့်ပေသည်။

ဗာဟုသစ္စမင်္ဂလာ ချို့ငဲ့သည့်အတွက် ကျွန်သပေါက်ဖြစ်ခဲ့ ရသည်ကို မမေ့သင့်ကြပါ။ မြန်မာရာဇဝင်တွင် သီပေါမင်းနှင့် စုဖုရားလတ်ကို မင်းညီမင်းသားများ သတ်ဖြတ်မှုအတွက် ပြည်သူအများစုက မုန်းတီးနေကြသည်။

ယင်းသို့ မုန်းတီးနေကြစဉ် အင်္ဂလိပ်များနှင့် မင်းကြီး ဦးကောင်း တို့ ပူးပေါင်း၍ ညောင်ရမ်းမင်းသားကို နန်းတင်ပေးမည်ဟု ကောလာဟလ သတင်းလွှင့်လိုက်သည်။ မြန်မာနိုင်ငံသားများသည် အင်္ဂလိပ်ကို ဒိုင်လူကြီးအဖြစ် အားကိုးလာကြသည်။ မော်လမြိုင်သား ဦးဘသန်းဆိုသူကို မင်းညီမင်းသားဟန်ဖြင့် ဝတ်စားဆင်ယင်စေပြီး အင်္ဂလိပ် စစ်သင်္ဘောဦး၌ ရပ်ပြတင်ဆောင်လာခဲ့သည်။

မင်းကြီးဦးကောင်းဦးစီးသည့် မြန်မာဘုရင့်လွှတ်တော်ကလည်း အင်္ဂလိပ်စစ်တပ်ကို ခုခံပစ်ခတ်လျှင် သူပုန်အဖြစ်သတ်မှတ်မည်၊ အပစ် အခတ် အခုအခံ မပြုရဟု အမိန့်တော်ထုတ်လိုက်သည်။ အင်္ဂလိပ် စစ် သင်္ဘောများသည် မင်းလှနှင့် ဂွေးချောင်း ခံတပ်မှတစ်ပါး ရောဝတီမြစ်

တစ်လျှောက်လုံးတွင် လုံးဝခုခံပစ်ခတ်မှု မတွေ့ရတော့ဘဲ ရတနာပုံမြို့တော်ကို ဝင်ရောက်လာ၍ သေနတ်တစ်ချက်မျှ မပစ်ဖောက်ရဘဲ သီပေါမင်းကို ကြက်ကလေးငှက်ကလေးများဖမ်းသလို အလွယ်တကူ ဖမ်းယူသွားခဲ့ကြသည်။

ထိုအချိန်က မြန်မာလူထုနှင့် မြန်မာစစ်သားများသည် ညောင်ရမ်းမင်းသားကို နန်းတင်ပေးမည်ထင်၍ ငြိမ်ခံလိုက်ကြသည်။ ဤအဖြစ်ဆိုးကို မမေ့ကြစေရန် ရှေးပညာရှိများက 'ဦးကောင်းလိမ်ထုတ်၊ မင်းဆက်ပြုတ်' ဟု မှတ်တမ်းတင်ခဲ့ကြသည်။ နောက်ပိုင်းတွင် အင်္ဂလိပ်စစ်ဗိုလ်ချုပ်က မြန်မာနိုင်ငံကို ဝိတိုရိယဘုရင်မကြီးအား နှစ်သစ်ကူးလက်ဆောင်အဖြစ် ဆက်သကြောင်းကြေငြာလိုက်မှ မြန်မာနိုင်ငံသားများသည် အိပ်ရာမှလန့်နိုးကာ မြို့ရွာအသီးသီးမှ အင်အားစုဆောင်းပြီး နယ်ချဲ့အင်္ဂလိပ်ကို မောင်းထုတ်ဖို့ အသက်စွန့်တိုက်ခိုက်ခဲ့ကြသည်။

သို့ရာတွင် နောက်ကျသွားလေပြီ။ အနှစ်တစ်ရာ၊ အနှစ်ငါးဆယ် ကျွန်ပြုခံလိုက်ရသည်။ ကျွန်ုပ်တို့၏ ဗဟုသုတနည်းပါးမှု၊ အမြော်အမြင် ဆင်ခြင်တုံတရား နည်းပါးမှုအတွက် အဆမတန် တန်ဖိုးပေးယူခဲ့ရသော ဤသင်ခန်းစာကို မမေ့သင့်ပါပေ။

ဗဟုသုတမင်္ဂလာနှင့် ပြည့်စုံသောသူသည် ကောင်းကျိုးချမ်းသာ အဖြာဖြာကို ချက်ချင်းလက်ငင်း ခံစားရသည်။ လူအပေါင်းက ဆရာတစ်ဆူအဖြစ် တင်မြှောက်ကိုးကွယ်ထားရသည်။

မြန်မာရာဇဝင်၌ ဝန်ဇင်းရွာသား စာတိုင်ညိုသည် စာပေဗဟုသုတ၊ ရှေးလူကြီးသူမတို့၏ စကားဟောင်းဗဟုသုတ၊ ကျမ်းဂန် ဗဟုသုတများကို လေ့လာဆည်းပူးခဲ့သည်။ စာတိုင်ညိုသည် မိရိုးဖလာ တောင်သူလယ်သမားလုပ်ငန်းထက် စာပေဆွေးနွေးသည့် စကားဝိုင်းများတွင် အချိန်ကုန်လေ့ရှိသည်။

ယောက္ခမဖြစ်သော ဝန်ဇင်းရှာသူကြီးက ကြည့်မရသဖြင့် သမီးနှင့်သမက်ကို အိမ်ပေါ်မှ နှင်ချလိုက်သည်။ သို့ရာတွင် မိတ္ထီလာ ကန်တော်ကျိုးပေါက်သည်ကို လာရောက်ဆည်ဖို့သော မင်းကြီး စွာစော်ကဲသည် မိတ္ထီလာကန်ပေါင်တွင် တွေ့ရှိရသော အရုပ် တစ်ခုကို လူရုပ်လော၊ နတ်ရုပ်လော ခွဲခြားသိလိုသောအခါ မည်သူမျှပိုင်နိုင်စွာ မပြောနိုင်ကြ။ နောက်ဆုံးတွင်စာတိုင်ညိုသည် ပိုင်နိုင်စွာရှင်းလင်းလျှောက်ထား နိုင်ခဲ့သည်။

ထိုအချိန်မှစ၍ စာတိုင်ညိုသည် စည်းတပစ်ဘွဲ့ခံ ပညာရှိ အမတ်ဖြစ်လာခဲ့သည်။ ထို့နောက် ပညာရှိအပေါင်းတို့၏ ဘုရင်တစ်ဆူဖြစ်လာကာ(ရာဇာ)ဘွဲ့ခံ၍ မင်းအဆက်ဆက် ကိုးကွယ်ဆည်းကပ်ခြင်းခံခဲ့ရသည်။ သို့ဖြစ်၍ ဉာဏဗဟုသုတ မင်္ဂလာနှင့်ပြည့်စုံသူသည် မည်သည့်ခေတ်ကာလမဆို မည်သည့် တိုင်းပြည်၊ မည်သည့်ဒေသမှာမဆို မတိမ်ကောနိုင်။ ချီးမြှောက် ခြင်း၊ ပူဇော်ခြင်းခံယူရမည် ဧကန်ဖြစ်ပေသည်။

သို့ရာတွင် မိမိဆည်းပူးရရှိထားသော အသိဉာဏ် ဗဟုသုတကို အကြောင်းပြု၍ မိမိလောက်ဗဟုသုတမရှိသော သူများကိုအထင်သေးခြင်း၊ နှိမ်ခြင်း၊ မထီမဲ့မြင်ပြုခြင်း၊ ထိုဗဟုသုတဖြင့်သူတစ်ပါးအကျိုးဖျက်စီးခြင်း များပြုလုပ်လျှင် ထိုပုဂ္ဂိုလ်၏ အသိဉာဏ်ဗဟုသုတသည် မိမိကိုယ်မိမိ ဖျက်ဆီးရာရောက်၏။ နှစ်ရာရောက်၏။ ဥပမာအားဖြင့် ဝါးပင်များအသီး သီးလာခြင်းသည် ထိုဝါးပင်များ သေကြေပျက်စီးရန်အတွက် ဖြစ်လာ သကဲ့သို့တည်း။

အချို့သောပုဂ္ဂိုလ်များသည် မိမိရရှိထားသော အသိဉာဏ် ဗဟုသုတ ကို အကျိုးစီးပွားဖြစ်ထွန်းအောင် အသုံးချနိုင်စွမ်းမရှိ၊ သူတစ်ပါး မေးသောအခါ ဖြေရှင်းပြောကြားတတ်ရုံမျှသာဖြစ်သည်။ ထိုသူသည် မီးတိုင်ကို ထွန်းညှိကိုင်ဆောင်ထားသော မျက်မမြင်နှင့်တူ၏။

ထို့ကြောင့် မိမိတို့ဆည်းပူးရရှိထားသော အသိဉာဏ်ဗဟုသုတများကို မိမိ သူတစ်ပါး နှစ်ဦးစလုံးအတွက် အကျိုးစီးပွားဖြစ်ထွန်းအောင် ကြိုးပမ်းစွမ်းဆောင်သင့်ကြပေသည်။

အကြားအမြင် ဗဟုသုတနည်းပါးသူသည် အသိဉာဏ်နည်းပါး၍ ဗာလလူမိုက်ဟု အခေါ်ခံရသည်။ မြန်မာစာပေတွင် ရှင်မဟာရဋ္ဌသာရ၏ ဘူရိဒတ်လင်္ကာကြီးတွင် လူမိုက်(၁၀)ဦးကို ဖော်ပြထားသည်။

ယင်းလူမိုက်(၁၀)ဦးတို့မှာ –

၁။ မုန့်ဆန်းစားသူ
၂။ အမျိုးမေးသူ
၃။ ရေဆယ်သူ
၄။ ဝန်ကူသူ
၅။ မီးယူသူ
၆။ သစ်ခုတ်သူ
၇။ ပုန်းစလုတ်ပုန်းသူ
၈။ ပဲပြုတ်သယ်သူ
၉။ ဆေးပေါင်းဖော်စပ်သူ
၁၀။ သမင်ရောင်းသူ – တို့ဖြစ်သည်။

(၁) မုန့်ဆန်းစားသူမှာ ရှေးသောအခါ ရွာတစ်ရွာတွင် သမက်ဖြစ်သူသည် မုန့်ဆန်းစားနေခိုက် ယောက္ခမရောက်လာ၍ မုန့်ဆန်းများကို ပါးစောင်၌ ငုံထားသည်။ ဘာစားသလဲဟုမေးရာ သမက်ဖြစ်သူက အမှန်ပြောရမည်ကိုရှက်၍'ဘာမျှမစားပါ၊ ပါးရောင်နေပါသည်' ဟုဆို၏။ ယောက္ခမက စိုးရိမ်တကြီးဖြစ်၍ ပါးကိုဓားဖြင့်ထိုးဖေါက်လိုက်ရာ မုန့်ဆန်းများထွက်လာမှ ယောက္ခမက အမှန်သိရလေသည်။

(၂) အမျိုးမေးသူမှာ အမျိုးသမီးနှစ်ယောက် အတူသွားသည်ကို လူတစ်ယောက်က 'အရှင်မတို့ နှစ်ယောက် ဘယ်လိုတော်စပ်လဲ'ဟုမေး၏။ အမျိုးသမီးကြီးက 'ကျွန်မ၏ဦးရီးကို ဤလုံမငယ်၏ဦးရီးက ဦးရီးတော်စပ်ပါသည်'ဟုဖြေ၏။ မေးသူမှာ အသိဉာဏ်နည်းပါး၍ 'ဩော် - - ညီအစ်မတော်ကြသကိုး'ဟု နားလည်သွားလေသည်။ အမှန်မှာ သားအမိ တော်စပ်သည်။

(၃) ရေဆယ်သူမှာ ရေနစ်သူကို ဖက်ယမ်း၍မဆယ်ရ။ သစ်၊ ဝါး၊ ကြိုး၊ စသည့်တစ်ခုခုကိုင်တွယ်စရာ ပစ်ပေး၍ အဝေးမှဆယ်ရသည်။ ဖက်ယမ်း၍ ဆယ်ချေသော် ရေနစ်သူသည် ကြောက်အားလန့် အားဖြင့် ဆယ်လာသူကို သိမ်းဖက်တတ်သဖြင့် ဆယ်လာသူလူမိုက် သေတတ်သည်။

(၄) ဝန်ကူသူမှာ လူတစ်ယောက် ဝန်ထမ်းလာသည်ကို ကူမည့်သူက နိမ့်ရာမှနေ၍ ဝန်ထုပ်ကို ပေးတော့ဟုဆိုရာ ဝန်ထမ်းလာသူက အမြင့်မှဝန်ထုပ်ကို ပစ်ချသောကြောင့် ဝန်ကူသူ လူမိုက်သေရသည်။

(၅) မီးယူသူမှာ ဝတ်ဆင်ထားသော ပုဆိုးစကို မီးညှိပြီး မီးယူခဲ့ရာ မီးယူလာသူ လူမိုက် မီးလောင်ခံရလေသည်။

(၆) သစ်ခုတ်သူမှာ သစ်ပင်ခုတ်သူသည် သစ်ပင်ကြီးလဲခါနီး၌ လဲမည့်ဘက်ဝ၌ ရပ်မိသောကြောင့် သစ်ခုတ်သူ လူမိုက်သေရသည်။

(၇) ပုန်းစလုတ်ပုန်းသူမှာ ညဥ့်မှောင်ထဲ၌ အမိုက်သရိုက်ရှင်းရာ၌ မပုန်းဘဲ အမိုက်ရှုပ်သည့်နေရာ၌ ပုန်းမိ၍ မြွေကိုက်ခံသေရသည်။

(၈) ပဲပြုတ်သယ်သူမှာ အခြားရွာသို့ ပဲဝယ်သွားသူသည် ပဲကိုအခြောက်အတိုင်း မသယ်ခဲ့ဘဲ ပြုတ်ပြီးမှ သယ်ယူသောကြောင့် ပို၍ လေးလံစွာ သယ်ခဲ့ရသည်။

(၉) ဆေးပေါင်းသူမှာ ဆေးဖော်နည်းတွေ ပျားရည်တစ်လက်ဖက်နှင့် ရှားဓောင်းဆေးတစ်စက် ပေါင်းရန်ဟု ဖော်ပြထားပါလျက် ဆေးသမားမိုက်သည် ပျားရည်တစ်စက်နှင့် ရှားဓောင်းဆေး တစ်လက်ဖက်ကို ပေါင်းစပ် ရောဖျော်၍ပေးသောကြောင့် လူမမာ သေရချေသည်။

(၁၀)သမင်ရောင်းသူမှာ မုဆိုးတစ်ယောက်သည် သမင်နှစ်ကောင် ရောင်းရန်ယူလာခဲ့ရာ မြို့သားလူလည်တစ်ယောက်က ဈေးနှုန်းမေး သဖြင့် သမင်ကြီးကိုနှစ်ကျပ်၊ သမင်ငယ်ကိုတစ်ကျပ် နှင့်ရောင်းမည်ဟု ပြော၏။မြို့သားလူလည်က ရှေးဦးစွာငွေတစ်ကျပ်ပေး၍ သမင်ငယ်ကို ယူသွားသည်။ အနည်းငယ်သွားပြီးနောက် မုဆိုးကြီးထံပြန်လာ၍ သမင်ကြီးကိုနှစ်ကျပ်နှင့်ဝယ်မည်။ စောစောက တစ်ကျပ်ပေး ပြီးဖြစ်သည်။ ယခုသမင်ကလေးက တစ်ကျပ်တန်ဖိုးထား၍ လက်ခံပါ။ စုစုပေါင်းနှစ်ကျပ်ဖြစ်၍ သမင်ကြီးကိုပေးလိုက်ပါဟု ဆိုသည်။ တောသားမုဆိုးသည် သမင်ငယ်ကိုလက်ခံလိုက်ပြီး သမင်ကြီးကို ပေးလိုက်ပေသည်။

ဤကဲ့သို့ ဗဟုသုတနည်းပါး၍ အသိပညာနည်းပါးသော လူမိုက်ကြီး(၁၀)ဦးကို ရှင်မဟာရဋ္ဌသာရ က ဘူရိဒတ် လင်္ကာကြီးတွင်–

အမျိုးမေးတောင်း၊ သမင်ရောင်းနှင့်
ဆေးပေါင်း, ပဲဝယ်၊ ရေဆယ်, မီးယူ
ဝန်ကူ, ပုန်းစလုတ်၊ သစ်ခုတ်ယောက်ျား
မုန့်ဆန်းစားနှင့်၊ ဆယ်ပါးလူမိုက်
လူတို့ဥဒ္ဒတွင် – –

ဟူ၍ စပ်ဆိုတော်မူခဲ့လေသည်။

# မင်္ဂလာ (၈)

၈။ **သိပ္ပမင်္ဂလာ** အတတ်ပညာ တစ်ခုခုကို တတ်မြောက်ခြင်းသည်ကောင်းမြတ်သော မင်္ဂလာမည်၏ ။

မည်သည့်အတတ်ပညာကိုမဆို အပြီးအဆုံးသို့ ရောက်အောင် အပြည့်အစုံတတ်မြောက်အောင်သင်ယူရမည်။ ထိုကဲ့သို့ အတတ်ပညာတစ်ခုခုကို ကုန်စင်အောင်တတ်မြောက်ပါမှ ယင်းအတတ်ပညာဖြင့် အသက်မွေးဝမ်းကျောင်း ပြုနိုင်ပါသည်။

ရှေးအခါက ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်း၏ ပုရောဟိတ်ပုဏ္ဏားကြီးသည် အလွန်စကားများသည်။ မည်သူမျှ ကြားဝင်၍မရအောင် တရစပ် ပြောလေ့ရှိ၏။ ဘုရင်၏ ညီလာခံတွင် အခြားသော မှူးမတ်သေနာပတိများ စကားပြောခွင့် မရနိုင်လောက်အောင် ပုရောဟိတ်ပုဏ္ဏားကြီးသည် စကားပြောလေ့ရှိ၏ ။

ဗြဟ္မဒတ်မင်းကြီးသည် ဆရာပုရောဟိတ်ဖြစ်နေ၍ နားမချမ်းသာသော်လည်း နားထောင်နေရပေသည်။ ပုရောဟိတ်ပုဏ္ဏားကြီး အလွန်အကျွံစကားများမှုကို တားဆီးပြုပြင်နိုင်ရန် အကြောင်းအချက်အလက် ရှာကြံနေခဲ့သည်။

ဗာရာဏသီပြည်တွင် ခြေထောက်မသန်စွမ်းသော သူဆွံ့အ တစ်ယောက်သည် ကျောက်စရစ်ခဲပစ် ထူးခြားစွာ ကျွမ်းကျင်တတ်မြောက်လေသည်။ လူငယ်၊ လူရွယ်များသည် သူဆွံ့ ကို လက်တွန်းလှည်းဖြင့်သယ်ဆောင်ခဲ့၍ မြို့ တံခါးဝရှိ ညောင်ပင်ကြီးအောက်သို့ ပို့ထားပြီးလျှင် လူငယ်များ

ကြည့်ရှုလိုသော ဆင်ရုပ်၊ မြင်းရုပ်၊ ငှက်ရုပ်များ ဖြစ်ပေါ်လာအောင် ညောင်ရွက်များကို ကျောက်စရစ်ခဲဖြင့် ပစ်ပေါက်၍ လိုအပ်သောရုပ်အသွင် ဖြစ်ပေါ်စေသည်။

ထိုအချိန်တွင်ဗြဟ္မဒတ်မင်းကြီးသည် တိုင်းခန်းလှည့်လည်ရာမှ ထိုနေရာသို့ရောက်ရှိလာ၍ သူဆွံ့ကို နန်းတော်သို့ခေါ်ယူသွားလေသည်။ နောက်တနေ့ ညီလာခံ မကျင်းပမီ ဘုရင်မင်းမြတ်၏ ရာဇပလ္လင်ဘေးတွင် ကန့်လန့်ကာ တစ်ခုထားရှိ၍ ကန့်လန့်ကာ နောက်ကွယ်တွင် သူဆွံ့ကိုနေစေ၏။ ကန့်လန့်ကာတွင်အပေါက်ငယ်တစ်ခု ဖောက်ပေးထား၍ သူဆွံ့အား ဆိတ်ချေးတစ်ပြည်သား ပေးထား၏။ ကန့်လန့်ကာ အပေါက်ငယ်သည် ပုရောဟိတ်ပုဏ္ဏားကြီးနှင့် မျက်နှာချင်းဆိုင်တွင်ရှိနေ၏။

ညီလာခံ စတင်ကျင်းပသောအခါ ပုရောဟိတ်ပုဏ္ဏားကြီးသည် ထုံးစံအတိုင်း အဆက်မပြတ်စကားပြောတော့သည်။ သူဆွံ့သည် ကန့်လန့်ကာအပေါက်ငယ်မှနေ၍ ဆိတ်ချေးများကိုတစ်လုံးချင်းပစ်သွင်းရာ ပုရောဟိတ်ပုဏ္ဏားကြီး၏ ပါးစပ်တွင်းသို့ ဝင်သွားလေသည်။ ပုဏ္ဏားကြီးသည် စကားပြောလောကြီးနေသဖြင့် ပါးစပ်အတွင်းသို့ဝင်လာသော ဆိတ်ချေးတုံးငယ်များကို အမှတ်တမဲ့ မျိုချ၍ စကားကို မရပ်မနားဆက်လက်ပြောဆိုလေသည်။

ဆိတ်ချေးတုံးများကလည်း တစ်တုံးပြီးတစ်တုံး ပါးစပ်တွင်းသို့ဝင်လာသည်။ ပုဏ္ဏားကြီးကလည်း ဆက်ကာဆက်ကာ မျိုချ၍ မရပ်မနားဆက်လက်စကားပြောနေသည်။ သူဆွံ့သည် ပေးထားသော ဆိတ်ချေးတစ်ပြည် ကုန်သွားသဖြင့် ရပ်လိုက်ရသည်။ ပုရောဟိတ်ပုဏ္ဏားကြီးကမူ စကားပြော မရပ်သေးချေ။

ထိုအခါဘုရင်မင်းမြတ်က ပုဏ္ဏားကြီးဝမ်းဗိုက်တွင်း၌ ဆိတ်ချေး တစ်ပြည်သား ရောက်ရှိနေပြီဖြစ်ကြောင်း အန်ဆေးသောက်၍ အနားယူသင့်ကြောင်း ပြောကြားလိုက်မှ ပုဏ္ဏားကြီးသည် အဖြစ်မှန်ကိုသိရှိပြီး ထိုနေ့မှစ၍ စကားကို နှိုင်းနှိုင်းချိန်ချိန် အတိုင်းအတာဖြင့်သာ ပြောလေတော့သည်။

ဘုရင်မင်းမြတ်ကြီးသည် နားချမ်းသာမှု ရသည့်အတွက် သူဆွံ့အား ဆုလာဘ်များစွာ ချီးမြှင့်လိုက်သည်။ ဤကား မပြောပလောက်သော ကျောက်စရစ်ပစ်ခြင်း ပညာတစ်ခုမျှဖြင့် အသက်မွေးမှု အထောက်အကူဖြစ်ပုံကို ဖော်ညွှန်းခြင်းဖြစ်ပါသည်။

ထို့ပြင် ဇာတ်တော်ငါးရာငါးဆယ် 'သုစိဇာတ်' ၌ ဗာရာဏသီပြည်အနီး ပန်းပဲလုပ်ငန်းဖြင့် အသက်မွေးသော ရွာကြီးတစ်ရွာရှိသည်။ အိမ်ခြေတစ်ထောင်ရှိ၍ ပန်းပဲလုပ်ငန်း၌ အလွန်ကျွမ်းကျင်ကြသည်။ ယင်းရွာကြီး၏ အနီး၌ ပန်းပဲရွာငယ်တစ်ခုရှိသည်။

ဘုရားအလောင်းတော်သည် ရွာငယ်၌ ပန်းပဲသမား ဖြစ်၍ ထူးဆန်းသောအပ်တစ်ချောင်းကို အကောင်းစား သံမဏိဖြင့် တီထွင်ပြုလုပ်ခဲ့လေသည်။ ထိုအပ်သည်အလွန် သေးငယ်၍ အိမ်ခုနစ်ထပ်အတွင်း၌ တည်ရှိသည်။ အပ်အိမ်မှာ လည်း အလွန်ပါးလွှာ၍ နဖားပေါက်ပါရှိသဖြင့် အပ်နှင့် တူညီလေသည်။ ဘုရားအလောင်းပန်းပဲသမားသည် မိမိပညာ အစွမ်းကို ပြလိုသဖြင့် အိမ်ခြေတစ်ထောင်ရှိ ပန်းပဲရွာကြီး သို့သွားရောက်၍ လှည့်လည်ကာ အော်ဟစ် ရောင်းချ ၏လေသည်။

ရွာသားများက အပ်လုပ်နိုင်သော ပန်းပဲရွာသို့ လာရောက် အပ်ရောင်းခြင်းသည် ရယ်ဖွယ်ရာသာဖြစ်ကြောင်း ပြောဆိုလေသည်။ ဘုရားအလောင်းသည် ပန်းပဲသူကြီး အိမ်သို့ သွားရောက်၍ မိမိအပ်ထူးဆန်းပုံကို ပရိသတ် အလယ်၌ပြလိုကြောင်း ပြောဆိုသည်။

ထိုအခါပန်းပဲသူကြီးအိမ်၌ ပန်းပဲဆရာအားလုံးကို စုဝေးစေ၍ ဘုရားအလောင်းသည် အပ်အိမ်တစ်ခုမှ ဆွဲထုတ်လိုက်သည်။ ပရိသတ်က အပ်ဟုထင်နေစဉ် နောက်ထပ် အပ်အိမ် တစ်ခုပြီးတစ်ခု ဆွဲချွတ်လိုက်သည်။ နောက်ဆုံး ဖြစ်သောအပ်မှာ ဆံချည်မျှင်ခန့် သာရှိ၍ အလွန် သေးငယ် လှသည်။

ပန်းပဲသူကြီးက သင်ပြသောအပ်သည် မည်သို့ အစွမ်း သတ္တိရှိသနည်းဟု မေးသောအခါ ရေပြည့်သောခွက်တစ်ခု ပေါ်၌ ပေကို တင်ထား၍ ပေ၏အလယ်၌ အပ်ဖျားစိုက် ထားပြီး တူဖြင့် ရိုက်ချစေသည်။

အပ်သည် ပေကို ဖောက်၍ ကျဆင်းသွားပြီးလျှင် ရေပြင်၌ ပေါ်နေသည်။ ပန်းပဲသမားအပေါင်းတို့ သည် အလွန်အံ့သြကြသည်။ ပန်းပဲသူကြီးသည် သမီးကို ခေါ်၍ ဘုရားအလောင်းနှင့် လက်ထပ်ပေးလိုက်သည်။

ဤကား ပန်းပဲအတတ်၌ ကျွမ်းကျင်မှု သိပ္ပမဂ်လာကြောင့် ကောင်းကျိုးချမ်းသာရရှိခြင်းကို ဖော်ညွှန်းခြင်းဖြစ်ပါသည်။

သိပ္ပမင်္ဂလာနှင့် ပတ်သက်၍ အဋ္ဌာရသတစ်ဆယ့်ရှစ်ရပ်သော အတတ်တို့ကို ပင်းယခေတ် စတုရင်္ဂဗလ အမတ်ကြီးရေးသားခဲ့သော လောကနီတိကျမ်း၌ အကြားအမြင်အတတ်၊ ဓမ္မသတ်ကျမ်းအတတ်၊ ဂဏန်းအတတ်၊ တံစဉ်းစူးဆောက်အတတ်၊ နီတိကျမ်းအတတ်၊ ယာယီယတြာစသော ဗျာကရဏ်းအတတ်၊ စောင်းညှင်း စသော ကဗျာ

လက်ဘ်အတတ်၊ လက်ပစ်အတတ်၊ ဒူးလေးအတတ်၊ ရယ်ရွှင်မှုအတတ်၊ ဗေဒင်အတတ်၊ လှည့်ပတ်တတ်သောအတတ်၊ ဆန်းကျမ်းအတတ်၊ သံတမန်အတတ်၊ မန္တန်အတတ်၊ သဒ္ဒါကျမ်းအတတ် ဟူ၍ ဖော်ပြထားလေသည်။

တစ်နည်းအားဖြင့် အဋ္ဌာရသ တစ်ဆယ့်ရှစ်ရပ်သော အတတ်တို့ကို ဗိသဏုပူရမ်ကျမ်း၌ မန္တန်အစီအရင်အတတ်၊ သဒ္ဒါကျမ်းအတတ်၊ ဂြိုဟ်နက္ခတ်ပူဇော်ခြင်းအတတ်၊ မန္တန်ရွတ်ဖတ်နည်းအတတ်၊ အက္ခရာလာခြင်းချေခြင်းစသည့်အတတ်၊ ဂါထာစီကုံးနည်းအတတ်၊ သာမဝေဒအတတ်၊ ယဇုဝေဒအတတ်၊ ဣရုဝေဒအတတ်၊ အထဗ္ဗဏဝေဒအတတ်၊ ဝိမံသာကျမ်းအတတ်၊ ဉာယကျမ်းအတတ်၊ ဓမ္မကျမ်းအတတ်၊ ပူရာဏ်ကျမ်းအတတ်၊ အာယုဗ္ဗေဒဆေးကျမ်းအတတ်၊ လေးအတတ်၊ သီဆိုတီးမှုတ်ခြင်းအတတ်၊ နီတိကျမ်းအတတ် ဟူ၍ ဖော်ပြထားသည်။ ထို့အပြင်အဋ္ဌာရသ တစ်ဆယ့်ရှစ်ရပ်သော အတတ်တို့နှင့်ပတ်သက်၍ မိလိန္ဒပဉှာကျမ်း၌ တစ်နည်းတစ်ဖုံ ရေတွက်ပြသထားလေသည်။

ထို့ပြင် အဘိဓာန်ကျမ်း၌ (၆၄) မျိုးသော ကလာအတတ်များကို သိပ္ပပညာအဖြစ် ဖော်ပြကြသည်။ ကလာ (၆၄) မျိုးမှာ –

၁။ ကခြင်း
၂။ တီးမှုတ်ခြင်း
၃။ အဝတ်တန်ဆာ ချုပ်လုပ်ခြင်း
၄။ ရုပ်ပုံမျိုးစုံပြုလုပ်ခြင်း
၅။ အခမ်းအနားပြင်ဆင်ခြင်း
၆။ အမျိုးမျိုးကစားခြင်း
၇။ နေရာမျိုးစုံနှင့် မွေ့လျော်မှု မျိုးစုံစီရင်ခြင်း
၈။ သေအရက်ပြုလုပ်ခြင်း
၉။ ခွဲစိတ်ကုသခြင်း
၁၀။ အချက်အပြုတ်

၁၁။ စိုက်ပျိုးခြင်း
၁၂။ ကျောက်သွေး
၁၃။ ထန်းလျက် ကြံသကာ ချက်ခြင်း
၁၄။ ဓာတ်ဆေးစပ်ခြင်း
၁၅။ ဓာတုဗေဒ
၁၆။ ရှေးဦးဓာတ်စပ်ခြင်း
၁၇။ ဓာတ်ဆေးထုတ်
၁၈။ စစ်လှေကျင့်ခြင်း
၁၉။ လက်ပန်းလုံး
၂၀။ လက်ဖွေ့သတ်
၂၁။ ရန်သူလက်မှလွတ်မြောက်ခြင်း
၂၂။ စစ်တူရိယာ
၂၃။ နတ်ပူဇော်ခြင်း
၂၄။ စစ်ယာဉ်စီစဉ်ခြင်း
၂၅။ အိုးခွက်ပြုလုပ်ခြင်း
၂၆။ လက်သမား
၂၇။ ကျောက်ဆစ်
၂၈။ ပန်းတဉ်း ပန်းပဲ
၂၉။ ပန်းချီ
၃၀။ ဆေးဆိုးပန်းရိုက်
၃၁။ ရေတွင်းရေကန်တူးခြင်း
၃၂။ စက်ကရိယာပြုလုပ်ခြင်း
၃၃။ ရေစက်၊ လေစက်၊ မီးစက်
၃၄။ ယာဉ်ပြုလုပ်ခြင်း
၃၅။ ချည်မျှင်ချည်ကြိုးလုပ်ငန်း
၃၆။ ရက်ကန်း

၃၇။ ရတနာရွေးချယ်ခြင်း
၃၈။ ရွှေရွေးချယ်ခြင်း
၃၉။ ရွှေစသော ကိတ္တိမရတနာပြုလုပ်ခြင်း
၄၀။ ရွှေပန်းထိမ်
၄၁။ ပန်းရံ
၄၂။ သားရေနယ်
၄၃။ သားရေခွာခြင်း
၄၄။ ထောပတ်ပြုလုပ်ခြင်း
၄၅။ အင်္ကျီချုပ်ခြင်း
၄၆။ ရေကူး
၄၇။ ကြေးချွတ်ခြင်း
၄၈။ ခဝါသည်
၄၉။ ဆတ္တာသည်
၅၀။ ဆီထုတ်ခြင်း
၅၁။ လယ်ထွန်
၅၂။ သစ်ပင်တက်
၅၃။ သူခစားပြုလုပ်ခြင်း
၅၄။ နှီးရက်လုပ်ခြင်း
၅၅။ အိုးခွက်ပြုလုပ်ခြင်း
၅၆။ ရေသိုလှောင်ခြင်း
၅၇။ လက်နက်ပြုလုပ်ခြင်း
၅၈။ ကုံးနှီးပြုလုပ်ခြင်း
၅၉။ ကလေးထိန်း
၆၀။ ကြိမ်ဒဏ်ပေးခြင်း
၆၁။ အက္ခရာမျိုးစုံရေးခိုင်းခြင်း
၆၂။ ကျမ်းစောင့်ရှောက်ခြင်း

၆၃။ ဤကာလတို့ကို ဖြည်းဖြည်း လုပ်သင့်လျှင် ဖြည်းဖြည်းလုပ်ခြင်းနှင့်

၆၄။ မြန်မြန်လုပ်သင့်လျှင် မြန်မြန် လုပ်ခြင်း တို့ ဖြစ်သည်။

လောကနီတိကျမ်းလာ အဋ္ဌာရသ တစ်ဆယ့်ရှစ်ရပ်သော အတတ်များတွင် မာယာလှည့်ပတ်သော အတတ်နှင့်ပတ်သက်၍ မာယာအတတ်သည် သေဘေးမှလွတ်မြောက်အောင် ကယ်တင်နိုင်ကြောင်း ကို ငါးရာ့ငါးဆယ် ဇာတ်တော်လာ တိပလ္လတ္ထဇာတ်ကို ဖော်ပြပါဦးမည်။

လွန်လေပြီးသောအခါ ဘုရားလောင်းသည် သမင်မျိုး၌ဖြစ်၍ သမင်အပေါင်းခြံရံလျက် တော၌ နေ၏။ ထိုအခါ ဘုရားလောင်း၏နှမသည် မိမိသားငယ်ကိုဆောင်ခဲ့၍ 'မောင်ကြီး ဤသမင်ကား မောင်ကြီး၏တူတည်း၊ ဤသမင်အား မိဂမာယာကို မောင်ကြီး သင်ပါလော'ဟု ဆို၏။

ဘုရားလောင်းသည်'ကောင်းပြီ'ဟု ဝန်ခံ၍ 'တူချစ်–သင်သွားလေဦး၊ ဤမည်သောအခါမှ လာ၍ သင်လှည့်လော'ဟု ဆို၏။

ထိုသမင်သည် ဦးရီးမှာသောအခါကို မလွန်စေမူ၍ ဦးရီးအထံသို့ ဆည်းကပ်၍ မိဂမာယာကို သင်၏။ မိဂမာယာကို သင်ပြီးသော် ထိုသမင်သည် တနေ့သ၌ တောဝယ်ကျက်စားလတ်သော် ကျော့ကွင်းမိ၍ မိသောအသံကို မြည်၏။

သမင်အပေါင်းသည် ပြေး၍'သင့်သားကို ကျော့ကွင်းမိ၏' ဟု အမိသမင်ကို ပြော၏။

ထိုသမင်မသည် မောင့်အထံသို့ သွား၍'မောင်ကြီး တူကို မောင်ကြီးသည် မိဂမာယာကို သင်ပါ၏လော'ဟု မေး၏။

ဘုရားလောင်းသည်'နမ၊ သင်သည် သား၏တစ်စုံတစ်ခု သော ဘေးဘျမ်းကို မစိုးရိမ်လင့်၊ သင့်သားသည် မိဂမာယာကို ကောင်းစွာသင်အပ်လေပြီ၊ ယခုပင် သင့်ကို ရွှင်လန်းစေလျက် လာလတ္တံ့'ဟု ဆို၏။

ထိုသမင်ငယ်သည်လည်း ကျော့ကွင်း မိလတ်သော် မတုန်မလှုပ် မူ၍ လက်ယာနံပါးဖြင့် လက်ခြေတို့ကို ဆန့်လျက် အိပ်၏။ ခြေတို့၏အနီးအရပ်၌ ခွာတို့ဖြင့်ကန်၍ မြက်တို့ကို ကျွတ်စေ၏။ ကျင်ကြီး ကျင်ငယ်ကို စွန့်၍ ဦးခေါင်းကို ကျစေ၏။ လျှာကို ထွက်စေ၍ ကိုယ်ကို တံတွေးလိမ်းကျံ၏။ လေကိုယူသဖြင့် ဝမ်းကိုဖူးဖူးရောင်အောင် ပြု၏၊ မျက်စိ တို့ကို လည်စေ၏။ အောက်နား နှာခေါင်းဖြင့် ထွက်သက် ဝင်သက် လေကို သွားလာ စေ၏။ အထက် နား နှာခေါင်းက ထွက်သက် ဝင်သက် လေကို ချုပ်စေ၍ တစ်ကိုယ်လုံး တောင့်မာစွာ ပြု၍ သေဟန်ကို ပြ၏။ ယင်ညိုတို့လည်း ထိုသမင်ကို အုံစေ၏။ ထိုထိုအရပ်၌ ကျီးတို့သည် နားကုန်၏။

မုဆိုးလာလတ်၍ ဝမ်းကို လက်ဖြင့်ခတ်ပြီး'စောစောကပင် မိသည် ဖြစ်လိမ့်မည်၊ ထို့ကြောင့် ယခု ပုပ်လေပြီ' ဟု ထိုသမင်၌ မိသော ကျော့ကွင်းကို ဖြေ၍'ယခု ဤနေ၌ပင်လျှင် ဤသမင်ကို ဖျက်၍ အသားကိုယူသွားအံ့'ဟု သက်ကာကင်း၍ သစ်ခက် သစ်ရွက်တို့ကို ယူရန်အားထုတ်၏။ သမင်ငယ်သည် အခြေလေးဖက်တို့ဖြင့် ရပ်၍ ကိုယ်ကိုခါလျက် လည်ဆန့်လျက် ကြီးစွာသော လေကြောင့် ဖြစ်သောတိမ်ကဲ့သို့ လျင်မြန်စွာသော အဟုန်ဖြင့် အမိထံ ပြေး၏။

ဤကား မာယာအတတ်၏ မည်မျှအသုံးဝင်ပုံကို အမြွက်မျှ ပြဆိုခြင်းဖြစ်သည်။ ထို့ကြောင့် ပထမအရွယ် ငယ်စဉ်အခါက အတတ် ပညာကို စုံလင်အောင် ကြိုးပမ်းသင့်ကြပေသည်။

## မင်္ဂလာ (၉)

၉။ **သုသိက္ခိတ ဝိနယမင်္ဂလာ** စည်းကမ်း ကျင့်ဝတ်ကို ကောင်းစွာ သင်ယူခြင်း၊ လိုက်နာကျင့်သုံးခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏ ။

ယဉ်ကျေးမှု အဆင့်အတန်း မြင့်မားသော တိုင်းပြည်များ၌ လူ့ကျင့်ဝတ် လူ့စည်းကမ်းသည် အလွန်များပြား၏။ အဝတ်ဝတ်ဆင်မှု၌ လည်းကောင်း၊ စားသောက်မှု၌လည်းကောင်း၊ အချင်းချင်း ပြောဆိုဆက်ဆံမှု၌ လည်းကောင်း၊ နေထိုင်သွားလာမှု၌ လည်းကောင်း လိုက်နာရမည့် သတ်မှတ်ချက်များ၊ စည်းကမ်းကျင့်ဝတ်များ များပြားစွာ ရှိကြသည်။

လူဦးရေ ထူထပ်သိပ်သည်းသော မြို့ကြီးများ၌ ကျန်းမာသန့်ရှင်း ရေးအတွက် အညစ်အကြေး အမှိုက်သရိုက် စွန့်ပစ်မှုစနစ်မကျပါက ကျန်းမာရေး ထိခိုက်စေနိုင်သည့်အပြင် လူမျိုး၏ ဂုဏ်သိက္ခာကိုပါ ထိခိုက်စေနိုင်သည်။

ဤနိုင်ငံတွင် ပန်းကန်ဆေးရေ၊ အိုးဆေးရေများကို လမ်းပေါ်၌ စွန့်ပစ်ခြင်း၊ သွားရင်းလာရင်း ဆေးလိပ်တို၊ စက္ကူစုတ်၊ ငှက်ပျောခွံ စသည့် အမှိုက်သရိုက်များကို လမ်းပေါ်၌ ပစ်ချခဲ့ခြင်း၊ တံတွေးနှင့် ကွမ်းသွေးများကို လမ်းပေါ်နှင့်အဆောက်အအုံ လှေကားအတက် နံရံများ၌ ထွေးခြင်းများ ပြုလုပ်လေ့ရှိကြသည်။

ဤကဲ့သို့ ပြုလုပ်ခြင်းမှာ ဘယ်သူဘာဖြစ်ဖြစ် ငါလွတ်ရင် ပြီးရော ဟူသော စိတ်ထားမျိုးကြောင့် ဖြစ်သည်။ မော်တော်ကားလမ်းကို ပိတ်၍ ဘောလုံးကစားခြင်း၊ ကားဝပ်ရှော့ ဆရာများက ကားလမ်းပေါ်တွင် ကားပျက်များ တန်းစီထိုးထား၍ ကားပြင်ကြခြင်း၊ မိမိစီးပွားရေးအတွက် ကြော်ငြာများကို တွေ့ရာနံရံ၌ ကပ်ထားခြင်း၊ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်တဲ၊ ကျူးကျော်ဆိုင်များ ဆောက်လုပ်ခြင်းတို့သည် တိုင်းသူပြည်သားအများ လိုက်နာကျင့်သုံးရမည့် လူ့ကျင့်ဝတ်စည်းကမ်းကို ကျူးလွန် ဖောက်ဖျက် နေခြင်းဖြစ်သည်။ သုသိက္ခိတ ဝိနယ မင်္ဂလာကို မလိုက်နာခြင်း ဖြစ်သည်။

တိုင်းကြီး ပြည်ကြီးများ၌ ချမှတ်ထားသော လူ့ကျင့်ဝတ်၊ လူ့စည်းကမ်းများသည် အများချမ်းသာစေရန် သတ်မှတ်ထားခြင်းဖြစ်သည်။ သူတစ်ပါးအကျိုးစီးပွား မထိခိုက် မပျက်စီးစေရန် သတ်မှတ်ထားကြခြင်း ဖြစ်သည်။ လမ်းပေါ်၌ အမှိုက်သရိုက် အညစ်အကြေးများ စွန့်ပစ်ကြခြင်းဖြင့် အနီးပတ်ဝန်းကျင် လူထုအား ကျန်းမာရေး ထိခိုက်စေသည်ကို လူတိုင်း သိကြပြီးဖြစ်သည်။

ပတ်ဝန်းကျင်အား အကျည်းတန် အရုပ်ဆိုးစေသည်။ လမ်းပေါ်၌ သွားလာနေသော ထောင်သောင်းများစွာသော အသိန်းမကသော လူများသည် တစ်ယောက် တစ်ယောက်လျှင် စက္ကူတစ်ရွက်၊ တံတွေးတကွက် စွန့်ပစ်ခဲ့မည်ဆိုပါက အမှိုက်သရိုက်ပေါင်း တစ်သိန်း၊ တံတွေးကွက်ပေါင်း တစ်သိန်း ကျန်ရစ်ပေမည်။

ယင်းအညစ်အကြေး အမှိုက်သရိုက်များကို သိမ်းဆည်းနိုင်ရန် သန့်ရှင်းရေး အလုပ်သမား သိန်းနှင့်ချီ၍ လိုအပ်လာပေမည်။ ထိုမျှလောက်များပြားသော အလုပ်သမားများကို လစာပေးရန် နိုင်ငံတော်က စွမ်းနိုင်မည်မဟုတ်ပေ။ လူတိုင်းလူတိုင်း မိမိအမှိုက်သရိုက်နှင့် အညစ်အကြေးကို စည်းမဲ့ ကမ်းမဲ့ မစွန့်ပစ်ဘဲ သတ်မှတ်ထားသည့် နေရာ၌သာ စွန့်ပစ်ကြမည်ဆိုပါက သန့်ရှင်းရေးအလုပ်သမား တစ်သိန်းလုပ်ရမည့် နေရာ၌ တစ်ထောင်မျှဖြင့် လုံလောက်ပေမည်။ တစ်ထောင်လုပ်ရမည့်နေရာ၌ ဆယ်ဦးမျှဖြင့် လုံလောက်နိုင်သည်။

ထို့အပြင် မြို့တော်၏ လမ်းများသည်လည်း အမှိုက်သရိုက် အညစ်အကြေး ကင်းစင်သွားမည်ဖြစ်သဖြင့် သာယာကြည်နူးဖွယ် လှပနေပေမည်။ ကမ္ဘာလူထုကလည်း မြန်မာနိုင်ငံနှင့် မြန်မာတိုင်းရင်းသား အပေါင်းတို့အပေါ် အထင်ကြီးလာပေမည်။

အလားတူပင် အဝတ်တန်ဆာဝတ်ဆင်ရာ၌လည်း မြန်မာ့ယဉ်ကျေးမှုနှင့် လိုက်လျောညီထွေအောင် ဣန္ဒြေရရ ဝတ်စားဆင်ယင်ခြင်း ပြုကြရမည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် အင်္ဂလိပ်လူမျိုးများသည် ထမင်းစားရာ၌ ဘယ်ဟင်းမျိုးကို ဘယ်ဇွန်းမျိုးဖြင့် ကော်ခပ်ရမည်၊ ဘယ်ဓားမျိုးဖြင့် လှီးရမည် စသည်ဖြင့် စည်းကမ်းသတ်မှတ်ချက်များ ပြုလုပ်ထားကြသည်။

အဝတ် ဝတ်ဆင်ရာ၌လည်း လုပ်ငန်းဆိုင်ရာ ဝတ်စုံများ၊ စားသောက်ပွဲနှင့်ဆိုင်သော ဝတ်စုံများ စသည်ဖြင့် သတ်မှတ်ချက် အမျိုးမျိုးပြုလုပ်ထားကြသည်။

ကမ္ဘာပေါ်၌ အင်္ဂလိပ်လူမျိုးများကို အဝတ်အစား အနေအထိုင် အပြောအဆို လူမှုရေးဆက်ဆံမှု အရာရာတွင် စည်းကမ်းကြီးသော လူမျိုးတစ်မျိုးအဖြစ် အသိအမှတ်ပြုထားကြရသည်။ ထိုသို့ စည်းကမ်း စနစ်ကြီးသောကြောင့်လည်း အင်္ဂလိပ်လူမျိုးများသည် နေမဝင်သော အင်္ဂလိပ်အင်ပါယာ နိုင်ငံတော်ကြီးကို နှစ်ပေါင်း ရာနှင့်ချီ၍ တည်တံ့အောင် ထိန်းထားနိုင်ခဲ့ကြသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံသားများသည်လည်း ရှေးယခင်က ကမ္ဘာ့အဆင့်အတန်းမီ ယဉ်ကျေးမှု စည်းကမ်းစနစ်များ ရှိခဲ့ကြသည်။ အပြောအဆို၌ ယဉ်ကျေးခြင်း၊ အစားအသောက်၌ ယဉ်ကျေးခြင်း စည်းမျဉ်း စည်းကမ်း အသီးသီး ရှိခဲ့ကြသည်။

ကျွန်ုပ်တို့၏ ယဉ်ကျေးမှုသည် ဗုဒ္ဓတရားတော်၌ အခြေခံသည်။ မြန်မာတို့သည် ငယ်စဉ်အခါက ဘုန်းတော်ကြီးကျောင်းများ၌ နေ၍ စာပေသင်ယူခြင်း၊ ရှင်သာမဏေဝတ်၍ ဘုန်းကြီးအဆုံးအမကို ခံယူခြင်း များပြုခဲ့ကြသည်။

ထို့ကြောင့် ရှင်သာမဏေများ လိုက်နာကျင့်သုံးကြရသော သေခိယ သိက္ခာပုဒ်(၇၅)ခုနှင့် ဆရာဝတ် တပည့်ဝတ် စသော ခန္ဓကဝတ်(၁၄)ခု တို့သည် ယဉ်ကျေးမှုကျင့်ဝတ်အခြေခံများ ဖြစ်ကြသည်။

ယင်း သေခိယသိက္ခာပုဒ်များ၌ ရှင်သာမဏေများသည် သင်္ကန်းကို ရှေ့နောက် ဝဲယာ အဝန်းညီအောင် ဝတ်ရခြင်း၊ တိုးလို့တွဲလွဲ မညီမညာ မဝတ်ရ၊ အစားအသောက်ကို လက်ပေကျံအောင် မစားရ၊ ပျပ်ပျပ်

မြည်အောင် မစားရ၊ ဟင်းရည်ကို ရှီးရှီးမြည်အောင် မသောက်ရ၊ ပလုတ်ပလောင်း မစားရ၊ ထမင်းလုပ်ကို ပါးစောင်ကပ်၍ ပါးကိုဖေါင်း၍ မစားရ၊ သူတပါး စားသောက်နေစဉ် ချွဲခန်း မဟတ်ရ၊ မြို့ထဲရွာထဲ၌ လက်ကိုလွှဲယမ်း၍ မသွားရ၊ ခါးထောက်၍ မရပ်ရ၊ ကျီးကန်းတောင်း မှောက် တောင်တောင်မြောက်မြောက် မကြည့်ရ၊ အော်ကျယ်ဟစ်ကျယ် မရယ်ရ စသည်ဖြင့် သူတစ်ပါး အထင်အမြင်သေးစေမည့် အပြောအဆို အပြုအမူများ မပြုမိစေရန် ယဉ်ကျေးမှု ကျင့်ဝတ်စည်းကမ်းများ ချမှတ်ထားခဲ့သည်။

ထို့ပြင် ပစ္စည်းသုံးစွဲရာ၌ မပျက်မစီး ကြာရှည်ခံစေရန် ပန်းကန် ခွက်ယောက်များကို ရေစိုအတိုင်း မှောက်မထားရ၊ ခြောက်သွေ့ပြီးမှ မှောက်ထားရမည်။ အဝတ်ကို တစ်နေကုန် နေမလှန်းရ၊ ကြိုးတန်း၊ ဝါးလုံးတန်းပေါ်မှ အဝတ်ကို တစ်ဖက်မှ ဆွဲချယူငင်ခြင်း မပြုဘဲ အလိုက်သင့် အလျားသင့် အပေါ်မှ မ ယူရမည်။ ဤသို့စသည်ဖြင့် ပစ္စည်းသုံးဆောင်ရာ၌ လိုက်နာရန် ကျင့်ဝတ်များ သတ်မှတ်ပေးထားသည်။

တစ်တိုင်းပြည်နှင့် တစ်တိုင်းပြည် ယဉ်ကျေးမှုအဆင့်အတန်းကို အကဲဖြတ်နိုင်ရန် မိမိနိုင်ငံသို့ ရောက်လာသော သံတမန်များ၏ ဝတ်စား ဆင်ယင်ပုံကို ကြည့်ရှု၍ အကဲဖြတ်လေ့ရှိကြသည်။

တောင်ငူခေတ်တွင် အင်းဝဘုရင်က တောင်ငူဘုရင်ထံသို့ စကားတောင်စား အမတ်ကို သံတမန်အဖြစ် စေလွှတ်လိုက်သည်။ တောင်ငူဘုရင်က အင်းဝနိုင်ငံသားတို့ အနေအထိုင်အစားအသောက် ကျစ်လျစ်မှု ရှိမရှိ စူးစမ်းလိုသဖြင့် ပန်းကန်ပြား (ဒေါင်းပေါင်) တစ်ချပ်ပေါ်တွင် ထမင်းများကို (သစ်သီးလိမ့်ကျ) မောက်နေအောင် ထည့်ထားသည်။

ထို့နောက် ကြော်ချက်ဖုတ်ကင်ထားသော ဟင်းမျိုးစုံကို ဆင့်ကာဆင့်ကာ စီ၍ ဖုံးအုပ်ထားလေသည်။ ဘုရင့်ရှေ့တော်မှောက်၌ ယင်းထမင်းဟင်းများ ဖိတ်စဉ် လိမ့်ကျခြင်းမရှိစေဘဲ စားသောက်ရမည် ဖြစ်သည်။

စကားတောင်စား အမတ်သည် ကျွမ်းကျင်လိမ္မာစွာဖြင့် ထမင်းနှင့် ဟင်းကို မှျတအောင် နံဘေးမှ ဖောက်ထွင်းယူငင်စားသောက်သည်။ ချွန်တက်နေသော ဟင်းနှင့် ထမင်းများသည် မူလပုံမပျက် တဖြည်းဖြည်း နိမ့်ဆင်းသွားသည်။ ပြီးဆုံးသည်အထိ သေသပ်စွာစားသောက်ပြလေသည်။ အင်းဝနိုင်ငံသားများ၏ အစားအသောက် ကျစ်လျစ်သေသပ်ပုံကို တောင်ငူဘုရင်ကိုယ်တိုင် ထုတ်ဖော် ချီးကျူးခဲ့ရသည်။

ထို့ပြင် လူတို့ လိုက်နာကျင့်သုံးရမည့် အခြေခံ လူ့ကျင့်ဝတ်များမှာ ပါဏာတိပါတာ ဝေရမဏီ– သူ့အသက်ကိုသတ်ဖြတ်ညှဉ်းဆဲခြင်းမှ ရှောင်ကြဉ်ခြင်း၊ အဒိန္နာဒါနာ ဝေရမဏီ– အရှင်မပေးသော ဥစ္စာကို ခိုးယူလုယက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ– သူတစ်ပါး သားမယားကို ပြစ်မှားခြင်းမှ ရှောင်ကြဉ်ခြင်း၊ မုသာဝါဒါ ဝေရမဏီ– မုသားစကား ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီ– သေရည်သေရက် သောက်စားမူးယစ်ခြင်းမှ ရှောင်ကြဉ်ခြင်း တို့ ဖြစ်သည်။

ပါဏာတိပါတာ ဝေရမဏီ သိက္ခာပုဒ်မှာ သတ်ဖြတ် ညှဉ်းဆဲခြင်းမှ ရှောင်ကြဉ်ရုံဖြင့် ပြီးပြည့်စုံမှု မရှိသေးပါ။ သူတစ်ပါး ကျန်းမာ ချမ်းသာအောင် အကျိုးဆောင်ပေးခြင်း၊ အကျိုးလိုလားသော မေတ္တာစိတ်ထားရှိခြင်း ပြုလုပ်နိုင်မှသာလျှင် ယင်းသိက္ခာပုဒ်ကို ပြည့်စုံစွာ ကျင့်သုံးရာ ရောက်သည်။

ထို့အတူ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပုဒ်ကို ကျင့်သုံးရာ၌ မခိုးမဝှက် မလုယက်ရုံမျှသာမက သူတစ်ပါးပစ္စည်းကို မပျက်မစီး မပျောက်မရှအောင် ကူညီထိန်းသိမ်း စောင့်ရှောက်မှသာလျှင် ပြည့်စုံစွာ ကျင့်သုံးရာရောက်သည်။

ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပုဒ်ကို ကျင့်သုံးရာ၌ သူ့သားမယားကို ပြစ်မှားခြင်း မပြုရုံမျှသာမက အမျိုးကောင်းသမီးများ အဖျက်အဆီး မခံရအောင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေးခြင်း၊ အကျင့်စာရိတ္တ ပျက်စီးသွားသော အမျိုးသမီးများကို ပြန်လည်ပြုပြင်၍

ဘဝသစ် ထူထောင်ပေးခြင်းတို့ကို ပြုလုပ်မှသာ ပြည့်စုံစွာ ကျင့်သုံးရာရောက်သည်။

မုသာဝါဒါ ဝေရမဏီ သိက္ခာပုဒ်မှာ မုသား မပြောရုံသာမက သစ္စာစကားကို ပြောမှသာလျှင် ပြည့်စုံစွာ ကျင့်သုံးရာရောက်သည်။

သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပုဒ်မှာ ဆေးခြောက်၊ ကုတ်ကင်း၊ ဘိန်း၊ ဘင်း၊ ကဆော်၊ လော်ဇာ၊ အရက်၊ မူးယစ်ဆေးဝါး၊ သုံးစွဲခြင်းတို့မှ ကိုယ်တိုင်ရှောင်ကြဉ်ရုံသာမက သူတစ်ပါးကိုလည်း ရှောင်ကြဉ်စေခြင်း၊ ယင်း မူးယစ်ဆေးဝါးများကို ရောင်းဝယ်ခြင်း၊ ထုတ်လုပ်ခြင်းမှ ရှောင်ကြဉ်မှသာလျှင် ပြည့်စုံစွာ ကျင့်သုံးရာရောက်သည်။

ဤကဲ့သို့ လူ့ကျင့်ဝတ် လူ့စည်းကမ်းများကို သင်ယူခြင်း၊ သိုက်နာကျင့်သုံးခြင်းသည် သတ္တဝါအပေါင်း ကောင်းကျိုးချမ်းသာ မင်္ဂလာဖြစ်ပေသည်။

## မင်္ဂလာ(၁၀)

၁၀။ **သုဘာသိတ ဝါစာ မင်္ဂလာ** မှန်ကန်၍ အကျိုးရှိသော စကားကို ချိုသာစွာ ပြောဆိုခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

လောကဌ် လူတို့ ပြောဆိုနေကြသော စကားများကို အမျိုးအစား ခွဲခြားပါက (၆) မျိုးသာရှိ၏။

(၁) မဟုတ်မမှန်၊ အကျိုးစီးပွားနှင့်မစပ်၊ သူတစ်ပါး မနှစ်သက်သော စကား၊

(၂) ဟုတ်မှန်၏၊ အကျိုးစီးပွားနှင့်မစပ်၊ သူတစ်ပါး မနှစ်သက်သော စကား၊

(၃) ဟုတ်မှန်၏၊ အကျိုးစီးပွားနှင့်စပ်၏၊ သူတစ်ပါး မနှစ်သက်သော စကား၊

(၄) မဟုတ်မမှန်၊ အကျိုးစီးပွားနှင့်မစပ်၊ သူတစ်ပါး နှစ်သက်သော စကား၊

(၅) ဟုတ်မှန်၏၊ အကျိုးစီးပွားနှင့်မစပ်၊ သူတစ်ပါး နှစ်သက်သော စကား၊

(၆) ဟုတ်မှန်၏၊ အကျိုးစီးပွားနှင့်စပ်၏၊ သူတစ်ပါး၊ နှစ်သက်သော စကားဟူ၍ စကားခြောက်ခွန်းရှိ၏။

အမှတ်စဉ်(၃)နှင့် အမှတ်စဉ်(၆) စကားနှစ်ခွန်းကိုသာ ဘုရား အစရှိသော သူတော်ကောင်းတို့ ပြောဆိုလေ့ရှိကြသည်။ ထို့ကြောင့် "စကားခြောက်ခွန်း၊ လူဌ်ထွန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းတယ်" ဟူ၍ ဆိုရိုးစကားရှိကြသည်။

သုဘာသိတဝါစာနှင့် ပတ်သက်၍ မြတ်စွာဘုရားသည် ဤသို့ ဟောတော်မူ၏။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် -

(၁) ကောင်းစွာဆိုအပ်သော စကားကိုသာလျှင် ဆို၏၊
မကောင်းသဖြင့် ဆိုအပ်သော စကားကို မဆို။
(၂) တရားနှင့်ညီသော စကားကိုသာလျှင် ဆို၏၊
တရားနှင့်မညီသော စကားကို မဆို။
(၃) ချစ်ခင်ဖွယ်သော စကားကိုသာလျှင် ဆို၏၊
မချစ်ခင်ဖွယ်သော စကားကို မဆို။
(၄) မှန်သော စကားကိုသာလျှင် ဆို၏၊
မမှန်သော စကားကို မဆို။

ရဟန်းတို့ ဤသို့ အင်္ဂါလေးပါးနှင့် ပြည့်စုံသော စကားသည် ကောင်းစွာဆိုအပ်သော စကားမည်၏၊ မကောင်းသဖြင့် ဆိုအပ်သော စကားမမည်။ အပြစ်လည်းမရှိ၊ ပညာရှိတို့သည် မကဲ့ရဲ့အပ်။

ဤစကားကိုမြတ်စွာဘုရားသည် မိန့်တော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူပြီး၍ 'ကောင်းစွာ ဆိုအပ်သော စကားကို မြတ်၏ဟူ၍ သူတော်ကောင်းတို့ ဆိုအပ်ကုန်ပြီ၊ တရားနှင့်လျော်သော စကားကိုသာဆိုရာ၏။ တရားနှင့်မလျော်သော စကားကို မဆိုရာ၊ ထိုစကားကို ဒုတိယအမြတ်ဆုံး စကားဟုဆို၏။ ချစ်ခင်ဖွယ်သော စကားကိုသာ ဆိုရာ၏။ ချစ်ခင်ဖွယ် မဟုတ်သော စကားကို မဆိုရာ၊ ထိုစကားကို တတိယ အမြတ်ဆုံး စကားဟု ဆို၏၊ မှန်သောစကားကိုသာ ဆိုရာ၏၊ မမှန်သောစကားကို မဆိုရာ၊ ထိုစကားကို စတုတ္ထအမြတ်ဆုံး စကားဟု ဆို၏' ဟု မိန့်ကြားတော်မူ၏။

ထိုအခါ အရှင်ဝင်္ဂီသ သည် နေရာမှထ၍ ပခုံးတစ်ဖက်၌ အပေါ်ရုံကို တင်၍ မြတ်စွာဘုရားရှိတော်မူရာသို့ လက်အုပ်ချီကာ 'မြတ်စွာဘုရား၊ အကျွန်ုပ်၏ ဉာဏ်၌ ရှေးရှုထင်ပါ၏၊ ကောင်းသော စကားကို ဆိုတော်မူသော မြတ်စွာဘုရား၊ အကျွန်ုပ်၏ ဉာဏ်၌ ရှေးရှုထင်ပါ၏' ဟု လျှောက်၏။

'ဝင်္ဂီသ သင်၏ဉာဏ်၌ ရှေးရှုထင်စေလော့'ဟု မြတ်စွာဘုရား မိန့်ကြား၏။ ထိုအခါ အရှင်ဝင်္ဂီသသည် မြတ်စွာဘုရားကို မျက်မှောက်တော်၌ သင့်လျော်ကုန်သော ဂါထာတို့ဖြင့် ချီးကျူး၏။

'အကြင်စကားဖြင့် မိမိကိုယ်ကို မပူပန်စေရာ၊ သူတစ်ပါးတို့ကိုလည်း မညှဉ်းဆဲရာ၊ စင်စစ် ထိုစကားကို ဆိုရာ၏။ ထိုစကားသည်သာ ကောင်းစွာ ဆိုအပ်သောစကားမည်၏။

ချစ်ဖွယ်သော စကားကိုသာလျှင် ဆိုရာ၏၊ အကြင်စကားဖြင့် နှစ်လိုဖွယ်ဖြစ်၏၊ ထိုစကားကိုသာ ဆိုရာ၏၊ သူတစ်ပါးအားဆိုသည်ရှိသော် မနှစ်မြို့ဖွယ် ယုတ်မာသောစကားတို့ကို မယူမူ၍ ချစ်ဖွယ်သော စကားကိုသာ ဆိုရာ၏။

မှန်သော စကားတို့သည် စင်စစ် အမြိုက်သုဓာဘုတ်နှင့် တူကုန်၏၊ ဤမှန်သောစကားကို ပြောခြင်းသဘောသည် ရှေးရိုးစဉ်လာ ဖြစ်၏၊ မှန်သော စကား၌ လည်းကောင်း၊ အကျိုး၌ လည်းကောင်း တည်၏ဟု သူတော်ကောင်းတို့ ဆိုကုန်၏။

မြတ်စွာဘုရားသည် နိဗ္ဗာန်သို့ ရောက်ခြင်းငှာ ဆင်းရဲ၏အဆုံးကို ပြုခြင်းငှာ ဘေးမရှိသော အကြင်စကားကို ဆိုတော်မူ၏။ ထိုစကားသည် စင်စစ် စကားတကာတို့ထက် မြတ်၏'ဟု လျှောက်ထားလေသည်။

သုဘာသိတဝါစာ ကောင်းသောစကားဆိုသည်မှာ မိမိ သူတစ်ပါး အကျိုးစီးပွားကို ဆောင်သောစကား၊ တရားစကား၊ ချစ်နှစ်သက်ဖွယ်စကား၊ မှန်သောစကားဖြစ်ကြောင်းကို သဂါထာဝဂ္ဂသံယုတ်၊ သုဘာသိတသုတ်၌ ဟောကြားတော်မူခဲ့သည်။

ထို့ပြင် ပြောသင့်သော အချိန်၌ ပြောသောစကား၊ မှန်သောစကား၊ နူးညံ့သိမ်မွေ့သောစကား၊ အကျိုးစီးပွားနှင့် စပ်သောစကား၊ မေတ္တာစိတ်ဖြင့် ပြောသောစကားတို့သည် သုဘာသိတဝါစာ ဖြစ်ကြောင်းကို အင်္ဂုတ္တိုရ်ပါဠိတော် ပဉ္စကနိပါတ် ဝါစာသုတ်၌ ဟောကြားတော်မူခဲ့သည်။

တစ်နည်းအားဖြင့် သုဘာသိတ ဝါစာ ဆိုသည်မှာ မုသာဝါဒ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ ဟူသော ဝစီဒုစရိုက်လေးပါးမှ ကင်းသောစကားကိုဆိုသည်။

သုဘာသိတဝါစာ မင်္ဂလာနှင့် ပတ်သက်၍ ငါးရာ့ငါးဆယ် ဇာတ်တော် နန္ဒိဝိသာလဇာတ်၌ နန္ဒိဝိသာလ အမည်ရှိသော နွားလား ဥသဘ ကြီးသည် သာမန်နွားများနှင့်မတူ ထူးကဲသော ခွန်အားဗလနှင့် ပြည့်စုံ၏။ နွားလားဥသဘက မိမိပိုင်ရှင်အား ချီးမြှောက်လိုသဖြင့် ရှေ့ နောက်ဆက်တွဲထားသော ဝန်ပြည့် လှည်းအစီး တစ်ရာ ကို ရုန်းနိုင်ကြောင်း ကို ဂေါဝိန္ဒက သေဋ္ဌေးနှင့် အသပြာ တစ်ရာ လောင်းတမ်း ပြုစေ၏။

နွားပိုင်ရှင်သည် လောင်းတမ်းပြုသောအခါ ဝန်ပြည့် လှည်းအစီး တစ်ရာ၏ ရှေ့ဆုံးလှည်းတွင် နန္ဒိဝိသာလ နွားလားဥသဘကို က၍ 'ကောက်ကျစ်သောနွား သွားလော့' ဟု ဆဲဆို ခြိမ်းခြောက်၍ မောင်းနှင်၏၊ နန္ဒိဝိသာလနွားကြီးသည် 'မကောက်ကျစ်သော ငါ့ကို ကောက်ကျစ်သည် ဟု ဆိုဘိ၏' ဟု ခြေလေးဖက်ကို မရွေ့ဘဲ ရပ်နေ၏။ ထို့ကြောင့် နွားပိုင်ရှင်သည် အသပြာတစ်ထောင် ရှုံးလေသည်။

ထိုနောက် ရှုံးသဖြင့် မှိုင်နေသော နွားပိုင်ရှင်အား နွားလားဥသဘ ကြီးက 'ယခုတစ်ကြိမ် အသပြာ နှစ်ထောင် လောင်းတမ်း ပြုချေလော့၊ မကောက်ကျစ်သော ငါ့ကို ကောက်ကျစ်၏ဟု မဆိုလင့်၊ သင်နိုင်စေမည်' ဟု ဆို၏။

နွားပိုင်ရှင်က ဂေါဝိန္ဒက ပုဏ္ဏားထံသွား၍ အသပြာ နှစ်ထောင် လောင်းတမ်းပြုလုပ်ပြန်၏။ ဤအကြိမ်တွင်မူ နွားပိုင်ရှင် 'ဖေ့သားကြီး ရုန်းလိုက်ကွယ့်၊ ကောင်းမြတ်သော နွားကြီး ဆွဲလိုက်ကွယ့်' ဟု ယဉ်ကျေး သိမ်မွေ့စွာ နိုင်းစေ၍ နွားလားဥသဘကြီးသည် လှည်းအစီး တစ်ရာ ကို တစ်ဟုန်တည်း ရုန်းဆွဲပြလိုက်သည်။ ဤတစ်ကြိမ်တွင် နွားပိုင်ရှင်သည် အသပြာ နှစ်ထောင် နိုင်လေတော့သည်။

သုဘာသိတဝါစာ ကောင်းစွာဆိုအပ်သော စကားနှင့်ပတ်သက်၍ အပြောအဆို ကြမ်းတမ်းသော နူတ်ကြမ်း အာကြမ်းသော ဘုရင့်မယ်တော်ကို လက်တွေ့တရားပြဆုံးမလိုသော သားတော် ဘုရင်သည် မယ်တော်ကို ဥယျာဉ်သို့ ခေါ်သွား၏။

လမ်းခရီးတွင် တစ်တီတူးငှက် မြည်သံကို ကြားရသောအခါ ပရိသတ်များသည် နားနှစ်ဖက်ကို ပိတ်ထား၍ 'ကြမ်းကြုတ်ခက်ထန်သော ငှက်၊ အသံမမြည်ပါနှင့်' ဟု ဆိုကြ၏။ တစ်ဖန် ဥယျာဉ်တော်သို့ ရောက်ရှိပြီးနောက် ဥယျာဉ်တော်အတွင်း လှည့်လည်စဉ် ဥသြငှက် အော်မြည်သံကြားရသော် လူထုသည် 'နာပျော်ဖွယ် နူးညံ့သိမ်မွေ့သော အသံရှိသော ငှက်မြတ်၊ မြည်ပါဦးလော့' ဟု အော်ဟစ်ကြ၏။

ဘုရင်မင်းမြတ်သည် မယ်တော်အား ထိုငှက်နှစ်ကောင်ကို နှိုင်းယှဉ်ပြ၍ ကြမ်းတမ်းသော စကားကို ပြောဆိုသူမှာ လူအများ နှစ်လိုမှုကို မခံယူရကြောင်း၊ ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုမှသာလျှင် လူအများနှစ်လို မြတ်နိုးခြင်းကို ခံရကြောင်း ပြောပြလေသည်။ ထိုအခါမှစ၍ မယ်တော်သည် အပြောအဆို ယဉ်ကျေးသိမ်မွေ့ လေတော့သည်။

မြန်မာရာဇဝင် ပုဂံမင်းဆက်တွင် ထီးလိုမင်းလိုမင်းသည် မိမိထက် အကြီးဖြစ်သော နောင်တော်မင်းသားကြီး (၄) ဦးကို ချိုသာယဉ်ကျေးသော စကားဖြင့် ချဉ်းကပ် ဆည်းကပ် တတ်သောကြောင့် ညီအငယ်ဆုံးမင်းသားအား ထီးနန်းအပ်ရန် နောင်တော်မင်းသားကြီးများ သဘောတူခဲ့ကြလေသည်။ ငါးရာငါးဆယ် ဇာတ်တော်တွင်လည်း သံဝရ မင်းသားသည် အဖတူ မင်းသားညီနောင် တစ်ရာ ရှိသည့်အနက် အငယ်ဆုံး ဖြစ်လျက် နောင်တော်ကြီးမင်းသား ကိုးဆယ့်ကိုး ယောက်တို့ကို ချိုသာ ယဉ်ကျေးသော

စကားဖြင့် ချဉ်းကပ်ဆည်းကပ်တဟ်သောကြောင့် နောင်တော်ကြီးများက ထိုအငယ်ဆုံး သံဝရမင်းသားကို ထီးနန်း လွှဲအပ်ရန် သဘောတူညီ ခဲ့ကြသည်။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ သား ဒုဋ္ဌကုမာရသည် နှုတ်အာ ကြမ်းတမ်း ဆဲရေး ကြိမ်းမောင်းတတ်သောကြောင့် ဂင်္ဂါမြစ်သို့ ရေချိုးချိန်ဝယ် ကျေးကျွန်အပေါင်း တိုင်ပင်ညှိနှိုင်းလျက် မုန်တိုင်းအကြား မြစ်ရေအလျဉ်၌ မျှောလိုက်ကြသည်။ ခမည်းတော် ဘုရင်ကြီးအား သားတော် မုန်တိုင်းအတွင်း ရေလှိုင်းတွင် မျောပါသွားကြောင်း တစ်ညီတညွတ်တည်း လျှောက်တင်ခဲ့ကြသည်။

ဤသို့လျှင် သုဘာသိတဝါစာ မင်္ဂလာကို လိုက်နာသူအား အကျိုးစီးပွားတိုးတက်၍ မလိုက်နာသူအား အကျိုးစီးပွား ဆုတ်ယုတ် ပုံကို တွေ့မြင်နိုင်ပါသည်။

မာတာပိတု ဥပဋ္ဌာန်၊ ပုတ္တဒါရဿ သင်္ဂဟော
အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလမုတ္တမံ။

## မာတာပိတု ဥပဋ္ဌာန်

မြင်းမိုရ်ရွှေတောင် မိဘကျေးကို၊
ကောင်းစွာဆပ်ပေး ဝတ်ကျေကျေ။
ကြွေးသစ်ချကာ သားနှင့်မယား၊
မြှောက်စားချီးမြှင့် ဝတ်ကုန်စေ။
အလုပ်တာဝန် မလစ်ဟင်းနဲ့၊
အပြစ်ကင်းအောင် လုပ်ပါလေ။
စည်းစိမ်ကိုပေး ပြုစုရေး၊
မျှော်တွေး သုံးချက်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

## မင်္ဂလာ (၁၁)

၁၁။ **မာတာပိတု ဥပဋ္ဌာန မင်္ဂလာ** မိဘတို့ကို လုပ်ကျွေးပြုစုခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

မိဘတို့၏ ကျေးဇူးသည် ဆပ်၍ မကုန်နိုင်လောက်အောင် ကြီးမား၏။ မြင်းမိုရ်တောင်ဦး မကကျူးသည့် ကျေးဇူးအရှင် မိခင်ဖခင်တို့ကို ပြုစုလုပ်ကျွေးခြင်းသည် ပညာရှိ သူတော်ကောင်းတို့၏ ကျင့်ရိုးကျင့်စဉ် ဖြစ်သည်။

မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်သည် တာဝတိံသာနတ်ပြည် ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်၌ စံပယ်တော်မူ၍ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကို အမှူးထားပြီး အဘိဓမ္မာတရားတော်ကို ဟောကြားခြင်းဖြင့် မိဘကျေးဇူးဆပ်တော်မူခဲ့သည်။

ထို့ကြောင့် အဘိဓမ္မာတရားတော်ကို 'မယ်တော်မိမြတ် နို့ဖိုးဆပ်တရားတော်' ဟု ခေါ်ကြသည်။ သားသမီးများအနေဖြင့် မိဘအပေါ် ပြုစုလုပ်ကျွေးရမည့် ကျင့်ဝတ်ငါးပါးကို မြတ်စွာဘုရားရှင်က ဖော်ထုတ်ဟောကြားခဲ့ပါသည်။ ယင်းကျင့်ဝတ်ငါးပါးကို မှတ်သား၍ လွယ်ကူစေရန် ကဗျာလင်္ကာဖြင့် ဖော်ပြလိုက်ပါသည်။

ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လူမှုဝေ၍၊
စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့ တာ။

**ကျွေးမွေးမပျက်**

မိဘများ အိုမင်းမစွမ်းရှိသောအခါ၌လည်းကောင်း၊ သို့မဟုတ် မကျန်းမမာသောအခါ၌လည်းကောင်း အညစ်အကြေးသုတ်သင် ရှင်းလင်းပေးရမည်၊ ခြေဆုပ်လက်နယ်ပြုရမည်၊ အဝတ်အစားများ လျှော်ဖွပ်ပေး၍ သန့်ရှင်းစွာ ဝတ်ဆင်နိုင်အောင် ဆောင်ရွက်ပေးရမည်။

အစားအသောက်များကို ပြင်ဆင်ကျွေးမွေးခြင်း၊ ဓာတ်စာကျွေးခြင်း၊ ဆေးတိုက်ခြင်း၊ ဆေးဆရာ ဆရာဝန်များ အကူအညီဖြင့် ကုသပေးခြင်း၊ နှုတ်မှလည်း ရောဂါအခြေအနေ မေးမြန်းခြင်း၊ အားပေးစကားပြောကြားခြင်း စသည်တို့ကို ပြုကြရမည်။

မြန်မာအမျိုးသားများသည် မိန်းမ ထဘီကိုကိုင်လျှင် ဘုန်းနိမ့်သည်ဟု ယူဆကြ၏။ သို့ရာတွင် အမေ့ထဘီကိုမူ ဂုဏ်ယူစွာဖြင့် လျှော်ဖွပ်ပေးလေ့ ရှိကြသည်။ ရှေးအခါက စစ်ထွက်ယောက်ျားများသည် ဘေးရန် အန္တရာယ် ကင်းစေရန်အတွက် အမေ့ထဘီကို နားပန်ခဲ့ကြသည်။

မိဘများကျန်းကျန်းမာမာဖြင့် သူတို့ဘာသာ လုပ်ကိုင်စားသောက်နိုင်သော်လည်း သားသမီးဝတ္တရားမပျက်စေရန်အတွက် စားဦးစားဖျားနှင့် ပေါ်ဦးပေါ်ဖျားတို့ကို မြတ်နိုးတနာပြု၍ ပေးပို့ရမည်။

**ဆောင်ရွက်စီမံ**

မိဘများအားကျွေးမွေးပြုစုရုံဖြင့် သားသမီးဝတ္တရားကျေပွန်ပြီဟု မဆိုနိုင်သေးပေ။ မိဘတို့၌ အမှုကြီးငယ် ကိစ္စကြီးငယ် ပေါ်ပေါက်လာသည့်အခါ ခေါင်းရှောင်မနေဘဲ တာဝန်ယူစီမံဆောင်ရွက် ပေးရမည်။

တရားရုံး၌ အမှုဆိုင်ရသောအခါ၌လည်းကောင်း၊ သူတစ်ပါးနှင့် အချင်းဖြစ်ပွား အငြင်းပွားသောအခါ၌လည်းကောင်း၊ သာရေးနာရေး လူမှုရေး၊ ဧည့်ခံကျွေးမွေးရေး၊ အကြောင်းကိစ္စကြီးငယ်ပေါ်ပေါက်လာရသောအခါ၌ လည်းကောင်း သားသမီးများက ဦးဆောင်ဦးရွက် စီမံခန့်ခွဲ၍ ပြုလုပ်ကြရမည်။

**မွေခံထိုက်စေ**

သားသမီးများသည် မိဘ၏ကောင်းမွေ ဆိုးမွေကို ခံယူကြရမည် မိဘစကားကို နားထောင်မှသာလျှင်၊ လိုက်နာမှသာလျှင် အမွေခံယူထိုက်ပေသည်။ မိဘကို ကလန်ကဆန်ပြုသူ၊ ကတ်ဖဲ့တိုက်သူ၊ အရွဲ့တိုက်သူ မိဘစိတ်မချမ်းသာအောင် ပြောဆိုပြုမူသူ ထိုသူများသည် မိဘ၏ အမွေကို မခံထိုက်ချေ။

မိဘနှစ်ပါးအား ရွှေတွေငွေတွေ အပုံလိုက်ပေးမှ ကျေးဇူးဆပ်သည် ဟုမဆိုရ။ လူလားမမြောက်မီ ကလေးဘဝကလည်း မိဘစကားကို တစ်သဝေမတိမ်းလိုက်နာခြင်း၊ မိဘဆန္ဒအတိုင်း ပညာကို ကြိုးစား သင်ယူခြင်း၊ လိမ္မာယဉ်ကျေးစွာ ပြုမူပြောဆိုခြင်း၊ မူးယစ် သောက်စား၊ကြော့ကြမ်း ဟော့ရမ်း၊ သော့သွမ်းမှုများ မပြုခြင်းသည် မိဘနှစ်ပါး စိတ်ချမ်းသာအောင် ပြုကျင့်ခြင်းဖြစ်၍ ကျေးဇူးဆပ်ရာ ရောက်၏။ ထိုကဲ့သို့ လိမ္မာသော သားသမီးများကို အမွေခံထိုက်သူဟု ခေါ်ဆိုရမည်။

မိဘ၏ အမွေကို ခံယူရာ၌ ကောင်းမွေကိုလည်းကောင်း ဆိုးမွေကို လည်းကောင်း ခံယူရမည်။ မိဘလက်ထက်က တင်ရှိခဲ့သော ကြွေးမြီများကို သားသမီးများအနေဖြင့် တာဝန်ယူပေးဆပ်ကြရမည်၊ မိဘများ တည်ထား ဆောက်လုပ်ခဲ့သော ဘုရား ပုထိုး ကျောင်း ကန် ဇရပ် ရေတွင်း စသော ကုသိုလ်ထည်များကို မပျက်မစီးရအောင် ဆက်လက်ပြုပြင် မွမ်းမံကြရမည်။

**လှူမျှဝေ၍**

မိဘများကွယ်လွန် အနိစ္စရောက်သွားပြီးနောက် သက်ပျောက်ဆွမ်း လှူခြင်း၊ ရက်လည်ဆွမ်းလှူခြင်း၊ နှစ်လည်ဆွမ်းလှူခြင်း စသည်ဖြင့် ကွယ်လွန်သွားသော အမိအဖတို့ကို ရည်စူး၍ အလှူဒါနပြုလုပ်ပြီးလျှင် ကုသိုလ်အဖို့ကို အမျှပေးဝေရမည်။

**စောင့်လေမျိုးနွယ်**

သားသမီးများသည် မိဘ၏မျိုးရိုးဇာတိ အစဉ်အလာကောင်း များကို ထိန်းသိမ်းစောင့်ရှောက်ကြရမည်။ မိမိ၏ မျိုးရိုးကို မတိမ်ကောစေရ၊ မိမိသည် ဗုဒ္ဓဘာသာ မြန်မာတိုင်းရင်းသားဖြစ်ပါက ဗုဒ္ဓဘာသာ မြန်မာတိုင်းရင်းသားအချင်းချင်း အိမ်ထောင်သားမွေးမှု ပြုကြရမည်။ ဘာသာခြား၊ လူမျိုးခြား၊ နိုင်ငံခြားသားများနှင့် အိမ်ထောင်သားမွေး ပြုလုပ်ခြင်းမျိုးကို ရှောင်ကြရမည်။

ယင်းတို့မှမွေးဖွားလာသော သားသမီးများမှာလည်း ကပြား များသာ ဖြစ်၍ အဖဘက်မှ ဆွေမျိုးများကလည်း တို့လူမျိုး တို့သွေးအစစ် မဟုတ်ဟု ဆွေမျိုးစာရင်းမသွင်းကြချေ။ အမိဘက်မှ ဆွေမျိုးများကလည်း တို့ လူမျိုး တို့ သွေးအစစ်မဟုတ်ဟူ၍ ဆွေမျိုးစာရင်းမသွင်းကြချေ။ သက်ဆိုင်ရာနိုင်ငံ၏ နိုင်ငံသား အခွင့်အရေး အပြည့်အဝလည်း မရနိုင်သဖြင့် ယင်းကပြားများမှာ အခွင့်အရေး ဆုံးရှုံးကြရသည်။ ရှေးအခါက ကပြားကို ဗန္ဓုတ်ဟု ခေါ်ကြသည်။

## မြန်မာဆန်ချင်သူ

စာရေးသူ၏မိတ်ဆွေ ကပြားအမျိုးသမီး တစ်ယောက်သည် မြန်မာအမျိုးသမီးနှင့် ဥရောပတိုက်သားတို့ မှ မွေးဖွားခဲ့သူဖြစ်၍ မျက်လုံး မျက်ဖန်ကောင်း၍ နှာတံပေါ်သည်။ နိုင်ငံခြား ဘာသာစကားကို ကျွမ်း ကျင်စွာပြောနိုင်သည်။ သို့ ရာတွင် မှန်ကြည့်လိုက်တိုင်း သူ့ နှာခေါင်း ချွန်ချွန်ကြီးကို တွေ့ မြင်ရ၍ သူ့ ဘဝသူ စိတ်ပျက်မိသည်။ မြန်မာအမျိုးသမီး နှာတံကဲ့သို့ လုံးလုံးကလေးဆိုပါက ဘယ်လောက်များကောင်းလိုက်မလဲ၊ အမေ ဘာကြောင့်များ ဥရောပတိုက်သားကို လက်ထပ်လိုက်ပါလိမ့် ဟု မကျေမနပ်ဖြစ်မိသည်။

ထိုအမျိုးသမီးသည် မွေးဖွားလာသော သားသမီးများကို မြန်မာ စစ်စစ် မြန်မာပီသစေလိုသဖြင့် အသားမည်းမည်း ယောကျ်ား ပီပီသသ အညာသား တစ်ယောက်ကို လက်ထပ်ယူလိုက်ကြောင်း စာရေးသူအား ရှင်းပြဖူးသည်။

အရေးကြီးတော့ သွေးနီးရာ ဟူသော စကားပုံအတိုင်း သေရေး ရှင်ရေး အဆုံးအဖြတ်ပေးရမည့် အချိန်အခါမျိုး၌ သွေးကစကားပြောသည်။ ထို့ ကြောင့် လူမျိုးခြား၊ နိုင်ငံခြားသားများနှင့် သွေးနှောခြင်းမပြုဘဲ မိမိအမျိုးအနွယ်ကို အရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရမည်။

**အောက်ကလိအာ**

ရှေးအခါက ကျီးနှင့်ကြက် မိတ်ဖက်ဖြစ်ခဲ့ရာ ပေါက်ဖွားလာသော သားငယ်သည် ကျီးလည်းမဟုတ်၊ ကြက်လည်းမဟုတ် တွန်မြည်သောအခါ တွင်လည်း ကြက်ကဲ့သို့ "အောက်အီးအီးအွတ်" ဟူ၍လည်း ပီပီသသ မတွန်နိုင်၊ ကျီးကဲ့သို့လည်း "အအ" ဟု မမြည်နိုင်၊ "အောက်ကလိအာ၊ အာကလိအောက်" ဟု မြည်တွန်လေတော့သည်။

ထို့ကြောင့် မန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝလင်္ကာ၌ -

'ကြက်လဲမရောက်၊ ကျီးမမြောက်သား
အောက်ကလိအာ၊ အာကလိအောက်
မနာစောက်အောင်၊ မိနောက်မကျ
ဘနောက်မမီ၊ မပီမပွန်
တွန်တကျယ်ကျယ်၊ ကြက်ကျီးငယ်သို့
တင့်တယ်မဲ့စွာ၊ ပညာမကြီး
ဗန္ဓုတ်ကျီးသို့၊ နူတ်သီးမစောင့်
စိတ်မဖြောင့်ဘူး'

ဟူ၍ စပ်ဆိုတော်မူခဲ့သည်။

မိဘတို့သည် သားသမီးများအပေါ်၌ အနန္တ မေတ္တာ ကရုဏာဖြင့် အစဉ်းစွာ ပြုစုစောင့်ရှောက် ကျွေးမွေးသုတ်သင်ခဲ့ကြသူများဖြစ်၍ ဗြဟ္မာ ဟူ၍ လည်းကောင်း၊ အိမ်ဦးနတ် ဟူ၍လည်းကောင်း လက်ဦးဆရာ ဟူ၍လည်းကောင်း ခေါ်ဆိုအပ်၏။

မိခင်ဖြစ်သူသည် ကလလရေကြည် တည်ဦးစမှ စတင်၍ ကိုယ်ဝန်နှင့် မတည့်သော ပူ စပ် ခါး စားသောက်မှု ရှောင်ကြဉ်ခဲ့ရသည်။ အထိုင် အထ အကုန်းအကွ ဆင်ခြင်ခဲ့ရသည်။ မွေးဖွားလာပြီးနောက် ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သစ်က နို့ရည်တိုက်ကျွေးပြီး ဝါးဖတ်တော် ကစီကျွေး၍ လူဖြစ်အောင် မွေးခဲ့ကြရသည်။

မှက် ခြင် ယင် မသန်းအောင်၊ ကြမ်းပိုးစသည် မကိုက်အောင် စောင့်ရှောက်ခဲ့ရသည်။ ကျင်ကြီး ကျင်ငယ် သုတ်သင်၍ သေးနှီး ချေးနှီး လျှော်ဖွပ်လဲလှယ်ပေးရသည်။ မိဘများမှာ စားကောင်းခြင်း မစားရ၊ အိပ်ကောင်းခြင်း မအိပ်ရ၊ ငုတ်တုတ်ထိုင်၍ မိုးလင်းခဲ့သည့် ညများမှာ မရေမတွက်နိုင်။

ထမင်းစားနေရင်း နောက်ဖေးကျုံး၊ နောက်ဖေး ကုန်းပေးခဲ့ရသော အကြိမ်ပေါင်းလည်း မရေမတွက်နိုင်၊ သို့ရာတွင် မိမိရင်သွေးဖြစ်၍ နမ်း၍မဆုံး၊ မွေး၍မဆုံး၊ အချစ်တုံးဟု သတ်မှတ် ထားသည်။ အစားသင်ပြီး အသွားသင်ရသည်။ ထို့နောက် အပြောအဆို ဝတ်စား ဆင်ယင်မှု၊ ဆက်ဆံမှုများ သင်ရသည်။

ကလေးတစ်ယောက် လူလားမြောက်အောင် မွေးမြူ ကြရသည်မှာ မိဘများ မျက်စိသီဝေပြီး နားလေး ခါးကွေးမှ ရပ်နား ကြရသည်၊ ထို့ကြောင့် အမိကို လက်ယာပခုံး၊ အဘကို လက်ဝဲပခုံးထက် ထမ်းထားပြီး အသက်ထက်ဆုံး အမြတ်တနိုး လုပ်ကျွေးပါသော်လည်း မိဘကျေးဇူး ကျေအောင် မဆပ်နိုင်ဟု ဒေသနာ လာရှိသည်။

ဗြဟ္မာတို့သည် မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ ဟူသော ဗြဟ္မဝိဟာရ တရားလေးပါးနှင့် ပြည့်စုံကြသည်။ ထို့အတူ မိဘများသည်လည်း သားသမီးများအပေါ် ဗြဟ္မဝိဟာရတရားလေးပါး ပွားများမှု ပြုကြသဖြင့် ဗြဟ္မာဟု ခေါ်ဆိုထိုက်၏။ (ဣတိဝုတ် ပါဠိတော် သဗြဟ္မကသုတ်နှင့် အဋ္ဌကထာ။)

မိဘကို ပြုစုလုပ်ကျွေးမှုပြုသည့် သုဝဏ္ဏသျှံသတို့ သားသည် အဆိပ်လူးမြား မှန်သော်လည်း အဆိပ်ပြေ၍ အသက်မသေကြောင်းကို သုဝဏ္ဏသာမဇာတ်တော်၌ လာရှိ၏။ ဘုရားအလောင်းကျေးမင်း၊ ဘုရားအလောင်းဆင်မင်းတို့ သည် အဟိတ်တိရစ္ဆာန်ဘဝ ရောက်ရသော် လည်း မိအို ဖအိုကို ပြုစုလုပ်ကျွေးခဲ့ကြောင်း ငါးရာ့ငါးဆယ် ဇာတ်တော်၌ လာရှိ၏။

ပုဂံရာဇဝင်တွင် ရှရီတြိဘဝနာဒိတျ ဘွဲ့မည်ခံသော ကျန်စစ်သားမင်းကြီး၏သားတော် ရာဇကုမာရသည် မိဘကျေးဇူး သိတတ်သည့်အရာ၌ စံထားလောက်ပေသည်။ ရာဇကုမာရသည် တြိလောက ဝဋံသကာ ဒေဝီဘွဲ့ခံ အပယ်ရတနာ မိဖုရား၏ သားတော်ဖြစ်၏။ ကျန်စစ်သား မင်းကြီးသည် ထီးမွေ နန်းမွေကို သားတော် ရာဇကုမာရအား မပေးခဲ့ဘဲ မြေးတော် အလောင်းစည်သူအား ထီးနန်းလွှဲအပ်ခဲ့သည်။ သားတော် ရာဇကုမာရမှာ ထီးမွေ နန်းမွေကို မရသည့်အတွက် မကျေနပ်သည့် အရိပ်အယောင် မတွေ့ရဘဲ အနန္တကျေးဇူးရှင်အဖြစ် သတ်မှတ်၍ ကျေးဇူး ဆပ်ရန်အခွင့်အလမ်းကိုသာ စောင့်စားနေခဲ့သည်။ ခမည်းတော် ကျန်စစ်သား မင်းကြီး မကျန်းမာ၍ နတ်ရွာစံတော်မူ ခါနီးဆဲဆဲတွင် ရွှေဆင်းတုတော် တစ်ဆူ သွန်းလုပ်ပြီး ခမည်းတော်လက်သို့ ရေစက်သွန်းချ လှူဒါန်းရန် အပ်နှံခဲ့လေသည်။ ခမည်းတော် ကျန်စစ်သားမင်းကြီးသည် ဆရာတော်ကြီး ခုနစ် ပါးကို ပင့်၍ ရေစက်ချလှူဒါန်းလေသည်။ ယင်းရွှေဘုရားကို ဌာပနာ၍ တည်ထားသော စေတီတော်မှာ မြင်းကပါ ရွာအနီး၌ တည်ရှိ၍ ဂူပြောက်ကြီးဘုရားဟု ဘွဲ့အမည် တွင်ခဲ့သည်။

ဤသို့ဖြင့် မိအိုဖအို ပြုစုလုပ်ကျွေးစောင့်ရှောက်ခြင်းသည် ရှေးသူဟောင်းတို့ အစဉ်အဆက် ကျင့်သုံးခဲ့ကြသည့် ကောင်းမြတ်သော မင်္ဂလာကျင့်စဉ် တစ်ရပ်ဖြစ်ကြောင်း သိသာထင်ရှားပြီးဖြစ်သည်။

# မင်္ဂလာ (၁၂)

၁၂။ **ပုတ္တဒါရဿသင်္ဂဟော မင်္ဂလာ** သားမယားအား
ချီးမြှောက်ထောက်ပံ့ခြင်းသည် ကောင်းမြတ်သော
မင်္ဂလာမည်၏။

ချီးမြှောက်ထောက်ပံ့ခြင်းသည် လေးမျိုးရှိ၏။ သားမယားအား ပစ္စည်းဥစ္စာ တစ်စုံတစ်ရာပေးကမ်းခြင်း၊ သားမယားစိတ်ချမ်းသာစေရန် ချစ်ဖွယ်သောစကား (ပိယဝါစာ) ကို ပြောဆိုခြင်း၊ အကျိုးစီးပွား ဖြစ်ထွန်းတိုးပွားစေရန် ဆောင်ရွက်ပေးခြင်း၊ စားဝတ်နေမှု ဆက်ဆံမှု တို့၌ ကိုယ်နှင့်ထပ်တူ ပြုခြင်းတို့ပင်တည်း။

**မိဘကျင့်ဝတ် ၅ -ပါး**

သိင်္ဂါလောဝါဒသုတ်တော်၌ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော မိဘကျင့်ဝတ်ငါးပါးကို ကျက်မှတ်၍ လွယ်ကူစေရန် ရှေးပညာရှိများက ကဗျာလင်္ကာဖြင့် -

"မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်
အတတ်သင်စေ၊ ပေးဝေနှီးရင်း
ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်
ဖခင် မယ်တို့တာ" -

ဟု သီကုံးထားခဲ့ကြသည်။

**မကောင်းမြစ်တာ**

လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဘ - ဟူသည့်နှင့်အညီ မိဘများသည် သားသမီးများ၏ လက်ဦးဆရာဖြစ်၍ ရိုင်းစိုင်းယုတ်ညံ့သော အပြောအဆို အပြုအမူများကို မပြောမဆို မပြုမိစေရန် သားသမီးများကို အမြဲတစေ ဆုံးမကြရမည်။

အချို့မိဘများသည် စကားတတ်ကာစ ကလေးငယ်များကို အဆဲသင်ပေးတတ်၏။ ကလေးဆဲသည်ကို မတားမြစ်ဘဲ နားဝင်ချိုနေတတ်ကြ၏။လူကြီးမိဘအပေါ်ရိုင်းပျမှု အရိုအသေတန်မှုများကို မဆုံးမဘဲ ကြည့်နေတတ်ကြ၏။ လူပျိုပေါက် အပျိုပေါက် အရွယ်ရောက်မှ ဆုံးမသွန်သင်တတ်ကြသည်။ ထိုအခါ အရိုးရင့်လာပြီဖြစ်၍ ဆိုဆုံးမ၍ မရ၊ ခံပက်တတ်လေပြီ။ ထိုအချိန်ရောက်မှ တုတ်တစ်ပြက်၊ ဓားတစ်ပြက် ရိုက်နှက်ဆုံးမသော်လည်း မရနိုင်ပြီ။

သို့ဖြစ်၍ ငယ်စဉ်အခါ စကားပီ နားလည်အရွယ်ကစ၍ ဆုံးမသွန်သင်မှသာလျှင် မိဘဝတ္တရား ကျေပွန်၏။ သားသမီးကို ချီးမြှောက်ရာ ရောက်၏။ ကလေးငယ် ဆဲသည်ကို နားဝင်ပီယံဖြစ်ကာ နားထောင်၍ ကလန်ကဆန်ခံပက်သည်ကို သတ္တိကောင်းသည် ယူဆကာ နေရာတကာ ပစားပေးမိပါက ယင်းကလေး အရွယ်ရောက်သောအခါ မိဘဖြစ်သူမှာ ဒူးနှင့်မျက်ရည် သုတ်နေရတတ်သည်။

**ကောင်းရာညွှန်လတ်**

ကောင်းရာညွှန်လတ် ဆိုသည့်အတိုင်း သားသမီးများကို ကောင်းရာကောင်းကြောင်း ညွှန်ကြားပြသရမည်။ ယဉ်ကျေးသိမ်မွေ့သော အပြောအဆို အပြုအမူများကို သင်ပြပေးရမည်။

**အတတ်သင်စေ**

ထို့နောက် အတတ်ပညာသင်ယူရန် အရွယ်ရောက်လာသောအခါ သက်ဆိုင်ရာ ဆရာသမားထံ အပ်နှံ၍ ပညာသင်စေရမည်။ အသက်မွေးဝမ်းကြောင်း ပြုနိုင်ရန် နှုတ်မှုပညာ၊ လက်မှုပညာ၊ စက်မှုပညာ၊ ကူးသန်းရောင်းဝယ်ရေးပညာ တစ်ခုခုကို သင်ပေးရမည်။

**ပေးဆေနိုးရင်း**

ထို့နောက် တစ်အိုး တစ်အိမ်ထောင် သီးခြားခွဲ ထူထောင်နိုင်အောင် သင့်လျော်သည့် အရင်းအနှီး ထုတ်ပေးရမည်။

**ထိမ်းမြားခြင်း**

သူ့အိုးသူ့အိမ်နှင့် ရပ်တည်နိုင်လောက်သည့်အခါ အမျိုး အနွယ်တူ အရွယ်တူ၊ အရည်အချင်း ဥစ္စာဂုဏ်အင် တူညီသော အိမ်ထောင်ဘက်နှင့် ထိမ်းမြား လက်ထပ်ပေးရမည်။ ဤခေတ်တွင်မူ ထိမ်းမြားခြင်းကို မိဘ၏ တာဝန်ဝတ္တရား တစ်ခုအဖြစ် မသတ်မှတ် ကြတော့ဘဲ သားသမီးများ နှစ်သက်ရာကို မိဘများက လိုက်လျော ကြရသည်။ ဤကဲ့သို့ မိဘဝတ္တရား ကျေပွန်စွာ ဆောင်ရွက်ပေးခြင်းသည် ပုတ္တဒါရဿ သင်္ဂဟ မင်္ဂလာမည်၏။

ဤဖော်ပြပြီး မင်္ဂလာတရား နှစ်ပါးနှင့် ပတ်သက်၍ ဖခင်ဖြစ်သူက သားဖြစ်သူအား "မြတ်စွာဘုရားရှင်က မာတာပိတု ဥပဋ္ဌာနံ – ဟူ၍ ဟောတော်မူခဲ့သဖြင့် သားက အဖကို လုပ်ကျွေးရမည်" ဟု ဆုံးမလေရာ သားဖြစ်သူကလည်း "ပုတ္တဒါရဿ သင်္ဂဟော ဟု ဘုရားဟောခဲ့သည့် အပွက် အဖေက သားကို ကျွေးမွေးရမည်" ဟု ပြန်လည်ချေပလေသည်။

ထိုအခါ ဖခင်ဖြစ်သူက " အင်း – –ဒီလိုဆိုတော့လဲ ဘုရားကတို့ သားအဖ ရန်တိုက်ထားခဲ့တာပဲ" ဟု မှတ်ချက်ချသတဲ့။ အမှန်စင်စစ် သားသမီးများ လူလားမမြောက်မီ ငယ်စဉ်အခါတွင် ပုတ္တဒါရဿ သင်္ဂဟ မင်္ဂလာကို ဖခင်က ကျင့်သုံးရမည်ဖြစ်၍ သားသမီးများ လူလားမြောက်၍ ပညာစုံ (အတောင်စုံ) သောအခါ မာတာပိတု ဥပဋ္ဌာနံ မင်္ဂလာကို သားသမီးများက ကျင့်သုံးရမည်ဖြစ်သည်။

**လင်ကျင့်ဝတ် ၅ ပါး**

မယားအား ချီးမြှောက်ထောက်ပံ့မှုနှင့် ပတ်သက်၍ လင်ကျင့်ဝတ် ၅-ပါးကို —

" မထိမဲ့ကင်း၊ အပ်နှင်းဥစ္စာ
မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်
မြတ်နိုးကြင်၊ ငါးအင် လင်ကျင့်ရာ "

ဟု လင်္ကာဖွဲ့ ဆိုခဲ့ကြ၏။

**မထိမဲ့ကင်း**

လင်ယောကျ်ား ဖြစ်သူသည် ငါက ရှာဖွေလုပ်ကိုင် ကျွေးမွေးရသည် ဟူ၍ ဇနီးမယားအပေါ် မထီမဲ့မြင် မပြုရ။ မလေးမစား မပြုရ။ သူ့သိက္ခာ ကိုယ့်သိက္ခာ လေးစားရမည်။ နိုင်လိုမင်းထက် ချိုးချိုးဖဲ့ဖဲ့ ဖိနှိပ်၍ မပြောရ။ ရိုက်နှက်နှိပ်စက်ခြင်း မပြုရ။

**အပ်နှင်းဥစ္စာ**

ရှာဖွေ၍ရသမျှ ပစ္စည်းဥစ္စာကို မချွင်းမချန် ဇနီးထံ အပ်နှံရမည်။ လင်ယောကျ်ား၏ ပစ္စည်းဥစ္စာကို စိုးပိုင်ခွင့်၊ စီမံခြယ်လှယ်ပိုင်ခွင့် ပေးထားရမည်။

**မိစ္ဆာ မမှား**

မိမိဇနီးမှ တစ်ပါး အခြားသော အမျိုးသမီးများကို စိတ်ဖြင့်သော်မှ မပြစ်မှားရ၊ မိမိ၏ဇနီးဖြင့်သာ တင်းတိမ် ရောင့်ရဲနိုင်ရမည်။ ကာမေသု မိစ္ဆာစာရ ကံကို လုံအောင်ထိန်းနိုင်ရမည်။

**ဝတ်စားဆင်ယင်**

မိမိဇနီးအား အများနည်းတူ အဆင့်အတန်းအလိုက် အဝတ်အထည် ဝယ်ယူ ဆင်ယင်ခြင်း၊ စွမ်းနိုင်ပါက လက်ဝတ်တန်ဆာ ရတနာ ဆင်ယင်ပေးခြင်း ပြုရမည်။

**မြတ်နိုးကြင်**

မြတ်နိုးကြင်နာသည့် အရိပ်အယောင် အပြောအဆို အပြုအမူဖြင့် ဆက်ဆံရမည်။

**မယားကျင့်ဝတ် ၅ ပါး**

ဤကဲ့သို့ လင်ယောကျ်ား၏ ချီးမြှောက်ထောက်ပံ့မှုကို ခံယူထိုက်စေရန် ဇနီးဖြစ်သူကလည်း –

"အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ
မိတ္တာကြဉ်ရှောင်၊ လျော်အောင်ဖြန့်ချီ
ပျင်းရိမမှု၊ ဝတ်ငါးဆူ
အိမ်သူ ကျင့်အပ်စွာ" –

ဟူသော မယားကျင့်ဝတ် ငါးပါးကိုကျေပွန်ရမည် ဖြစ်သည်။

**အိမ်တွင်းမှုလုပ်**

အိမ်ရှင်မသည် အချက်၊ အပြုတ်၊ အချုပ်၊ အလုပ်၊ အလျှော်အဖွပ် စသော အိမ်တွင်းမှုလုပ်ငန်းကို ဆောင်ရွက်ရမည်။ အိမ်နှင့်ပတ်ဝန်းကျင်ကို သန့်ရှင်းသပ်ရပ်လှပအောင် ပြုပြင်မွမ်းမံတတ်ရမည်။

**သိမ်းထုပ်သေချာ**

လင်ယောကျ်ားက အပ်နှင်းလာသည့် ပစ္စည်းဥစ္စာ၊ ရတနာရွှေငွေ၊ ဆန်ရေစပါး၊ အထည်အလိပ်စသည်တို့ကို မပျက်စီးရအောင်၊ မလေမလွင့် မပျောက်ဆုံးရအောင် သေသေချာချာ မှတ်မှတ်သားသား သိမ်းဆည်း တတ်ရမည်။ 'လိုတရစေ ကြိုးနဲ့ခွေ' ဆိုသကဲ့သို့ အဟောင်းအမြင်း အတိုအစများကို သေသပ်စွာ သိမ်းဆည်းတတ်ရမည်။

ပစ္စည်းဥစ္စာ သိမ်းဆည်းမှုနှင့်စပ်လျဉ်း၍ ဖော်ပြလိုသည်မှာ မြတ်စွာဘုရားလက်ထက်တော်က သာကေတမြို့မှ သေဌေးမကြီး တစ်ဦး၏ နှစ်ရှည်စွဲကပ်နေသော ခေါင်းကိုက်ဝေဒနာကို ဆရာ ဇီဝကသည်

ထောပတ်နှင့်ရောစပ်ဖျော်ထားသော ရှူဆေးဖြင့် နှာနှပ်၏။ ထောပတ် လက်ဖက်ရည်ဇွန်း တစ်ဇွန်းစာမျှသည် နှာခေါင်းမှဝင်၍ ခံတွင်းမှ အန်ထွက်၏။

သေဋ္ဌေးမသည် ထွေးခံ၌ထွေးချ၍ ယင်းထွေးခံမှ ထောပတ်ကို ဂွမ်းဖြင့်တို့ယူရန် ကျွန်မကို ခိုင်း၏။ ဆရာဇီဝကမြင်လျှင် ဤမျှ ကပ်စေးနဲသော သေဋ္ဌေးမကြီးသည် ငါ့အား ထိုက်တန်သော ဆေးဖိုးဝါးခ ပေးမည်မထင်ဟု ကြံစည်မိ၍ မျက်နှာမသာမယာ ဖြစ်၏။

ဆရာဇီဝက မျက်နှာညှိုးသည်ကို သေဋ္ဌေးမ မြင်လျှင် ရိပ်မိ၍ 'ဆရာ့ကျေးဇူးကို အထူးဆပ်ပါမည်၊ ဤထောပတ်သည် ခြေပူနှာ သုတ်ရန်၊ ဆီမီးညှိထွန်းရန် အသုံးဝင်ပါသေး၏။ အလဟဿ မဖြစ်စေရန် စီမံခြင်းဖြစ်ပါသည်' ဟုဆိုပြီး အသပြာတစ်သောင်းခြောက်ထောင် ဆေးဖိုးဝါးခ ပေးလေသည်။ စံထားလောက်သည့် အိမ်ရှင်မကောင်း တစ်ယောက် ဖြစ်ပါပေသည်။

## မိတ္တာကြဉ်ရှောင်

အိမ်ရှင်မသည် မိမိလင်ယောကျ်ားမှတစ်ပါး အခြား ယောကျ်ား များကို စိတ်ဖြင့်သော်မျှ တပ်မက်ခြင်းမပြုရ။ ကာယကံမြောက် မကျူးလွန်ရုံမျှမက မိမိလင်ယောကျ်ားက မိမိအပေါ် သံသယဖြစ်စေမည့် နေထိုင်ဆက်ဆံမှုများကို ရှောင်ရမည်။ မျက်စိ၏ဆိတ်ကွယ်ရာ နား၏ ဆိတ်ကွယ်ရာ၌ သူစိမ်းယောကျ်ားနှင့် နှစ်ဦးတည်းနေထိုင်ခြင်း၊ အရောတဝင် ထိပ်ထိုးခေါင်းပုတ်ဆက်ဆံခြင်း၊ သူစိမ်းယောကျ်ားက ပြောင်သလို နောက်သလိုနဲ့ သားပြော မယားပြော ပြောသည်ကို မတားမြစ် မကန့်ကွက်ဘဲ နားထောင်နေခြင်း၊ ဖိုမကိစ္စ အပြန်အလှန် နှီးနှော ပြောခြင်းတို့သည် ကာမေသုမိစ္ဆာစာရကံ ကျူးလွန်ရန် လမ်းစများဖြစ်၍ နယ်မလွန်မီက ကြိုတင်သတိထားကာ ရှောင်ကြရမည် ဖြစ်သည်။

**လျော်အောင်ဖြန့်ချိ**

အိမ်ရှင်မသည် သူ့ဘက်ကိုယ့်ဘက် နှစ်ဖက်ဆွေမျိုး မျှမျှတတ ပေးကမ်း ဖြန့်ဝေရမည်။ အထူးအားဖြင့် မြန်မာ ဗုဒ္ဓဘာသာ ယောကျ်ား အများစုသည် မြတ်စွာဘုရား တရားတော်အတိုင်း ရှာဖွေရသမျှ အိမ်ရှင်မထံ အပ်နှင်းကြသော်လည်း အိမ်ရှင်မများ အနေဖြင့်မူ 'လျော်အောင်ဖြန့်ချိ' ဟူသော မြတ်စွာဘုရားရှင်၏ အဆုံးအမတော်ကို လိုက်နာသူ နည်းပါး လှသည်။

အိမ်ရှင်မသည် မိမိလက်အောက်ငယ်သားများ၊ အခိုင်းအစေများ၊ သားသမီးများ၊ နှစ်ဖက်ဆွေမျိုးများ၊ မိတ်ဆွေများကို မျှမျှတတ ကျွေးမွေး ညှော်ခံခြင်း၊ ပေးကမ်းခြင်း ပြုရမည်။

**ပျင်းရိမမှု**

အိမ်ရှင်မကောင်းတစ်ယောက်အတွက် နောက်ဆုံး လိုအပ်ချက်မှာ ပျင်းရိခြင်းကင်းရမည်ဖြစ်သည်။ အိမ်ရှင်မ၏ အလုပ်သည် နေထွက်မှနေဝင် အလုပ်နှင့်လက်နှင့် မပြတ် မနားမနေ တကုပ်ကုပ် လုပ်နေမှသာ လူမွေးလူတောင် ပြောင်နိုင်၏။ အိမ်ရှင်မ အပျင်းထူနေပါက အိမ်မှာ ဖုန်လက်လေးသစ်၊ အဝတ်အစားမှာ ဂျီး(ကြေးညှော်)လက်ရှစ်သစ်ဖြစ်၍ ကျွန်စုပ်သည့် သရက်စေ့ကဲ့သို့ စုတ်စုတ်ပြတ်ပြတ် အရောင်မှိန်နေမည် ဖြစ်သည်။

**မယား ၇ – မျိုး**

ဤနေရာ၌ စကားစပ်သဖြင့် မယား ၇ – မျိုးကို ဖော်ပြ လိုက်ရပေသည်။

အမိနှင့်တူသော မယား
နှမနှင့်တူသော မယား
အဆွေခင်ပွန်းနှင့်တူသော မယား

ကျွန်နှင့်တူသော မယား
သခင်နှင့်တူသော မယား
ခိုးသူနှင့်တူသော မယား
သူသတ်နှင့်တူသော မယား –

ဟူ၍ မယား ၇ – မျိုး ရှိကြောင်း ဟောတော်မူခဲ့သည်။

အမိနှင့်တူသော မယားသည် လင်ယောကျ်ားကို အရာရာ သည်းခံခွင့်လွှတ်နိုင်၍ ယုယ ပိုက်ထွေးပြုစုတတ်၏။

နမနှင့်တူသော မယားသည် အရှက်အကြောက် ဖုံးဖုံးဖိဖိ ဆက်ဆံတတ်၍ ယောကျ်ားကို ခန့်ညားရိုသေ၏။

အဆွေခင်ပွန်းနှင့်တူသော မယားသည် ယောကျ်ားနှင့် စိတ်တူသဘောတူ တိုင်ပင်ဖော် တိုင်ပင်ဖက်ဖြစ်၍ အရာရာကို ကူညီတတ်၏။

ကျွန်နှင့်တူသော မယားကား ယောကျ်ား အနှံအတာခံ၍ ပြုစုတတ်သည်၊ အပင်ပန်းခံကာ လုပ်ကိုင်ကျွေးမွေးတတ်သည်။

သခင်နှင့်တူသော မယားကား အလျှော်အဖွပ် အချက်အပြုတ် အချုပ်အလုပ် အိမ်တွင်းမှုကိစ္စ လုံးဝမလုပ်၊ ထမင်းပွဲရှေ့ရောက် အခန့်သားစား၍ ယောကျ်ားကို သူ့အစေခံခိုင်းဖတ်အဖြစ် သဘော ထားသည်။

ခိုးသူနှင့်တူသော မယားကား လင်ရှာဖွေရသမျှကို လင်မသိအောင် မိမိဆွေမျိုး၊ မိမိမိတ်ဆွေ အပေါင်းအသင်းကို တိတ်တိတ်ခိုးပေးကျွေးတတ်သည်။ လင်မသိအောင် ဖဲရိုက်လောင်းကစား ပြုတတ်သည်။ သောက်စားပျော်ပါးမှု သုံးဖြုန်းမှု ပြုတတ်သည်။

သူသတ်နှင့်တူသော မယားမှာ နေ့ရှိသရွေ့ လင်ယောကျ်ားကို အပြစ်မြင် မုန်းတီး၍ အခြားယောကျ်ားနှင့်လွတ်လပ်စွာ ပျော်ပါးနိုင်ရန် အတွက် လင်ယောကျ်ားကို သတ်ပစ်ရန် ကြံစည်နေသူဖြစ်သည်။

ယင်းမယား ၇ မျိုးအနက် ရှေ့ ၄ မျိုးသည် သေလျှင် နိမ္မာနရတိနတ်ပြည်သို့ရောက်၍ နောက် ၃ မျိုးကား သေလျှင် ငရဲရောက်မည် ကေန်တည်း။

**စံပြမယား**

လင်ယောကျ်ားအိမ်ပြန်လာလျှင် ပျာပျာသလဲ ခရီးဦးကြို နှုတ်ခွန်းဆက်ခြင်း၊ အနားယူထိုင်နေလျှင်၊ အိပ်နေလျှင် ခြေဆုပ် လက်နယ်ပြု၍ သာယာကြည်နူးဖွယ်ရာ စကားပြောဆိုတတ်ခြင်း၊ လင့်နောက်မှ အိပ်ရာဝင်၍ လင်အိပ်ရာမှ မထမီ ဦးစွာထ၍ ဖြီးလိမ်းပြင်ဆင်ပြီး စားသောက်ဖွယ်ရာ ပြင်ဆင်ထားခြင်း၊ ယောကျ်ား အတွက် လိုအပ်ချက်များကို အလိုက်သိ လုပ်ကိုင်ပေး၍ ဘာလုပ်ပေး ရမလဲဟု အမြဲမေးတတ်ခြင်း၊ လင်ယောကျ်ားရှေ့၌ မျက်နှာသုန်မှုန်မနေ၊ အမြဲရွှင်ပြသော အမူအရာရှိ၍ အလိုလိုက် အကြိုက်ဆောင်တတ်ခြင်း၊ တီတီတာတာ ကြည်သာရွှင်ပြုံး စိတ်နှလုံး ချမ်းမြေ့အောင် ပျားသကာသို့ နားဝင်ချိုမြ ပီယဝါစာ စကားပြောတတ်ခြင်း၊ သောကရောက်၍ စိတ်ညစ်နေသော ယောကျ်ားကို စိတ်ပြေလက်ပျောက် စိတ်ကြည်လင် ရွှင်ပျအောင် အားပေးစကား ပြောတတ်ခြင်း၊ စိတ်ဆိုးနေလျှင် အမျက်ပြေစကား ပြောတတ်ခြင်း၊ မိမိ လင်မှတစ်ပါး နတ်သားတမျှ လှပချောမွေ့သော ယောကျ်ားကို တွေ့စေကာမူ စိတ်ဖြင့်ပင် မပြစ်မှားခြင်း ဤသို့သော မယားမျိုးကို စံပြမယားဖြစ်သည်ဟု ကျမ်းဂန်လာရှိပေသည်။

မည်သည့်မယားမျိုးကိုပင်ဖြစ်စေ လင်ယောကျ်ား ဖြစ်သူသည် ချီးမြှောက်ထောက်ပံ့ကျွေးမွေးပြုစုစောင့်ရှောက်ရမည့် တာဝန်ရှိပေသည်။ ဤကဲ့သို့ လင့်ဝတ္တရား ကျေပွန်စွာ သားမယားကို ချီးမြှောက် ထောက်ပံ့သော အိမ်ရှင်ယောကျ်ားကို နတ်တို့အရှင် သိကြားမင်းကပင် ရှိခိုးဦးခိုက်မှု ပြုလေသည်။

ရှေးက ဖြစ်ဖူးသည်ကား သိကြားမင်းသည် ဝေဇယန္တာပြာသာဒ်မှ ဆင်းသက်လာ၍ အရပ်လေးမျက်နှာကို လက်အုပ်ချီ၍ ရှိခိုး၏။ ထိုအခါ မာတလိနတ်သားက 'သိကြားမင်းကို စတုမဟာရာဇ်နတ်မင်းကြီး လေးယောက်တို့သည်လည်းကောင်း၊ တာဝတိံသာနတ်တို့သည်လည်းကောင်း ရှိခိုးကုန်၏။ သို့ပါလျက် အရှင်သိကြားမင်းသည် အဘယ် နတ်မင်းကြီးကို ရှိခိုးပါသနည်း' ဟု မေး၏။ သိကြားမင်းက 'မာတလိ ငါသည်ကား သီလသမာဓိနှင့် ပြည့်စုံသော ရဟန်းတို့ကို ရှိခိုး၏၊ ထို့ပြင် သရဏဂုံသီလနှင့် ပြည့်စုံ၍ တရားနှင့်အညီ သားမယားကို မွေးမြူသော အိမ်ရှင် ယောကျ်ားတို့ကို ရှိခိုး၏' ဟု ဆို၏။

ဤကား ပုဗ္ဗဒါရသ သင်္ဂဟမင်္ဂလာကို လိုက်နာ ကျင့်သုံးနိုင်ကြရန် အမြွက်မျှ ရှင်းပြခြင်း ဖြစ်ပေသတည်း။

## မင်္ဂလာ (၁၃)

၁၃။ **အနာကုလာ စ ကမ္မန္တာ မင်္ဂလာ** အနှောင့်အယှက် မရှိသော အမှုတို့ကို ပြုလုပ်ခြင်းသည်ကောင်းမြတ်သော မင်္ဂလာမည်၏။

အနှောင့်အယှက် မရှိသော အမှုဆိုသည်မှာ မိမိကိုယ်တိုင်လည်း ဆင်းရဲမှု မဖြစ်နိုင်၊ သူတစ်ပါးကိုလည်း ဆင်းရဲဒုက္ခ မဖြစ်စေနိုင်၊ မိမိ သူတစ်ပါး နှစ်ဦးသားတို့ အား အနှောင့်အယှက် အထိ အခိုက် မဖြစ်စေနိုင်သည့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများဖြစ်သည်။

ဥပမာအားဖြင့် လယ်ယာကိုင်းကျွန်း ထွန်းယက်စိုက်ပျိုးခြင်း၊ ကျွဲနွားမွေးမြူခြင်း၊ ကူးသန်းရောင်းဝယ်ခြင်း၊ ပန်းချီ၊ ပန်းပု၊ ပန်းတဉ်း ပန်းပဲ၊ ပန်းပွတ်၊ ပန်းယွန်း၊ ပန်းတော့၊ ပန်းတမော့၊ ပန်းထိမ်၊ ပန်းရံ စသော အသက်မွေးဝမ်းကျောင်း လက်မှုပညာလုပ်ငန်းများ၊ ကျောင်းဆရာ၊ ရှေ့နေစသော နှုတ်မှုပညာ လုပ်ငန်းများ၊ စက်မှုပညာလုပ်ငန်းများ ဖြစ်သည်။

ဖော်ပြပြီး အသက်မွေးဝမ်းကျောင်းများအနက် ကာလ ဒေသ အလျောက် မိမိနှင့်သင့်တော်လျောက်ပတ်သော အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ခုခုကို စိတ်လိုက်မာန်ပါ အားသွန်ခွန်စိုက် ကြိုးပမ်းအားထုတ် လုပ်ကိုင်ကြရမည်။

အနာကုလာ စ ကမ္မန္တာ ဟူသော မင်္ဂလာတရားတော်အရ အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ခုခုကို စီးပွားဖြစ်ကြိုးစား လုပ်ကိုင်ရမည်ဟု ဆိုလိုသည်။ ထိုကဲ့သို့ စီးပွားရှာမှုပြုရာ၌ အများပြည်သူ ဘေးဖြစ်စေမည့် လုပ်ငန်းများကို ပြုလုပ်လျှင် အနာကုလာ စ ကမ္မန္တာ မင်္ဂလာ ပျက်စီး၏။

ဥပမာ မူးယစ် ဆေးဝါး ရောင်းဝယ်ခြင်း၊ လူကုန်ကူးခြင်း၊ လက်နက် ရောင်းဝယ်ခြင်းများ ပြုလုပ်လျှင် မင်္ဂလာတရား ပျက်ပြား၏။ အလားတူပင် ကမ္ဘာ့နိုင်ငံအသီးသီး၌ သက်ဆိုင်ရာ အစိုးရများက နိုင်ငံတော်၏ အကျိုးစီးပွားအတွက် ပုဂ္ဂလိကအနေဖြင့် ရောင်းဝယ်ခွင့် မပြုသော ကုန်ပစ္စည်းများကို ရောင်းဝယ်မှုပြုလုပ်လျှင်လည်း ဤမင်္ဂလာ တရားတော်ကို မလိုက်နာရာ ရောက်၏။

**သမ္ပဒါတရား လေးပါး**

ဤမင်္ဂလာတရားတော်သည် တရားသဖြင့် စီးပွားရှာ အသက်မွေး ဝမ်းကျောင်း ပြုလုပ်ရန် ဟောညွှန်ဆုံးမချက်ဖြစ်၍ လိုက်နာ ကျင့်သုံးသင့်သည့် သမ္ပဒါတရားလေးပါးကို ဤနေရာ၌ ဖော်ပြပါဦးမည်-

(၁) ဥဋ္ဌာနသမ္ပဒါ = ထကြွလုံ့လဝီရိယရှိမှု၊
(၂) အာရက္ခသမ္ပဒါ = သိမ်းဆည်းစောင့်ရှောက်မှု၊
(၃) ကလျာဏမိတ္တတာ = မိတ်ဆွေကောင်းရှိမှု၊
(၄) သမဇီဝိတတာ = မျှတစွာ အသက်မွေးမှု။

**ရွာဦးကျောင်းဆရာတော်၏ ဝီရိယ**

ဥဋ္ဌာနသမ္ပဒါ တရားတော်နှင့်အညီ ရှေးခေတ်မြန်မာများကို အစစအရာရာ ဖွဲ့လုံ့လဝီရိယရှိအောင် ရွာဦးဘုန်းတော်ကြီးက လေ့ကျင့် ပေးခဲ့သည်။ နံနက် လေးနာရီ အုန်းမောင်းခေါက်၍ ကျောင်းသား ကိုရင်များကို ဘုန်းတော်ကြီးနှင့်အတူ ဘုရားဝတ်တက်စေသည်။

ယင်းအုန်းမောင်းခေါက်သံသည် လယ်သမားများအတွက် လယ်ထွန်ထွက်ရန် နှိုးစက်ဖြစ်သကဲ့သို့ အိမ်ရှင်မများအတွက်လည်း လယ်ထွန် ထွက်သူအတွက် ထမင်းချက်ရန် သတိပေးခြင်း ဖြစ်သည်။

ဘုန်းတော်ကြီးသည် မိမိကိုယ်တိုင်ကလည်း နံနက် ၄ နာရီမှ ည ၁၀ နာရီ, ၁၁ နာရီအထိ စာသင်စာချ တပည့်ဆုံးမ တရားဟော ပုတီးစိပ် ဘာဝနာပွား စသည်ဖြင့် မအားမနေ ဆက်တိုက် အလုပ်လုပ်နေသကဲ့သို့ တပည့်များကိုလည်း ဘုရားဝတ်တက်၊ ဆွမ်းကပ်၊ ပန်းကပ်၊ ရေချမ်းကပ်၊ စာအံ၊ စာတက်၊ စာကျက်၊ စာပြန်၊ တံမြက်လှည်း၊ ကျောင်းဝင်းမြေညှိ၊ ပန်းပင်၊ သစ်ပင်စိုက်၊ ခြံခတ်၊ လမ်းခင်း စသည်ဖြင့် အားလပ်ချိန်မရှိအောင် တာဝန်ဝတ္တရားများဖြင့် တရစပ်ဖိထားသည်။

စိတ်ကို အနားပေးက မကောင်းမှု ဒုစရိုက် ကျူးလွန်တတ်သည်ကို သိ၍ ရှေးဆရာတော်ကြီးများသည် ကျောင်းသားကိုရင်များကို အအားမထားဘဲ တစ်ခုမဟုတ် တစ်ခု ခိုင်းနေတတ်သည်။ ဤကဲ့သို့ ဝေယျာဝစ္စလုပ်ငန်းတာဝန်များကို ခိုင်းပေးခြင်းသည် တပည့်များ၏ စိတ်သန္တာန်၌ အပျင်းဓာတ်ကို မောင်းထုတ်၍ ဝီရိယဓာတ်ကို တဟုန်းဟုန်းတောက်လောင် တက်ကြွနေစေရန် မောင်းနှင် အားသွင်း ပေးနေခြင်း ဖြစ်သည်။

ထို့ကြောင့် ဘုန်းကြီးကျောင်းထွက် ရှေးမြန်မာကြီးများသည် လုံ့လဝီရိယ အရာ၌ ပြိုင်ဘက်ကင်းသည်ဟု ဆိုနိုင်ပေသည်။

## ခွဲလုံ့လ ဝီရိယ ကြီးမားသူများ

မြန်မာနိုင်ငံတွင် ခွဲလုံ့လဝီရိယ ကြီးမားသူများပြပါဟုဆိုလျှင် လယ်သမားများကို ညွှန်ပြရပေမည်။ အထူးအားဖြင့် အညာဒေသ လယ်သမားများမှာ လယ်နှင့်ယာ ပူးတွဲလုပ်ကိုင်ကြရ၍ ဆယ့်နှစ် လရာသီ နားရသည်ဟူ၍ မရှိ။ တန်ခူးလ သင်္ကြန်ကျကတည်းက ယာခင်း ထွန်ရသည်။ ကဆုန် နယုန်တွင် မြေပဲစိုက်၊ နှမ်းလျှင်ကြဲ၊ ယာခင်းစည်းလုံခြုံအောင် လုပ်ရသည်။

ဝါဆို ဝါခေါင် တော်သလင်းလများတွင် လယ်ထွန်ပျိုးကြဲ ပျိုးနုတ် ကောက်စိုက်လုပ်ငန်းများ၊ မြေပဲခင်း ပေါင်းသင်ခြင်း၊ နှမ်းကြဲခြင်း၊ လယ်ကန်သင်းဆယ်ဖို့ခြင်း၊ ခန္ဓဖြင့် ရေတင်ခြင်း၊ သီတင်းကျွတ် တန်ဆောင်မုန်းတွင် ပဲမျိုးစုံကြဲရခြင်း၊ မြေပဲဖော်ရခြင်း၊ နတ်တော်

ပြာသို တပို့တွဲတွင် ကောက်ရိတ်သိမ်းလုပ်ငန်း၊ တပေါင်းလတွင် လယ်ယာများကို နွားချေးချ၍ မြေသြဇာပြုပြင်ခြင်း၊ နေအိမ်ပြုပြင်ခြင်း၊ မိုးရာသီအတွက် ထင်းခွေခြင်း၊ ထွန်တုံး ထွန်တံ ထွန်သွား နွားချည်ကြိုးများ စုဆောင်း ရခြင်းဖြင့် အားရသည် မရှိ၊ နားရသည်မရှိ၊ ခါးတောင်းကျိုက် ဖြုတ်ရသည် မရှိချေ။

အညာသူမကြီးများကို ကြည့်ပါဦး၊ နံနက်လေးနာရီ အိပ်ရာထ၍ ထမင်းချက်ပြီး လျှော်ဖွပ်သန့်ရှင်းမှု၊ သောက်ရေသုံးရေခပ်မှု ပြုလုပ်ရသည်။ ထို့နောက် ကလေးငယ်ကို ခါးထစ်ခွချီလျက် ထမင်းတောင်း ခေါင်းပေါ်ရွက်ပြီး လယ်တောယာတော ထမင်းပို့သွားရသည်။ ကလေးနို့ တိုက်ရင်း ယောကျ်ားနှင့်အတူ ထမင်းစားပြီး သစ်ပင်ရိပ်များမှာ ပုခက်ချိတ်၍ ကလေးသိပ်ရသည်။

ကလေးအိပ်လျှင် ယာခင်းပေါင်းသင်ခြင်း၊ ကောက်စိုက်ခြင်းများ လုပ်ရသည်။ ညနေစောင်းလျှင် ကြိုတင်၍ အိမ်ပြန် တမင်းချက်ရသည်။ ယောကျ်ားဖြစ်သူသည် နေစုပ်စုပ်ကန်းမှ လယ်တောမှပြန်လာ နွားစာကျွေးပြီး ညကြီးမိုးချုပ်မှ ရေနံဆီမီးခွက် မှိတ်တုတ်မှိတ်တုတ် အလင်းရောင်ဖြင့် ညစာစားကြရသည်။

ကလေးနို့တိုက်ချိန် သီးခြားမရှိ။ နို့တိုက်ရင်း ထမင်းစားကြရသည်။ ထို့ကြောင့် အညာဒေသ မိခင်များသည် ယောကျ်ားများထက် နှစ်ဆပင်ပန်းခံကြရသည်။ သားသမီးများကိုလည်း ငယ်စဉ်ကပင် ကြိုးကျအောင် ခိုင်းလေ့ရှိကြသည်။ ၇ နှစ်၊ ၈ နှစ်အရွယ် ရောက်ပါက နွားကျောင်း၊ လယ်ထွန် စသည့် မိဘလုပ်ငန်းများကိုပါ ပါဝင်ပူးတွဲ လုပ်ကိုင်ကြရသည်။

ကျွန်ုပ်တို့၏ ဘိုးဘေးဘီဘင် ရှေးမြန်မာလူကြီးများသည် လုံ့လဝီရိယ အလွန်ကောင်းသည်။ အလုပ်နှင့်လက် မပြတ်စေရ၊ လယ်ထွန်နေသော သားကို ဖခင်ဖြစ်သူက 'ခဏနားဦး' ဟု ပြောလိုက်ရာ သားဖြစ်သူသည် ကန်သင်း(ဂဇင်း)ရိုးပေါ် သွားထိုင်ပြီး နားနေလိုက်သည်။

ဖခင်က 'နွားကို အနားခိုင်းခြင်းဖြစ်သည်၊ လူဆိုတာ အလုပ်နဲ့ လက်နဲ့ မပြတ်ရ၊ နွားနားထားခိုက် လယ်ကွက်ထဲက မြက်ပင် ပေါင်းပင် နုတ်ပါ၊ ကန်သင်းရိုး မြင့်အောင် ထွန်ချေးခဲများ ဆင့်ပေးပါ' ဟု ပြောမှ သားဖြစ်သူ အဝိပ္ပာယ်ပေါက်သွားလေသည်။

အောက်ပြည် အောက်ရွာများ၌ လယ် ဆယ်ဧကလောက် ပိုင်သူသည် ကိုယ်တိုင်မလုပ်ဘဲ သူရင်းငှား(လယ်ကူလီ)ဖြင့် လုပ်လေ့ရှိကြသည်။ မြေပိုင်ရှင်ကြီး အမည်ခံ၍ ဇနီးမယားမှာ သနပ်ခါး ခြေဆုံးခေါင်းဆုံးလိမ်း၊ သားဖြစ်သူမှာ လွလွလေးဝတ်၊ ထန်းရည်လေး တမြမြ၊ ပေါ်ကြော့နေ၊ ကြိုးကျအောင် မခိုင်းခဲ့သဖြင့် လက်ကြောတင်းအောင် လုပ်မစားချင်။

ထို့ကြောင့် အင်္ဂလိပ်ကိုလိုနီခေတ်က အောက်ပြည်အောက်ရွာတွင် ချစ်တီးပိုင်လယ်များ လက်ညှိုးထိုးမလွဲ ဖြစ်ခဲ့ရသည်။ လယ်သမားအားလုံး လိုလို ချစ်တီးလယ်ကို သီးစားလုပ်ခဲ့ကြရသည်။ ကိုယ်ပိုင်လယ်ရှိသော လယ်သမားဟူ၍ အပြေးအလွှားရှာတွေ့ပါမှ တစ်ရွာ တစ်ယောက် နှစ်ယောက် ရှားရှားပါးပါး တွေ့ရပေမည်။ အညာဒေသတွင်မူ ချစ်တီးများ မတိုးနိုင်ခဲ့သည်ကို နှိုင်းယှဉ်ကြည့်သင့်ပေသည်။

ယခု မျက်မှောက်ခေတ်တွင် ကျွန်ုပ်တို့မြန်မာများသည် သားသမီးကို ကျောင်းသွားခိုင်း၊ ကျောင်းကပြန် စာကျက်ခိုင်း၊ အိမ်အလုပ်ကို လုံးဝခိုင်းလေ့ခိုင်းထ မရှိကြ။ မင်းညီမင်းသားများကဲ့သို့ အလှ ကြည့်ထား ကြသည်။

ကျွန်ုပ်၏ အိမ်နီးချင်း တရုတ်ကလေးသည် လေးဘီးကား မောင်းရင်း ဆယ်တန်းဂုဏ်ထူးနှင့် အောင်ခဲ့သည်။ တရုတ်မလေးသည် အမေကို ဈေးကူရောင်းရင်း ဆယ်တန်းအောင်ခဲ့သည်။ တရုတ်အိမ်ထောင်စု တစ်ခုကို ကြည့်ပါ၊ လူတိုင်း အလုပ်ကိုယ်စီရှိကြသည်။

ဤကဲ့သို့ လုံ့လဝီရိယနည်းနေပါက လုံ့လဝီရိယ ကြီးသူများ၏ ခြေဖဝါးအောက် ရောက်ရမည်မှာ ဧကန်ဖြစ်သည်။ တစ်မျိုးသားလုံး

နိုးကြားမှု ဥဋ္ဌာနသမ္ပဒါနှင့် ပြည့်စုံလာအောင် နိုင်ငံ့ခေါင်းဆောင်များ ခက်ခဲစွာ ကြိုးပမ်းကြရပေဦးမည်။ အလုပ်မလုပ်ဘဲနှင့် အချောင်စားလိုသူက များပြားနေလျှင် ထိုတိုင်းပြည်သည် အောက်ခြေသို့ နစ်မြုပ်သွားမည် ဖြစ်သည်။

**အာရက္ခ သမ္ပဒါ**

တစ်ဖန် အားသွန်ခွန်စိုက် လုပ်ကိုင်ရှာဖွေရရှိသော ပစ္စည်းများကို လေလွင့်ပျက်စီးဆုံးရှုံးမှုမရှိစေရန် ပျောက်လျှင်ရှာ၊ ပျက်လျှင်ပြင်၊ စုတ်လျှင်ချုပ်၊ ပေါက်လျှင်ဖာ၊ ကြာရှည်ခံနိုင်အောင် ရိရိသေသေ ကိုင်တွယ်အသုံးပြုခြင်း၊ စနစ်တကျ သိမ်းဆည်းထားခြင်းသည် အာရက္ခ သမ္ပဒါမည်၏။

အာရက္ခသမ္ပဒါကိုလည်း ထိုဘုန်းကြီးကျောင်းမှ အခြေခံအစပျိုးရသည်။ ဤခေတ်တွင် အချို့သော ဘုန်းတော်ကြီးကျောင်းများ၌ သံဃာအပါး နှစ်ရာကျော် ဆွမ်းဘုဉ်းပေး နေသော်လည်း ဇွန်းသံ ပန်းကန်သံ လုံးဝမကြားစေရအောင် ပဲ့ပြင်ဆုံးမထားသည်ကို တွေ့ရပါသေးသည်။

ဆရာဘုန်းတော်ကြီးသည် မပုပ်မသိုးအောင်ထားနည်း၊ မပျောက်မပျက်အောင်သိမ်းနည်း၊ မကျိုးမပျက် မကွဲမရှအောင် ထိန်းနည်းများ စနစ်တကျ သင်ပေးလေ့ရှိသည်။ ထို့ကြောင့် ဘုန်းကြီးကျောင်းထွက် ရှေးမြန်မာများသည် တစ်နှစ်ခံပစ္စည်းကို ဆယ်နှစ် ခံအောင်၊ ဆယ်နှစ်ခံ ပစ္စည်းကို အနှစ်တစ်ရာခံအောင် ရိုရိုသေသေ ကိုင်တွယ် သုံးစွဲကြသည်။

မိဘလက်ထက်မှ ပန်းကန်ခွက်ယောက်များ၊ ဆန်ကော ဆန်ကာ တောင်းပလုံးများ၊ စဉ့်အိုးများကို သားမြေးမြစ် လက်ထက်အထိ ကိုင်တွယ်သုံးစွဲခဲ့ကြရသည်။ အမွေခွဲရာ၌ ယင်းပစ္စည်းများကို ထည့်သွင်းပြီး အမွေခွဲကြသည်။

ဤခေတ် လူများမှာ ပန်းကန်အသစ်တစ်ချပ်ကို နှစ်ပေါက်အောင် ကိုင်နိုင်သူရှားပေပြီ၊ မကြာခဏ အသစ်ဝယ်ယူနေရသဖြင့် ပစ္စည်းဥစ္စာ ပိုလျှံအောင် စုဆောင်းနိုင်မှု မရှိတော့ချေ။ ဤကဲ့သို့ ပစ္စည်းမရှိသေမှုသည် နိုင်ငံနှင့်ချီ၍ တွက်လိုက်သည့်အခါ တစ်မျိုးသားလုံး မွဲဆေးကြီး ဖြစ်တော့သည်။

မော်တော်ကားတစ်စီးကို ရိုရိုသေသေ ထိန်းသိမ်းပြုပြင် သုံးစွဲသူများ၏ လက်ထဲ၌ နှစ်ပေါင်း လေးဆယ်ခန့်က သုံးစွဲ နေသည်ကို တွေ့ရသော်လည်း နိုင်ငံပိုင် မော်တော်ယာဉ်များမှာမူ ကံကောင်းလှမှ အနှစ် နှစ်ဆယ်ခံပေမည်။ အာရက္ခသမ္ပဒါခေါ် ကျင့်ဝတ် မည်မျှချို့တဲ့ နေသည်ကို တွေ့နိုင်ပေသည်။ လူစေ့တက်စေ့ တစ်မျိုးသားလုံး ပြုပြင်ကြမှ ကမ္ဘာ့အဆင့်အတန်းမီနိုင်မည်ကို သတိရသင့်ကြပြီဖြစ်ပါသည်။

**ကာလျာဏမိတ္တတာ**

ကလျာဏမိတ္တတာဟူသော တတိယ သမ္ပဒါအရ မိတ်ကောင်း ဆွေကောင်း ရရှိအောင်ကြိုးပမ်းရမည်။ စိုပြီးသားလက် မခြောက်စေရ ဟူသော စကားပုံအတိုင်း ရရှိပြီးသော မိတ်ဆွေများကို ခိုင်မြဲနေစေရန် ဂရုတစိုက် ဆက်ဆံရမည်ဖြစ်သည်။

**သမဇီဝိတတာ**

သမဇီဝိတတာဟူသော နောက်ဆုံး သမ္ပဒါတရားမှာမူ ရှေ့သို့ တိုးတက်ရေး၊ အောက်အဆင့် လျော့မကျရေးအတွက် လွန်စွာ အရေးကြီးလှ ပေသည်။ သမဇီဝိတတာဟူသည် ဝင်ငွေနှင့်ထွက်ငွေ မျှတစွာ သုံးစွဲတတ်ရန် ဖြစ်သည်။

မြတ်စွာဘုရားရှင်၏ ဒေသနာတော်အရ ဆိုပါမူ ဥစ္စာပစ္စည်းများကို လေးစု လေးပုံ ပုံ၍ တစ်ပုံကို စားသုံးရန်၊ နှစ်ပုံဖြင့် လုပ်ငန်း၌ ရင်းနှီးမြှုပ်နှံရန် စတုတ္ထ တစ်ပုံကို လက်ရှိစီးပွားရေးလုပ်ငန်း တစ်စုံတစ်ရာ ချွတ်ယွင်းသွား ပါက ထပ်မံဖြည့်စွက်ရင်းနှီးနိုင်ရန်အတွက် စုငွေအဖြစ် သိမ်းဆည်းထားရှိ ရမည်ဖြစ်သည်။

ဤသမ္ပဒါတရားအရ ဝင်ငွေနှင့် ထွက်ငွေ မျှတစွာသုံးစွဲရမည် ဖြစ်သည်။ ရှေးခေတ်မြန်မာလူမျိုးများသည် မျှတရုံမျှဝတ်ခြင်း၊ စားခြင်းပြုကြ၍ အပိုဖြုန်းမှု လုံးဝမရှိသဖြင့် ဘုရားတည် ကျောင်းဆောက် ကုသိုလ်အမှု ပြုနိုင်ကြပေသည်။

အညာဒေသ ရွာကြီးများကိုကြည့်လျှင် ရွာတိုင်းလိုလို ဘုရားအနှု ဆယ်ဆူ အထက်မှာသာရှိသည်ကို တွေ့ရပေမည်။ ရှေးမြန်မာများသည် စားရေးသောက်ရေးအတွက် မိမိလယ်ယာထွက် ဆန်စပါး ပဲမျိုးစုံ ဟင်းသီးဟင်းရွက်ဖြင့် တင်းတိမ်ကြသဖြင့် ငွေကုန် ကြေးကျမရှိ။ အဝတ်အထည်အတွက်လည်း မိမိယာခင်းမှ ဝါကိုကောက်၍ ဝါဖန်၊ ဝါကြိတ်၊ ဝါဖတ်၊ ဗိုင်းလိပ်၊ ဗိုင်းငင်၊ ချည်သေ့၊ ချည်စာယူ၊ ချည်ဆိုး၊ ချည်ချ၊ ရက်ကန်းရှယ်၊ ရက်ကန်းရက်ခြင်းဖြင့် လက်ဖြစ်လုံချည်အင်္ကျီဖြင့် ရောင့်ရဲတင်းတိမ်ကြသည်။ ငွေကုန်ကြေးကျ ခံစရာမရှိ။ ငွေကြေး ရရှိလာပါက ကုန်စရာ အခွင့်အလမ်း မရှိသလောက်နည်းနေသဖြင့် စုဆောင်းထားရန်သာ ရှိတော့သည်။ သို့မဟုတ် ဘုရားတည်၊ ကျောင်းဆောက်ရန်သာ ရှိတော့သည်။

ဤကဲ့သို့ဘိုးစဉ်ဘောင်ဆက် သားစဉ်မြေးဆက် စုဆောင်း ခဲ့ကြသဖြင့် မြေပေါ် ကုဋေ ရှစ်ဆယ်၊ မြေအောက်ကုဋေ ရှစ်ဆယ် ကြွယ်ဝသောသေဌေးကြီးများ ပေါ်ထွန်းခဲ့ကြသည်။

ဤကဲ့သို့ သမ္ပဒါတရားလေးပါးနှင့်အညီ ဖွဲ့လုံ့လဝီရိယဖြင့် စီးပွားရှာဖွေမှု အသက်ဝမ်းကျောင်းပြုမှုသည် အလွန်ကောင်းမြတ်သော အနာကုလာ စ ကမ္မန္တာ မင်္ဂလာကို ကြိုးစား ဖြည့်ကျင့်နိုင်ကြခြင်းပင်တည်း။

ဒါနဉ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလမုတ္တမံ။

## ဒါနဉ္စ

သုံးတန်စေတနာ ဖြူစင်လန်းလို့၊
ပေးကမ်းဝေမျှ လှူနိုင်စေ။
ကိုယ်နှုတ်စိတ်ကြံ မမိုက်မှားနဲ့၊
သုစရိုက်တရားကို ကျင့်ပါလေ၊
ဆွေမျိုးတွေကို ပြင်ပ မထားနဲ့၊
သင်္ဂဟတရားနှင့် ချီးမြှောက်လေ။
သန့်စင်ပြစ်မျိုး လူထုအကျိုး၊
သည်ပိုးရွက်ဆောင်စေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

# မင်္ဂလာ (၁၄)

၁၄။ **ဒါနမင်္ဂလာ** ပေးကမ်းလှူဒါန်းခြင်းသည်
ကောင်းမြတ်သော မင်္ဂလာမည်၏။

လူတိုင်းလူတိုင်းသည် မိမိပိုင်ဆိုင်သော ပစ္စည်းကို မပေးလို မစွန့်လို နှမြောတွန့်တို တတ်ကြသည်။ အပြီးအပြတ် အပိုင်ပေးဖို့ကို မဆိုထားဘိ၊ ခေတ္တခဏ ကိုင်တွယ် သုံးစွဲမှုကိုပင် ခွင့်မပြုနိုင်ကြပေ။ ဤသို့ ဖြစ်ရခြင်းကို ဝန်တိုသည်၊ မစ္ဆရိယစိတ်ရှိသည်၊ မစ္ဆရိယ ထူပြောသည်ဟု ဆိုရသည်။

မိမိပိုင်ပစ္စည်းကို သဘောထားကြီးစွာဖြင့် သူတစ်ပါးအား ဆက်ဆံခွင့်ပြုခြင်း၊ အပြီးအပိုင် စွန့်လွှတ်ပေးကမ်းခြင်းသည် ဝန်တိုမှု မစ္ဆရိယစိတ်ကို ဖယ်ရှားနိုင်မှသာလျှင် ဖြစ်နိုင်သည်။ မစ္ဆရိယ အညစ်အကြေးကို သန့်ရှင်းစင်ကြယ်အောင် ဒါနစေတနာဖြင့် ဆေးကြောရမည်။

ဒါနစေတနာသည် သဒ္ဓါတရားထက်သန်သူ မေတ္တာ ဓာတ်အား ကြီးမားသူတို့၏ သန္တာန်၌သာ ဖြစ်လေ့ရှိသည်။ ကောင်းမှုပြုက ကောင်းကျိုး ခံစားရမည်။ မကောင်းမှုပြုက မကောင်းကျိုးခံစားရမည်။ ဒါနတော ဘောဂ ဝါ၊ ပေးကမ်းလှူဒါန်ခြင်းကြောင့် စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာသူ ဖြစ်နိုင်သည်ဟု ယုံကြည်မှု သဒ္ဓါတရား ထက်သန်မှသာလျှင် ဒါနမှုကို အောင်မြင်စွာ ပြုလုပ်နိုင်သည်။

ထို့ပြင် မေတ္တာဓာတ်အား ကြီးမားသူတို့သည် ကိုယ်ချင်းစာတရား ရှေ့ထား၍ ကျွေးချင် မွေးချင်စိတ်၊ ပေးချင်လှူချင်စိတ်ရှိကြသည်။ မေတ္တာခေါင်းပါးသူတို့သည် မိမိ စားကြွင်းစားကျန်မျှကိုပင် တိရစ္ဆာန်များ အား ကျွေးမွေးရန် စိတ်ကူးမျှပင်မပေါ်၊ ဖုန်ထဲသဲထဲ ပစ်စလက်ခတ် စွန့်ပစ်တတ်ကြသည်။

မေတ္တာဓာတ်အား ကြီးမားသူများသည် မိမိအိမ်မွေးတိရစ္ဆာန်

ခွေးများ၊ ကြောင်များ၊ ကြက်များကိုပင် အစာကျွေးသည့်ခွက်ကို သန့်သန့် ရှင်းရှင်း သေသေသပ်သပ် ပြုပြင် ကျွေးမွေးကြသည်။ မိမိ ခိုင်းနေသော နွားများ၊ မြင်းများကိုပင် ၎င်းတို့ ကြိုက်နှစ်သက်သော အစာကိုသာ ဂရုတစိုက် ကျွေးမွေးလေ့ရှိကြသည်။ စေတနာထားတတ်ပါက မိမိ အိမ်မှာပင် ခွေးကျွေးရာ၌လည်းကောင်း၊ ကြောင်ကျွေးရာ၌လည်းကောင်း၊ နွား၊ မြင်း စသည်တို့ကို ကျွေးရာ၌လည်းကောင်း ဒါနမြောက်လျက် ရှိပါသည်။

**အလှူခံ တစ်ကျိပ်လေးပါး**

အလှူဒါနကို ခံယူထိုက်သူ ၁၄– ပါးရှိကြောင်းကို ဥပရိပဏ္ဏာသ ပါဠိတော် ဒက္ခိဏာ ဝိဘင်္ဂသုတ်၌ ပါရှိသည်။ ယင်း ၁၄– ပါးကို အယုတ်အလတ် အမြတ် အစဉ်အတိုင်း ပြဆိုရပါမူ –

၁။ တိရစ္ဆာန်
၂။ မုဆိုး၊ တံငါ စသော သီလမရှိသော လူပုဂ္ဂိုလ်များ
၃။ ငါးပါးသီလ မြဲသူများ
၄။ သာသနာပအခါ ဈာန်အဘိညာဉ်ရသော ရသေ့ပရိဗိုဇ်များ
၅။ သောတာပတ္တိ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်
၆။ သကဒါဂါမိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်
၇။ အနာဂါမိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်
၈။ အရဟတ္တ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်
၉။ သောတာပတ္တိဖလဋ္ဌာန် ပုဂ္ဂိုလ်
၁၀။ သကဒါဂါမိ ဖလဋ္ဌာန် ပုဂ္ဂိုလ်
၁၁။ အနာဂါမိ ဖလဋ္ဌာန် ပုဂ္ဂိုလ်
၁၂။ အရဟတ္တ ဖလဋ္ဌာန် ပုဂ္ဂိုလ်(ရဟန္တာ)
၁၃။ ပစ္စေကဗုဒ္ဓါခေါ်သော ဘုရားငယ်
၁၄။ သဗ္ဗညုတမြတ်စွာဘုရား ဟူ၍ ဖြစ်သည်။

ယင်းအလှူခံ ပုဂ္ဂိုလ်တစ်ကျိပ်လေးပါးတွင် မည်သည့်ပုဂ္ဂိုလ်အား

လှူသည်ဖြစ်စေ ဒါနမြောက်သည်သာ ဖြစ်၏။ သို့ရာတွင် အကျိုးပေးရာ၌ ထက်သန်မှု ကြီးမားမှု ပမာဏမှုကား ကွာခြားမှုရှိသည်။ အကျိုးပေး ကွာခြားမှုမှာ ဒါနပြုသည့်ဘက်မှ ပြည့်စုံရမည့် အချက်များ၊ ဒါန ဝတ္ထုကို ခံယူသည့် အလှူခံပုဂ္ဂိုလ်ဘက်မှ ပြည့်စုံရမည့်အချက်များ နည်းပါး ချို့တဲ့မှုကြောင့် ဖြစ်သည်။

အလှူပေး ပုဂ္ဂိုလ်သည် ပုဗ္ဗ၊ မုဉ္စ၊ အပရ စေတနာသုံးတန် တွန့်တိုမှုမရှိ၊ စေတနာထက်သန်မှုနှင့် ပြည့်စုံရမည်ဖြစ်သည်။ မလှူမီကပင် ကြိုတင်၍ စေတနာ၊ သဒ္ဓါတရားထက်သန်နေရမည်။ လှူနေဆဲ ခဏ၌လည်း စေတနာသဒ္ဓါတရား ထက်သန်ရမည်။ လှူပြီးနောက်တွင်လည်း မိမိအလှူကို သတိရတိုင်း ဝမ်းမြောက်မှုရှိရမည်။

လှူပြီးကာမှ မှားလေခြင်း၊ ကုန်ပါပြီ စသည်ဖြင့် နမြောတွန့်တိုမှု ဖြစ်မိပါက အကျိုးပေးချိန်တွင် ထိုသူသည် ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာ သော်လည်း မသုံးရက်၊ မဖွဲရက် မစားရက် မပေးရက် ဖြစ်ရတတ်သည်။ ဤကဲ့သို့ ဥစ္စာစောင့်ဘဝဖြင့် ဘဝဇာတ်သိမ်းသွားသူများကို ဤလောကတွင် အမြောက်အမြား တွေ့နိုင်ပေသည်။ အပရစေတနာ မချို့တဲ့မိစေရန် သတိပြုသင့်ကြသည်။

လှူနေဆဲခဏ၌ အလှူခံပုဂ္ဂိုလ်အပေါ် ကြည်ညို သဒ္ဓါပွားခြင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းအပေါ် သဒ္ဓါကြည်လင် ဝမ်းမြောက်မှုဖြစ်ခြင်းသည် မုဉ္စစေတနာ ထက်သန်သည်မည်၏။

အလှူရေစက်ချချိန်၌ ကွယ်လွန်သူ ဆွေမျိုးများကို သတိရ ဝမ်းနည်းနေခြင်း၊ ကျွေးမွေးညှော်ခံမှုမစေ့ငှမည်ကို ကြောင့်ကြနေခြင်းတို့သည် မုဉ္စစေတနာကို အားနည်းစေသည်။

မုဉ္စစေတနာ အားနည်းပါက အကျိုးပေး မကြီးကျယ်၊ ညောင်ပင် ကြီးလောက် လှူသော်လည်း ညောင်စေ့လောက်သာ အကျိုးပေးရနိုင်သည်။ မုဉ္စစေတနာ ထက်သန်ပါလျှင် ညောင်စေ့လောက် လှူသော်လည်း ညောင်ပင်ကြီးလောက် အကျိုးရနိုင်သည်။

ပုဗ္ဗစေတနာ ထက်သန်သူများမှာ ပထမအရွယ် ငယ်ရွယ်စဉ်ကပင် စည်းစိမ်ဥစ္စာပြည့်စုံ၍ ချမ်းသာသုခ ခံစားကြရသည်။ ပုဗ္ဗစေတနာချို့တဲ့သူများမှာ အကျိုးပေးနောက်ကျ၍ အရွယ်လွန်မှ စည်းစိမ်ဥစ္စာ ရရှိသဖြင့် ချမ်းသာသုခ ခံစားခွင့်နည်းပါးသွားလိမ့်မည်။

ထို့ကြောင့် ပုဗ္ဗစေတနာထက်သန်စွာဖြင့် မလှူမီရှေ့အဖို့၌ လှူဖွယ်ဝတ္ထုများကို ကြည်ညိုဖွယ်ရာဖြစ်အောင် ခင်းကျင်းပြင်ဆင် မွမ်းမံမှုများပြုလုပ်ကြရမည်။ ဤကဲ့သို့ အချိန်ယူ၍ လှူဖွယ်ဝတ္ထုများကို အမြတ်တနိုးပြု၍ လှပသေသပ်စွာ ပြုပြင်မွမ်းမံခြင်းကို သက္ကစ္စဒါနဟု ခေါ်သည်။

**သက္ကစ္စဒါန**

ဥပမာ ဘုရားပန်းအိုးထိုးရာ၌ ပန်းအိုးကို စင်ကြယ်စွာ ဆေးကြောခြင်း၊ ပန်းများကို သန့်ရှင်းစင်ကြယ်အောင် ဆေးကြော၍ မြင်သူတိုင်းကြည်းနူးဖွယ်ရာဖြစ်အောင် အနုစိတ် ပြုပြင်မွမ်းမံခြင်းသည် သက္ကစ္စဒါနမည်၏။ အလားတူပင် ဆွမ်းတော်ပွဲကို ကြည်းနူးဖွယ်ရာ ဖြစ်အောင် မွမ်းမံပြင်ဆင်ပြီးမှ လှူဒါန်းဆက်ကပ်ခြင်းသည် သက္ကစ္စဒါနမည်၏။

ရှမ်းအမျိုးသားများသည် သက္ကစ္စဒါနဖြစ်အောင် ပြုတတ်ကြသည်။ လမ်းဘေးတောင်းရမ်းသူများအား ပေးကမ်းရာ၌ပင် ငွေအကြွေကို ရေဆေးပြီးမှ ပေးကမ်းလေ့ရှိကြသည်။

ကျွန်ုပ်တို့၏ အဘိုးအဘွားများသည် မိမိအိမ်၌ မွေးထားသော ခွေးကိုပင်လျှင် ခွေးစာခွက်ကို ပြောင်စင်အောင် ဆေးကြောသုတ်သင်ပြီးမှ ကျွေးလေ့ရှိကြသည်၊ ဤကဲ့သို့ သက္ကစ္စဒါနမြောက်အောင် ပြုနိုင်သူများမှာ ငယ်စဉ်ကပင် စည်းစိမ်ချမ်းသာ ခံစားကြရသည်။ ပေါ်လာသမျှ အသစ်အဆန်းများကို ဦးဦးဖျားဖျားရရှိခံစားနိုင်ကြသည်။ ဩဇာအာဏာနှင့်လည်း ပြည့်စုံကြရသည်။

တစ်ဖန် အလှူခံပုဂ္ဂိုလ်ဘက်မှ တရားငါးပါးကို ပယ်ရှားနိုင်၍ ဂုဏ်အင်္ဂါငါးပါးနှင့် ပြည့်စုံမှုရှိပါမှ အကျိုးတရား ကြီးမားထက်သန်မှု ရှိနိုင်သည်။

အလှူခံပုဂ္ဂိုလ် ပယ်ရမည့် တရားငါးပါးမှာ–

(၁) အာရုံငါးပါး လိုလားနှစ်သက်မှု ကာမစ္ဆန္ဒကိုပယ်ခြင်း၊

(၂) ပျက်စီးစေလိုမှု ဗျာပါဒကို ပယ်ခြင်း၊

(၃) ထိုင်းမှိုင်းငိုက်မျဉ်းမှု ထိန မိဒ္ဓကို ပယ်ခြင်း၊

(၄) ပျံ့လွင့်မှုနောင်တ ပူပန်မှု ဥဒ္ဓစ္စ–ကုက္ကုစ္စကို ပယ်ခြင်း၊

(၅) ယုံမှားသံသယရှိမှု ဝိစိကိစ္ဆာကို ပယ်ခြင်း တို့ဖြစ်သည်။

အလှူခံပုဂ္ဂိုလ် ပြည့်စုံရမည့် ဂုဏ်အင်္ဂါငါးပါးမှာ–

(၁) သီလနှင့်ပြည့်စုံခြင်း၊

(၂) သမာဓိနှင့်ပြည့်စုံခြင်း၊

(၃) ပညာနှင့်ပြည့်စုံခြင်း၊

(၄) တပ်မက်ခြင်းတဏှာမှ လွတ်မြောက်မှု ဝိမုတ္တိနှင့်ပြည့်စုံခြင်း၊

(၅) ဝိမုတ္တိဉာဏ်အမြင်နှင့် ပြည့်စုံခြင်း တို့ဖြစ်သည်။

**မေတ္တာ၏ရုပ်ပုံလွှာ**

ဒါနလှူဒါန်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်ကြဲခြင်းသည် မေတ္တာတရားကို ကာယကံမြောက် ကျင့်သုံးနေခြင်းဖြစ်သည်။ လူတစ်ယောက်အပေါ် ပါးစပ်က ဘယ်လောက်ဘယ်မျှ ချစ်ပါသည်၊ ခင်မင်ပါသည်ဟု ပြောသော်လည်း လက်တွေ့တွင်မူ ထိုသူအား ထမင်းတစ်လုတ်၊ အဝတ်တစ်စုတ်မျှ မပေးရက်ပါက အဓိပ္ပာယ်ကင်းမဲ့သော စကားလုံးများသာ ဖြစ်ချေမည်။ ထို့ကြောင့် ဒါနသည် မေတ္တာတရား၏ ရုပ်ပုံလွှာဖြစ်သည်။

**လောဘပယ်မှု လေ့ကျင့်ခန်း**

ထို့ပြင် ဝန်တိုမှု မစ္ဆရိယ၊ လိုချင်တပ်မက်မှု လောဘတရားတို့ကို တွန်းလှန်နိုင်မှသာလျှင် ဒါနကို ပြုနိုင်ကြသည်။ မစ္ဆရိယအားကြီးသူ၊ လောဘကြီးသူများသည် မလှူရေး မပေးရေးအတွက် အကြောင်းတစ်ခုခုပြ၍ မိမိကိုယ်တိုင်လည်း အလှူဒါနမပြုလုပ်တတ်ချေ၊ သူတစ်ပါးပေးလှူသည်ကိုလည်း ကဲ့ရဲ့ရှုတ်ချလေ့ရှိကြသည်။

သတ္တဝါတို့၏ သန္တာန်၌ လွန်စွာထူပြောသော လောဘကို ပယ်သတ်နိုင်ရန်ဒါနမှုဖြင့် လေ့ကျင့်ခန်းယူကြရမည်။ ငွေတစ်ကျပ် လှူမည်ဆိုပါက ယင်းငွေတစ်ကျပ်အပေါ်၌ စွဲလမ်းသော လောဘတစ်ခုကို ပယ်နိုင်ရမည်။ ဤနည်းအားဖြင့် ငွေ တစ်ဆယ်ကျပ် လှူမည် ဆိုပါက လောဘ ဆယ်ခု ကို ပယ်နိုင်ရမည်။ ငွေ တစ်ထောင်ကျပ် လှူမည် ဆိုပါက ယင်းငွေများပေါ်၌ လိုချင်တပ်မက်မှု လောဘ တစ်ထောင်ကို ပယ်နိုင်ရမည် ဖြစ်သည်။ ထို့ကြောင့် ဒါနမှုကို အကြိမ်များစွာ ပြုသူသည် မေတ္တာတရားပွါးများမှု၊ မစ္ဆရိယပယ်မှု၊ လောဘပယ်မှုကို အကြိမ်များစွာ ပြုလုပ်နေသည် မည်၏။

**ပါရမီအစ ဒါနက**

ဒါန သီလ ဘာဝနာ ဟူသော သူတော်ကောင်းတို့၏ ကျင့်စဉ်တွင် ဒါနသည် အစဦးဖြစ်သည်။ ငါးပါးသီလ မထိန်းနိုင်သော မုဆိုး၊ တံငါ တို့သည်လည်း မိမိရှာဖွေရရှိသော အမဲသားငါးကို မိတ်ဆွေများ၊ အိမ်နီး ချင်းများအား ဝေမျှပေးကမ်းလေ့ရှိ၏။ သံဃာတော်များအား လှူဒါန်းလေ့ ရှိ၏။ သီလကို မဖြည့်ကျင့်နိုင်သော်လည်း ဒါနကိုမူ ပြုနိုင်ကြ၏။

ဘုရားအလောင်းတော်သည် ဘုရားအဖြစ်ကို ရရှိရန် ပါရမီတော် ဆယ်ပါးကို ဖြည့်ကျင့်ရာ၌ ဒါနပါရမီကို ဦးစွာဖြည့်ကျင့်ရ၏။ ဒါနကိုမျှ မပြုနိုင်သေးသော ပုဂ္ဂိုလ်သည် အခြားသော သီလပါရမီ၊ နိက္ခမပါရမီ စသည်တို့ကို အဘယ်မှာ ဖြည့်ကျင့်နိုင်ပါအံ့နည်း။

**ရှိန်းပြီးသည့်ဒါန**

ဒါနံ သဗ္ဗတ္ထသာဓကံ။ ဒါနံ၊ ဒါနသည်။ သဗ္ဗတ္ထသာဓကံ၊ အလိုရှိတိုင်းသော အကျိုးခပ်သိမ်းပြီးစေနိုင်၏။ (ဝါ) ရှိန်းပြီး၏။ ပေးကမ်းခြင်း ဒါနသည် အလုပ်ကိစ္စအားလုံး ပြီးစေနိုင်၏။ မိမိလိုရာကို ဤဘဝ၌ လည်းကောင်း၊ နောင်ဘဝ၌လည်းကောင်း ရစေနိုင်၏။ နေရာတိုင်း၌ အောင်မြင်မှု ရနိုင်၏။

**ဓမ္မဒါနနှင့် အာမိသဒါန**

ဒါနသည် အာမိသဒါန၊ ဓမ္မဒါနဟူ၍ နှစ်မျိုး ရှိသည်။ ပစ္စည်းလေးပါးကို လှူသော ဒါနသည် အာမိသဒါန မည်၏။ တရားအလှူသည် ဓမ္မဒါနမည်၏။ အာမိသဒါနထက် ဓမ္မဒါနက ပိုမို မြင့်မြတ်သောကြောင့် သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။ အလှူဒါနအားလုံးကို ဓမ္မဒါနအလှူက လွှမ်းမိုး အောင်နိုင်သည်ဟု ဟောတော်မူခဲ့သည်။

တရားအလှူ ဆိုသည်မှာ တရားဟောခြင်း၊ ပိဋကတ်တော်များကို သင်ကြားပို့ချပေးခြင်း၊ ပိဋက စာအုပ်စာတမ်းများ လှူဒါန်ခြင်းဖြစ်သည်။ အာမိသဒါနမှာ–

(၁) ဆွမ်းအလှူ
(၂) အဖျော်ယမကာအလှူ
(၃) နေအိမ်အလှူ
(၄) အဝတ်အလှူ
(၅) ယာဉ်အလှူ
(၆) ပန်းအလှူ
(၇) လိမ်းကျံစရာ နံ့သာအလှူ
(၈) အမွှေးနံ့သာအလှူ
(၉) အိပ်ရာနေရာအလှူ
(၁၀) ဆီမီးအလင်းရောင်အလှူ ဟူ၍ ဆယ်ပါးရှိသည်။

ယင်းဆယ်ပါးအနက် ဆွမ်းကို ပေးလှူသူသည် ခွန်အားကို ပေးလှူသည်မည်၏။ အဝတ်အထည်လှူသူသည် အဆင်းကို ပေးလှူသည်မည်၏။ ယာဉ်ကို ပေးလှူသူသည် ချမ်းသာကို ပေးလှူသည် မည်၏။ ဆီမီးကို ပေးလှူသူသည် မျက်စိကို လှူသည်မည်၏။ ကျောင်းအိပ်ရာနေရာကို လှူသူသည်ကား အလုံးစုံကို ပေးလှူသည် မည်၏။

ဒါနမင်္ဂလာကို ဖြည့်ကျင့်သူတိုင်းသည် စည်းစိမ်ဥစ္စာ ခြွေရံသင်းပင်း ဩဇာ အရှိန်အဝါနှင့် ပြည့်စုံမည် ကေန်ဖြစ်ပေသည်။

## မင်္ဂလာ (၁၅)

၁၅။ **ဓမ္မစရိယ မင်္ဂလာ** တရားမျှတမှန်ကန်စွာ ပြုကျင့်ခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

တရားဆိုသည်မှာ ပညာရှိများ ထုတ်ဖော် ညွှန်ကြားပြသခဲ့သည့် လမ်းမှန် အကျင့်မှန် ဖြစ်သည်။ ကိစ္စ တစ်ခုကို တရားသည် မတရားသည် မှန်သည် မှားသည်ကို မည်သည့် အတိုင်းအတာဖြင့် ဆုံးဖြတ်ရမည်နည်း။ လူများစုသည် မိမိအကြိုက် မိမိဆန္ဒနှင့်ကိုက်ညီလျှင် တရားသည် မှန်ကန်သည်ဟု ယူဆကြ၍ မိမိလိုလားချက်နှင့်မကိုက်ညီလျှင် မတရား မမှန်ကန်ဟု ယူဆတတ်ကြသည်။

လူတို့သည် အမှား အမှန် ဆုံးဖြတ်ကြရာ၌ တဏှာအစွဲ တဏှာအခြေခံဖြင့်သော်လည်းကောင်း၊ ဒိဋ္ဌိ အယူဝါဒစွဲ ဒိဋ္ဌိ အခြေခံဖြင့် လည်းကောင်း ဆုံးဖြတ်လေ့ရှိကြသည်။ မိမိအကျိုးခံစားခွင့် သက်သာရာ ရရှိမည်ဟု မျှော်လင့်စရာ ရှိနေပါက ယင်းအပြုအမူ အပြောအဆို လုပ်ဆောင်ချက်ကို မှန်ကန်သည်ဟု ဆိုလေ့ရှိကြသည်။

သို့မဟုတ် မိမိစွဲလမ်း ယုံကြည်နေသော အယူဝါဒနှင့် ကိုက်ညီနေလျှင် သို့မဟုတ် ထိုအယူဝါဒကို အထောက်အကူပြုနေလျှင် ယင်းအပြောအဆို အပြုအမူ ဆောင်ရွက်ချက်များကို မှန်ကန်သည် တရားမျှတသည်ဟု ဆိုလေ့ရှိကြသည်။

တရားမှု မတရားမှုများကို တဏှာ ပေတံ၊ ဒိဋ္ဌိ ပေတံဖြင့်သာ တိုင်းတာလေ့ ရှိကြသည်။ ထို့ကြောင့် တစ်ဦးက တရားမျှတ မှန်ကန်ပါသည်ဆိုသော ကိစ္စကို အခြားတစ်ဦးက မတရားမမှန်ကန်ဟု ဆိုပြန်သည်။ တစ်ဖွဲ့ တစ်အုပ်စု တစ်ဂိုဏ်းက တရားမျှတ မှန်ကန်သည်ဆိုသော အချက်ကို အခြားတစ်ဖွဲ့၊ တစ်အုပ်စု၊ တစ်ဂိုဏ်းက မတရား မမှန်မကန် ငြင်းခုံနေကြသည်ကို တွေ့နိုင်ပေသည်။

ထို့ကြောင့် တရားသည် မတရားသည် မှားသည် မှန်သည်ကို ဆုံးဖြတ်ရာ၌ တဏှာစွဲနှင့် ဒိဋ္ဌိစွဲ ခေတ္တဖြစ်စေ ဖယ်ထား နိုင်ရမည်။ တဏှာစွဲနှင့် ဒိဋ္ဌိစွဲကို ဖယ်ထားလိုက်ပါက တရားမှု မတရားမှုကို လွယ်ကူစွာ တွေ့မြင်နိုင်ပေသည်။

ပါဠိဘာသာ၌ 'ဓမ္မ စရိယာ' ကို 'သမစရိယာ' ဟု ဖွင့်ဆိုလေ့ရှိသည်။ အဓိပ္ပါယ်မှာ တရားကျင့်ခြင်းဟူသည် မျှတစွာ ကျင့်ခြင်းဖြစ်သည်။ မြန်မာဘာသာ စကား၌ 'တရား' ကို 'မျှတ' ပူးတွဲ၍ 'တရားမျှတ' ဟု သုံးလေ့သုံးထရှိသည်။ မျှမျှတတ ပြုလုပ်ခြင်းကို တရားသည်ဟု ဆိုရမည်ဖြစ်သည်။ မျှမျှတတမလုပ်ဘဲ နေရာတကာ အသာယူနေပါက ဓမ္မစရိယ မင်္ဂလာ ကျင့်စဉ်ကို မလိုက်နာရာ ရောက်သည်။

ရှေးအခါက ရွာတစ်ရွာတွင် ညီအစ်ကိုနှစ်ယောက် အမွေခွဲယူကြရာ နွားမတစ်ကောင်ကို အစ်ကိုကြီးက နောက်မြီးပိုင်း ယူ၍ ရှေ့ပိုင်းခေါင်းပိုင်းကို ညီငယ်အား ပေး၏။ ညီငယ်သည် မိမိပိုင်သော နွားမခေါင်းပိုင်းအား အစာကျွေး ရသည်။ ရေတိုက်ရသည်။

အစ်ကိုကြီးမှုကား နွားမ၏နောက်ပိုင်းမှ ထွက်လာသော နွားကလေးကိုယူသည်။ နို့ညှစ်ယူသည်။ စောင်တစ်ထည်ကိုလည်း အစ်ကိုကြီးက ညဘက်တွင်ပိုင်၍ နေ့ဘက်တွင် ညီငယ်ပိုင်စေသည်။ ညီငယ်မှာ နေ့ခင်းတွင် စောင်ကို လျှော်ဖွပ်ခေါက်သိမ်းရသည်။ ညဘက်တွင် အစ်ကိုကြီးက ခြုံသည်။

ကြာသော် ညီငယ်သည် မခံနိုင်ဖြစ်လာ၍ အိမ်နီးချင်းများထံ မကျေနပ်ချက်ကို ဖွင့်ဟသည်။ အိမ်နီးချင်းများ၏ အကြံပေးချက်အရ စောင်ကို တစ်နေ့လုံး ရေစိမ်ထားသဖြင့် ညတွင် အစ်ကိုကြီးမှာ စောင်မခြုံရတော့ပေ။ အစ်ကိုကြီးနွားနို့ညှစ်နေစဉ် ညီငယ်က နွားမခေါင်းကို ရိုက်ရာ နို့ညှစ်နေသော

အစ်ကိုကြီးမှာ နွားကန်ခံရသည်။ ထိုနေ့မှစ၍ အစ်ကိုကြီးသည် ညီငယ်အား နွားနို့ တစ်ဝက်ခွဲပေး၍ စောင်ကိုလည်း တစ်ဝက်စီ ခြုံခွင့်ပြုရလေသည်။ ဓမ္မစရိယာ တရားမျှတစွာ ကျင့်သုံးရတော့သည်။

အရာရာတွင် ကိုယ်ချင်းစာတရားထား၍ မိမိမနှစ်သက်သော အမှုကို သူတစ်ပါးအပေါ် မပြုကျင့်ရ။ ကိုယ်ချင်းစာတရား လက်ကိုင်ထားပါက ဓမ္မစရိယမင်္ဂလာကို ဖြည့်ကျင့်ပြီး ဖြစ်နိုင်ပါသည်။

မှတ်သား၍ လွယ်ကူစေရန် ဖော်ပြရမည်ဆိုပါက ငါးပါးသီလကို စောင့်ထိန်း ဖြည့်ကျင့်ခြင်း၊ ဒုစရိုက်တရားကို ရှောင်ကြဉ်၍ သုစရိုက်တရားကို ဖြည့်ကျင့်ခြင်းသည် ဓမ္မစရိယ မင်္ဂလာမည်၏။ ဤငါးပါးသီလနှင့် ဒုစရိုက်တရားတို့ကို ရှေးပညာရှိသူတော်ကောင်း အဆက်ဆက်တို့ ပညတ်ထားခဲ့ခြင်းဖြစ်သည်။

မိမိကိုယ်တိုင် အသတ်မခံလိုလျှင် နှိပ်စက်ညှဉ်းပန်းမှု မခံလိုလျှင် သူတစ်ပါးကိုလည်း သတ်ဖြတ်မှု နှိပ်စက်ညှဉ်းပန်းမှု မပြုရ။ နှိပ်စက်မှုများကို တားဆီးကာကွယ်ရမည်။ ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ချင်သည့် စိတ်ကြမ်း စိတ်ယုတ်မာများ ယုတ်လျော့ပပျောက်သွားအောင် သတ္တဝါ အများကို မိမိကိုယ်နှင့် ထပ်တူပြု၍ ချစ်ခင် မြတ်နိုးတတ်အောင် ပေါ်ပြောသွန်သင်ဆုံးမကြရမည်။

မိမိပစ္စည်းကို ခိုးဝှက်လုယူခြင်း၊ မတရား အဓမ္မ အနိုင်ထက်ယူငင်ခြင်းကို မခံချင်လျှင် သူတစ်ပါးပစ္စည်းကို ခိုးဝှက်ယူခြင်း၊ လုယက်ခြင်း၊ အဓမ္မယူငင်သိမ်းပိုက်ခြင်းမပြုရ။ ခိုးမှုလုယက်မှုများ မဖြစ်ပေါ်ရအောင် တားဆီးစောင့်ရှောက်ရမည်။

မိမိသားပျို သမီးပျိုကိုလည်းကောင်း၊ ကြင်ယာ သက်ထား ဇနီးမယားကိုလည်းကောင်း သူတစ်ပါးစော်ကားလာသည်ကို မခံချင်လျှင် မိမိကိုယ်တိုင်ကလည်း သူတစ်ပါးသားပျို သမီးပျို ဇနီးတို့ကို စော်ကားခြင်း ဖျက်ဆီးခြင်းမပြုရ။

အမျိုးသမီးများကို ဖြားယောင်းသွေးဆောင် ဖျက်ဆီးခြင်း၊ အနိုင်အထက်ပြုခြင်း၊ အရက်ရအောင် ဣန္ဒြေသိက္ခာပျက်အောင် နှောင့်ယှက်ခြင်းတို့ကို မိမိကိုယ်တိုင်လည်း မပြုရ။ သူတစ်ပါး ပြုလုပ်နေသည်ကို တွေ့ရှိပါကလည်း တားဆီးရမည်။ အမျိုးသမီးများ၏ ဂုဏ်သိက္ခာ မြင့်မားရေးကို ဆောင်ရွက်ကြရမည်။

သူတစ်ပါးအကျိုး ပျက်ပြားစေရန် မမှန်မကန် လိမ်လည်ပြောဆိုခြင်း 'မုသာဝါဒ' ကို ရှောင်ကြဉ်ကြရမည်။ မုသာဝါဒကို ရှောင်၍ သစ္စာစကားကို ဆိုရဲရမည်။

အရက်သေစာ ဘိန်း ဘင်း ကဇော် စသော မူးယစ်ဆေးဝါးများကို မိမိကိုယ်တိုင်လည်း မသုံးစွဲရ။ သူတစ်ပါးသုံးစွဲသည်ကို တွေ့ရှိပါကလည်း တားဆီးရမည်။ မူးယစ်ဆေးဝါးသုံးစွဲမှုကို အားပေးအားမြှောက် အထောက်အကူ မပြုရ။ ယင်းမူးယစ်ဆေးဝါးများကို ထုတ်လုပ်မှု ရောင်းချမှု များကိုလည်း မပြုလုပ်ရ။ ဤကား ငါးပါးသီလကို အကျဉ်းချုပ် ပြဆိုခြင်းဖြစ်ပါသည်။

ယင်းငါးပါးသီလကို ဒုစရိုက် ဆယ်ပါး၌ ထည့်သွင်းရေတွက်ပါက ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရနှင့် သုရာမေရယ– ဤကံ လေးပါးတို့သည် ကာယဒုစရိုက် သုံးပါး၌ အကျုံးဝင်သည်။

သုရာမေရယကံကို ကာမေသုမိစ္ဆာစာရ ဒုစရိုက်မှု၌ ထည့်သွင်း ရေတွက်ရသည်။ ဤအဓိပ္ပါယ်ကို မသိသော နိုင်ငံကျော်ဆရာကြီး တစ်ဦးသည် သုရာမေရယကံသည် ဒုစရိုက် ဆယ်ပါး၌ အကျုံးမဝင်သော ကြောင့် သောတာပန်ပုဂ္ဂိုလ်သည် အရက်သေစာသောက်စား နိုင်သည်၊ ဘိန်းရှုနိုင်သေးသည်ဟု ရေးမှားခဲ့လေသည်။ ရသတဏှာ အစွဲဖြင့် ဝေဖန်သုံးသပ် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ကို သတိပြုသင့်ပေသည်။

ဝစီဒုစရိုက် လေးပါးတို့မှာ မုသာဝါဒ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ တို့ဖြစ်သည်။ မုသာဝါဒကို ပြဆိုပြီး ဖြစ်ပါသည်။

**ပိသုဏဝါစာ**

ပိသုဏဝါစာမှာ ကုန်းတိုက်သောစကား၊ ကုန်းချောသောစကား၊ ရန်တိုက်ပေးသော စကားမျိုးဖြစ်သည်။

ဤစကားကို ပြောကြားလိုက်ပါက ဤသူနှစ်ဦးတို့ တစ်သက်တာ မကြည့်ချင်လောက်အောင် မုန်းကြပေတော့မည်ဟု သိလျက် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ပြောကြားခြင်းသည် ပိသုဏဝါစာ မည်၏။ မဟုတ်မမှန် လုပ်ကြံ၍ ကုန်းချောစကားပြောပါက မုသာဝါဒ ကံနှင့် ပိသုဏဝါစာ ကံနှစ်ခုကို တစ်ပြိုင်နက် ကျူးလွန်ခြင်းဖြစ်သည်။

ပိသုဏဝါစာသည် ချစ်သူနှစ်ဦးကို ကွဲပြားအောင် ပြုလုပ်ရာ၌ လွန်စွာ အစွမ်းထက်သည်။

ရှေးအခါက ရွာတစ်ရွာတွင် ညားခါစ ဇနီးမောင်နှံ နှစ်ဦးတို့ရှိကြ၏။ သူတို့နှစ်ယောက် အချင်းချင်း အသက်တမျှ ချစ်ခင်ကြ၍ ဘယ်သူခွဲခွဲ တို့လင်မယား မကွဲနိုင်ဟု မကြာခဏ ဂုဏ်ယူပြောဆိုလေ့ရှိ၏။

ကုန်းတိုက် သွေးခွဲမှုတွင် အစွမ်းထက်သော အိမ်နီးချင်း တစ်ဦးက ထိုလင်မယားနှစ်ဦးအား လင်နှင့်တွေ့သောအခါ သင်၏ဇနီးသည် ဆယ့်နှစ်ကြိုးစုန်းမဖြစ်၍ လကွယ်ည သန်းခေါင်တွင် ထဘီကို ခါးတောင်းကျိုက်၍ ယောကျ်ားကို ဘယ်ပြန်ညာပြန် ကျော်လွှား အိပ်မွေ့ချပြီး စအိုဝမှ အူကို အခွေလိုက် ယူစားတတ် ကြောင်းကို ယုံလောက်အောင် တစ်စတစ်စ နားသွင်းသည်။

မယားနှင့်တွေ့သောအခါ သင်၏ယောကျ်ားမှာ ထူးထူးဆန်းဆန်း အမြီးပါရှိသည်၊ မယုံလျှင် ညအိပ်ပျော်နေချိန်မှာ စမ်းကြည့်၊ ယောကျ်ားအိပ်ရာမှ မနိုးစေရန် ထဘီကို ခါးတောင်းကျိုက်၍ ယောကျ်ားအပေါ်မှ ဘယ်ပြန်ညာပြန် ခနစ်ကြိမ်ကျော်ရမည်ဟု ပြောထားသည်။

ထိုနေ့မှစ၍ လင်ကလည်း မယားကိုစန်းမ ထင်၍ ကြောက်လန့်နေသည်။ မယားကလည်း သူ့ယောကျ်ား အမြီးပါ မပါ စမ်းကြည့်ချင်နေသည်။ မယားဖြစ်သူသည် တစ်ခုသော လကွယ်ည သန်းခေါင်မှောင်ထဲ၌ ယောကျ်ားမနိုးစေရန် ထဘီခါးတောင်းကျိုက်၍ ယောကျ်ားအပေါ် ခုနစ်ကြိမ် ကျော်လွှားပြီး အမြီးရှိမရှိ စမ်းကြည့်ရန် ကြိုးစားသည်ကို လင်ဖြစ်သူက တွေ့မြင်ရသောအခါ 'သေချာပါပြီ၊ စုန်းမကြီး အူတွေ ဆွဲထုတ်တော့မည်' ဟု ယူဆ၍ တစ်ခါတည်း ထွက်ပြေးလေရာ လင်မယား ရှင်ကွဲ ကွဲရလေတော့သည်။

အုပ်စုဂိုဏ်းဂဏတစ်ခု၊ အသင်းအဖွဲ့တစ်ခု၊ နိုင်ငံတစ်ခု ပြိုကွဲပျက်စီးစေရန် ညီညွတ်ရေး ပျက်ပြားသွားစေရန် အချင်းချင်း နာကြည်း မုန်းတီးသွားစေရန် အခြေအမြစ်မရှိသော သတင်းများ၊ ကောလာဟလများ၊ ပုံကြီးချဲ့သတင်းများ၊ တစ်ဝက်မှန် တစ်ဝက်မှား သတင်းများကို ပြောဆိုခြင်း၊ ဖြန့်ချိခြင်းကို မိမိကိုယ်တိုင်လည်း မပြုလုပ်သင့်၊ သူတစ်ပါး ပြုလုပ်သည်ကိုလည်း အားပေး အားမြှောက် မပြုသင့်။

ပိသုဏဝါစာ၏ အကျိုးဆက်မှာ လူမမြင်ဖူးဘဲ နာမည်ကြားရုံမျှဖြင့် အမုန်းခံရတတ်သည်။ ဘဝအဆက်ဆက် ချစ်သူနှင့် ကွေကွင်းရတတ်သည်။ ပိသုဏဝါစာကို ရှောင်ကြဉ်မှု၏ အကျိုးတရားမှာ အသံကြား သနားပါစေ၊ မျက်နှာမြင်ချစ်ခင်ပါစေ ဟူသော ဆုကို မတောင်းဘဲနှင့် ရနိုင်သည်။

**ဖရုသဝါစာ**

ဖရုသဝါစာမှာ ရန့်ရင်း ကြမ်းတမ်းစွာ ဆဲရေးမှု၊ ခြိမ်းခြောက် ငေါက်ငမ်းမှု ဖြစ်သည်။

**သမ္ဖပ္ပလာပဝါစာ**

သမ္ဖပ္ပလာပမှာ တစ်စုံတစ်ရာ အကျိုးကျေးဇူးမရှိဘဲ အချိန်ဖြုန်းသည့် ဒဏ္ဍာရီပုံပြင်များ၊ ယုံတမ်းစကားများကို ပြောဆိုခြင်း ဖြစ်သည်။ ယင်းစရိုက် နှစ်ပါး၏ အကျိုးဆက်မှာ ပိသုဏဝါစာနှင့် အလားတူသည်။

မနောဒုစရိုက် သုံးပါးမှာ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိတို့ ဖြစ်သည်။

**အဘိဇ္ဈာ**

သူတစ်ပါး၏စည်းစိမ်ဥစ္စာကို ငါ၏စည်းစိမ်ဥစ္စာ ဖြစ်ပါမူ ကောင်းလေစွဟု ကြံစည်ခြင်းဖြစ်သည်။ သူတစ်ပါးပိုင် ပစ္စည်းကို ထိုက်တန်သော လုပ်အားသော်လည်းကောင်း၊ ပစ္စည်းဝတ္ထုသော်လည်းကောင်း တန်ရာတန်ဖိုး မပေးဘဲ အချောင်ရလိုမှုကို 'အဘိဇ္ဈာ' ဟု ခေါ်သည်။

လောင်းကစားမှုမျိုးသည် အဘိဇ္ဈာဒုစရိုက်ဖြစ်သည်။ လောင်းကစားရာ၌ အနိုင်ရအောင် ကြိုးကုတ်အားထုတ်နေသော အချိန်ကာလသည် အဘိဇ္ဈာတရားပွားများနေသော အချိန်ကာလဖြစ်သည် ဟု သိသင့်ပေသည်။

**ဗျာပါဒ**

သူတစ်ပါးပျက်စီးစေရန် ဆင်းရဲဒုက္ခရောက်စေရန် ကြံစည်စိတ်ကူးမှုသည် ဗျာပါဒမနောဒုစရိုက်ဖြစ်သည်။ အချို့သော လူပုဂ္ဂိုလ်များသည် "ဒီတစ်ခါ ရုတ်ရုတ်ရက်ရက်ဖြစ်ရင် သိကြရောပေါ့" "ထင်းခွေမတွေ့၊ ရေခပ်တွေ့မှာပေါ့ကွာ" စသည်ဖြင့် သူတစ်ပါး၏ အသက် အိုးအိမ် စည်းစိမ်ကို ဖျက်ဆီးလုယက်မည့် ခြိမ်းခြောက် စကားများ ရေရွတ်လေ့ ရှိကြသည်။ ထိုပုဂ္ဂိုလ်သည် မိမိနှလုံးသားအတွင်းရှိ ဗျာပါဒ အဆိပ်များကို အန်ထုတ်ပြနေခြင်းသာ ဖြစ်သည်။

**မိစ္ဆာဒိဋ္ဌိ**

မကောင်းမှု အကုသိုလ် ဒုစရိုက်တရားများကို ကောင်းမှုကုသိုလ် သုစရိုက်တရားဖြစ်သည်ဟု ယုံကြည်ယူဆခြင်း၊ မကောင်းမှု ကျူးလွန်သော်လည်း မကောင်းကျိုးခံစားရခြင်းမရှိ၊ ကောင်းမှုပြုသော်လည်း ကောင်းကျိုး စံစားရခြင်းမရှိဟု မှားယွင်း ဖောက်ပြန်စွာ ယုံကြည်ယူဆခြင်းသည် "မိစ္ဆာဒိဋ္ဌိ" မည်၏။

သတ်ဖြတ်ညှဉ်းဆဲမှုများကို မကောင်းမှုဟု မထင်ဘဲ ကောင်းမှုဟု မှတ်ထင်ခြင်း၊ ခိုးဝှက်လုယက်မှုများကို ကောင်းမှုဟု မှတ်ထင်ခြင်း စသည်ဖြင့် ယုံကြည်ယူဆခြင်း ဖြစ်သည်။ အကုသိုလ်တရားတို့၏ ခေါင်းချုပ်မှာ မိစ္ဆာဒိဋ္ဌိ ဖြစ်သည်။ မိစ္ဆဒိဋ္ဌိ အယူရှိသူ၏ ကာယကံ၊ ဝစီကံ၊ မနောကံ တို့သည် အမှားချည်းသာဖြစ်၍ အမှန်တစ်ခုမျှ မရှိနိုင်တော့ချေ။ ဥပမာအားဖြင့် တမာစေ့ အတွင်းမှ ဖြတ်သန်းလာခဲ့သော မြေဆီ မြေသြဇာတို့သည် အပွေး အခေါက် အပွင့် အသီး အရွက်များ ဖြစ်လာသောအခါ တမာခေါက်၊ တမာပွင့်၊ တမာသီး၊ တမာရွက် များသာ ဖြစ်၍ အားလုံး အခါး အရသာ ဆောင်ကြလေသည်။

အကျဉ်းချုပ်အားဖြင့် အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ ဟူသော မနောဒုစရိုက် သုံးပါးသည် ဤလူ့ဘောင်လောက၌ ထူပြောလာသောအခါ ဤလောကကြီး ပျက်စီးရန်သာ ဖြစ်တော့သည်။ ထို့ကြောင့် မနောဒုစရိုက် သုံးပါးကို နည်းပါးသွားအောင် ကျင့်ကြံ ကြိုးကုတ် အားထုတ်ကြရမည် ဖြစ်သည်။

## ခေတ်ပျက်နှင့် ခေတ်ကောင်း

ခေတ်ဆိုးခေတ်ပျက်၌ သတ္တဝါတို့သည် ဒုစရိုက်မှု လွန်ကျူးသူ သာ များပြား၍ ရှောင်ကြဉ်သူကား နည်းပါးလှပေသည်။ ရှောင်ကြဉ်ရန် ဟောပြော ဆုံးမသူကို အကောင်းမထင်ဘဲ ရန်ပြုလိုကြသည်။ ခေတ်ကောင်းချိန်တွင်မူ လူအများစုသည် ဒုစရိုက်မှုကို ရှောင်ကြဉ်၍ မရှောင်ကြဉ်သူမှာ အနည်းစုသာ ဖြစ်သည်။

ဒုစရိုက်မှုမှ ရှောင်ကြဉ်ရန် ဟောပြော ဆုံးမသူများကို လေးစား ကြည်ညိုကြသည်။ ချစ်ခင်မြတ်နိုးကြသည်။ စကြဝတေးမင်းများ အုပ်စိုးသော အချိန်မှာ ခေတ်ကောင်းခေတ်မြတ်ဖြစ်၍ တိုင်းသူပြည်သား အားလုံးသည်ဒုစရိုက်မှုမှ ရှောင်ကြဉ်ကြသည်။ ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းကြသည်။

စကြဝတေးမင်းကြီးသည် သူ့အသက်ကို သတ်ဖြတ်ညှဉ်းဆဲနှိပ်စက်ခြင်းမပြုကြလင့်၊ အရှင်မပေးသော ဥစ္စာကို မယူလင့်၊ သူ့သားအိမ်ရာမပြစ်မှားကြလင့် စသည်ဖြင့် ဆုံးမစကား ပြောကြားလိုက်သည့်အခါတိုင်းသူပြည်သားအားလုံးတို့သည် လိုလိုချင်ချင် လိုက်နာကြသည်။ ရိုရိုသေသေ လိုက်နာသည်။ မလိုက်နာသည့်အတွက် အပြစ်ဒဏ်ပေးရခြင်း၊ အရေးယူရခြင်း လုံးဝ မရှိချေ။

စကြဝတေးမင်းကြီးသည် တိုင်းသူပြည်သား အပေါင်းကို ရင်ဝယ်သားကဲ့သို့ သနားကြင်နာ၍ တိုင်းသူပြည်သားတို့ကလည်း စကြဝတေးမင်းကြီးအပေါ် ဖခင်ကြီးသဖွယ် လေးစားကြည်ညိုမြတ်နိုးလျက်ရှိကြသည်။ ထို့ကြောင့် ခေတ်ကောင်းခေတ်မြတ်တွင် ရာဇဝတ်မှုလုံးဝမရှိ။ အနာရောဂါကင်း၍ အသက်ရှည်ကြသည်။ ပစ္စည်း ဥစ္စာအတွက် ဆင်းရဲပင်ပန်းခြင်းမရှိ၊ သက်သောင့်သက်သာ အလွယ်တကူ ဥစ္စာရှာဖွေရရှိနိုင်ကြသည်။

ထို့ကြောင့် 'ဓမ္မစရိယမင်္ဂလာ'ကို လူတိုင်းလူတိုင်း ပြည့်ပြည့်ဝဝလိုက်နာကျင့်သုံးကြပါက ငါးရာငါးဆယ် ဓမ္မပါလဇာတ်တော်၌ဓမ္မပါလရွာသူရွာသားများ ငယ်ရွယ်စဉ် သေဆုံးသည်ဟူ၍ မရှိ၊ သက်တမ်းစေ့မှသာ သေဆုံးကြသည်ဟု ဟောတော်မူသည့်အတိုင်း အနာကင်းမဲ့ အသက်ရှည်ခြင်း အကျိုးတရားများကိုလည်းကောင်း၊ စကြဝတေးမင်းများလက်ထက်မှာကဲ့သို့ ခိုးသားဓားပြ သူပုန်သူကန်မရှိသဖြင့် အသက်အိုးအိမ် စည်းစိမ်အတွက် တစ်စုံတစ်ရာ စိုးရိမ်ကြောက်လန့်ဘွယ်ရာ မရှိသောကြောင့် တံခါးမပိတ်ဘဲ ညအိပ်နိုင်ခြင်းအကျိုးများကိုလည်းကောင်း လက်တွေ့ရရှိခံစားနိုင်ကြမည် ဖြစ်ပါသည်။

# မင်္ဂလာ(၁၆)

၁၆။ **ဉာတကာနဉ္စ သင်္ဂဟော မင်္ဂလာ** ဆွေမျိုးတို့ကို ချီးမြှောက် ထောက်ပံ့ခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

ဗျသနတရား နှိပ်စက်ခြင်းကြောင့် စီးပွားဥစ္စာ ပျက်စီးခြင်း၊ မကျန်းမမာ ရောဂါဘယ ဖိစီးနှိပ်စက်ခံရခြင်း စသော အကြောင်းတစ်ခုခု ကြောင့် အကူအညီ လိုအပ်လျက်ရှိသော ဆွေမျိုးတို့ကို မိမိစွမ်းနိုင်သမျှ အဝတ်အထည်၊ စားရေရိက္ခာ၊ ဆေးဝါးပစ္စည်း၊ ငွေကြေး စသည် ကူညီ ထောက်ပံ့ပေးကမ်း ချီးမြှောက်ကြရမည်၊ ဗျသနတရား နှိပ်စက်ခြင်း မခံရသော်လည်း မိမိအောက် စည်းစိမ်ဥစ္စာ နည်းပါးသော ဆွေမျိုး များကိုလည်း ကူညီထောက်ပံ့မှု ပြုသင့်ကြသည်။

**သင်္ဂဟတရား ၄ ပါး**

ဉာတကာနဉ္စ သင်္ဂဟော ပါဠိ၌ သင်္ဂဟောအရ ချီးမြှောက်မှု (သင်္ဂဟတရား) လေးပါးကို သိသင့်သည်။ ချီးမြှောက်မှု သင်္ဂဟတရား လေးပါးမှာ—

၁။ ပေးကမ်းစွန့်ကြဲခြင်း (ဒါန)

၂။ ချစ်ဖွယ်စကားပြောကြားခြင်း (ပိယဝါစနံ)

၃။ အကျိုးစီးပွားကို ဆောင်ရွက်ခြင်း (အတ္ထစရိယာ)

၄။ ကိုယ်နှင့်တန်းတူ ပြုမူဆက်ဆံခြင်း (သမာနတ္တတာ) တို့ ဖြစ်သည်။

**မြတ်စွာဘုရား၏ ဉာတိသင်္ဂဟ**

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က ကပိလဝတ်နှင့် ကောလိယ နှစ်ပြည်ထောင်တို့သည် လယ်စိုက်ပျိုးရန်အတွက် ရောဟိဏီ မြစ်ရေကို ခွဲဝေရာ၌ အငြင်းအခုံ ဖြစ်ကြသည်။

မြစ်ရေအတွက် နှစ်ပြည်ထောင် စစ်ခင်းရန် ရောဟိဏီမြစ်၏ ကမ်းတစ်ဖက်စီ၌ စစ်တပ်ကြီးနှစ်ခု စစ်ခင်းလျက်ရှိနေသည်။ မြတ်စွာဘုရားရှင်သည် ဆွေတော်မျိုးတော်များ သေကြေပျက်စီးကြမည့်အရေးကို သိမြင်တော်မူသဖြင့် ကိုယ်တော်တိုင် တစ်ပါးတည်းကြွတော်မူလာ၍ စစ်တပ်ကြီး နှစ်ခု၏အကြား ရောဟိဏီမြစ်၏ အထက် ကောင်းကင်တွင် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူလျက် ညီညွတ်ရေးတရား ဟောကြားတော်မူရာ ရန်မီးငြိမ်း၍ နှစ်ပြည်ထောင် ချစ်ကြည်မှု ညီညွတ်မှု ပြန်လည်ရရှိခဲ့လေသည်။

တစ်ဖန် ဝိဋူဋဘ မင်းသားသည် ကောသလထီးနန်းကို သိမ်းမြန်း အုပ်စိုးရသောအခါ သာကီဝင်မင်းမျိုးများကို တစ်ယောက်မကျန် သတ်ဖြတ်သုတ်သင်ရန် ကပိလဝတ်ပြည်သို့ စစ်တပ်ကြီးနှင့်တကွ ချီတက်လာသည်။

မြတ်စွာဘုရားရှင်သည် ဆွေတော်မျိုးတော်များ ပျက်စီးမည့်ဘေးကို မြင်တော်မူသဖြင့် ကောသလတိုင်းနှင့် သက္ကတိုင်းနယ်စပ်သို့ ကိုယ်တော် တစ်ပါးတည်း ကြွတော်မူလာ၍ ကောသလတိုင်း နယ်နိမိတ်အတွင်း အရိပ်အာဝါသကောင်းသော ပညောင်ပင်ကြီးအောက်၌ သီတင်းမသုံးဘဲ သာကီဝင်မင်းတို့၏ ပိုင်နက် သက္ကတိုင်း နယ်နိမိတ်အတွင်းရှိ အခက်အရွက် ကျိုးတိုးကျဲတဲရှိသော သစ်ပင်တစ်ပင်အောက်၌ သီတင်းသုံးနေတော်မူသည်။

ဝိဋူဋဘနှင့် စစ်တပ်ကြီးသည် နှစ်နိုင်ငံနယ်စပ်သို့ ရောက်သော အခါ မြတ်စွာဘုရားရှင်ကို တွေ့မြင်ကြ၍ ကောသလတိုင်း နယ်နိမိတ် အတွင်းရှိ ပညောင်ပင်ရိပ်သို့ ကြွရောက်သီတင်းသုံးတော်မူပါရန် လျှောက်ထားသည်။

ထိုအခါ မြတ်စွာဘုရားရှင်က 'ရှိပါစေတော့ မြတ်သော မင်းကြီး၊ ဆွေမျိုးတို့အရိပ်သည် အေးမြပါ၏'ဟု မိန့်တော်မူသည်။ ဝိဋူဋဘသည် ဘုရားရှင်၏ ရည်ရွယ်ချက်ကို သိရှိနားလည်သဖြင့် တပ်ခေါက်ကာ သာဝတ္ထိပြည်သို့ ပြန်သွားခဲ့လေသည်။

ဤနည်းအားဖြင့် မြတ်စွာဘုရားရှင်သည် သုံးကြိမ်တိုင်တိုင် ဆွေမျိုးတို့ကို စောင့်ရှောက်ချီးမြှောက်တော်မူခဲ့သည်။ သို့ရာတွင် သာကီဝင် မင်းမျိုးတို့သည် အတိတ်ကံကြမ္မာဝဋ်ကြွေး ရှိနေသောကြောင့် မြတ်စွာဘုရားရှင်သည် စတုတ္ထကြိမ်မြောက် ကြွရောက်တော် မမူတော့ပေ။

ထို့ကြောင့် ဝိဋ္ဋူဘသည် စတုတ္ထအကြိမ် အောင်မြင်စွာ ချီတက်၍ သာကီဝင်မျိုးတို့ကို တစ်ယောက်မကျန် သုတ်သင်သတ်ဖြတ်ခဲ့လေသည်။

ဤသို့လျှင် မြတ်စွာဘုရားရှင်သည် ဆွေတော်မျိုးတော်များအား စောင့်ရှောက် ချီးမြှောက်မှု၊ အကျိုးစီးပွား ဆောင်ရွက်မှု ပြုတော်မူခဲ့လေသည်။

## ဘုရားအလောင်းတော်၏ ဉာတိသင်္ဂဟ

ရှေးအခါက ဂင်္ဂါမြစ်ညာ ဟိမဝန္တာတောကြီးအတွင်း၌ အနံ့ အရသာနှင့်ပြည့်စုံသော သရက်သီးများကို သီးတတ်သည့် သရက်ပင်ကြီးတစ်ပင်ရှိသည်။ ယင်းသရက်ပင်သည် ဂင်္ဂါမြစ်ကမ်း၌ တည်ရှိသည်။

သရက်သီးမှည့်တစ်လုံးသည် မြစ်အတွင်းသို့ ကြွေကျ၍ မျောပါသွားခဲ့သည်။ ယင်းသရက်သီးမှည့်သည် ဗာရာဏသီပြည် ဘုရင်မင်းမြတ် ရေကစားရန် တားဆီးကာရံထားသော ပိုက်ကွန်၌ လာရောက် ငြိနေသည်။

ဘုရင်မင်းမြတ်အား ဆက်သရာ၌ အရသာကို ဆောင်နိုင်သည့် အကြောပေါင်း ခုနစ်ထောင် စိမ့်သွားအောင် အရသာတွေ့ရသည်။ ယင်းသရက်ပင်ကိုရှာရန် ဗာရာဏသီမင်းကြီးသည် စစ်သည် ဗိုလ်ပါများစွာနှင့်တကွ ဂင်္ဂါမြစ်ညာသို့ ဆန်တက်ခဲ့လေသည်။ သရက်ပင်ကို တွေ့သောအခါ စစ်တပ်ဖြင့် ဝန်းရံ၍ စောက်ရှောက်ထားလေသည်။

ထိုသရက်ပင်မှ သရက်သီးများကို စားနေကျဖြစ်သော မျောက်တစ်အုပ်သည် ညအခါ အစောင့်များအိပ်ပျော်ချိန်၌ တိတ်တဆိတ် လာရောက်၍ သရက်ပင်ပေါ်တက်ပြီး စားသောက်ကြလေသည်။ အစောင့်များနိုးလာ၍ ဓားလှံလက်နက်များ စွဲကိုင်ကာ သရက်ပင်ကို ဝန်းရံထားကြလေသည်။

မျောက်များသည် သေဘေးမှ ထိတ်လန့်တုန်လှုပ်ကာ ကြံရာမရ ဖြစ်နေကြသည်။ ခေါင်းဆောင်ဖြစ်သော မျောက်မင်းသည် ဘုရားအလောင်းတော်ဖြစ်၍ မိမိဆွေမျိုး မျောက်အပေါင်းတို့ကို ရဲရဲဝံ့ဝံ့ သက်စွန့်ကြိုးပမ်းကယ်တင်ရန် အားထုတ်လေသည်။

အလောင်းတော် မျောက်မင်းသည် မြစ်ဘက်ကို ထိုးထွက်နေသော သရက်ပင်ကိုင်းပေါ်မှ မြစ်တစ်ဖက်ကမ်းသို့ ခုန်ကူးလိုက်သည်။ ထို့နောက် တစ်ဖက်ကမ်းမှ သရက်ကိုင်းအထိ မီလောက်သော အရှည်အလျားရှိ နွယ်တစ်ခုကိုဖြတ်၍ အစတစ်ဖက်ကို မြစ်ကမ်းပါးရှိ သစ်ပင်တစ်ပင်၌ ချီလိုက်သည်။ အခြားအစတစ်ဖက်ကို မိမိခါး၌ချီ၍ မြစ်လယ်ခေါင်ရှိ သရက်ပင်ကိုင်းဆီသို့ ခုန်လိုက်သည်။

အလောင်းတော်မျောက်မင်းသည် နွယ်ကြိုး အိတွဲကျမှုကို ထည့်သွင်းတွက်ချက်မှု မပြုမိသဖြင့် နွယ်ကြိုးသည် အနည်းငယ်တိုနေ၍ တစ်ကိုယ်လုံး သရက်ကိုင်းအထိ မရောက်နိုင်တော့ဘဲ လက်ဖြင့်လှမ်းကိုင်မိရုံသာ ဖြစ်နေတော့သည်။ မျောက်မင်းသည် ခါး၌ချည်ထားသော ကြိုးတန်းလန်းဖြင့် သရက်ပင်ကိုင်းကို ဆွဲကိုင်ထားရရှာသည်။

နောက်လိုက်ငယ်သား မျောက်များကို သူ၏ကျောပေါ် နင်း၍ နွယ်ကြိုးအတိုင်း တစ်ဖက်ကမ်းသို့ ကူးသွားကြရန် ညွှန်ကြားလိုက်သည်။ မျောက်များသည် အလောင်းတော် မျောက်မင်းကို ရိုသေစွာ ရှိခိုး၍ မျောက်မင်းကျောပေါ်နင်းပြီး တစ်ဖက်ကမ်းသို့ ကူးသွားလွတ်မြောက်နိုင်ခဲ့ကြသည်။

နောက်ဆုံးကျန်သော ဒေဝဒတ်အလောင်းမျောက်သည် အမြင့်ဆုံးသစ်ကိုင်းပေါ်သို့ တက်ပြီးမှ မျောက်မင်း ကိုယ်ပေါ်သို့ ခုန်ချ၍ နွယ်ကြိုးအတိုင်း ကူးသွားလေသည်။ ထိုမျောက် ခုန်ချလိုက်သော ဒဏ်ဖြင့် အလောင်းတော် မျောက်မင်းသည် အသည်းနှလုံးကြေမွကွဲအက်ကာ သေပွဲဝင်ရရှာသည်။

မိမိအသက်ကို စွန့်ကာ ဆွေမျိုးတို့၏ အကျိုးကို သယ်ပိုးဆောင်ရွက်ခဲ့သော အလောင်းတော်မျောက်မင်း၏ ဉာတိသင်္ဂဟကျင့်စဉ်ကား စံပြုဖွယ်ရာ ဖြစ်ပေသည်။

**ဆွေခုနစ်ဆက်**

ဆွေမျိုးအကျိုးသယ်ပိုးရာ၌ ဆွေမျိုးခုနစ်ဆက် ဆက်နွယ်ပုံကို သိသင့်သည်။ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် ရေတွက်ရာ၌ မိမိကိုအလယ်ထား၍ အထက်သို့ သုံးဆက် အောက်သို့ သုံးဆက်ရေတွက်သည်။ အထက်သို့ အဘ၊ အဘိုး၊ အဘေး၊ အောက်သို့ သား၊ မြေး၊ မြစ် ဟု ရေတွက်ကြသည်။

တစ်ဖန် အထက်သို့ ခုနစ်ဆက် ရေတွက်ပုံမှာ ဘ၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင်၊ ဘောင်၊ ဘက်ဟူ၍ ဖြစ်သည်။ မဃဒေဝလင်္ကာအလိုအရ မိမိအဖ၊ အဖိုး၊ အဖေး၊ အဖွဲ့၊ အဖွေး၊ အဖော် ဟူ၍ ရေတွက်ရသည်။ အောက်သို့ ခုနစ်ဆက်ရေတွက်ပုံမှာ သား၊ မြေး၊ မြစ်၊ တီ၊ တွတ်၊ ကျွတ်၊ ဆတ် ဟူ၍ ဖြစ်သည်။ တစ်နည်းအားဖြင့် မဃဒေဝ လင်္ကာအရ မိမိ၊ သား၊ မြေး၊ မြစ်၊ တီ၊ မျှော၊ ကျွတ်ဟူ၍ ရေတွက်ရသည်။

ဆွေမျိုးဟု ဆိုရာ၌ မိမိနှင့်သွေးသားတော်စပ်သော ဆွေမျိုးသားချင်း တစ်စုကိုသာ မယူဘဲ မိမိနှင့် အမျိုးအနွယ်တူသော၊ ဘာသာစကားတူသော၊ အယူဝါဒတူသော၊ တမြေတည်းနေ တရေတည်းသောက်နိုင်ငံသား အားလုံးကို ဆွေမျိုးဉာတကာဟု မှတ်ယူရမည်။

ထို့ကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် သူ့ကျွန်ဘဝမှ လွတ်မြောက်အောင် လွတ်လပ်ရေးရရှိအောင် သက်စွန့်ကြိုးပမ်းဆောင်ရွက် ခဲ့သော ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသည့် အာဇာနည်ခေါင်းဆောင်ကြီး များသည် ဘုရားအလောင်းတော်ကြီးများနည်းတူ ဉာတကာနဥ္စ သင်္ဂဟော မင်္ဂလာတရားတော်ကို စံပြ လိုက်နာ ကျင့်သုံးခဲ့ကြပေသည်။

ရရှိပြီးသော လွတ်လပ်ရေးကြီး မဆုံးရှုံးရလေအောင် သက်စွန့် ကြိုးပမ်း ကာကွယ်စောင့်ရှောက်နေကြသော ပုဂ္ဂိုလ်များသည်လည်း ဤမင်္ဂလာတရားတော်ကို လက်တွေ့လိုက်နာ ကျင့်သုံးနေကြသူများ ဖြစ်ကြောင်း ထင်ရှားလှပေသည်။

အထူးသတိပြုရန်မှာ မိမိရောက်ရှိနေသည့် အဆင့်အတန်း၊ ထမ်းဆောင်နေသည့် တာဝန်ဝတ္တရားများနှင့် လိုက်လျောညီစွာ ဆွေမျိုး ဉာတိအသိုက်အဝန်း နယ်ပယ်ကို ကျယ်နိုင်သမျှ ကျယ်ဝန်းစေရမည်။

ရပ်ကွက်ကျေးရွာ အဆင့်ကို ဦးဆောင်နေရသော ပုဂ္ဂိုလ်သည် မိမိညီအစ်ကို မောင်နှမ သွေးသားနီးစပ်သူတစ်စုကိုသာ ဆွေမျိုးဉာတိအဖြစ် မသတ်မှတ်ရ၊ ရပ်ကွက်တစ်ခုလုံး တစ်ရွာလုံးရှိ လူအားလုံးတို့ကို ဆွေမျိုးဉာတိအဖြစ် သတ်မှတ်ချီးမြှောက် ထောက်ပံ့ရမည်။

အလားတူပင် နိုင်ငံတော်အဆင့်၌ တာဝန်ထမ်းဆောင်ကြရသော ပုဂ္ဂိုလ်များသည်လည်း မိမိသွေးသား တော်စပ်သူတစ်စုကိုသာ ဆွေမျိုးဉာတိအဖြစ် မသတ်မှတ်ဘဲ နိုင်ငံသားအားလုံးကို ဆွေမျိုးဉာတိ အဖြစ် သတ်မှတ်ကာ ချီးမြှောက်ထောက်ပံ့မှု၊ ကာကွယ်စောင့်ရှောက်မှု၊ အကျိုးစီးပွား ဆောင်ရွက်မှုပြုမှသာလျှင် ဉာတကာနဥ္စ သင်္ဂဟော မင်္ဂလာ တရားတော်ကို လိုက်နာရာ ရောက်ပေသည်။

# မင်္ဂလာ (၁၇)

၁၇။ **အနဝဇ္ဇကမ္မ မင်္ဂလာ** အပြစ်ကင်းသော အမှုကိုပြုလုပ်ခြင်းသည် ကောင်းမြတ်သော မင်္ဂလာဖြစ်သည်။

လောက၌ အပြစ်ရှိသော အလုပ်နှင့် အပြစ်ကင်းစင်သော အလုပ်ဟူ၍ နှစ်မျိုးရှိ၏။ အဘိဓမ္မာဝေါဟာရအားဖြင့် အကုသိုလ်အလုပ်နှင့် ကုသိုလ်အလုပ်ဟု ခေါ်ဆို၏။

အကုသိုလ်အလုပ်သည် အပြစ်ရှိ၍ လူအပေါင်းက မနှစ်သက်သဖြင့် မင်းအစိုးရတို့က အရေးယူပြစ်ဒဏ်ပေးရ၏။ သတ်ဖြတ်လုယက်ခိုးဝှက်မှု၊ လူမှုရေးဖောက်ပြန်မှု၊ လိမ်လည်မှု၊ မူးယစ်ဆေးဝါးသုံးစွဲမှုများကျူးလွန်သူများကို အရေးယူအပြစ်ပေးကြရ၏။ ထို့ကြောင့် အပြစ်ရှိသောအလုပ်များသည် မည်သည့်အလုပ်မျိုး ဖြစ်သည်မှာ ထင်ရှားပေပြီ။

အပြစ်မရှိသော အလုပ်ဟူသည်မှာ ဥပုသ်သီလ စောင့်ထိန်းခြင်း၊ စေတနာ့ဝန်ထမ်း သူနာပြုခြင်း၊ ဆေးကုခြင်း၊ မီးဘေးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ခြင်း၊ လမ်းဖောက် လမ်းပြင် လမ်းရှင်းခြင်း၊ တံတားဆောက်၊ တံတားပြင်၊ ရေတွင်း ရေကန်များ တူးဖော်ခြင်း၊ ရေချမ်းစင်ဆောက်ခြင်း၊ ဇရပ်ဆောက်ခြင်း၊ အရိပ်ပင်နှင့် အသီးပင်များစိုက်ပျိုးခြင်းတို့ ဖြစ်သည်။ ဤအမှုများသည် သတ္တဝါ အပေါင်းချမ်းသာကြောင်းဖြစ်၍ အပြစ်မရှိသော အမှု(အနဝဇ္ဇကမ္မ)မည်၏။

ဤနေရာ၌ လွန်ခဲ့သောနှစ်ပေါင်း ၂၃၀၀ ကျော်က ကမ္ဘာ့သမိုင်းတွင် ထင်ရှားကျော်ကြားသော သာသနာပြု သီရိဓမ္မာသောကမင်းကြီးသည် အနဝဇ္ဇကမ္မမင်္ဂလာကို မည်မျှလိုက်နာဖြည့်ကျင့်ခဲ့သည်ကို အသောကကျောက်စာ အမှတ်(၂) အကျဉ်းချုပ်ကို ဖော်ပြလိုပါသည်။

အသောက မင်းတြားကြီးသည် လူဆေးကုဌာန၊ တိရိစ္ဆာန် ဆေးကုဌာနတို့ ကို ဖွင့်လှစ်ထားရှိအပ်လေပြီ။ ထို့ ပြင် လူတို့အားလည်းကောင်း၊ သားငှက်တိရစ္ဆာန်တို့အား လည်းကောင်း အသုံးဝင်သော ဆေးပင်ဝါးပင်တို့ကို ထိုထိုအရပ်တို့ ၌ ဆောင်ယူ စိုက်ပျိုးစေအပ်ကုန်၏။ ထို့ပြင် ခေါင်းပါးသော အရပ်ဒေသတို့၌ သစ်မြစ်သစ်ဥ သစ်ဖု သစ်သီးများ ဖြစ်ထွန်းစေရန် သီးပင် စားပင်များ စိုက်ပျိုးအပ်ကုန်၏။ ထိုမှတစ်ပါး ခရီးလမ်းတို့ ၌ ခရီးသည်များနှင့် သားငှက်တိရစ္ဆာန်များ နားခိုမှီဝဲ သုံးဆောင် နိုင်စေရန် သစ်ပင် အမျိုးမျိုးစိုက်ပျိုးထားရှိလေသည်။ ရေတွင်းရေကန်တို့ကိုလည်း တူး ဖော်ဆည်ဖို့ထားစေအပ်ကုန်၏။

ထို့ ပြင် ဓမ္မပဒအဋ္ဌကထာ မဃဝတ္ထုတွင် ရှေးအခါက မဂဓတိုင်း၊ မစလရွာသား မဃလုလင်သည် စိတ်တူကိုယ်တူ လူငယ် သုံးဆယ့်သုံး ယောက်တို့ နှင့်အတူ ရပ်ရွာ သာရေး နာရေး ကိစ္စများကို ကူညီဝိုင်းဝန်း ပြုလုပ်ကြသည်။

ရွာလမ်းမများကို အမှိုက်သရိုက် လှည်းကျင်း ရှင်းလင်းကြသည်။ ခလုတ်ကန်သင်း ဆူးငြောင့်များ ဖယ်ရှား၍ တွင်းကျင်းနှင့် ချိုင့်ခွက်များကို ဖို့၍ မြေညှိပေးကြသည်။ တံတား ဆောက်ပေးကြသည်။

ခရီးသည်များ နားနေရန် လမ်းမကြီးများဘေး၌ အရိပ်ပင်များ စိုက်ပျိုးခြင်း၊ ဇရပ်ဆောက်ခြင်း အနားယူရန် ခုံရှည်တန်းလျားများ တည်ဆောက်ခြင်း၊ ရေအိုးစင်တည်ခြင်း၊ ရေတွင်း ရေကန် တူးဖော်ခြင်းများ ပြုလုပ်ကြသည်။

ဤကဲ့သို့ အများကောင်းကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ကြသဖြင့် ၎င်းတို့ ကွယ်လွန်ကြသောအခါ မဃလုလင် တာဝတိံသာ နတ်ပြည်၌ သိကြားမင်းဖြစ်၍ ကျန် သုံးဆယ့်နှစ်ဦးတို့သည်လည်း သိကြားမင်း၏ အခြံအရံနတ်မင်းကြီးများ ဖြစ်လာကြသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံသူနိုင်ငံသားများသည် မဃလုလင်ကို အတုယူ၍ လည်းကောင်း၊ သီရိဓမ္မာသောက မင်းကြီးကို အတုယူ၍ လည်းကောင်း သတ္တဝါအများ ချမ်းသာစေကြောင်းအတွက် လမ်းဖောက်၊ တံတားဆောက်၊ ရေတွင်း ရေကန်တူးဖော်ဆည်ဖို့ရာ၌ ငွေအား လူအား စွမ်းနိုင်သမျှ ပါဝင်ဆောင်ရွက်လေ့ရှိကြသည်။

ကုသိုလ်ရသည်ဟူသော ယုံကြည်ချက်ကြောင့် ကျွန်ုပ်တို့သည် အများကောင်းကျိုးဆောင်ရွက်ရာ၌ ပင်ပန်းသည်ဟု မထင်ကြ၊ ကုန်ခန်းသည်ဟု မထင်ကြ။ တစ်ဦးချင်းလုပ်နိုင်သည့် ရေချမ်းစင်တည်ခြင်း၊ အရိပ်ပင် စိုက်ခြင်းများကို သားစဉ်မြေးဆက် ဆောင်ရွက်လျက် ရှိနေကြပေဦးမည်။

ဤခေတ်၌ အခမဲ့ ကုသပေးသည့် ပြည်သူ့ဆေးရုံများ ဖွင့်လှစ်ထားရှိခြင်း၊ ဘိုးဘွားရိပ်သာများ ဖွင့်လှစ်ထားရှိခြင်း၊ ပြည်သူ့ အပန်းဖြေပန်းခြံပန်းဥယျာဉ်များ တည်ဆောက်ဖွင့်လှစ်ထားရှိခြင်း၊ လမ်းများကို အမှိုက်ရှင်းခြင်း၊ အမှိုက်မရှိအောင် စီမံခြင်း၊ မြောင်းပုပ် ဆယ်ခြင်း၊ ပြည်သူ့ ကျန်းမာရေးအတွက် လေကောင်းလေသန့်၊ ရေကောင်း ရေသန့်ရအောင်၊ ကူးစက်ရောဂါကင်းဝေးအောင် ဆောင်ရွက်နေကြခြင်း များသည် မြတ်စွာဘုရားဟောတော်မူခဲ့သည့် အနုဝဇ္ဇကမ္မ မင်္ဂလာကို ဖြည့်ကျင့် နေကြခြင်းဖြစ်ပေသည်။

ဝေယျာဝစ္စအမှုပြုရာ၌လည်း ဗုဒ္ဓဝေယျာဝစ္စ၊ ဓမ္မဝေယျာဝစ္စ၊ သံဃဝေယျာဝစ္စ၊ မိဘ ဆရာ ဝေယျာဝစ္စများ နေ့ရှိသရွေ့ ဆောင်ရွက်လျက် ရှိကြသည်။ ဘုရားရှင်၏ သရီရဓာတ် မွေတော်မြတ်တို့ ကိန်းဝပ်တော်မူရာ စေတီတော်၌ တံမြက်လှည်းခြင်း၊ မြက်များသုတ်သင်ရှင်းလင်းခြင်း၊ စေတီတော်များ ပျက်စီးဟောင်းနွမ်း မကောင်းသည်ကို ကြည်ညိုဖွယ် ဖြစ်အောင်ပြုပြင်ခြင်း၊ စေတီတော်၏ ဘဏ္ဍာတော် အသုံးအဆောင်များကို

မပျက်စီး မပျောက်ပျက်စေရန် ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မဟာဗောဓိပင်၌ တံမြက်လှည်းခြင်း၊ ရေလောင်းခြင်း စသော ဗောဓိယင်္ဂဏဝတ်။

ပိဋကတ်စာပေ အက္ခရာများကို ပိုး၊ ရွှ၊ ခြ၊ ကြွက်စသည်တို့ မဖျက်ဆီးစေရန် ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ခြင်း ဓမ္မစေတီယင်္ဂဏဝတ်။

သံဃာတော် အရှင်သူမြတ်တို့၏ အာရာမ် ကျောင်း ကန် ပရဝုဏ်၌ တံမြက်လှည်းခြင်း၊ သောက်တော်ရေ သုံးဆောင်တော်ရေ တည်ထားခြင်း စသော ရဟန်းသံဃာတော်တို့၏ ထိုထိုအမှုကိစ္စဟူသမျှကို ဆောင်ရွက်ခြင်း သေနာသန သံဃာဝတ်။

ဆရာသမားတို့အား အိပ်ရာနေရာ သုတ်သင် ရှင်းလင်း ခင်းကျင်း ပြုပြင် စီရင်ပေးခြင်းစသော အာစရိယဝတ်။

မိဘနှစ်ပါးတို့၏ ပြုဖွယ်ကိစ္စဟူသမျှတို့၌ အမြဲမပြတ် ဆောင်ရွက် ပေးခြင်း စသော မာတာပိတုဝတ်။

အသက်သိက္ခာ ဂုဏ်ဝါကြီးမားသော သူတို့၏ အမှုကြီးငယ်တို့ကို ဆောင်ရွက်ခြင်း၊ အများသူငါ သွားရာလမ်းများ၌ တံမြက်လှည်းခြင်း၊ မြက်များကို သုတ်သင်ရှင်းလင်းခြင်း၊ မကျန်းမမာ ဖျားနာသော သူတို့အား ပြုစုစောင့်ရှောက်ခြင်း၊ သူတစ်ပါးတို့ ကုသိုလ်ကောင်းမှု ပြုလုပ်ရာ၌ ကူညီဆောင်ရွက်အားထုတ်ခြင်း စသည်ဖြင့် ဝေယျာဝစ္စ ကုသိုလ်များသည် အနဝဇ္ဇကမ္မ မင်္ဂလာမည်၏။

ဝေယျာဝစ္စ ကုသိုလ်၏ အကျိုးတရားနှင့် ပတ်သက်၍ သာဓက တစ်ရပ် တင်ပြလိုပါသည်။

> မြတ်စွာဘုရားရှင် လက်ထက်တော်အခါက ပါယာသိ မည်သော ဗော်ဘွားကြီးသည် နေ့စဉ် မပြတ် အရပ်ရပ်မှ ကြွလာတော်မူကြသော သံဃာတော်များအား အမြဲမပြတ် ဆွမ်းဘောဇဉ်များကို ဆက်ကပ်လုပ်ကျွေးအလှူပေး၍ နေပေသည်။

သို့သော် ကိုယ်တိုင်ကိုယ်ကျ သာဟတ္ထိက ဒါနမြောက် ပြုစုလုပ်ကျွေးခြင်းမပြု။ ဥတ္တရ မည်သော လုလင်အား မိမိကိုယ်စား လှူဒါန်းဆက်ကပ်ဖို့ရန် လိုအပ်သော ပစ္စည်းများကို ထုတ်ပေး၍ လွှဲအပ်ထားခြင်း ဖြစ်ပေသည်။

ဥတ္တရလုလင်သည် မိမိပစ္စည်းဥစ္စာ တစ်စိုးတစ်စိ မပါရှိဘဲ စော်ဘွားကြီး၏ ဥစ္စာဘဏ္ဍာဖြင့်သာ လှူဒါန်းဆက်ကပ်ပူဇော် ရပါသော်လည်း စိတ်စေတနာ သဒ္ဓါတရား ကောင်းမွန်စွာဖြင့် ရှိသေလေးစားစွာ ဆက်ကပ်လှူဒါန်းလေသည်။ လုပ်ဖော်ကိုင်ဖက် များကို နိုးဆော်တိုက်တွန်း၏။

ထိုသူနှစ်ဦးတို့ စုတေပျက်ကြွေ သေလွန်ရသည် ရှိသော် အလှူရှင် ပါယာသိ စော်ဘွားကြီးကား စတုမဟာရာဇ်ဘုံ၌ဖြစ်၏။ ဝေယျာဝစ္စ ကုသိုလ်မြတ်ကြောင့် ဥတ္တရလုလင်ကားစတုမဟာရာဇ် ဘုံ၏အထက် တာဝတိံသာ နတ်ပြည်၌ ဖြစ်ရလေသည်။

အနုဝဇ္ဇကမ္မ(အပြစ်မရှိသောအမှု) ကုသိုလ်အမှုများကို ကိုယ်တိုင်လည်း ပြုလုပ်ရမည်။ သူတစ်ပါးတို့ ပြုလုပ်စေရန်လည်း တိုက်တွန်းနိုးဆော်ရမည် ဖြစ်ပေသည်။

အာရတိ ဝိရတိ ပါပါ၊ မဇ္ဇပါနာ စ သံယမော
အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလမုတ္တမံ။

## အာရတိ ဝိရတိ

မကောင်းမှုတွေ ဟူသမျှကို၊
မတွေ့ခင်က ရှောင်ကြဉ်လေ။
တွေ့ကြုံလာလျှင် မလွန်ကျူးနဲ့၊
အထူးသဖြင့် စောင့်စည်းနေ။
အရက်သေစာ မသောက်စားနဲ့၊
မှောက်မှားတတ်တဲ့ အရာပေ။
လုပ်ကိုင်ပြောကြား သတိထား၊
တရားမမေ့စေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

## မင်္ဂလာ (၁၈)

၁၈။ **အာရတိ ပါပါမင်္ဂလာ** မကောင်းမှုမှ ဝေးစွာ ရှောင်ကြဉ်ခြင်းသည် ကောင်းမြတ်သောမင်္ဂလာမည်၏။

မကောင်းမှုဟူသည်မှာ ကာယဒုစရိုက် သုံးပါး၊ ဝစီဒုစရိုက် လေးပါး၊ မနောဒုစရိုက် သုံးပါးတို့ကို ဆိုလိုသည်။

ယင်းဒုစရိုက်သုံးမျိုးအနက် ကာယဒုစရိုက်နှင့် ဝစီဒုစရိုက်တို့ကို ရှောင်ကြဉ်ခြင်းသည်(အာရတီ)ဝေးစွာရှောင်ကြဉ်သည် မည်၏။

တစ်နည်းအားဖြင့် အကုသိုလ်ဒုစရိုက် အမှု လွန်ကျူးစေနိုင်သည့် ပတ်ဝန်းကျင် အသိုက်အဝန်း အပေါင်းအသင်းတို့ကို ရှောင်ကြဉ်ခြင်းသည် (အာရတီ) ဝေးစွာရှောင်ကြဉ်သည် မည်၏။

လွန်ကျူးနိုင်သည့် အခြေအနေမျိုးသို့ မရောက်စေရန် ကြိုတင်၍ ရှောင်ကြဉ်ခြင်း ဖြစ်သည်။

| | |
|---|---|
| ပါဏာတိပါတ | = သတ်ဖြတ်ညှဉ်းဆဲမှု ဖြစ်နိုင်သော၊ ဖြစ်တန်ရာသော အခြေအနေသို့ မရောက်ရှိရအောင် မိမိကိုယ်ကို စောင့်ထိန်းရမည်။ |
| အဒိန္နာဒါန | = ခိုးဝှက်လုယူမှု ဖြစ်နိုင်သော၊ ဖြစ်တန်ရာသော အခြေအနေသို့ မရောက်ရအောင် မိမိကိုယ်ကို စောင့်ထိန်းရမည်။ |
| ကာမေသုမိစ္ဆာစာရ | =လူမှုရေး ဖောက်ပြန်မှု အိမ်ထောင်ရေး ဖောက်ပြန်မှုဖြစ်နိုင်သော၊ ဖြစ်တန်ရာသော အခြေအနေသို့ မရောက်ရှိရအောင် မိမိကိုယ်ကို စောင့်ထိန်းရမည်။ |

အလားတူပင် –

မုသာဝါဒ = လိမ်လည်မှု
ပိသုဏာဝါစာ = ကုန်းတိုက်မှု
ဖရုသဝါစာ = ဆဲရေးခြိမ်းခြောက် ကြိမ်းမောင်းမှု
သမ္ဖပ္ပလာပ = စကားဖျင်း ပြောဆိုမှု

စသည်များဖြစ်နိုင်သော ဖြစ်တန်ရာသော အခြေအနေသို့ မရောက်ရှိရအောင် စောင့်ထိန်းကြရမည်။ ကြိုတင်၍ ရှောင်ကြဉ်ရမည်။ အငွေ့ ကိုရှောင်နိုင် သော်လည်း အတွေ့ ကိုမှု ရှောင်နိုင်ခဲသည်၊ ထို့ ကြောင့် မကောင်းမှုကို အဝေးကပင် ကြိုတင်ရှောင်ကြဉ်ခြင်းသည် အကောင်းဆုံး ဖြစ်၍ **အာရတီမင်္ဂလာ** ဟု ဆိုထားခြင်းဖြစ်ပေသည်။



အရက်သမားတို့၏ နားရွက်၊ နှုတ်ခမ်းထူပြီး မျက်နှာနီ၍ ထွက်လာသည်ကို တွေ့ ရသည်။ အချို့ အရက်သမားများမှာ ခြေချောင်း၊ လက်ချောင်း ကလေးများ/ ပြတ်ကြွေကျသည်ကို တွေ့ ရသည်။

ထို့ ကြောင့် ကုသိုလ်ရေး၊ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး များကို ဖျက်ဆီးတတ်သည့် သေရည်အရက်၊ ဆေးခြောက်၊ ဘိန်း စသော မူးယစ်ဆေးဝါးများကိုမမှီဝဲ မသုံးစွဲမိအောင် စောင့်ထိန်း သင့်ကြပေသည်။

## မင်္ဂလာ (၁၉)

၁၉။ **ဝိရတိ ပါပါမင်္ဂလာ** မကောင်းမှုဒုစရိုက်မှ အထူးရှောင်ကြဉ်ခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ တည်းဟူသော မနောဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်ခြင်းသည် (ဝိရတိ) အထူးရှောင်ကြဉ်ခြင်း ဖြစ်သည်။

တစ်နည်းအားဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းနှင့်စပ်လျဉ်း၍ ကာယဒုစရိုက်၊ ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်ခြင်းသည် (ဝိရတိ) အထူး ရှောင်ကြဉ်ခြင်းဖြစ်၏။

တစ်နည်းအားဖြင့် ကျူးလွန်ရန် အလွယ်တကူ လက်တစ်ကမ်းအတွင်းရောက်ရှိနေသော ကျူးလွန်ဖွယ်ရာ အာရုံဝတ္ထုကို နဖူးတွေ့ဒူးတွေ့ တွေ့ရှိ ရရှိနေပါလျက် မကျူးလွန်ဘဲ ရှောင်ကြဉ်နိုင်ခြင်းသည် (ဝိရတိ) အထူးရှောင်ကြဉ်ခြင်းဖြစ်၏။

ဥပမာအားဖြင့် မိမိလက်ထဲတွင် သတ်နိုင်သည့် လက်နက်ထားရှိ၍ အသတ်ခံရမည့် ရန်သူသည် အတားအဆီး အကာအကွယ်မရှိဘဲ မိမိပြုသမျှနရမည့် အခြေအနေမျိုးတွင် မသတ်ဖြတ် မနှိပ်စက်ဘဲ နေနိုင်ခြင်းသည် ဝိရတိပါပါ မည်၏။ အစောင့်အရှောက် ကင်းမဲ့နေသော သူတစ်ပါးပစ္စည်းကို လွယ်လွယ်ကူကူ ရယူနိုင်ပါလျက် မယူဘဲနေခြင်းသည် ဝိရတိပါပါမည်၏။ ဤသို့စသည်ဖြင့် အကျယ်ချဲ့၍ သိနိုင်ပြီဖြစ်သည်။

**ဝိရတိသုံးမျိုး**

ဝိရတိသည် –

(၁) သမာဒါနဝိရတိ၊

(၂) သမ္ပတ္တဝိရတိ၊

(၃) သမုစ္ဆေဒ ဝိရတိ

ဟူ၍သုံးမျိုးရှိသည်။ ကျူးလွန်ဖွယ်ရာ အာရုံဝတ္ထုများကို မတွေ့ကြုံရမီကပင်လျှင် ဘုရားရှေ့မှောက်၌လည်းကောင်း၊ သံဃာတော်

ရှေ့မှောက်၌လည်းကောင်း၊ မိဘ ဆရာသမား ရှေ့မှောက်၌ လည်းကောင်း ဤအချိန်မှစ၍ မည်သည့်ကာလပတ်လုံး ဒုစရိုက်အမှုကို မပြုတော့ပါဟု ဆောက်တည်ခြင်း၊ စိတ်ကို ဆုံးဖြတ်၍ အဓိဋ္ဌာန် ပြုခြင်းသည် သမာဒါန ဝိရတီ မည်၏။ ဥပမာအားဖြင့် ငါးပါးသီလ၊ ရှစ်ပါးသီလ စသည်တို့ ကို ဆောက်တည် ထိန်းသိမ်းခြင်း ဖြစ်သည်။ထိုကဲ့သို့ ကြိုတင် ဆောက်တည်မှု မရှိဘဲ တွေ့ကြုံသည့် ခဏ၌ မလွန်ကျူးဘဲ ရှောင်ကြဉ်ခြင်းသည် သမ္ပတ္တဝိရတီ မည်၏။ မကောင်းမှု ဒုစရိုက် မှန်သမျှကို ဘဝသံသရာ ဆုံးသည်အထိ ဘယ်သောအခါမှ မလွန်ကျူးတော့ဘဲ အပြီးအပြတ် အမြစ်ပြတ်ရှောင်ကြဉ်ခြင်းသည် သမုစ္ဆေဒဝိရတီမည်၏။ သမုစ္ဆေဒ ဝိရတီသည် မဂ်ဉာဏ်ဖြင့် ကိလေသာကို အကြွင်းမဲ့ ပယ်သတ်ခြင်း ဖြစ်သည်။

**သမာဒါနဝိရတီ**

မိမိခံယူဆောက်တည်ထားသော သီလမပျက်စီးရအောင် မကောင်းမှုမှ ရှောင်ကြဉ်ခြင်းသည် သမာဒါနဝိရတီ မည်၏။ ရှေးအခါ သီဟိုဠ်ကျွန်း၌ ဥပါသကာတစ်ဦးသည် မထေရ်ကြီးတစ်ပါးထံ၌ ဥပုသ်သီလ ခံယူဆောက်တည်ခဲ့သည်။ ထို့နောက်နွားပျောက်ရှာရန် တောထဲသို့ ထွက်လာခဲ့ရာ တောင်ပေါ်တစ်နေရာ၌ စပါးကြီးမြွေတစ်ကောင် နှင့်တွေ့၍ ရစ်ပတ်ခြင်းခံရသည်။ ထိုအခါ ဥပါသကာသည် လက်ထဲ၌ပါလာသော ဓားမဖြင့် ခုတ်ပိုင်းရန် ရွယ်လိုက်ပြီးမှ မိမိခံယူ ဆောက်တည်ထားသော သီလကို သတိရ၍ အသက်ကိုသာ စွန့်မည်၊ သီလကိုအပျက်မခံနိုင်ဟု ဆုံးဖြတ်လျက် ဓားမ ကိုလွှင့်ပစ်လိုက်သည်။ ယင်း၏သီလ အရှိန်ကြောင့် စပါးကြီး မြွေ သည် အခွေ ကိုဖြေ ၍ ထွက် သွား လေတော့ သည်။ (အဋ္ဌသာလိနီ - ၁၄၆)

**သမ္မတ္တဝိရတိ**

သီလကို ခံယူဆောက်တည်ထားခြင်း မရှိဘဲ ကျူးလွန်ဖွယ်ရာ ဝတ္ထုအာရုံနှင့် ပက်ပင်း ရုတ်တရက် တွေ့ကြုံရသည့်အခါ မကျူးလွန်ဘဲ ရှောင်ကြဉ်နိုင်ခြင်းသည် သမ္ပတ္တဝိရတိ မည်၏။

ရှေးအခါ သီဟိုဠ်ကျွန်း၌ စက္ကန အမည်ရှိ ဥပါသကာ တစ်ဦးသည် ၎င်း၏မိခင်ရောဂါမှာ ယုန်သား လတ်လတ်ဆတ်ဆတ် ချက်စားရမှသာ ပျောက်ကင်းမည်ဟု ဆေးဆရာများ၏ ပြောပြချက်အရ ယုန်ရှာရန် လယ်တောသို့ ထွက်ခဲ့သည်။

လယ်တော၌ စပါးနုံနုနုများကို စားရန်လာနေသော ယုန်သူငယ်တစ်ကောင်သည် စက္ကနဥပါသကာကို မြင်သောအခါ လန့်ဖြတ်ထွက်ပြေးလေသည်။ ယုန်ငယ်သည် နွယ်တစ်ခု၌ ငြိနေ၍ မပြေးနိုင်ဘဲ ထိတ်လန့်တုန်လှုပ်နေရှာသည်ကို တွေ့မြင်ရသော စက္ကနသည် ယုန်ငယ်ကို နွယ်မှဖြုတ်၍ မိခင်ရောဂါအတွက် ဆေးရပြီဟု ဝမ်းသာသွားသည်။ သို့သော် ဥပါသကာသည် ငါ့မိခင် အသက်ရှင်ရေးအတွက် အခြားသတ္တဝါ၏အသက်ကို သတ်ခြင်းမှာ မသင့်လျော်ပါတကားဟု စဉ်းစားမိသဖြင့် မသတ်တော့ဘဲလွှတ်လိုက်သည်။

ဥပါသကာသည် အိမ်သို့ ပြန်ရောက်သောအခါ အိပ်ရာထဲလဲနေသော မိခင်ကြီး၏ လက်ကိုကိုင်၍ ဤသို့ သစ္စာဆို၏။ "ငါသည်မွေးဖွားလာသည်မှစ၍ သတ္တဝါ၏ အသက်ကို သေစေလိုသော စေတနာဖြင့် မသတ်ခဲ့ဖူးပါ၊ ဤစကားမှန်လျှင် မိခင်၏ရောဂါသည် ချက်ချင်းပျောက်ကင်းပါစေသတည်း" ဟု ဆို၏။ ထိုသစ္စာစကားကြောင့် မိခင်၏ ရောဂါမှာ ချက်ချင်း ပျောက်ကင်းသွားလေသည်။

## ကုသိုလ်နှင့်အကုသိုလ် ကြားခံနယ်

အချို့က အကုသိုလ်ဒုစရိုက်မှု တစ်စုံတစ်ရာကိုမျှ မပြုလုပ် မကျူးလွန်ဘဲ နေလျှင် ကုသိုလ်ဖြစ်နေသည်ဟု ယူဆကြသည်။ ဥပမာအားဖြင့် အိပ်ပျော်နေသူများမှာ အကုသိုလ် ဒုစရိုက် ကျူးလွန်ခြင်း မရှိသဖြင့် ကုသိုလ်တရားတွေ ဖြစ်နေသည်ဟု ထင်မှတ်ကြသည်။ အမှန်စင်စစ် အိပ်ပျော်နေသူများမှာ ကုသိုလ်စိတ်လည်းမဖြစ်၊ အကုသိုလ်စိတ်လည်းမဖြစ်၊ ကြားခံစိတ်တစ်မျိုးဖြစ်သော အဗျာကတစိတ် ဖြစ်နေခြင်း ဖြစ်သည်။

သင်္ချာအရာ၌ ဒေါင်လိုက်မျဉ်းတစ်ကြောင်းကို အလယ်မှ ဖြတ်၍ အမှတ်တစ်ခုမှတ်သား၍ ယင်းအမှတ်၏ အောက်ဘက်သို့အနုတ်တစ် (–၁) အနုတ်နှစ် (–၂) စသည်ဖြင့် ပိုင်းခြားမှတ်သား၍ အောက်သို့ ဆင်းလိုက်တိုင်း ဆင်းလိုက်တိုင်း အနုတ်အရေအတွက် တိုးပွားများပြား လာမည်။

အလယ်အမှတ်၏ အထက်တွင် အပေါင်းတစ်(+၁)၊ အပေါင်းနှစ် (+၂)စသည်ဖြင့် အထက်သို့ တက်တိုင်း အပေါင်းအရေအတွက် တိုးပွား များပြားလာမည်။ ယင်းအပေါင်းနှင့် အနုတ်တို့၏ အလယ်မှတ်သည် အပေါင်းလည်းမဟုတ် အနုတ်လည်းမဟုတ်၊ အင်အားချိန်ခွင်လျှာ ညီနေသော သုညနယ်ပယ်၊ သုညအမှတ်သားဖြစ်သည်။

ထို့ကြောင့် အဗျာကတစိတ်သည် အပေါင်းနှင့် အနုတ်တို့၏ ကြားခံနယ်မြေအလယ်အမှတ် သုညအမှတ်နှင့်တူသည်။ အနုတ်လက္ခဏာ အကုသိုလ်လည်းမဟုတ်၊ အပေါင်းလက္ခဏာ ကုသိုလ်လည်းမဟုတ်၊ အပေါင်းအနုတ်တို့၏ အလယ်၌တည်သော သုညကဲ့သို့ အဗျာကတစိတ် သည် ကုသိုလ်နှင့်အကုသိုလ်တို့၏ ကြားခံဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် အနုတ်လက္ခဏာ နယ်ပယ်မှ လွတ်မြောက်ရုံမျှဖြင့် ရပ်တန့်နေလျှင် သုညမျဉ်းပေါ်၌သာ ရှိနေပေမည်။

ကုသိုလ်အမှုကိုလည်းမပြု၊ အကုသိုလ်အမှုကိုလည်းမပြုဘဲ (ဝါ)ကောင်းမှု ကိုလည်းမပြု၊ မကောင်းမှုကိုလည်း မပြုဘဲ အေးအေးဆေးဆေးနေသူသည် သုညများကြောင်း၌သာ ရပ်တည်နေမည်ဖြစ်၏။ သုညများကြောင်းမှ အထက် အပေါင်းလက္ခဏာနယ်ပယ်သို့ ရောက်အောင် ကောင်းမှုကုသိုလ် များကို ကြိုးစားပြုလုပ်ကြရမည်ဖြစ်ပေသည်။

အာရတီပါပါ၊ ဝိရတီပါပါ မင်္ဂလာကျင့်စဉ်ဖြစ်သော မကောင်း မှု ရှောင်ကြဉ်ခြင်းသည် သုညများပေါ်၌ ရှိနေခြင်းမဟုတ်။ တစ်စုံတစ်ရာ မပြုလုပ်သည့် အဗျာကတစိတ်မျိုးမဟုတ်။ လွန်ကျူးလိုသည့် စိတ်ဆင်ရိုင်း ကို ထိန်းကွပ်ဆုံးမသည့် ကုသိုလ်စိတ်ဖြစ်သည်။ (ဝါ) ရေစုန်တွင် မျောပါမသွားစေရန် လှေကို ရေဆန်လှော်ခပ်နေခြင်းမျိုး ဖြစ်သည်။

အကုသိုလ်အမှုများကို မပြုလုပ်ဘဲ ရှောင်ကြဉ်ပါအံ့ဟု အဓိဋ္ဌာန်ပြု သည့်စိတ်ကို ကုသိုလ်စိတ်ဟုခေါ်ဆိုရသည်။ လွန်ကျူးစရာ အာရုံဝတ္ထု မတွေ့မီက ကြိုတင်အဓိဋ္ဌာန်ပြု ဆောက်တည်နေခြင်း၊ တွေ့သည့်အခါလည်း မလွန်ကျူးမိအောင် မိမိစိတ်ကို နိုင်အောင်ထိန်းကွပ်ခြင်းသည် ကုသိုလ် စိတ်ဖြစ်သည်။

ရှောင်ကြဉ်ပါမည်ဟု အဓိဋ္ဌာန်ပြုမှု၊ ဆောက်တည်မှုမပြုဘဲ အလိုအလျောက် ဘာသိဘာသာ နေလျက် လွန်ကျူးစရာ အာရုံဝတ္ထုနှင့် မတွေ့ရ၍ မလွန်ကျူးဘဲ နေခြင်းကို ကုသိုလ်မဟုတ်၊ သုညများခေါ် ကြားခံ အဗျာကတ နယ်မှာပင် ရှိနေသေးသည်ကို သတိပြုရပေမည်။

## မင်္ဂလာ (၂၀)

၂၀။ **မဇ္ဇပါနာ သံယမ** - အရက်သေစာ သောက်စားခြင်း၊
မူးယစ်ဆေးဝါး သုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်းသည်
ကောင်းမြတ်သော မင်္ဂလာမည်၏။

မူးယစ်ခြင်းသည် မာန်ယစ်ခြင်း၊ မာန်မူခြင်း၊ မာန်တက်ခြင်း ဖြစ်သည်။ မူးယစ်သူသည် အကြောင်းကိုလည်းမသိ၊ အကျိုးကိုလည်းမသိ၊ အမိအဖကိုပင် အမိအဖမှန်း မသိနိုင်တော့ဘဲ ပြန်လည်ရန်မူတတ်သည်။ ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာသာဝကတို့ ကိုပင် အန္တရာယ်ပြုတတ်သည်။

မြတ်စွာဘုရားရှင် လက်ထက်တော်က အရှင်သာဂတ မထေရ်သည် ရှဉ်အဘိညာဉ် ရ၏။ တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံ၏။ ဒါယကာများ ကြည်ညိုလွန်းသဖြင့် မိမိတို့ အမွန်အမြတ်ထား၍ သောက်သုံးသော အကောင်းဆုံး အရက်များကို ဆက်ကပ်လှူဒါန်းလေသည်။

ယင်းအရက်များကို သောက်သုံးမိသော အရှင်သာဂတ မထေရ်သည် မြို့တံခါးဝမှာပင် မူးလဲနေတော့သည်။ ဆရာဖြစ်သော မြတ်စွာဘုရားရှင် ကြွတော်မူလာသည်ကိုပင် ရိုသေလေးစားရမှန်း မသိတော့ဘဲ ဘုရားရှင်ဘက်သို့ ခြေဆင်း၍ အိပ်နေလိုက်၏။ ဤအရှင်သာဂတ၏ အဖြစ်ကို သာကေပြ၍ မြတ်စွာဘုရားရှင်သည် ရဟန်းတော်များအား အရက်သေစာ မသောက်စားရန် သိက္ခာပုဒ်ပညတ်တော်မူခဲ့သည်။

အရက်မူးလျှင် မာန်မာန တက်ကြွတတ်သည်။ ဘယ်သူ့ ကိုမျှ လူမထင်ဟု ကြုံးဝါးလေ့ ရှိကြသည်။ ကျွဲချေးပိုးတစ်ကောင်သည် လှည်းစခန်းချရာအရပ်၌ ကြွင်းကျန်ရစ်သောအရက် အနည်းငယ်ကို သောက်စားရ၍ မူးယစ်ပြီး မာန်မာန တက်ကြွလာသည်။ ကျွဲချေးပုံ အစိုပေါ်သို့ တက်လိုက်ရာ အနည်းငယ်ပျော့အိ နိမ့်ကျသွားသည်ကို "ဤမဟာပထဝီမြေကြီးကား ငါ၏ဘုန်းဒဏ်ကို မခံနိုင်၍ နိမ့်ဝင်သွားရသည်" ဟု ဘဝင်မြင့်လာ၍ ဆင်ပြောင်ကြီးကိုပင် မိမိ၏ ဦးချိုဖြင့် ကော်ပစ်လိုက်မည်ဟု ကြုံးဝါးခဲ့ဖူးလေသည်။

**သေရည်သေရက်နှင့် မူးယစ်ဆေးဝါး ဆိုးကျိုးများ**

မဇ္ဇပါနာသံယမ မင်္ဂလာသည် ငါးပါးသီလ၌ သုရာမေရယ သိက္ခာပုဒ်ဖြစ်သည့် သေရည် သေရက် သောက်စားမှု၊ မူးယစ်ဆေးဝါး မှီဝဲမှုမှ ရှောင်ကြဉ်ခြင်းသည် အထက်တွင်ဖော်ပြခဲ့သော အာရတီ ပါပါ မင်္ဂလာ၌ အကျုံးဝင်ပါသည်။

သို့ပါလျက် သီးခြားမင်္ဂလာတစ်ခုအနေဖြင့် ထုတ်ဖော် ဟောကြားရခြင်းမှာ အကုသိုလ် ဒုစရိုက်မှု အားလုံးတို့တွင် အပြစ်အကြီးလေးဆုံး ဖြစ်သည်ကို သိရှိကြစေရန်နှင့် အကုသိုလ် ဒုစရိုက်မှု အားလုံးတို့၏ အကြောင်းရင်းမူလ ဖြစ်သည်ကို သိရှိကြစေရန် မဇ္ဇပါနာသံယမ မင်္ဂလာ တရားကို သီးခြားထုတ်ဖော် ဟောကြားခြင်းဖြစ်သည်။

မူးယစ်သူသည် မကောင်းမှုမှန်သမျှကို မလုပ်ဝံ့သည်မရှိ၊ အားလုံး ကို လုပ်ဝံ့လာသည်။ သူတော်ကောင်းတရားမှန်သမျှကို ဖျက်ဆီးတတ်သည်။ မူးယစ်နေသောအခါ အရှက်လည်း ကင်းမဲ့သည်၊ အကြောက်လည်း မရှိ၊ ဆင်ခြင်တုံတရားလည်း မရှိ၊ အမှား အမှန် အကောင်းအဆိုး မခွဲခြား နိုင်၊ ရမ်းကား စော်ကားတတ်သည်၊ ပြစ်မှားတတ်သည်၊ ဟောင့်ရမ်းသည်၊ ကြော့ကြမ်းသည်၊ သောင်းသွမ်းသည်။

ရှေးအခါက ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီး သည် မူးယစ်သောက်စားလေ့ရှိသည်။ သောက်စားသူတို့ ထုံးစံ အတိုင်း မြည်းစရာ အမဲ, သား, ငါး လိုအပ်လာသည်။ ဗာရာဏသီပြည်တွင် ထုံးတမ်းစဉ်လာအရ လပြည့် လကွယ် နေ့များတွင် အမဲ, သား, ငါး မပေါ်ရဟု အမိန့်ထုတ်ပြန် ထားသည်။ စားဖိုသည် စားတော်ကဲသည် လပြည့် လကွယ်နေ့ ဘုရင့်ပွဲတော်အတွက် အမဲ, သား, ငါးကို တစ်ရက်ကြိုတင်၍ ဝယ်ယူထားရသည်။

တစ်နေ့သောအခါ ယင်းသို့ကြိုတင် ဝယ်ယူထားသော အမဲ, သား, ငါးကို နန်းတွင်းခွေးများက စားသွားသဖြင့် ပွဲတော်ဆက်ချိန်တွင် အသားဟင်းလျာ မပါရှိတော့၍ စားတော်ကဲမှာ အကြံအိုက်လျက်ရှိသည်။ မိဖုရားကြီးထံ သွားရောက် လျှောက်ထား၍ အကူအညီတောင်းခံသည်။

မိဖုရားကြီးက ဘုရင်မင်းမြတ်သည် သားတော်ကလေးကို အလွန်ချစ်မြတ်နိုးကြောင်း၊ သားတော်ကလေး ပွေ့ချီလျက် စိတ်ကြည်နူးနေစဉ် ပွဲတော်ဆက်သပါက ရာဇမာန်ရှခြင်းမှ ကင်းလွတ်စရာရှိကြောင်း အကြံပေးလေသည်။

ညစာ ပွဲတော် တည်ချိန်တွင် ဘုရင်ကြီးသည် ကြိုတင်၍ အစာကြေဆေး မှီဝဲသည့်အနေဖြင့် သောက်သုံးထားရာ ရေချိန်ကိုက်နေပြီဖြစ်သည်။ မိဖုရားကြီးသည် သားငယ်ကို ရေမိုးချိုး နံ့သာလိမ်းကျံ တန်ဆာဆင်ပြီးလျှင် ဘုရင်ကြီး၏ ရင်ခွင်ထဲသို့ ထည့်ပေးလိုက်သည်။

မင်းကြီးသည် ရွှင်မြူးစွာဖြင့် သားငယ်ကို ကလူကျီစယ်နေသည်။ ဤအချိန်တွင် စားတော်ကဲသည် ညစာပွဲတော်အုပ်ကို ဆက်သသည်။ ပွဲတော်အုပ်ကို ဖွင့်လိုက်သော အခါ အသားဟင်းလျာကို မတွေ့သဖြင့် ဒေါသမီး တောက်လောင်လာသည်။ ဒေါသမီးမှာ အရက်ရှိန်ပင့်ထားသဖြင့် အမြင့်ဆုံး ရောက်နေသည်။

ရေမြေပိုင်သ အစိုးရနေပါလျက် ဟင်းလျာတစ်ခွက်မျှ မရနိုင်သလောဟု စားတော်ကဲကို ကြိမ်းမောင်းသည်။ စားတော်ကဲက တစ်တိုင်းပြည်လုံးတွင် သားသတ်ရုံများပိတ်ထား၍ မရနိုင်ပါကြောင်း လျှောက်ထားလိုက်သည်။ ဘုရင်ကြီးသည် ရင်ခွင်ထဲရှိ သားငယ်ကို လည်ပင်း လိမ်ချိုးကာ 'ရော့၊ ယူသွားချက်ချေ' ဟု ပစ်ပေးလိုက်သည်။

စားတော်ကဲသည် ကလေးသေ၏အသားကို ကြော်၊ လှော်၊ ချက်၊ ပြုတ်၊ ဖုတ်၊ ကင်၍ ဆက်လိုက်ရာ ဗြဟ္မဒတ်မင်းကြီးသည် အရက်နှင့် မြည်းလိုက်တော့သည်။ ဒေါသမာန်တက်နေချိန်ဖြစ်၍ မိဖုရားကြီးလည်း တစ်ခွန်း တစ်ပါဒမျှ မဟာရဲ၊ အသံတိတ်ငို၍ တိတ်တခိုး မျက်ရည် သုတ်ရရှာသည်။

နံနက်မိုးသောက် အလင်းရောက်သောအခါ ဘုရင်ကြီး အမူးပြေလာ၍ ယမန်နေ့ညက အဖြစ်အပျက်များလုံးဝ မှတ်မိပုံမရ၊ သားတော်ကလေး ခေါ်ခဲ့ပါ။ ငါကိုယ်တော်မြတ်ပွေ့ချီတော်မူမည်ဟု မိန့်ကြားလေရာ မိဖုရားကြီးက အရှင်မင်းကြီးကိုယ်တိုင် အရက်နှင့်မြည်းလိုက်ကြောင်း ငိုကြွေးလျက် သံတော်ဦးတင်လိုက်သည်။

ဗြဟ္မဒတ်မင်းကြီးသည် အရက်ကို စိတ်နာကြည်းလှသဖြင့် 'ငါသည် ဤနေ့ ဤရက် ဤအချိန်မှစ၍ ဤသေရည်အရက်ကို နိဗ္ဗာန်ရသည်တိုင်အောင် မသောက်သုံးတော့ပါ' ဟူ၍ အဓိဋ္ဌာန် ဆုံးဖြတ်ချက် ချမှတ်လိုက်သည်။ ထိုအခါမှစ၍ ဗြဟ္မဒတ်မင်းကြီးသည် ဖြစ်လေရာ ဘဝသံသရာ၌ အရက်သေစာကို ဝေးစွာ ရှောင်ကြဉ်လေတော့သည်။

အရက်သေစာ သောက်စားခြင်းနှင့် မူးယစ်ဆေးဝါးမှီဝဲခြင်း၏ ဆိုးကျိုးများမှာ -

၁။ စီးပွားဥစ္စာ ပျက်စီးခြင်း
၂။ ငြင်းခုံ ခိုက်ရန် ဖြစ်ပွားခြင်း
၃။ ရောဂါများခြင်း
၄။ နာမည်ဆိုးထွက်ခြင်း
၅။ ရှက်ဖွယ်ကိုယ်အင်္ဂါကို ဖော်ပြတတ်ခြင်း
၆။ ပညာဉာဏ် အားနည်းခြင်းတို့ ဖြစ်သည်။

အရက်သေစာနှင့် မူးယစ်ဆေးဝါး မှီဝဲသူသည် ရတနာသုံးပါး ဆရာသမား မိဘ ဂုဏ်ကျေးဇူးကို မသိမမြင် မိုက်မဲတွေဝေသည်ဖြစ်၍ မောဟအမှောင်ထုကြီး လွှမ်းမိုးမှု ခံရသဖြင့် ကုသိုလ်မှု၌ မေ့လျော့၏။ ထို့ကြောင့် အရက်သေစာ မူးယစ်ဆေးဝါး မှီဝဲသူများသည် ဤဘဝ၌ အရူးသဖွယ် ဖြစ်ရ၍ နောက်ဘဝ အဆက်ဆက် ဝမ်းတွင်းရူး၊ မွေးရာပါ အရူးများ ဖြစ်တတ်သည်။

ငါးရာငါးဆယ် ဇာတ်တော် ဝရုဏဇာတ်တွင် သာဝတ္ထိပြည် သဗ္ဗမိတ္တဘုရင်၏ ရှေ့မှောက်သို့ သိကြားမင်းသည် လုလင်အသွင်ဖြင့် လာရောက်၍ အရက်ရောင်းရာတွင် –

* ဤအရက်ကို သောက်လျှင် ခြေလှမ်းတိုင်း ဒယိမ်းဒယိုင် ယိမ်းထိုး၍ ချောက်ကမ်းပါးသို့ ကျနိုင်သည်။
* ရွံ့ပုပ်ရေအိုင်အတွင်းသို့ လဲကျသွားနိုင်သည်။
* လဲရာက ထလာသောအခါ ဦးခေါင်း ခြေလက်များ ယမ်းခါလျက် သွားလာလှုပ်ရှား၏။
* အဝတ်မပါ ဗလာကိုယ်ထီး အရှက်ကင်းမဲ့စွာ သွားလာတတ်၏။
* တွေဝေသောစိတ်ရှိသည်ဖြစ်၍ အတိုင်းထက်အလွန် အိပ်၏။
* စိတ်ကို အစိုးမရ။
* ငါကားအလွန်မြတ်၏၊ ငါနှင့်တူသူ မရှိ ဟူ၍ ထင်မှတ်တတ်၏။
* အမျိုးအနွယ်ကိုလည်း ဖျက်ဆီးတတ်၏။
* သူတစ်ပါး သတ်၍ သေခြင်းကိုလည်း ရောက်တတ်၏။
* မပြောသင့်သောစကားကို ပြောဆိုမိတတ်၏။

* စည်းစိမ်ဥစ္စာ ရတနာ ရွှေ ငွေ၊ ဆန်ရေ စပါး၊ လယ်ယာ ကျွဲနွား ဆင်မြင်း တို့ကို ပျောက်ပျက် ကုန်ဆုံးစေနိုင်၏။
* အမိအဖတို့ကို ဆဲရေးမိတတ်၏။
* မပြစ်မှားသင့်သော ယောက္ခမ မိန်းမသူ၊ ချွေးမတို့ကို မိမိ မယားထင်မှတ်၍ ကျူးလွန်မိ မှားယွင်းမိတတ်၏။
* မိန်းမတို့သည် ဤသေအရက်ကို သောက်မိကြားအံ့ အမိ အဖ ယောက္ခမ၊ လင်တို့ကို ဆဲရေးတတ်ကုန်၏။
* ကျွန်အလုပ်အကျွေးတို့ကို ကိလေသာဖြင့် မှားယွင်း ကိုင်ငင် မိကုန်၏။
* တရားဟောသူတို့ကို သတ်ပုတ်ညှဉ်းဆဲ မိတတ်၏။
* မှန်သောစကားကို မဆိုတတ်။
* သူတစ်ပါး ပြောသော စကား၏အနက် အဓိပ္ပါယ် ကိုမျှ မသိတတ်။
* အနာရောဂါ ထူပြော၏။
* သတိချွတ်ယွင်း မှတ်ဉာဏ်နည်းပါးတတ်၏။
* ဤဘဝတွင် အရူးတစ်ပိုင်းဖြစ်၍ သေဆုံးသောအခါ ဘဝဆက်တိုင်း မွေးရာပါ ဝမ်းတွင်းရူး အူမပြည့်သူ ဖြစ်ရတတ်၏။
* အဆိပ်ပြင်းသော ဤသေရည်ကို ဝယ်ယူသောက်သုံး ကြလော့'

၍ ဤ သေအရက်၏ဂုဏ်ပုဒ်များကို ထုတ်ဖော်ပြောကြား ခဲ့လေသည်။

ဆေးခြောက်မူးနေချိန်နှင့် ဘိန်းမူးနေချိန်တွင် လောဘ၊ ဒေါသ၊ မာဟ အကုသိုလ် ဇောစိတ်များသာ ဖြစ်နေသည်။

မည်မျှအထိ အကုသိုလ် ထုထည်အင်အား ကြီးမားသည် ဆိုသော် ဆေးခြောက်စွဲသူ၊ ဘိန်းစွဲသူများသည် ဤအရသာကို ပြင်းထန်စွာ တပ်မက် သည်ဖြစ်၍ ဤအရသာမျိုး နောက်တစ်ကြိမ် ခံစား နိုင်ရန် အတွက် အောက်ကျနောက်ကျခံနိုင်ကြသည်။ တရားသဖြင့်မရလျှင် ဖြစ်သည့် နည်းဖြင့် မရအရ ကြိုးပမ်းကြရသည်။

ဘိန်းစား ထဘီခိုး ဆိုသည်ကို လူတိုင်းပြောနေကြသည်။ အိမ်ရှိ ပစ္စည်းနှင့် မိဘဆွေမျိုးများ၏ ပစ္စည်းကို ခိုးယူပြီး မူးယစ်ဆေးဝါး မှီဝဲ ကြရသည်။ မူးယစ်ဆေးဝါးများ၏ အကောင်းဆုံး အဆီအနှစ် ထုတ်ထား သည့် (ဟီးရိုးအင်းခေါ်သည့်) ဘိန်းဖြူတစ်မျိုးမှာ မှီဝဲသူများကို ပြင်းထန်သည့် တဏှာရမ္မက်နှင့် မောဟအမှောင်ကို အထွတ်အထိပ် ရောက်အောင် ပို့ပေးနိုင်သည့်အတွက် ဘိန်းဖြူစွဲသူသည် သူ့အတွက် ငွေရမည်ဆိုလျှင် အဖေ အမေကိုပင် သတ်ဖြတ်ယူသည့်အကြောင်း သတင်းစာများတွင် တွေ့မြင် ဖတ်ရှုဖူးသည်။

ဤနည်းတူပင် အရက်စွဲနေသူများသည် အရက်မူးပြီး ခံစားရသည့် သုခဝေဒနာစည်းစိမ်ကို ပြင်းထန်စွာ တပ်မက်ကြသည့်အတွက် သူအရက် သောက်ရရေးကိုသာ အဓိကဖြစ်လာသည်။ ရလာသည့်ငွေကို သားမယား အတွက် ခွဲဝေကျွေးမွေးလိုစိတ် မရှိတော့ချေ။

ထို့ကြောင့် အရက်သမားများသည် မိမိသားမယား စားရမဲ့ သောက်ရမဲ့ အငတ်ငတ်အပြတ်ပြတ် ဆင်းရဲနေသော်လည်း မည်သို့မျှ သနားကြင်နာစိတ် မဖြစ်၊ သူ အရက်သောက်ရဖို့သာ အရေးကြီးနေသည်။ ညနေစောင်းလာလျှင် အရက်သမားများ ဣန္ဒြေဆည်မရ ဖြစ်လာသည်။

သူ့မှာ ပိုက်ဆံမရှိလျှင် အရက်တိုက်နိုင်မည့် သူကိုရှာသည်။ ကပ်သောက်ရဖို့ 'ဆရာ' ခေါ်ရသည်မှာ အမောပင်။ သွားရည် တမြားမြား ဖြစ်နေသည်။ ဘိုင်ပြတ်နေသည့် အရက်သမားတစ်ယောက်ကို အရက်ပုလင်း ပြခိုင်းလျှင် ဘာမဆို ခိုင်းလို့ရသည်။ယောက်ျားရင့်မာကြီးတွေ ဖြစ်ပါလျက် အရက်တစ်ခွက်လောက် သောက်ရမည့်သူဆီမှာ ထမင်းချက်

အိုးဆေး၊ ပန်းကန်ဆေး၊ ကလေးချေးကျုံး လုပ်ပေးနေသည်ကို တွေ့ ရဖူးသည်။ မိမိသားမယား၏ စားဝတ်နေရေး လုံးဝ ထည့်မစဉ်းစားနိုင်။ အမှန်တကယ် အရက်စွဲပြီဆိုလျှင် သားမယားကိုသာ ပြတ်နိုင်မည်။ အရက်ကိုမပြတ်နိုင်ပါဟု ဆိုကြသည်။

ဘိန်းစွဲသူများလည်း ဘိန်းရမည်ဆိုလျှင် ဆင်းရဲပင်ပန်းသည့် အလုပ်ကြမ်းများကို လုပ်နိုင်ကြသည်။ ထို့ကြောင့် သေရည် အရက်နှင့် ဆေးခြောက်၊ ဘိန်း၊ ဟီးရိုးအင်း စသည့် မူးယစ်ဆေးဝါးများသည် ပြင်းထန်သည့် လောဘရမ္မက်ကို ဖြစ်စေသည်။ မကောင်းမှု ဒုစရိုက်များကို ကျူးလွန်အောင် သွေးဆောင် တိုက်တွန်းနေသည်။

ဆေးခြောက် ဘိန်း စသည်တို့ နှင့် အရက်သည် လူ၏ကျန်းမာရေး ကို ဒုက္ခပေးသည့် နေရာတွင် အတူတူပင်ဖြစ်သည်။ ဘိန်းစွဲသည့်လူသည် ဘိန်းအပြတ် မခံနိုင်သလို အရက်စွဲသည့် လူသည်လည်း အရက် အပြတ် မခံနိုင်ပါ။

ဘိန်းသည် တစ်စတစ်စ စွဲသွားစေနိုင်သကဲ့သို့ အရက်သည်လည်း တစ်စတစ်စနှင့် စွဲသွားစေနိုင်ပါသည်။

အရက်ထဲတွင် အယ်လ်ကိုဟောဟုခေါ်သည့် အရက်ပြန်ဓာတ် အနည်းနှင့်အများ ပါဝင်နေသည်။ ၎င်းအရက်ပြန်ဓာတ်နှင့် တွေ့ထိပြီး သည့် သွေးသည် ပျစ်ချွဲလာသည်။ သွေးဥများသည် အရက်ပြန်နှင့် စိမ်ထားသည့်အတွက် မာကျောလာသည့် သဘောရှိသည်။

သာမန်လူများသည် ရေသောက်ပေးလျှင် သွေးအရည်ပျော်ပြီး သွေးလည်ပတ်မှု သွက်သွက်လက်လက် ဖြစ်စေနိုင်သည်။ အရက်သမား၏ သွေးမှာမူ ရေထည့်ပေးရုံနှင့် သွေးသည် အရည်ပျော်မလာ။ သူသောက်နေကျ အရက်ထည့်ပေးလိုက်လျှင် အရက်သမား၏သွေးသည် အရည်ပျော်ပြီး သွက်သွက်လက်လက် လှည့်ပတ်နိုင်သည်။

ထို့ကြောင့် အရက်သမားသည် အချိန်ကျနေလို့မှ လိုအပ်နေသည့် အရက်ကို ထည့်မပေးလျှင် သူ၏ သွေးက ပျစ်ခဲနေပြီး သွေးလည်ပတ်ရန် ပျစ်ခဲနေသည့်အတွက် သွေးကြောထဲမှာ ပိတ်ဆို့ပြီး သွေးလှည့်လည်မှု ပုံမမှန်တော့ပေ။

ဤကဲ့သို့ သွေးပျစ်ခဲပိတ်ဆို့နေသည့်အတွက် နလုံးသည် အင်အားပိုစိုက်ပြီး ညှစ်ထုတ်ရသဖြင့် အရက်သမားသည် နလုံးတုန် ရင်ခုန်ပြီး မောလာသည်။ ခြေဖျားလက်ဖျားထိအောင် သွေးမရောက်သဖြင့် အရက်သမား၏ လက်များခြေများသည် တုန်နေသည်။ ရင်ပူပြီးရေငတ်လာသည်။ တံတွေးကလည်း ပျစ်ချွဲလာသည်။

ဦးနှောက်ထဲရှိ သွေးကြောငယ်များဆီသို့ သွေးသစ်များ အပြည့်အဝ ရောက်မလာသည့်အတွက် အရက်သမားသည် စိတ်ဓာတ်ပုံမမှန်ဘဲ ကယောင်ခြောက်ခြားဖြစ်လာသည်။ ကြောက်စိတ်ပိုလာသည်။ ထမင်းလုံးတဆွေ့ အခြောက်ခံရသကဲ့သို့ ဖြစ်လာသည်။ စုန်းပူးသလို၊ နတ်ပူးသလို ဖြစ်လာသည်။

အကြောင်းမှာ ဦးနှောက်ထဲသို့ သွေးမှန်မှန်မရောက်သောကြောင့် ဖြစ်သည်။ လူ၏ဦးနှောက်ကို စက္ကန့်တိုင်း၊ စက္ကန့်တိုင်း သွေးသစ်များ ပို့ပေးပြီးလျှင် အစာအာဟာရအဖြစ် ထောက်ပံ့နေရသည်။ ငါးမိနစ်ကြာအောင် ဦးနှောက်ဆီသို့ သွေးသစ်မရောက်လျှင် ဦးနှောက်၏ ကလာပ်စည်း (ရုပ်ဖွဲ့စည်းမှု) သည် ပျက်စီး ချုတ်ယွင်းသွားသည်ဟု ဆိုသည်။

မယုံလျှင် ဦးနှောက်ဆီသို့ သွားသည့် လည်ပင်းသွေးလွှတ်ကြောကြီး နှစ်ခုကို ဖိနှိပ်ပြီး ပိတ်ထားကြည့်ပါ။ ချက်ချင်း သတိမေ့သွားသည်ကို တွေ့ရပါလိမ့်မည်။ ဤကဲ့သို့ကြာသွားလျှင် သေမည်ပင်ဖြစ်သည်။

ထိုသို့ ကယောင်ကတန်းဖြစ်ပြီး ခြေလက်တုန်နေသည့် အရက်သမားသည် အရက်ကလေး တစ်ခွက်လောက် သောက်ပေးလိုက်လျှင် သူ၏ သွေးလည်ပတ်မှုသည် ပုံမှန်အတိုင်းဖြစ်သွားပြီး အရက်သမားသည်လည်း လူကောင်းပကတိ ဖြစ်သွားသည်။

အရက် သောက်ခါစတွင် ညနေတစ်ကြိမ်သောက်၊ မူးပြီးအိပ်၊ နံနက်အိပ်ရာမှ ထသောအခါ ခေါင်းအုံနေ၍ ခေါင်းရှင်းသည့် အနေနှင့် တစ်ကြိမ်သောက် တစ်နေ့ နှစ်ကြိမ်သောက်ရုံနှင့် လုံလောက်ပါသည်။ ကြာလာသည့်အခါ သူသောက်သမျှအရက်သည် ခန္ဓာကိုယ်ထဲတွင် စုဆောင်းမိလာပြီး အလျင်ရလာသည်။ အထုံဖြစ်လာသည်။

ဤအချိန်တွင် အရက်ပမာဏကိုလည်း တစ်ခွက်ကနေ တစ်ပုလင်း၊ တစ်ပုလင်းကနေ နှစ်ပုလင်းတိုးလာသည်။ အကြိမ်အရေအတွက် နှစ်ကြိမ်က သုံးလေးကြိမ်ဖြစ်လာသည်။ နောက်ဆုံးတွင် မိုးအလင်း၊ သောက်ပြီးရင်း သောက်ရင်း၊ မလဲမချင်း သောက်လေ့ရှိကြသည်။ အမူးလွန်လဲကျ သတိလစ်ခါမှ ရပ်တော့သည်။ အမူးပြေ၍ သတိရလျှင် တစ်ခါ ထပ်သောက်သည်။

အရက်သည် ကာမဂုဏ်အရသာတစ်မျိုး ဖြစ်သည်။ 'ဆားငန်ရည်သို့ သောက်လေသောက်လေ ငတ်မပြေ' ဆိုသည့်အတိုင်း မထိန်းနိုင် မသိမ်းနိုင်တော့ဘဲ သောက်ပြီးရင်း သောက်ချင်ရင်းဖြစ်ရသည်။

ကျန်းမာရေးရှုထောင့်မှ ကြည့်လျှင်လည်း အရက်ပြန်ဓာတ် (အယ်လ်ကိုဟော)သည် လူ့ခန္ဓာကိုယ်နှင့် မသင့်တော်သည့် အဆိပ်ဖြစ်သည်။ လူ၏ အစာအာဟာရထဲတွင်ပါသည့် အဆိပ်အတောက်များကို အသည်းက စုပ်ယူခြေဖျက်ရသည်။ အရက်သမားသောက်လိုက်သည့် အရက်ပြန်များကို အသည်းက ဒိုင်ခံစုပ်ယူ ခြေဖျက်ရသည်။ အရက်ပမာဏကလည်းများ၊ သောက်သည့်အကြိမ်ကလည်း များလာသည့်အခါ အသည်းသည် နိုင်အောင် မချေဖျက်နိုင်တော့ပါ။

အရက်သမား၏ အသည်းထဲတွင် အရက်ပြန်ဓာတ်များ စုပုံနေပြီး အသည်းသည် တစ်ဖြည်းဖြည်း မာကျောလာသည်။ အသည်းက အလုပ်မလုပ်နိုင်သည့်အတွက် တစ်ကိုယ်လုံးတွင် အရက်ပြန်အဆိပ်သင့်ပြီး အသားအရေ ပွတက်လာသည်ကို တွေ့ရသည်။ ကုဋ္ဌနူနာ ဖြစ်သကဲ့သို့

အရက်သမား၏ နားရွက်၊ နှုတ်ခမ်းထူပြီး မျက်နှာနီ၍ ထွက်လာသည်ကို တွေ့ရသည်။ အချို့အရက်သမားများမှာ ခြေချောင်း၊ လက်ချောင်းကလေးများ ပြတ်ကြွေကျသည်ကို တွေ့ရသည်။

ထို့ကြောင့် ကုသိုလ်ရေး၊ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး များကို ဖျက်ဆီးတတ်သည့် သေရည်အရက်၊ ဆေးခြောက်၊ ဘိန်း စသော မူးယစ်ဆေးဝါးများကိုမမှီဝဲ မသုံးစွဲမိအောင် စောင့်ထိန်းသင့်ကြပေသည်။

## မင်္ဂလာ (၂၁)

၂၁။ **အပ္ပမာဒမင်္ဂလာ** ကုသိုလ်ကောင်းမှု တရားတို့၌
မမေ့မလျော့ခြင်း၊ အမြဲသတိရ နေခြင်းသည်
ကောင်းမြတ်သော မင်္ဂလာမည်၏။

ဆရာတော် သံဃာတော်များထံမှ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ခံယူဆောက်တည်သောအခါ ဆရာတော် သံဃာတော်များက နိဂုံးချုပ် မိန့်ကြားလေ့ရှိသည်မှာ **'အပ္ပမာဒေန သမ္ပာဒေထ'** မိမိခံယူ ဆောက်တည် ထားသောသီလကို မမေ့မလျော့ မပေါ့မဆသော သတိတရားနှင့် ပြည့်စုံကြပါစေလော့ ဟူ၍ ဖြစ်သည်။

ကုသိုလ်တရားများ ဖြစ်ပေါ်စေရန် မမေ့မလျော့ခြင်း တည်းဟူသော သတိတရားကို အခြေပြုကြရမည်။ အပ္ပမာဒ တရားဆိုသည်မှာ သတိတရားပင်ဖြစ်သည်။ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ဟူသော ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါးတို့တွင် သဒ္ဓါလွန်က တဏှာကျွံတတ်သည်။ ပညာလွန်က သဒ္ဓါဆွံ့သည်။ ဝီရိယလွန်က ဥဒ္ဓစ္စဖြစ်သည်။ သမာဓိ လွန်က ထိုင်းမှိုင်းတတ်သည် စသည်ဖြင့် အလွန်အကျွံ တစ်ဖက်စွန်း ရောက်တတ်သဖြင့် တစ်ဖက်စွန်းမရောက်စေရန် သဒ္ဓါနှင့်ပညာကို ညီမျှစေရမည်။ ဝီရိယနှင့် သမာဓိကို ညီမျှစေရမည်။ သတိတရားမှာမူ ပိုလွန်သည်ဟူ၍ မရှိ၊ လိုသည်ဟူ၍သာ ရှိသည်။ ထို့ကြောင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသည့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရရှိရန် သတိတရားကို အစဦးစွာ ပွားများအားထုတ်ရမည်။

ဤကဲ့သို့ အားထုတ်ခြင်းကို သတိပဋ္ဌာန်တရားဟု ခေါ်ဆိုသည်။ သတိပဋ္ဌာန် တရားကို အစကနဦးထား၍ ပွားများအားထုတ်မှသာလျှင် ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါး၊ သစ္စာလေးပါးကို သိသောဉာဏ်များ ဆင့်ကဲဆင့်ကဲ ဖြစ်ပေါ်လာနိုင်မည် ဖြစ်သည်။

**အပ္ပမာဒေါ အမတံ ပဒံ**

အပ္ပမာဒေါ၊ မမေ့ မလျော့ မပေါ့မဆသော သတိတရားနှင့်ပြည့်စုံနေခြင်းသည်။ အမတံပဒံ၊ မသေခြင်း၏အကြောင်းဖြစ်၏။ (ဝါ) မသေရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်၏။

ကျွန်ုပ်တို့သည် လောကီရေးရာ၌ဖြစ်စေ၊ လောကုတ္တရာ ရေးရာ၌ဖြစ်စေ မမေ့လျော့သော သတိနှင့်အမြဲ ပြည့်စုံနေရမည်ဖြစ်သည်။ သတိတစ်ချက်လစ်ပါက ဒုက္ခရောက်သွားနိုင်သည်။ ရန်သူလက်တွင်း သက်ဆင်းရတတ်သည်။

မော်တော်ကားမောင်းသူသည် ရှေ့ နောက် ဝဲယာ အမြဲ ကြည့်ရှု သတိမူနေရသည်။ နားကိုလည်း စွင့်ထားရမည်။ နှာခေါင်းမှလည်း သတိထားနေရသည်။ မျက်စိမှ သတိတစ်ချက် လစ်ပါက တစ်စုံ တစ်ခုကို တိုက်မိနိုင်သည်။ နားမှ သတိ တစ်ချက်လစ်ပါက အပြစ်ဒဏ် ခံရတတ်သည်။ နှာခေါင်းမှ သတိတစ်ချက်လစ်ပါက ဝါယာရှော့ဖြစ်မှု၊ ဘရိတ်ရှူးလောင်မှုကို မသိ၍ မော်တော်ကား ပျက်စီးနိုင်သည်။

ထို့ပြင် အပ္ပမာဒ မင်္ဂလာသည် စစ်မြေပြင် စစ်သားများ အတွက် ပို၍ အရေးကြီးသည်။ သတိတစ်ချက်လွတ်ပါက ရန်သူက အငိုက်ဖမ်းနိုင်သည်။ အထူးသဖြင့် ကင်းသမားပေါ့လျော့ပါက တပ်လုံး ပြုတ်သွားနိုင်ပါသည်။

လောကုတ္တရာ တရားကို အားထုတ်ရာ၌လည်း အမြဲသတိရှိနေရမည်ဖြစ်သည်။ မိမိစိတ်သည် သတ်မှတ်ထားသည့် ကမ္မဋ္ဌာန်းအာရုံမှ လွတ်ထွက်သွား၍ ကိလေသာ အာရုံများအကြား ပြေးလွှားနေသည်ကို သတိမပြုပါက ကြာရှည်စွာ မျောပါသွားသည်ကို သိနိုင်မည် မဟုတ်ချေ။

မိမိစိတ်ကို ပြင်ပအာရုံများသို့ ထွက်ခွာမသွားစေရန် သတိတရား စောင့်ရှောက်၍ လိုအပ်သော ကမ္မဋ္ဌာန်းအာရုံများပေါ်သို့ စိတ်ကို

ထပ်ခါ ထပ်ခါ ပို့ပေးနေရမည်ဖြစ်ပေသည်။ ထို့သို့ သတိတရားဖြင့် အမြဲစောင့်ကြပ်နေမှသာလျှင် သမာဓိရင့်ကျက်ကာ ပညာအသား တက်လာနိုင်သည်။ ထို့ကြောင့် ရှေးပညာရှိများက သွားသတိ၊ လာသတိ၊ စားသတိ အရာရာ သတိရှိကြစေရန် ဆုံးမခဲ့ကြသည်။

**ပမာဒေါ မစ္စုနော ပဒံ**

ပမာဒေါ၊ မေ့လျော့ပေါ့ဆခြင်းသည်။ မစ္စုနော ပဒံ၊ သေခြင်း၏ အကြောင်းတည်း(ဝါ)သေမင်း၏ အခွင့်အလမ်းတည်း။ မေ့လျော့ ပေါ့ဆခြင်းသည် သတိတရားနည်းပါးမှု၊ သတိတရား ကင်းကွာမှု ဖြစ်သည်။

ကျွန်ုပ်တို့သည် နေ့စဉ်နေ့တိုင်း မိမိအမှားကို ဝန်ခံသည့်အခါ အမြဲတမ်း ရွတ်ဆိုနေကျ အာမေဍိတ်စကားတစ်လုံးရှိသည်။ 'သြော်- မေ့သွားလို့၊ မေ့သွားလို့'။ ထိုအခါ ပတ်ဝန်းကျင်ကလည်း ကိုယ်ချင်း စာတရား ရှေ့ထား၍ ခွင့်လွှတ်တတ်ကြသည်။ အကြောင်းမှု မမေ့တတ်သော လူဟူ၍မရှိ ။ လူတိုင်းမေ့တတ်ကြသည်။ ထို့ကြောင့် 'မေ့သွားလို့'ဟု ဆိုပါက ကိုယ်ချင်းစာတရားဖြင့် ခွင့်လွှတ်တတ် ကြသည်။

သို့ရာတွင် ရန်သူနှင့် သူနိုင်ကိုယ်နိုင် အပြိုင်အဆိုင်ကြံရာ၌ မေ့၍ မဖြစ်၊ အလစ်ပေး၍မဖြစ်၊ ပေါ့လျော့၍မဖြစ်၊ ရန်သူက ခွင့်လွှတ်မည် မဟုတ်၊ သတိတစ်ချက် လစ်သွားပါက သေမင်းနိုင်ငံ ရောက်သွား နိုင်သည်။

ဘုရားအလောင်း ဥဒေါင်းမင်းသည် မိမိရွတ်နေကျ ဥဒေတယံ အပေတယံ ဂါထာတော်ကို ရင့်ကျူးရန် သတိတစ်ချက်လွတ်သွားရုံနှင့် မုဆိုး၏ ညွှတ်ကွင်းသို့သက်ဆင်းခဲ့ရသည်။ သုဝဏ္ဏသျှံ သတို့သားသည် မေတ္တာဘာဝနာ ပွားများရန် သတိတစ်ချက် လွတ်သွားသည်နှင့် အဆိပ် လူးမြား အမှန်ခံခဲ့ရသည်။

**အကျွတ်တရား**

အပ္ပမာဒ တရားသည် သံသရာ ဝဋ်ဆင်းရဲမှ 'ကျွတ်လွတ်ကြောင်း' ဖြစ်၏။ လူဆိုးလူမိုက်ဘဝမှ ကျွတ်လွတ်ကြောင်း တရားဖြစ်၏။ သီရိဓမ္မာသောကမင်းကြီးသည် အဖတူ ညီအစ်ကိုတစ်ရာ အနက် ညီတော်တိဿ မင်းသားမှတစ်ပါး ကျန်ညီအစ်ကိုများ အားလုံးကို သုတ်သင်ပစ်ခဲ့သည်။

ကလိင်္ဂတိုင်းကို တိုက်ခိုက်သိမ်းပိုက်ရာ လူများသိန်းနှင့်ချီ၍ သတ်ခဲ့သည်။ ရက်စက်ကြမ်းတမ်းလွန်းသဖြင့် စဏ္ဍာသောက (စဏ္ဍ + အသောက)ဟု ခေါ်ကြသည်။ (စဏ္ဍ = ကြမ်းတမ်းရက်စက်သော) ယင်း စဏ္ဍာသောကသည် နိဂြောဓ သာမဏေငယ်ထံမှ 'အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ' ဟူသောတရားစကားကို ကြားနာရပြီးနောက် အကျွတ်တရားရ၍ ရက်စက်ကြမ်းတမ်းမှု လုံးဝမပြုလုပ်တော့ဘဲ တရားသဖြင့် မင်းပြုသောကြောင့် တိုင်းသူပြည်သားများက ဓမ္မာသောက (ဓမ္မ + အသောက )ဟု အမည်ပြောင်းခေါ်ခဲ့ကြသည်။

ပုဂံပြည်၌ အနော်ရထာမင်းကြီးသည် အရည်းကြီးရဟန်းများအား ကိုးကွယ်ဆည်းကပ်၍ ပန်းဦးလွှတ်ကျင့်စဉ်ကို မလိုက်နာသူများကို မင်းပြစ်မင်းဒဏ် ခတ်ခဲ့သည်။ ဤကဲ့သို့ မိုက်မဲသော အယူဝါဒအတွင်း နစ်မွန်းနေရာမှ ရှင်အရဟံမထေရ်နှင့်တွေ့၍ ရှင်အရဟံမထေရ်က 'အပ္ပမာဒေါ အမတံ ပဒံ' ဂါထာကို ဟောကြားသည့်အခါ အရည်းကြီးတို့၏အယူဝါဒကို စွန့်ပယ်၍ ထေရဝါဒ သာသနာတော်ကို ချီးမြှောက်သည့် သာသနာပြု မင်းကောင်းမင်းမြတ်တစ်ပါး ဖြစ်လာခဲ့သည်။

ဤအပ္ပမာဒတရားနှင့် ပတ်သက်၍ ဓမ္မပဒပါဠိတော်၌ ဟောကြားခဲ့ရာ အပ္ပမာဒဝဂ်ဟူ၍ ဂါထာများ သီးသန့်စုစည်းထားသည်။

**ဖိုးရာဇာ၏ သတိတရား**

ဖိုးရာဇာသည် ဘုရင်မင်းခေါင်အား 'အရှင်မင်းကြီး ပညာရှိသော်လည်း သတိဖြစ်ခဲပါသည်။ သတိကို မပြတ်ပြုတော်မူပါ'ဟု အမြဲနှိုးဆော်တိုက်တွန်းလေ့ရှိသည်။

ဘုရင်မင်းခေါင်လည်း 'ဤအမတ်ကြီးသည် တခြားသူတို့အား သတိမပြတ်ပြုရန် တိုက်တွန်းလှသည်။ မိမိတိုယ်တိုင်မူကား မည်မျှလောက် သတိကောင်းကြောင်း သိအောင်စုံစမ်းမည်' ဟု တစ်နေ့သဣ ညီလာခံစုံသောအခါ မှူးမတ် အများနှင့် တိုင်းရေးပြည်ရေးများကို ဆွေးနွေးတိုင်ပင် နေရာမှ ရုတ်တရက် ဖိုးရာဇာဘက်သို့ လှည့်၍ 'အဖိုးရာဇာ လောကတွင် အဘယ်ဥသည် အဆိမ့်ဆုံးနည်း'ဟု မေး၏။ ဖိုးရာဇာကလည်း 'မှန်လှပါ၊ ဖွတ်ဥအဆိမ့်ဆုံး ဖြစ်ပါသည်ဟု' လျှောက်၏။

မင်းခေါင်လည်း တစ်စုံတစ်ရာ ဆက်လက် မိန့်ကြားခြင်း မရှိဘဲ မှူးမတ်ပရိတ်သတ်များဘက်သို့ လှည့်ပြန်၍ တိုင်းရေးပြည်ရေးကို ဆက်လက်ဆွေးနွေးနေ၏။ ထို့နောက် တစ်နှစ်တိတိ ကြာသောအခါ ယခင်ကကဲ့သို့ တိုင်းရေးပြည်ရေး ဆွေးနွေးနေရာမှ ရုတ်တရက် ဖိုးရာဇာဖက်သို့ လှည့်၍ 'အဖိုးရာဇာ သူချည်းသာလော'ဟု မေး၏။

ဖိုးရာဇာလည်း တစ်စုံတစ်ရာ နှောင့်နှေးခြင်းမရှိဘဲ 'မှန်လှပါ ဆားနှင့်ပါဘုရား'ဟု တင်လျှောက်၏။

ထိုအခါ အမတ်ကြီး ဖိုးရာဇာသည် အလွန်သတိကောင်းလှသည်ဟု ချီးမွမ်းလေသည်။

နိဂုံးချုပ်အားဖြင့် လောကီကုသိုလ်ရေး ကိစ္စ လောကုတ္တရာကုသိုလ်ရေး ကိစ္စတို့၌ မမေ့မလျော့ မပေါ့မဆသော သတိတရားနှင့် ပြည့်စုံစေသင့်ကြောင်း တိုက်တွန်းလိုက်ရပေသည်။

ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌီ စ ကတညုတာ။
ကာလေန ဓမ္မဿဝနံ၊ ဧတံ မင်္ဂလမုတ္တမံ။

## ဂါရဝေါစ

အသက်ဂုဏ်ဝါ ကိုယ့်ထက်ကြီးက၊
ဆည်းကပ်ခစား ရိုသေသေ။
မာနတံခွန် ဂုဏ်မကြွနဲ့၊
ကိုယ့်ကိုနှိမ့်ချ အမြဲနေ။
လောဘအပို လိုမလိုက်နဲ့၊
ကိုယ်ထိုက်တာနဲ့ ကျေနပ်လေ။
ကိုယ့်ပေါ်ပြုဖူး သူ့ကျေးဇူး၊
အထူးသိတတ်စေ။
ကောင်းကျိုးဆင့်ပွား မြတ်တရား၊
နာကြားမပြတ်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

# မင်္ဂလာ (၂၂)

## ၂၂။ **ဂါရဝမင်္ဂလာ** ရိုသေထိုက်သူကို ရိုသေခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

ရိုသေထိုက်သူမှာ ရတနာသုံးပါး၊ မိဘ၊ ဆရာသမား၊ **မိမိထက်** အသက်သိက္ခာကြီးသူ၊ သီလ သမာဓိ ပညာဂုဏ် ကြီးမားသူ၊ **စည်းစိမ်** ဥစ္စာ ရာထူး ဂုဏ်သိန်ကြီးသူများနှင့် မိမိအား ကျေးဇူးပြုဖူးသော ကျေးဇူးရှင်များ ဖြစ်သည်။

**ရတနာသုံးပါးအား ရိုသေခြင်း**

မြတ်စွာဘုရားရှင်နှင့် ဆက်စပ်သည့် စေတီတော်၊ ရုပ်ပွား ဆင်းတုတော်၊ ဗောဓိပင် စသည်တို့၏ အနီးအပါး ဥပစာအတွင်း၌ ဖိနပ်မစီးဘဲနေခြင်း၊ လက်အုပ်ချီ၍ အရိုအသေပေးခြင်း၊ ထီးခြင်းငါးပါးဖြင့် ရှိခိုးခြင်း၊ ပြောဆိုသုံးနှုန်းရာ၌ စေတီတော် ဆင်းတုတော် စသည်ဖြင့် ရိုသေလေးစားသော ဝေါဟာရများကို သုံးနှုန်းပြောဆိုခြင်း၊ ရုပ်ပွားဆင်းတုတော်များကို မြင့်သောနေရာ မြတ်သောနေရာ၌ ထားရှိခြင်းသည် ဘုရားရတနာကို အရိုအသေပြုသည် မည်၏။

ဘုရားဟော စာပေကျမ်းဂန်များကို မြင့်မြတ်သော နေရာ၌ ထားရှိခြင်း၊ တရားတော်နှင့်စပ်လျဉ်း၍ ရိုသေလေးစားစွာ ဟောပြောခြင်း၊ နာယူခြင်း၊ ပို့ချခြင်း၊ သင်ယူခြင်းများသည် တရားရတနာကို ရိုသေသည်မည်၏။

သံဃာရတနာကို ရိုသေရာ၌ ရဟန်းသာမဏေများ ဝတ်ရုံသုံးဆောင်သည့် သပိတ်၊ သင်္ကန်း၊ ကျောင်း၊ အိပ်ရာနေရာ စသော ပရိဘောဂများသည် လူဝတ်ကြောင်များအတွက် စေတီထိုက်သောကြောင့် မြင့်မြတ်သော နေရာ၌ ထား၍ အရိုအသေပြုရမည်။

ရှေးလူကြီးများသည် ဘုန်းကြီးကျောင်းဝင်းအတွင်း၌ ရှိသေသော အားဖြင့် ဖိနပ်စီးခြင်း၊ တံတွေးထွေးခြင်း၊ အညစ်အကြေး စွန့်ခြင်း မပြုကြချေ။ ဤခေတ်တွင်မူ သာသနာ့မြေ ဘုရားဝင်း၊ ကျောင်းဝင်း မြေများကိုပင် လူနေအိမ်မြေအဖြစ် ရဲဝံ့စွာ အသုံးပြုရဲကြသည်ကို တွေ့ရှိနေရပေသည်။

ရဟန်းသံဃာတော်များကို မြင်ရာအရပ်မှ လက်အုပ်ချီခြင်း၊ ရှိခိုးခြင်းပြုကြရန် မန်လည်ဆရာတော်ဘုရားကြီးက ဆုံးမတော်မူခဲ့သဖြင့် ကသာ အထက်ရှိ ဗုဒ္ဓဘာသာဝင်များသည် လမ်းခရီး၌ ရဟန်းတော်များနှင့် ဆုံမိပါက နေရာမရွေး ရွံ့ထဲ ရေထဲမှာပင်ဖြစ်စေ ထိုင်ချလိုက်၍ ပျပ်ဝပ် ရိုကျိုး ရှိခိုးလျက် အရိုအသေပြုကြသည်ကို တွေ့နိုင်ပေသေးသည်။

သို့ဖြစ်၍ ထိုဒေသရှိ ရဟန်းသံဃာတော်များသည် အကြောင်းမဲ့ ကျောင်းဝင်းအပြင်သို့ ထွက်တော်မူလေ့ မရှိကြပေ။ ဘုန်းကြီး ရဟန်းများကို မြင်လိုက်တိုင်း ထိုင်၍ ဝပ်ချလေ့ရှိကြသော ဒါယကာ ဒါယိကာမများကို မပင်ပမ်းစေလိုသဖြင့် ကျောင်းဝင်းပြင် မထွက်ကြခြင်းဖြစ်သည်။

ရဟန်းသာမဏေများကို ခေါ်ဝေါ်ရာ၌ သံဃာတော်၊ ဆရာတော်၊ ဆရာတော်ဘုရား၊ ဆရာတော်ဘုရားကြီးဟူ၍ ရိုသေသမှု ပြောဆိုသုံးနှုန်း ရသည်။ သို့ရာတွင် ရင်းနှီးမှုအနေဖြင့် ဦးပဥ္စင်းဟူ၍ လည်းကောင်း ဦးးပဥ္စင်းကြီးဟူ၍လည်းကောင်း၊ ဘုန်းဘုန်းစသည်ဖြင့်လည်းကောင်း ခေါ်ကြသေးသည်။ ရဟန်းသံဃာတော်များနှင့် ပြောဆိုရာ၌ မှန်ပါ တင်ပါ လျှောက်ထားပါသည်၊ တပည့်တော်၊ တပည့်တော်မ၊ အရှင်ဘုရား စသည်ဖြင့် အလေးအမြတ်ပြုသော ဝေါဟာရ စကားလုံးများကို သုံးနှုန်းရမည်။

အရိုအသေပြုခြင်းသည် မိမိတို့ အရပ်ဒေသ ထုံးစံနှင့် လူမျိုးဓလေ့ ထုံးစံအရ သတ်မှတ်ထားခြင်းသာ ဖြစ်သည်။ သီဟိုဠ်နိုင်ငံတွင် ဘုန်းကြီး တရားဟောနေရာ၌ တရားနာ ပရိသတ်များသည် လက်အုပ်ချီထား သော်လည်း ဓမ္မကထိက ဘုန်းကြီးဖက်သို့ ခြေဆင်းထိုင်လေ့ရှိကြသည်။

တချို့သော လူမျိုးများသည် ခြေထောက်ကို ယုတ်ညံ့သည်ဟု မယူဆကြပေ။ လူနှစ်ယောက်အတူ အိပ်မိက တစ်ဦး၏ ခေါင်းရင်းဘက်သို့ တစ်ဦးခြေဆင်း၍ အိပ်လေ့ရှိကြသည်။ အရှေ့တိုင်းသားများသည် ရှိသေသည့် အထိမ်းအမှတ် အဖြစ်ဖြင့် ဖိနပ်ချွတ်ရသည်။ အနောက်တိုင်းသားများမှာ ဖိနပ်ချွတ်စရာမလိုဘဲ ဦးထုပ်ချွတ်ခြင်းဖြင့် ဂါရဝမှုကို ဖော်ပြလေ့ရှိသည်။

မြန်မာဗုဒ္ဓဘာသာ ယဉ်ကျေးမှုအစဉ်အလာအရ ရှိသေထိုက်သူကို အစားအသောက်၌ဦးစားပေးခြင်း၊ ဦးချစားခြင်း၊ နေရာထိုင်ခင်း၌ ကောင်းမွန် မြင့်မြတ်သောနေရာကို ဦးစားပေးခြင်း၊ သွားလာရာ၌ လမ်းဖယ်ပေးခြင်း၊ ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုခြင်း တို့သည် ဂါရဝ မင်္ဂလာကို လိုက်နာကျင့်သုံးရာ ရောက်သည်။

ရှိသေလေးစားထိုက်သူများ၏ ရှေ့မှောက်၌ ခါးထောက်ရပ်နေခြင်း၊ ဒူးထောင်ပေါင်ကားထိုင်ခြင်း၊ ကျယ်လောင်စွာ အော်ဟစ်ပြောဆိုခြင်းများ မပြုသင့်ချေ။ ရှိသေလေးစားထိုက်သူ ဟောပြော နေချိန်တွင် လက်လျှပ် ခြေလှုပ်နေခြင်း၊ အချင်းချင်း တို့ဆိတ် နောက်ပြောင် နေခြင်း မပြုလုပ်ရ၊ လူကြီး မိဘများနှင့် ပြောဆိုရာ၌ ခင်ဗျား၊ ကျွန်တော်၊ ရှင်၊ ကျွန်မ စသော ယဉ်ကျေးသည့်စကားလုံးများ သုံးနှုန်းပြောဆိုကြရမည်။ အရွယ်ကိုလိုက်၍ ဦးဦး၊ ဒေါ်ဒေါ်၊ ဘဘ၊ မေမေ၊ ကိုကို၊ မမ စသည် ဖြင့်ခေါ်ဝေါ်သုံးနှုန်းကြရမည်။

မိမိထက်အသက်အားဖြင့် တစ်နာရီ၊ တစ်မိနစ်မျှ ကြီးသူပင် ဖြစ်ပါစေ ရှိသေလေးစားမှု ပြုရမည်။ မိမိထက် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ကြီးမားသူ များကို ရှိသေလေးစားကြရမည်။ မိမိထက် ဥစ္စာ စည်းစိမ်သာလွန် သူကို ရှိသေလေးစားစွာ ဆက်ဆံသမှု ပြုပါက ငွေရေး ကြေးရေး စီးပွားရေးအကူအညီ ရရှိခံစားနိုင်မည်ဖြစ်သည်။

သို့ မဟုတ်ပါက ငွေကြေးဓနဖြင့် ဖိနှိပ်မှု၊ နှောင့်ယှက်မှုခံရနိုင်သည်။ ထို့ကြောင့် သေဌေးလေးများက သေဌေးကြီးကို၊ ကုန်သည်လေးက ကုန်သည်ကြီးများကို ရိုသေလေးစားမှုပြုရမည်။ အလားတူပင် ဝန်ထမ်းများအနေဖြင့် မိမိထက် ရာထူးကြီးသူကို လေးစားမှုပြုကြရမည်။

ဤကဲ့သို့ ရိုသေလေးစားမှု ပြုလေ့ရှိသော သူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း အကျိုးထူးများ ရရှိနိုင်ကြောင်း မြတ်စွာဘုရားရှင်က ဟောကြားတော်မူခဲ့ပေသည်။

မြတ်စွာဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ လောက၌ ရိုသေမှုမရှိဘဲနေခြင်းကား မသင့်၊ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်ကို အရိုအသေပြု၍နေရန် သင့်၏ဟု ကြံစည်တော်မူ၏။

သို့သော် အရိုအသေပြုရန် မိမိထက် သီလ၊ သမာဓိ၊ ပညာ အရာ သာလွန်သော ရဟန်း၊ ပုဏ္ဏား၊ နတ် ဗြဟ္မာ တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရချေ။ ထို့ကြောင့် မိမိထိုးထွင်းသိမြင်ထားသော လောကုတ္တရာ တရားကိုသာလျှင် အရိုအသေ အလေးအမြတ်ပြု၍ နေတော်မူရသည်။

မြတ်စွာဘုရားနှင့်တကွ သံဃာတော်များသည် ဝေသာလီ ပြည်မှ သာဝတ္ထိပြည်သို့ ဒေသစာရီ ကြွချီတော်မူ၏။ ထိုအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့၏ တပည့်တို့သည် ရှေ့မှသွားကုန်၍ 'ဤအိပ်ရာနေရာသည် ငါတို့ဥပဇ္ဈာယ်ဖို့၊ ဤအိပ်ရာနေရာသည် ငါတို့ကမ္မဝါစာ ဆရာဖို့၊ ဤအိပ်ရာနေရာသည် ငါတို့ဖို့'ဟု နေရာဦးကြ၏။

နောက်မှလာကုန်သော မထေရ်တို့သည် ညအိပ်ရာ နေရာကို မရကုန်၍ ရှင်သာရိပုတ္တရာ၏ တပည့်တို့သည် ရှင်သာရိပုတ္တရာဖို့ အိပ်ရာနေရာကို ရှာကုန်သော်လည်း မရကုန်၊ ရှင်သာရိပုတ္တရာသည် အိပ်ရာနေရာကို မမြင်သည် ဖြစ်၍ မြတ်စွာဘုရားကျောင်းအနီး သစ်ပင်ရင်း၌ ထိုင်သဖြင့် လည်းကောင်း၊ စင်္ကြံသွားသဖြင့်လည်းကောင်း ညဥ့်ကို လွန်စေ၏။

မြတ်စွာဘုရားသည် မိုးသောက်ထ အခါ၌ထွက်၍ ချောင်းဟန့်၏။ ရှင်သာရိပုတ္တရာလည်း ချောင်းဟန့်၏။

'ဤသူကား အဘယ်သူနည်း' ဟု မေးတော်မူ၏။

'အရှင်ဘုရား အကျွန်ုပ် သာရိပုတ္တရာတည်း'ဟု လျှောက်၏။ 'သာရိပုတ္တရာ ဤအခါ၌ ဤအရပ်၌ အဘယ်သို့ပြုသနည်း'ဟု မေးတော်မူ၏။

ရှင်သာရိပုတ္တရာသည် အကြောင်းကို လျှောက်၏။ မြတ်စွာဘုရားသည် မထေရ်၏ စကားကိုကြား၍ 'ငါထင်ရှားရှိစဉ်ပင်လျှင် ရဟန်းတို့သည် တစ်ပါးသည် တစ်ပါးအား ရိုသေတုံ့ဝပ်ခြင်း မရှိကုန်၊ ငါပရိနိဗ္ဗာန်ပြုလျှင် အသို့လျှင် ပြုကုန်လတ္တံ့နည်း'ဟု ဆင်ခြင်တော်မူ၏။

ဆင်ခြင်တော်မူသော မြတ်စွာဘုရားအား ဓမ္မသံဝေဂ ဖြစ်၏။ မြတ်စွာဘုရားသည် မိုးလင်းသည်ရှိသော် ရဟန်းသံဃာကို စည်းဝေးစေ၍ 'ရဟန်းတို့ အဘယ်သူသည်လျှင် နေရာဦး၊ ရေဦး၊ ဆွမ်းဦးကို ထိုက်သနည်း'ဟု မေးတော်မူ၏။

အချို့သောရဟန်းတို့က မင်းမျိုးမှ ရဟန်းပြုသူ၊ အချို့သောရဟန်းတို့က သူကြွယ်မျိုးမှ ရဟန်းပြုသူ၊ အချို့သော ရဟန်းတို့က ဝိနည်းမိုရ် ဓမ္မကထိက ဈာန်ရသော ရဟန်းသည် ထိုက်၏ဟု အသီးသီးအမျိုးမျိုး လျှောက်ကြ၏။

ထိုအခါ မြတ်စွာဘုရားက 'ရဟန်းတို့ ငါ၏သာသနာ၌ မင်း ပုဏ္ဏား၊ သူကြွယ်မျိုးမှ ရဟန်းသည် ပမာဏမဟုတ်၊ ဝိနည်းမိုရ်၊ သုတ္တန်ဆောင်၊ အဘိဓမ္မာဆောင် ရဟန်းသည်လည်း ပမာဏမဟုတ်၊ ဈာန်ရသော ရဟန်းသည်လည်း ပမာဏမဟုတ်၊ သောတာပန် စသည်တို့သည်လည်း ပမာဏမဟုတ်၊ စင်စစ် အားဖြင့် ဤငါ၏ သာသနာတော်၌ သီတင်းကြီးစဉ်ကို မလွန်မူ၍ ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ လက်အုပ်ချီသောအမှု အရိုအသေ

ပြုမှုကို ရအပ်၏။ နေရာဦးအစရှိသည်ရခြင်း၌ ဤသိတင်းကြီး သည်လျှင် ပမာဏတည်း၊ ထို့ကြောင့် သီတင်းကြီးသော ရဟန်းသည် ထိုနေရာဦး စသည်တို့အား လျောက်ပတ်၏။

'ရဟန်းတို့ ယခုအခါ၌ကား သာရိပုတ္တရာသည် ငါ၏ အဂ္ဂသာဝကတည်း၊ ငါနှင့် အတူ တရားဓမ္မစက်ကို ဟောတတ်၏။ ငါ၏ အခြားမဲ့၌ အိပ်ရာနေရာကို ရခြင်းငှာ ထိုက်၏။ ထိုအခါ သာရိပုတ္တရာသည် ဤညဉ့်၌ အိပ်ရာနေရာကို မရသည်ဖြစ်၍ သစ်ပင်ရင်း၌ ညဉ့်ကို လွန်စေ၏။ သင်တို့သည် ယခုကပင်လျှင် ဤသို့ရိုသေတုံ့ဝပ်ခြင်းမရှိကုန်၊ ကာလလွန်သော် အသို့ ပြု၍လျှင် နေကြကုန်လတ္တံ့နည်း' ဟု မိန့်တော်မူ၏။

ထို့နောက် ရဟန်းတို့ကို ဆုံးမအံ့သောငှာ 'ရဟန်းတို့ ရှေး၌ ဆင်၊ မျောက်၊ ခါ၊ သတ္တဝါ သုံးဦးတို့သည် ငါတို့အား အချင်းချင်း ရိုသေတုံ့ဝပ်ခြင်းမရှိဘဲ အသက်ရှင် နေရခြင်းသည် မလျောက်ပတ်၊ ငါတို့တွင် ကြီးမြတ် သောသူကို ကြည့်ကုန်၍ ထိုသူအား ရှိခိုးခြင်း အစရှိသည်တို့ကို ငါတို့သည် ပြုကုန်အံ့ဟု ကြံကြ၏။ ကြံကြပြီး၍ ကောင်းစွာစုံစမ်း၍ ဤသူသည် ငါတို့ထက် ကြီးမြတ်၏ဟု သိ၍ ထိုသူအား ရှိခိုးခြင်း အစရှိသည်တို့ကို ပြု၍ နတ်ပြည်ကို ပြည့်စေကုန်ဖူး၏' ဟု မိန့်တော်မူ၏။

ထို့ကြောင့် လူဟူ၍ဖြစ်လာလျှင် ဤကားအမိ၊ ဤကား အဖ၊ ဤကား ဘကြီး ဘထွေး၊ မိကြီး မိထွေး၊ ဤကား ဆရာသမား၊ ဤကား ကျေးဇူးရှင်၊ ဤကား ကိုးကွယ်ဆည်းကပ်ရာ ရတနာသုံးပါးစသည်ဖြင့် ရိုသေလေးစားရမည့် ပုဂ္ဂိုလ်များကို ရိုသေသမှု ပြုကြရမည် ဖြစ်ပေသည်။

မည်သည့်ဒေသ၊ မည်သည့်နိုင်ငံ၊ မည်သည့်အမျိုးအနွယ်၊ မည်သည့် ဘာသာ၊ မည်သည့်အသင်းအဖွဲ့၌ဖြစ်စေ၊ ရိုသေသမှု၊ ကိုင်းရှိုင်းမှု၊ ဦးစားပေးမှုများ ပြုနေကြရသဖြင့် ဂါရဝေါ စ မင်္ဂလာကို တစ်နည်းနည်းဖြင့် လိုက်နာ ကျင့်သုံးနေကြရမည်သာ ဖြစ်ပေသတည်း။

# မင်္ဂလာ(၂၃)

**၂၃။ နိဝါတမင်္ဂလာ** မိမိကိုယ်ကို နှိမ့်ချခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

မိမိကိုယ်ကို နှိမ့်ချခြင်း နိဝါတမင်္ဂလာကို လိုက်နာ ကျင့်သုံးနိုင်ရာမှာ မာန်မာနကို ချိုးနှိမ်နိုင်ရန် လိုအပ်၏။ မာန်မာနကြောင့် ကိုယ်အမူအရာ နှုတ်အမူအရာ ခက်ထန်ကြမ်းတမ်းမှု ဖြစ်ပေါ်လာရသည်။ တစ်ဖက်သားကို အထင်သေးခြင်း၊ အရေးမစိုက်ခြင်း၊ မထီမဲ့မြင်ပြုခြင်း၊ အပြောအဆို အပြုအမူ ခက်ထန်မာကျောခြင်း၊ ကြမ်းတမ်းခြင်းတို့သည် မာန၏ လက္ခဏာ အမှတ်အသားများ ဖြစ်ကြသည်။

အာဏာရှိသူသည် အာဏာမာန် ယစ်တတ်၏။ ပစ္စည်းဥစ္စာ ကြွယ်ဝသူသည် ဓနမာန် တက်တတ်၏။ အသံကောင်းသူများက အသံအတွက် မာန်မာနတက်၏။ ခွန်အားရှိသူသည် ဗလမာန်တက်၏။ ငယ်ရွယ်သူများကလည်း ငယ်ရွယ်မှုအတွက် ငယ်ဂုဏ်တက်တတ်ကြသည်။ ပညာတတ်သူများကလည်း ပညာမာန်တက်တတ်၏။ မျိုးရိုးဇာတိ ဆွေမျိုး အသိုက် အဝန်း အထက်တန်းကျသူ များကလည်း မိမိ၏ မျိုးရိုးအတွက် ဂုဏ်ယူဝင့်ကြွား မာနတက်တတ်ကြသည်။ အဆိပ်ရှိသော မြွေသည် အဆိပ်အားကိုးဖြင့် ပါးပျဉ်ထောင်ကာ ရန်မူ မာန်မူတတ်သည်။ ခြင်္သေ့၊ သစ်ကျား တို့သည် ခြေသည်း လက်သည်း အစွယ်အားကိုးဖြင့် မာန်မူတတ်ကြသည်။

တစ်နည်းအားဖြင့် မာနသည် အမြတ်စား သေယျမာန်၊ တန်းတူသဒိသမာန်၊ အညံ့စား ဟီနမာန် ဟူ၍ သုံးမျိုးရှိသည်။

ငါသည် သူတစ်ပါးထက် ခွန်အားဗလ၊ ရုပ်အဆင်း၊ အမျိုးအနွယ်၊ စည်းစိမ်ဥစ္စာ၊ ပညာ၊ ခြွေရံသင်းပင်း၊ ရာထူးအာဏာအားဖြင့် မြင့်မြတ်သည်ဟု ယူဆ၍ တစ်ဖက်သားအား အဖက်မတန်သလို ဆက်ဆံခြင်းသည် သေယျမာန် မည်၏။

ရုပ်ဆင်းဂုဏ်သိန်၊ စည်းစိမ် ဥစ္စာ ပညာ၊ ခြွေရံသင်းပင်း၊ ရာထူးအာဏာအားဖြင့် သူနှင့်ငါ အတူတူဖြစ်၍ အရေးစိုက်စရာ မလိုဟု ယူဆ၍ တစ်ဖက်သားအား လေးစားမှု မပြုနိုင်၊ အရေးတယူဂရုတစိုက် မဆက်ဆံနိုင်၊ ပခုံးချင်းယှဉ်ခြင်း၊ ဂုဏ်တုဂုဏ်ပြိုင် ပြုနေခြင်းသည် သဒိသမာန်မည်၏။

မိမိက သူတစ်ပါးထက် အားခွန်ဗလ၊ ရုပ်ဆင်းဂုဏ်သိန်၊ စည်းစိမ် ဥစ္စာ၊ ပညာခြွေရံသင်းပင်း၊ ရာထူးအာဏာအားဖြင့် နိမ့်ကျနေမှန်း သိပါလျက် မိမိကိုယ်ကို မနိမ့်ချနိုင်၊ ကိုယ့်ထမင်း ကိုယ်စားနေတာ၊ မွဲတော့ ဘာဖြစ်သေးသလဲ၊ သူ့ ဘာသာသူ ချမ်းသာတာ ဘာအရေးစိုက်စရာလိုသလဲ ဟု မာနတံခွန် ထူခြင်းသည် ဟီနမာန်မည်၏။ ဥပမာအားဖြင့် ကိုယ်ရေပြားရောဂါသည် တစ်ဦးသည် လူကောင်းသူကောင်းများကို 'ချဉ်ပေါင်နှင့် ဝက်သားလဲရအောင်၊ လက်သီးချင်းပြိုင်ထိုးမလား' ဟု စိန်ခေါ်ခြင်းမျိုးဖြစ်သည်။

**သုဘာလုလင်**

မာနထောင်လွှားသူများသည် ယုတ်နိမ့်သော အမျိုး၌ ဖြစ်ရ၍ မိမိကိုယ်ကို နိမ့်ချသော သူများသည် မြင့်မြတ်သောအမျိုး၌ ဖြစ်ရကြောင်းကို ဥပရိပဏ္ဏာသပါဠိတော် စူဠကမ္မဝိဘင်္ဂသုတ်၌ သုဘာလုလင်အား ဤကဲ့သို့ ဟောကြားတော်မူသည်။

'အို သုဘာလုလင် –
ဤလောက၌
မာန်ခက်ထန်ထောင်လွှားသော ယောကျ်ား မိန်းမတို့ သည်
ရှိခိုးထိုက်သူကို ရှိမခိုး။
ခရီးဦး ကြိုဆိုထိုက်သူကို ခရီးဦးမကြိုဆို၊
လိုက်လံပို့ ဆောင်မှု မပြုဘဲ နေ၏။
နေရာပေးထိုက်သူကို နေရာမပေးဘဲ ထား၏။

လမ်းဖယ်ပေးသင့်သူကို လမ်းဖယ်မပေးဘဲ နေ၏။
ကောင်းစွာ ပြုစုထိုက်သူကို မပြုစုဘဲနေ၏။
ရိုသေထိုက်သူကို မရိုသေ။
မြတ်နိုးထိုက်သူကို မမြတ်နိုး။
ပူဇော်ထိုက်သူကို မပူဇော်။
ထိုသူသည် ထိုသို့ မောက်မာထောင်လွှားမှု အကုသိုလ်ကံကြောင့် သေသောအခါ အပါယ်ဒုဂ္ဂတိသို့ လားရာ၏။
အကယ်၍ လူဖြစ်ခဲ့သော်
ယုတ်နိမ့်သော အမျိုးအနွယ်၌သာ ဖြစ်ရာ၏။
အို သုဘလုလင် –
ဤမာနခက်ထန်ခြင်းသည် ယုတ်နိမ့်သော အမျိုး၌ ဖြစ်သော အကျင့်တည်း။
ဤလောက၌
မာန်ခက်ထန်ထောင်လွှားမှု မရှိသောယောကျ်ား၊ မိန်းမတို့သည် ရှိခိုးထိုက်သူကို ရှိခိုး၏။
ခရီးဦး ကြိုဆိုထိုက်သူကို ခရီးဦးကြိုဆို၏။
လိုက်လံပို့ဆောင်၏။
နေရာပေးထိုက်သူကို နေရာပေး၏။
လမ်းဖယ်ပေးသင့်သူကို လမ်းဖယ်ပေး၏။
ကောင်းစွာပြုစုထိုက်သူကို ကောင်းစွာပြုစု၏။
ရိုသေထိုက်သူကို ရိုသေ၏။
မြတ်နိုးထိုက်သူကို မြတ်နိုး၏။
ပူဇော်ထိုက်သူကို ပူဇော်၏။
ထိုသူသည် ထိုမာန်မရှိခြင်း နှိမ့်ချသောစိတ် ရှိခြင်းကြောင့် ကွယ်လွန်သောအခါ နတ်ရွာသုဂတိသို့ လားရ၏။
အကယ်၍ လူဖြစ်ခဲ့သော်
မြင့်မြတ်သောအမျိုး၌ ဖြစ်ရ၏။

သုဘာလုလင် –

ဤမာန်ခက်ထန်မှုမရှိခြင်း (မိမိကိုယ်ကိုနှိမ့်ချခြင်း )သည် မြင့်မြတ်သော အမျိုး၌ ဖြစ်စေတတ်သော အကျင့်တည်း။'

ကဿပဘုရားရှင် လက်ထက်တော်က မင်းသား တစ်ယောက်သည် ရဟန်းပြု၍ ပရိယတ်စာပေ သင်ယူခဲ့ရာ ပရိယတ္တိဗဟုသုတနှင့် ပြည့်စုံကြွယ်ဝလေသည်။ ထိုရဟန်းသည် မိမိ၏ မျိုးရိုးဇာတိ မြင့်မြတ်မှု၊ စာပေပရိယတ္တိ တတ်ကျွမ်းမှုဂုဏ်ကို အကြောင်းပြု၍ သူတစ်ပါးကို နှိမ့်ချခေါ်ဆို ပြောဆိုလေ့ရှိ၏။ မိမိကိုယ်ကို မြှောက်ပင့်ဝါကြွား အပေါ်စီးထား၍ ပြောလေ့ရှိ၏။

ထိုရဟန်းသည် ထိုဘဝမှ ကွယ်လွန်သောအခါ ယုတ်နိမ့်သော မျိုးရိုး၌ ဖြစ်ခဲ့ရသည်။ ဂေါတမဘုရားရှင် လက်ထက်၌ ယုတ်နိမ့်သော အမျိုးဖြစ်သည့် သုသာန်စောင့် သုဘရာဇာအမျိုး စဏ္ဍာလ အမျိုး၌ဖြစ်၍ သုပ္ပိယ ဟု အမည်တွင်၏။ နောင်သောအခါ သောပါက မထေရ်ထံမှ တရားနာရ၍ ရဟန်းပြုပြီး တရားအားထုတ် သဖြင့် ရဟန္တာအဖြစ်သို့ ရောက်ရှိလေသည်။

သတိပြုရန်မှာ မောက်မာထောင်လွှားမှု အကုသိုလ်သည် နောက်ဆုံး ရဟန္တာဖြစ်သည့်ဘဝအထိ ယုတ်ညံ့သော မျိုးရိုး၌ ဖြစ်စေရန် ဖန်တီး တတ်သည်ကို သင်ခန်းစာယူသင့်ကြပေသည်။

## မာနကြီးသော သာကီဝင်မင်းမျိုးများ

သာကီဝင်မင်းမျိုးတို့သည် အလွန်မာနကြီးတတ်ကြသည်။ မည်သူ့ကိုမျှ ရှိမခိုးနိုင်၊ မိမိတို့၏သားသမီးများကို ဇမ္ဗူဒိပ် တစ်ကျွန်း လုံးတွင် မည်သည့်ဘုရင် မင်းညီမင်းသားနှင့်မျှ တူသည် တန်သည် မထင်ကြသဖြင့် မိမိဆွေထဲ မျိုးထဲမှာပင် လက်ထပ်ပေးခဲ့ကြသည်။

မြတ်စွာဘုရားရှင်သည် ကပ္ပိလဝတ်ပြည်သို့ ပထမအကြိမ် ကြွတော်မူစဉ်က ဆွေတော်မျိုးတော်ဖြစ်သော သာကီဝင်မင်းမျိုးတို့သည် မြတ်စွာဘုရားအား ရှိမခိုးလိုကြသဖြင့် ကလေးငယ်များကို ရှေ့တန်း၌ထိုင်စေလျက် ၎င်းတို့ကမူ နောက်ဆုံးမှ နေရာယူကာ ရှိမခိုးဘဲနေကြ၏။ မြတ်စွာဘုရားရှင် တန်ခိုးပြမှသာ ရှိခိုးကြသည်။

ဘုရားရှင်၏ တရားတော်ကို နာကြားရသောကြောင့် အာနန္ဒာ၊ ဘဒ္ဒိယ၊ အနုရုဒ္ဓါ၊ ကိမိလ၊ ဘဂု၊ ဒေဝဒတ် ဟူသော သာကီဝင်မင်းသား ခြောက်ယောက်တို့သည် ရဟန်းပြုရန် ရည်ရွယ်ချက်ဖြင့် အလုပ်အကျွေး ဆတ္တာသည် ဥပါလိကိုပါ ခေါ်ခဲ့ကြပြီးလျှင် ဥယျာဉ်ကစား ထွက်သည့်ဟန်ပြုလျက် မင်းခမ်း မင်းနားဖြင့် ထွက်ခဲ့ကြ၏။ ကပ္ပိလဝတ်နယ်နိမိတ်ကိုလွန်၍ ကောသလနယ်ထဲသို့ ရောက်လာကြ၏။ ထိုအခါမှ နောက်ပါ ပရိသတ်အားလုံးကို မင်းအာဏာဖြင့် ပြန်လွှတ်လိုက်သည်။

ထို့နောက် မိမိတို့၏ မင်းဝတ်တန်ဆာအားလုံးကို ချွတ်၍ ဥပါလိအား အပြီးအပိုင် ပေးလိုက်၍ ပြန်လွှတ်လိုက်၏။ ဥပါလိသည် အနည်းငယ်မျှ ပြန်သွားပြီးမှ မူလကပင် သဒ္ဓါတရားရှိသူလည်းဖြစ်၊ သူ့ အရှင်သခင်အပေါ် သံယောဇဉ်လည်းမဖြတ်နိုင်၊ မင်းသားများ၏ ဝတ်စားတန်ဆာများကိုယူ၍ ပြန်သွားလျှင် မင်းသားတို့ကို သတ်ပစ် ခဲ့သည်ဟု စွပ်စွဲခံရကာ မင်းပြစ်မင်းဒဏ် သင့်မည်ကိုလည်း မြင်သောကြောင့် ဝတ်စားတန်ဆာများကို သစ်ပင်တစ်ပင်ပေါ်၌ တင်ထားခဲ့ပြီးလျှင် မင်းသားများနောက်သို့ ပြန်လိုက်၍ သူ့ကိုပါ ရဟန်းပြုခွင့်ပေးရန် တောင်းပန်၏။

မင်းသားတို့လည်း ဝမ်းမြောက်စွာပင် ဥပါလိကိုပါခေါ်၍ မြတ်စွာဘုရားထံတော်သို့ သွားကြ၏။ ဘုရားရှင်ထံမှောက် ရောက်ကြသောအခါ မင်းသားများက 'ရှင်တော်မြတ်ဘုရား၊

တပည့်တော်များ သာကီဝင်မင်းမျိုးတို့သည် အလွန်မာနကြီးကြပါသည်။ သို့ဖြစ်၍ အချိန်ကြာမြင့်စွာ တပည့်တော်များအား ခြေရင်းအလုပ်အကျွေးအဖြစ်ဖြင့် လုပ်ကျွေးပြုစုခဲ့သော ဤဆတ္တာသည် ဥပါလိကို ရှေးဦးစွာ ရဟန်းပြုပေးတော်မူပါ။ ဥပါလိကို တပည့်တော်များက ရှိခိုးကြပါမည်။ သို့မှသာ တပည့်တော်များ မာနကျိုးသွားမည်ဖြစ်ပါသည်'ဟု မြတ်စွာဘုရား အား လျှောက်ထားကြ၏။

မြတ်စွာဘုရားကလည်း ဥပါလိကို ပထမဆုံး ရဟန်းပြုပေးလိုက်၏။ သာကီဝင် မင်းသားခြောက်ယောက်တို့သည် ဥပါလိရဟန်းအား ဦးညွတ် ရိုကျိုး ရှိခိုးကြကုန်၏။ နိဝါတ မင်္ဂလာကို လက်တွေ့ကျင့်သုံးကြခြင်းဖြစ်သည်။

## မာန်စွယ်ကျိုးသော အရှင်ပေါဋ္ဌိလ

မြတ်စွာဘုရားရှင် လက်ထက်တော်က အရှင်ပေါဋ္ဌိလ မထေရ်သည် ပိဋကတ်သုံးပုံကို ပါဠိဂူမြောက် တတ်ကျွမ်းသည်ဖြစ်၍ ရဟန်း ငါးရာတို့အား စာပေပို့ချလျက်နေသည်။ ဝိပဿနာ ဘာဝနာကို ပွားများအားထုတ်ခြင်း မရှိချေ။ ထို့ကြောင့် မြတ်စွာဘုရားရှင်သည် မာန်တက်နေသော ထိုမထေရ်ကို တွေ့တိုင်း 'တုစ္ဆပေါဋ္ဌိလ၊ အချည်းနှီး ပေါဋ္ဌိလ၊ အလကား ပေါဋ္ဌိလ'ဟူ၍ ခေါ်တော်မူ၏။ ထိုသို့အခေါ်ခံရဖန် များလာသော အခါ အရှင်ပေါဋ္ဌိလသည် ဝိပဿနာတရား အားထုတ်ရန် ကျောင်းမှတိတ်တဆိတ်ထွက်ခွာ၍ ယူဇနာ တစ်ရာ့နှစ်ဆယ် ဝေးသော တောကျောင်းနေ မထေရ်ကြီးထံသို့ သွားရောက်၍ တပည့် ခံယူလေသည်။ မထေရ်ကြီးသည် အရှင်ပေါဋ္ဌိလ၏ ပရိယတ် စာပေတတ်ကျွမ်းမှု မာန်မာနကို ချိုးနှိမ်လိုသဖြင့် မထေရ်ငယ်တစ်ပါးထံ နည်းခံရန် လွှဲအပ်လိုက်သည် ။

ဤသို့လျှင် မထေရ်ငယ် အဆင့်ဆင့် ရဟန်းငယ် အဆင့်ဆင့် လွှဲပြောင်းပေးခဲ့ရာ နောက်ဆုံးတွင် အငယ်ဆုံးဖြစ်သော ခုနစ်နှစ်သား ရဟန္တာ ကိုရင်ကလေးထံ ရောက်ရှိသွားလေသည်။ အရှင်ပေါဋ္ဌိလသည် ကိုရင်ကလေး ရှေ့မှောက်၌ ရိုသေစွာ လက်အုပ်ချီလျက် 'တပည့်တော်အား သင့်လျော်မည့် ဝိပဿနာတရား ပေးသနားပါ 'ဟု လျှောက်ထား၏။

ကိုရင်ငယ်က ဆရာသမားများ၏ ဩဝါဒကို နာခံနိုင်ပါမည်လော မေးရာ အရှင်ပေါဋ္ဌိလက 'နာခံပါမည်၊ မီးပုံတွင်းသို့ ဆင်းပါဆိုလျှင် ဆင်းပါမည် 'ဟု လျှောက်ထား၏။ ကိုရင်က လက်တွေ့ စမ်းကြည့် လိုသဖြင့် 'အရှင်ဘုရား သင်္ကန်းကိုမပင့်ဘဲ ဤရေအိုင်အတွင်းသို့ ဆင်းပါ' ဟု ခိုင်းရာ အရှင်ပေါဋ္ဌိလသည် ချက်ချင်းပင် ရေအိုင် အတွင်းသို့ ဆင်းလိုက်၏။ သင်းပိုင်အနားကို ရေစိုသောအခါ ကိုရင်က 'ပြန်တက်ပါ' ဟု လျှောက်ထား၏။ အရှင်ပေါဋ္ဌိလ သည် ပြန်တက်လာ၏။

ထိုကဲ့သို့ ခြေသုတ်ပုဆိုး မြေခွယ်ကျိုးသို့ ချိုကျိုးနွားလား ဒွန်းစဏ္ဍားပမာ မာန်ခွယ်ကျိုးနေသော အရှင်ပေါဋ္ဌိလအား ခုနစ်နှစ်သား ကိုရင်ငယ်က ဝိပဿနာ ကမ္မဋ္ဌာန်းတရားပေးလိုက်ရာ အရှင်ပေါဋ္ဌိလ သည် အပြင်းအားထုတ်သဖြင့် မကြာမီ ကိလေသာ ကုန်ခန်း ရဟန္တာ ဖြစ်သွားလေသည်။ ထို့ကြောင့် မြတ်စွာဘုရား၏ သာသနာတော်၌ မာန် မာနကို ချိုးနှိမ်၍ မိမိကိုယ်ကို နှိမ့်ချခြင်း နိဝါတမင်္ဂလာကို မလွှဲမသွေ လိုက်နာကျင့်သုံးရမည် ဖြစ်ပေသည်။

ဤနိဝါတမင်္ဂလာကို ရာထူးကြီးမြင့်သူများ၊ စည်းစိမ်ဥစ္စာကြွယ်ဝ သူများ၊ ပညာအဆင့်အတန်း မြင့်မားသူများ အထူးဂရုပြု၍ လိုက်နာ ကျင့်သုံးရန် လိုအပ်လှပေသည်။ အဆံမပါသော စပါးနှံ အဖျင်းသည် ထောင်နေ၍ အဆံပြည့်သော စပါးနှံသည် အဖျားငိုက်နေသည်ကို ဥပမာပြု၍ အရည်အချင်းပြည့်ဝသူများသည် မိမိကိုယ်ကို နှိမ့်ချလေ့ရှိသည်။

# မင်္ဂလာ (၂၄)

**၂၄။ သန္တုဋ္ဌိမင်္ဂလာ** ရောင့်ရဲတင်းတိမ်ခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

ကောင်းသည်ဖြစ်စေ၊ ညံ့သည်ဖြစ်စေ ရတတ်သမျှသော ပစ္စည်းဖြင့် တင်းတိမ်ရောင့်ရဲနိုင်ရမည်။ ရဟန်းလည်း ရဟန်းအလျောက်၊ လူလည်း လူအလျောက် သင့်လျော်သည့်အတိုင်းအတာ အဆင့်အတန်းနှင့်အညီ ရောင့်ရဲတင်းတိမ်မှု ရှိရမည်ဖြစ်သည်။

လောကီလူ့ဘောင်ကို စွန့်ခွာ၍ ရသေ့ရဟန်းပြုကြသော ပုဂ္ဂိုလ်များမှာ အဝတ်အထည်များ၊ စားသောက်ဖွယ်ရာများကို နေ့ဖို့ညစာ နှစ်ရှည်လများ သိုမှီးသိမ်းဆည်းခြင်း မပြုကြချေ။

တစ်နေ့စာအတွက်သာလျှင် ရှာမှီးကြ၍ ပိုလျှင် နေ့မကူးစေဘဲ စွန့်ပစ်ကြရလေသည်။ အကြောင်းမှာမူ ပစ္စည်းသိုမှီး သိမ်းဆည်းရခြင်းသည် လွန်စွာကြောင့်ကြဗျာပါဒ၊ ဒုက္ခ၊ သုက္ခ များပြားလှချေသည်။

မပုပ်မသိုး မဆွေးမမြည့်စေရန်၊ ပိုးမဖောက် ခြမစားစေရန်၊ မီးမလောင် ရေမမျော သူခိုးမခိုးစေရန် အမြဲကြောင့်ကြ စိုက်နေရသည်။ ရသေ့ ရဟန်းတို့၏ ပင်မ မူရင်းအလုပ်ဖြစ်သော သမထ ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်းမှုကို အနှောင့်အယှက် ဖြစ်စေသည်။

ရှေးအခါက ဂန္ဓာရတိုင်းကို အစိုးရသော ဘုရင်ကြီးတစ်ပါးသည် အသက်အရွယ်ကြီးရင့်သောအခါ ထီးနန်းကို စွန့်ခွာ၍ တောထွက်ကာ ရသေ့ရဟန်းပြုခဲ့လေသည်။ အလားတူပင် ဝိဒေဟတိုင်းကို အစိုးရသော ဘုရင်ကြီးသည်လည်း တောထွက် ရသေ့ရဟန်းပြုခဲ့လေသည်။

ရသေ့ကြီးနှစ်ဦးတို့သည် တောတွင်းတစ်နေရာ၌ ဆုံမိကြ၍ ခင်မင်ရင်းနှီးကာ အတူတကွ သီတင်းသုံး နေထိုင်ကြသည်။ ဝိဒေဟရသေ့ကြီးသည် ဆားမပါလျှင် မစားတတ်သဖြင့် ဆွမ်းခံရာမှရရှိခဲ့သော ဆားတစ်ဇွန်းစာကို နောက်တစ်နေ့အတွက် ဖက်ရွက်ဖြင့် ထုပ်ကာ သိမ်းဆည်းထားမိသည်။

ထိုအခါ ဂန္ဓာရ ရသေ့ကြီးက ရွှေ ငွေ ရတနာ ဘဏ်တိုက်ကြီးများကိုပင် စွန့်လွှတ်လာခဲ့ပြီးမှ ယခုတစ်ဖန် ဆားတစ်ဖွန်းစာမျှကို သိုမှီးသိမ်းဆည်းရသလောဟု ပြစ်တင်ဆုံးမလေသည်။

မြတ်စွာဘုရားရှင် လက်ထက်တော်က သာကီဝင်မင်းသားရဲ့ဟန်းတော် အရှင်ဥပနန္ဒသည် တောရွာများသို့ လှည့်လည်လျက် ဘုန်းကြီးကျောင်း တစ်ကျောင်း၌ ဝါဆို ဝါကပ်ပြု၍ ထီးကိုထားခဲ့၏။

နောက်တစ်ကျောင်း၌ အလားတူ ဝါကပ်၍ တောင်ဝှေးကိုထားခဲ့၏။ အခြားကျောင်းများ၌လည်း ယပ်တောင်၊ သပိတ်၊ သပိတ်ခြေ၊ ဖိနပ် စသည့် တစ်ခုခုကို ထားခဲ့၏။ ဝါကျွတ်၍ ထိုကျောင်းများ၌ ကထိန် အလှူများပြုလုပ်သောအခါ ဝါဆိုစာရင်းဝင် ဖြစ်ကြောင်းကို အထက် ဖေါ်ပြပါပစ္စည်းကို သက်သေခံ ပြ၍ ခွဲတမ်းဝေစု ခံယူလေသည်။

ဤနည်းအားဖြင့် အရှင်ဥပနန္ဒသည် ရရှိလာသော သပိတ်၊သင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ်တောင် များကို လှည်းများဖြင့် ဇေတဝန်ကျောင်းသို့ သယ်ယူလာရာ မြတ်စွာဘုရားရှင်က 'ဘယ်က ပရိက္ခရာကုန်သည်လဲ' ဟု မေးတော်မူ၍ အရှင်ဥပနန္ဒကို သံဃာ ပရိသတ်အလယ်၌ အလိုကြီးသူ၊ လောဘကြီးသူ၊ မရောင့်ရဲနိုင်သူဟူ၍ ရှုတ်ချ ဆုံးမတော်မူလေသည်။

ထို့ပြင် ဗာရာဏသီပြည်မှ လှည်းကုန်သည်တို့သည် ကန္တာရခရီး၌ လမ်းမှားသဖြင့် အစာရေစာ မရှိသောတော၌ လှည့်လည်ကြသော် နဂါး သိမ်းပိုက်ထားသည့် ညောင်ပင်ရင်း၌ လှည်းစခန်းချ နေကြ၏။

သူတို့သည် ထိုညောင်ပင်၏ အကိုင်းတို့ကို ရေဖြင့်ပြည့်၍ စီးနေသကဲ့သို့ ထင်မြင်ကြသဖြင့် အရှေ့ကိုင်းကိုဖြတ်သော် ရေလုံးကြီး ထွက်လာ၍ ရေကိုသောက်ချိုးကြရ၏။

ထို့နောက် တောင်ကိုင်းကို ဖြတ်သော် ထိုအကိုင်းမှ အရသာရှိသည့် ဘောဇဉ်များထွက်လာ၍ ဘောဇဉ်ကိုစားကြ၏။ အနောက်ကိုင်းကို ဖြတ်သော် ထိုအကိုင်းမှ တန်ဆာဆင်ထားသည့် မိန်းမများထွက်လာ၍ ထိုမိန်းမများနှင့် ပျော်မွေ့ကြ၏။ မြောက်ကိုင်းကိုဖြတ်သော် ထိုအကိုင်းမှ ရတနာ ခုနစ်ပါးထွက်လာ၍ ထိုရတနာများကို လှည်းငါးရာပေါ် တင်ကြ၏။

လှည်းသားများသည် အမြစ်ကိုဖြတ်ပါက ဒီထက်ကောင်းသည့် ဥစ္စာများ ထွက်လာမည်ဟု ယူဆ၍ ဘုရားလောင်းလှည်းကုန်သည်မှူး တားမြစ်သည်ကို မနာယူဘဲ ထိုညောင်ပင်ကို အမြစ်မှဖြတ်ရန် အားထုတ်ကြ၏။

နဂါးမင်းသည် အမျက်ထွက်၍ ဘုရားလောင်းမှတစ်ပါး ကျန်လူတို့ကို သတ်ပြီး ရတနာခုနစ်ပါးဖြင့်ပြည့်သော လှည်းငါးရာနှင့် အတူ ဘုရားလောင်းကို ဗာရဏသီပြည်သို့ ပို့ဆောင်ပေးလေသည်။ လောဘကြီးသော လူမိုက်သည် လောဘကြောင့်ပင် ပျက်စီးရ၏။ ရောင့်ရဲတင်းတိမ်မှု မရှိသဖြင့် ပျက်စီးတတ်ပုံကို သင်ခန်းစာယူသင့်၏။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်း ပုဏ္ဏားသည် အိမ်ထောင်ပြု၍ သမီးသုံးယောက်ရပြီး ၎င်းတို့ အိမ်ထောင်မကျမီ စုတေ၍ ရွှေဟင်္သာ (သုဝဏ္ဏဟံသာ) မျိုး၌ ဖြစ်၏။

ရွှေဟင်္သာသည် ဇာတိဿရဉာဏ်ဖြင့် ရှေးဘဝကို ဆင်ခြင်ကြည့်ရာ မိမိ၏မယားနှင့် သမီးသုံးယောက်တို့ အလွန်ဆင်းရဲနေသည်ကိုမြင်၏။

ရွှေဟင်္သာသည် ဇနီးဟောင်းထံသွား၍ အကြောင်းစုံကို ပြောပြပြီး 'ဤရွှေအတောင်တို့ကို ရောင်းချပြီး အသက်မွေးလော့' ဆို၍ ဇနီးနှင့် သမီးတို့အား ရွှေအတောင်တစ်ခုစီ ပေးပြီးပြန်သွား၏။ ရွှေဟင်္သာသည် ဤနည်းဖြင့် ရံဖန်ရံခါ လာ၍ ရွှေအတောင် တစ်ခုစီ ပေးသဖြင့် ထိုသူလေးဦးသည် ချမ်းသာစွာနေကြရ၏။

တစ်နေ့သ၌ လောဘကြီးသော ဇနီးဟောင်း ပုဏ္ဏေးမသည် နောက်တစ်ကြိမ်လာသော ရွှေဟင်္သာကို ဖမ်းကိုင်၍ အတောင်အားလုံး နုတ်ယူ၏။ ဘုရားအလောင်း အလိုမတူဘဲ နိုင်ထက်မူ၍ ယူသောကြောင့် ရွှေအတောင်အားလုံးသည် ဗျိုင်းတောင်ကဲ့သို့ ဖြူကုန်၏။

ပုဏ္ဏေးမသည် မပျံနိုင်သော ရွှေဟင်္သာကို အိုးစရည်း၌ ထည့်၍ ကျွေးမွေး၏။ တစ်ဖန် ပေါက်သော အတောင်တို့သည်လည်း ဖြူကုန်၏။ အတောင်စုံသော် ဘုရားလောင်းသည် မိမိနေရာသို့ပြန်သွား၍ တဖန် မလာတော့ပေ။ အလိုကြီး၍ အရနည်းခြင်းဖြစ်၏။

ရောင့်ရဲတင်းတိမ်မှု သန္တုဋ္ဌိမင်္ဂလာကို လက်တွေ့ လိုက်နာကျင့်သုံးခြင်း မပြုနိုင်ကြသူတို့ သည် မိမိရရှိနေသည့် ရောက်ရှိနေသည့် အခြေအနေနှင့် လိုက်လျောညီထွေ မနေနိုင်ဘဲ နေ့ ချင်း ညချင်း ကြွယ်ဝ ချမ်းသာစေရန် မမှန်ကန်သော စီးပွားရှာနည်း၊ ရာထူးတိုးတက်နည်း များကို လိုက်စား လိုက်မှားတတ်ကြသည်။

လောင်းကစားမှုများကို သေချေးဖြစ် ချေးဖြစ် ပုံအောတတ်ကြသည်။ စည်းစိမ်ဥစ္စာ တိုးမလာသည့်အပြင် ဗူးထဲကရေ ပါသွား၍ အရင်းပါ ပြုတ်သွားသည်ကို တွေ့ နေရသည်။

လုပ်ငန်း ကျွမ်းကျင်အောင် မကြိုးစားဘဲ၊ အလုပ် မကြိုးစားဘဲ ရာထူးတိုးတက်စေရန် ခုတ်ရိုက်ခုတ်ဆင် ယတြာချေအလုပ်များကို ယုံကြည်ကိုးစားမှုကြောင့် ရာထူးမတက်ဘဲ ကန်တော့ပွဲဖိုး၊ ဆေးဖယောင်း တိုင်ဖိုး ဆုံးရှုံးကြသည်။

ထို့ကြောင့် ရာထူး၊ အာဏာ၊ စည်းစိမ်ဥစ္စာ ဂုဏ်သတင်း ကျော်စောမှုများကို မိမိနှင့် ထိုက်တန်သလောက် တင်းတိမ်ရောင့်ရဲခြင်းသည် သန္တုဋ္ဌိမင်္ဂလာကို လက်တွေ့ ကျင့်သုံးရာရောက်ပေသည်။

# မင်္ဂလာ(၂၅)

၂၅။**ကတညုတ မင်္ဂလာ** သူပြုဖူးသော ကျေးဇူးကို သိခြင်းသည် ကောင်းမြတ်သော မင်္ဂလာ မည်၏။

သူတစ်ပါးက မိမိအပေါ် ကောင်းကျိုးပြုဖူးသည်ကို ပြန်လည်၍ ကောင်းကျိုးပြုခြင်းကို ကျေးဇူးဆပ်သည်ဟု ခေါ်ဆိုရသည်။ တစ်စုံတစ်ယောက်ထံမှ အကူအညီတစ်ခု အကျိုးပြုမှုတစ်ခုကို လက်ခံရယူခဲ့ဖူးပါက ကျေးဇူးကြွေးတင်သည်မည်၏။

ယင်းကျေးဇူးကို ပေးဆပ်နိုင်သည့် အချိန်အခါတွင် တုံ့ပြန်၍ ပေးဆပ်ရန် တာဝန်ရှိ၏။ ကျေးဇူးမဆပ်နိုင်သေးပါကလည်း ယင်းကျေးဇူးကို လူသိရှင်ကြား ထုတ်ဖော်ပြောကြားရမည်။

အခြေအနေနှင့် အချိန်အခါအရ ကျေးဇူးရှင်များကို ကျေးဇူးဆပ်နိုင်ချင်မှ ဆပ်နိုင်ပေလိမ့်မည်။ ဆပ်ခွင့် ကြုံချင်မှကြုံပေလိမ့်မည်။ သို့ရာတွင် ၎င်းတို့၏ကျေးဇူးကိုမူ အချိန်အခါမရွေး အလျဉ်းသင့်သလို ထုတ်ဖော်ပြောကြားနိုင်ရပေမည်။ သူတစ်ပါး၏ ကျေးဇူးကို ထိမ်ဝှက်မထားသင့်ပေ။ ထို့ကြောင့် ရှေးပညာရှင်များက သူ၏ကျေးဇူးမထိမ်မြှုပ်နဲ့ ဟူ၍ ဆုံးမခဲ့ကြသည်။

ကျေးဇူးသိတတ်၍ ကျေးဇူးဆပ်သော ဝတ္ထုများကို ဇာတ်တော်ငါးရာ့ ငါးဆယ်မှ အနည်းငယ်မျှ ထုတ်ပြပါဦးမည်။

**မဟာအဿာရောဟဇာတ်(မြင်းသည်တော်ကြီး)**

ရှေးအခါက ဗာရဏသီပြည် ဘုရားအလောင်းသည် မင်းပြု၏။ တစ်နေ့သ၌ နယ်စပ်ဒေသ ပုန်ကန်ထကြွသည်ကို သွားရောက်နှိမ်နင်းစဉ် ဘုရင်မင်းမြတ်သည် စစ်ရှုံး၍ ထွက်ပြေးခဲ့ရာ နောက်လိုက် ဗိုလ်ပါ တကွဲတပြားစီဖြစ်၍ ဘုရင်တစ်ပါးတည်း မြင်းစီးလျက် ရွာတစ်ရွာသို့ ရောက်ရှိသွားသည်။

ရှာသားများသည် ကြောက်ရွံ့သဖြင့် ပုန်းအောင်း နေကြ၏။ ရှာသားတစ်ဦးသည် ဘုရင်မှန်းမသိဘဲ သာမန် မြင်းသည်တော်တစ်ဦးထင်မှတ်၍ သူ့အိမ်၌ သုံးလေးရက် ကြာအောင် ကောင်းမွန်စွာ ကျွေးမွေးပြုစုထား၏။ ဘုရင်ကြီး ကလည်း ဘုရင်ဖြစ်ကြောင်း ဖွင့်ဟ ပြောကြားခြင်းမပြုဘဲ ထား၏။

မြို့တော်သို့ ပြန်သွားသည့်အခါ ထိုအိမ်ရှင်ယောကျ်ားကို မြို့တော်သို့ လိုက်လာခဲ့ရန် မြို့တံခါးစောင့်အား မြင်းသည်တော် ကြီး၏ နေအိမ်ကို မေးမြန်းလာရန် မှာကြားခဲ့သည်။ ဘုရင်မင်းမြတ်သည် မြို့တော်တံခါးမှူးအား မြင်းသည်တော်ကြီး နေအိမ်ကို မေးလာသူအား ရှေ့တော်မှောက်သို့ ခေါ်ခဲ့ရန် မှာကြားခဲ့သည်။

တောသားယောကျ်ားကြီးသည် မြင်းသည်တော်ကြီး အတွက် လက်ဆောင်အဖြစ် အထည်ကြမ်းများနှင့် တောမုန့်များကို ယူဆောင်လာသည်။ တံခါးမှူးသည် တောသား ကြီးကို ဘုရင့်ရှေ့တော်မှောက်သို့ ပို့လိုက်သည်။ ဘုရင် မင်းမြတ် သည် တောသားကြီးယူလာသော မုန့်များကို မိမိလည်း ပွဲတော်တည်၍ မှူးကြီး မတ်ရာများကိုလည်း စားစေ၏။ အထည်ကြမ်းများ ကိုလည်း ဘုရင်နှင့် မိဖုရားကိုယ်တိုင် ဝမ်းသာအားရ ဝတ်ဆင်ကြသည်။

ဘုရင်မင်းမြတ်သည် တစ်ကိုယ်တော်တည်း ဘေးရန် ဝိုင်းနေသော အချိန်တွင် ကူညီစောင့်ရှောက်ခဲ့ဖူးသော တောသားကြီးကို ကျေးဇူး ဆပ်သည့်အနေဖြင့် မင်းစည်းစိမ် ထက်ဝက် ခွဲပေးလေသည်။

**ဂုဏဇာတ်**

ဇာတ်တော် ငါးရာ့ငါးဆယ် ဂုဏဇာတ်တော်၌ ဘုရားအလောင်း ခြင်္သေ့မင်းသည် တောင်ခြေရှိ သမင်ကို ဖမ်းရန် အရှိန်ပြင်းစွာပြေး၍ ခုန်အုပ်လိုက်သည်။ သမင်သည် တိမ်းရှောင်ပြေးသဖြင့် အရှိန်လွန်၍ ရွံ့နွံအတွင်း နစ်သွားရာ မတက်နိုင်ဘဲ ခုနစ်ရက်လုံးလုံး အစာရေစာ ငတ်ပြတ်ခဲ့သည်။

မြေခွေးတစ်ကောင်သည် ခြင်္သေ့မင်းအဖြစ်ကို မြင်၍ ခြင်္သေ့မင်းအား ကယ်တင်ရန် ခြင်္သေ့၏ ခြေလေးချောင်းဝန်းကျင်မှ နွံများကို ယက်ထုတ်လိုက်သည်။ ခြင်္သေ့ ဗိုက်အောက်သို့ ဝင်၍ စွမ်းအားရှိသမျှ ထမ်းမသည်။ ခြင်္သေ့မင်းသည် အားယူ၍ ခုန်ထွက်လိုက်ရာ ကုန်းမြေပေါ်သို့ ရောက်ရှိသွားသည်။

ခြင်္သေ့မင်းသည် ကျေးဇူးရှင်ဖြစ်သော မြေခွေးနှင့် မြေခွေး၏ မယားကို ခေါ်ဆောင်၍ အနီးအနား၌ နေစေပြီးလျှင် သားကောင်များကို သတ်ဖြတ်ကျွေးမွေးခြင်းဖြင့် အသက်ထက်ဆုံး ကျေးဇူးဆပ်ခဲ့သည်။

ပင်းယခေတ်တွင် ငါးစီးရှင်ကျော်စွာ၏ သူရဲကောင်း ငခင်ညိုသည် အသခ်ယာစောယွမ်းကို လုပ်ကြံရန် စစ်ကိုင်းသို့ သွားရာ အခွင့်မသာသဖြင့် တောတွင်း၌ ပုန်းခိုနေရာ ရက်အတန်ကြာ ထမင်းမစားရဘဲ ရှိခဲ့၏။ အခွင့်သာ၍ ညအချိန်၌ နန်းတော်ပေါ်သို့ တက်ခဲ့ရာ အသခ်ယာစောယွမ်း နတ်တင်ထားသော ထမင်းနှင့် အမဲသားကို စားမိပြီး ထမင်းသခင်ကို မသတ်ရက်တော့ဘဲ စက်ရာဘေးရှိ ပတ္တမြား ဓားကိုယူ၍ ပြန်ဆင်းခဲ့လေသည်။ ငါးစီးရှင်ကလည်း ကျေးဇူးသိတတ်သူအဖြစ် သတ်မှတ်၍ ဆက်လက်ချီးမြှောက်တော်မူသည်။ ထို့ကြောင့် တစ်လုပ်စားဖူး သူ့ကျေးဇူးဟု ဆိုကြသည်။

**အမ္ဗဇာတ်**

သူတစ်ထူး၏ကျေးဇူးကို ဖော်ထုတ် မပြောနိုင်ခြင်း၊ ထိမ်ဝှက်ထားခြင်းသည် သူယုတ်မာတို့၏ အကျင့်ဖြစ်၏။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် ဒွန်းစဏ္ဍားအမျိုး၌ဖြစ်၏။ အခါမဲ့ အသီးသီးစေနိုင်သော မန္တန်ကို တတ်၏။ ထိုမန္တန်ဖြင့် တောဌ် သရက်ပင်ကို မန်း၍ သီးစေ မှည့်စေပြီး သရက်သီးမှည့်များကို လှည့်လည်ရောင်းချ၍ သားမယားကို မွေးမြူ၏။

ဗြဟ္မဒတ်မင်း၏ ပုရောဟိတ်သား ပုဏ္ဏားလုလင်သည် တက္ကသိုလ်မှ ပညာစုံ၍အပြန် ထိုဒွန်းစဏ္ဍားကြီးကို တွေ့မြင်လေသဖြင့် ဝတ်ကြီးဝတ်ငယ် ပြုစုကာ အတတ်ပညာကို သင်ယူလေသည်။

ဆရာဖြစ်သူက ထိုလုလင်အား သင်၏ဆရာကား အဘယ်သူနည်းဟု မေးကြလျှင် ဒွန်းစဏ္ဍားဖြစ်ကြောင်း ပြောရမည်ကိုရှက်ပြီး လိမ်လည်ပြောလျှင် ဤမန္တန်သည် အကျိုးသက်ရောက်ခြင်း ရှိလိမ့်မည်မဟုတ်' ဟု လည်း မှာကြားလိုက်သည်။

လုလင်က အမှန်အတိုင်း ပြောပါမည်ဟု ဝန်ခံပြီး ဗာရာဏသီမင်းထံ မင်းခစား အမှုထမ်းနေလေသည်။

မင်းကြီးသည် အခါမဟုတ်သည့် သရက်သီး ရပုံ ရနည်းများကို မေးတော်မူရာ မန္တန်အစွမ်းဖြင့် ရပါကြောင်း လျှောက်ထားသဖြင့် ဥယျာဉ်တော်သို့ခေါ်ပြီးပြစေရာ တစ်ခဏချင်းပင် သရက်သီးများမှာ မှည့်ဝင်းပြီး မိုးသီးမိုးပေါက်ပမာ ကြွေသက်လာသဖြင့် ဆုတော်လာဘ်တော်များ ပေးလေသည်။

ထို့နောက် ဤမန္တန်ကို အဘယ်ဆရာထံ၌ သင်ခဲ့သနည်းဟု မေးရာ အမှန်ဝန်ခံရမည်ကို ရှက်သဖြင့် တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံမှ သင်ယူခဲ့ပါသည်ဟု မုသားဆိုလိုက်သည်နှင့်တပြိုင်နက် အာဂုံရပြီးသော မန္တန်သည်လည်း ကွယ်ပျောက်သွားလေသည်။

နောက်များမကြာမီ မင်းကြီးသည် သရက်သီးများအလိုရှိသဖြင့် မန္တန်ကိုရွတ်စေပြန်ရာ မန္တန်၏အစကို ရှာမရသဖြင့် ယနေ့ နက္ခတ် မယှဉ်သဖြင့် သရက်သီးများ မသီးစေနိုင်ပါဟု လျှောက်ထားလျှင် မင်းကြီးလည်း မယုံကြည်သဖြင့် ယုတ္တိမတန်ဟု မိန့်တော်မူပြီးလျှင် အမှန်ကို လျှောက်ထားစေမှ သိတော်မူသဖြင့် 'ဤလုလင်သည် လူယုတ်မာ ဖြစ်သည်၊ မန္တရား၏ တန်ဖိုးကိုမကြည့်ဘဲ မျိုးနွယ်ကိုသာ ကြည့်သည်၊ မြတ်သော မန္တရားကိုရလျှင် မျိုးနွယ်သည် ဘယ်အကျိုးရှိအံ့နည်း' ဟု ဆိုပြီး လုလင်အား နန်းတွင်းမှ နှင်ထုတ်လိုက်လေသည်။

ဥပဒေသ= ဆရာကို ပုန်ကန်လျှင် ဘေးဒဏ်သင့်မြဲ။

# မင်္ဂလာ(၂၆)

၂၆။**ဓမ္မသဝနမင်္ဂလာ** သင့်တင့်လျောက်ပတ်သောအခါ၌
တရားနာခြင်းသည်ကောင်းမြတ်သောမင်္ဂလာမည်၏။

အသိဉာဏ်ပညာရရှိရန် နားဖြင့်နားထောင်၍ မှတ်သားခြင်းသည် အကောင်းဆုံးနည်းလမ်း ဖြစ်သည်။ လူတို့ပြောသော စကားသံကို မကြားဖူးပါက ထိုသူသည် စကားပြောတတ်မည် မဟုတ်ချေ။

စကားပြောတတ်အောင် စကားသံများကို နားထောင်ရမည်။ စကားသံများကို နားထောင်မှသာလျှင် အနက် အဓိပ္ပါယ်ကို ထိုးထွင်း သိမြင်နိုင်သည်။

ထို့ကြောင့် ပုထုဇဉ်ဘဝမှ သောတာပန် အရိယာ အဖြစ်သို့ ကူးပြောင်း တက်လှမ်းလိုသော ပုဂ္ဂိုလ်သည် ဘုရား ရဟန္တာ အရိယာ ပုဂ္ဂိုလ်များထံမှ တရားနာခြင်းကို ပရတောဃောသ ပစ္စည်းဟု ခေါ်သည်။

ပရတောဃောသ ပစ္စည်း ချို့တဲ့မှုကြောင့် အသညသတ်ဘုံနှင့် အရူပဘုံသား ဗြဟ္မာများမှာ သောတာပတ္တိမဂ်ဉာဏ်ကို မရနိုင်ချေ။

ထို့ကြောင့် အသိဉာဏ်ပညာ အဆင့်အတန်း မြင့်မားရင့်ကျက်ရေး အတွက် သင့်တင့် လျောက်ပတ်သော အခါ၌ တရားနာခြင်း ဓမ္မသဝန မင်္ဂလာကို လိုက်နာ ကျင့်သုံးသင့်ကြပေသည်။

တရားနာခြင်းကြောင့် အောက်ပါ အကျိုးငါးပါးကို ရရှိနိုင်သည်။

၁။ မိမိမကြားဖူးသေးသော ထုံးဟောင်းပုံပြင်နည်းနာ အသစ်အဆန်း တရားထူးကို နာကြားရ၏။

၂။ နာကြားဖူးပြီးသော တရားကို ရှင်းလင်းပြတ်သား ပိုင်နိုင်စွာ သိရှိနားလည် မှတ်သားနိုင်၏။

၃။ ယုံမှားသံသယကို ပယ်ဖျောက်နိုင်၏။

၄။ အယူဝါဒကို ဖြောင့်မတ်မှန်ကန်အောင်ပြုနိုင်၏။
၅။ တရားနာသူ၏ စိတ်သည်ကြည်လင်၏။

[အင်္ဂုတ္တိုရ် ဓမ္မဿဝနသုတ်]

မမှန်မကန်သော စိတ်နေစိတ်ထား နှလုံးသွင်းဖြင့် တရားနာခြင်းသည် အရိယာမဂ်ကို မရစေနိုင်သည့်အပြင် အကုသိုလ်တရားပွားများမှုကို ဖြစ်စေနိုင်သည်။ တချို့သော ပုဂ္ဂိုလ်များသည် တရားနာသည့်အခါ မသင့်သောအားဖြင့် နှလုံးသွင်း၏။

တရားကို ကဲ့ရဲ့၏။ တရားဟောသူကို ကဲ့ရဲ့၏။ မိမိကိုယ်ကို ကဲ့ရဲ့၏။ တရားဟော ပုဂ္ဂိုလ်အပေါ် စိတ်ဆိုးလျက် တရားနာ၏။ ဟောကြားသော တရား၏ ပျော့ကွက်ဟာကွက် အပြစ်အနာအဆာကို အပြစ်ရှာလိုစိတ်ဖြင့် တရားနာ၏။ ကျေးဇူးကို ချေဖျက်သောစိတ်ဖြင့် တရားနာ၏။

မိမိမသိသေးသော တရားကို သိပြီဟုထင်၏။ ပျံ့လွင့်သောစိတ်ဖြင့် တရားနာ၏။ ဉာဏ်ပညာမရှိ၊ ထုံထိုင်းဖျင်းအ၏။

ယင်းပုဂ္ဂိုလ်များသည် တရားနာသော်လည်း မဂ်ဉာဏ်အထူးကို မရနိုင်သည့်အပြင် အကုသိုလ်တရား တိုးပွားရန်သာ ဖြစ်၏။ တရားနာရာ၌ စိတ်ကောင်း စိတ်မြတ်ဖြင့် ရိုသေလေးစားစွာ အာရုံစူးစိုက် နာယူမှသာလျှင် မဂ်ဉာဏ်အထူးကိုရနိုင်ပေသည်။

တရားနာယူရာ၌ အတုယူဖွယ် ကောင်းသော ဥပါသိကာမကြီး တစ်ဦးအကြောင်းကို ဖော်ပြပါဦးမည်။

မြတ်စွာဘုရား လက်ထက်တော် အခါက ကုရရဃရမြို့၌ ကာတိယာနီ အမည်ရှိသော ဥပါသိကာမကြီးရှိ၏။ ရတနာသုံးပါး ကိုင်းရှိုင်း၍ သဒ္ဓါတရား အလွန်ပြည့်ဝ၏။

တစ်ညသော် ထိုမြို့၌ ကုဋိကဏ္ဏသောဏမထေရ်သည် သူ၏မယ်တော် တောင်းပန်သဖြင့် မြို့အတွင်း ခင်းကျင်းဆင်ယင်ထားသော မဏ္ဍပ်၌ တရားဟော၏။ ကာတိယာနီ ဥပါသိကာမကြီးသည်လည်း ပရိသတ်အစွန်၌ ထိုင်၍ တရားနာသည်။

ထိုအချိန်တွင် ခားပြတို့သည် ကာတိယာနီဥပါသိကာမကြီး၏ အိမ်ကို ဖေါက်ထွင်းဝင်ရန် ဥမင်လိုဏ်ခေါင်း တူးနေကြ၏။ ခားပြဗိုလ်သည် တရားနာနေသော ကာတိယာနီ ဥပါသိကာမကြီး၏ နောက်ဘက် တည့်တည့်တွင်ရပ်၍ အကဲခပ်နေ၏။ ဥပါသိကာမကြီးကား ဘာမျှမသိ၊ တရားကိုသာ စူးစိုက်နာနေ၏။

ခဏကြာသော် ဥပါသိကာမကြီးသည် ဆီမီးထွန်းလိုသဖြင့် အိမ်ဖေါ်မိန်းကလေးကို အိမ်ပြန်၍ ဆီအယူခိုင်း၏။ မိန်းကလေးသည် အိမ်သို့ရောက်သောအခါ ခားပြများ ဥမင်တူးနေသည်ကို တွေ့ရ၍ ဆီမယူတော့ဘဲ ပြန်လာပြီးလျှင် အိမ်ကို ခားပြတွေ ဝင်တော့မည်ဖြစ်ကြောင်း ဥပါသိကာမကြီးအား ပြော၏။

အိမ်ဖော်မိန်းကလေး ပြောသောစကားကို ခားပြဗိုလ် ကြားသောအခါ 'တကယ်လို့ ဒီကာတိယာနီဟာ အိမ်ပြန်ဖို့ များ ထလိုက်ရင် ဒီနေရာမှာဘဲ ပွဲချင်းပြီး ခုတ်သတ်လိုက်မယ်'ဟု စိတ်ကူးထား၏။

သို့သော် ဥပါသိကာမကြီးက အိမ်ဖော်မလေးအား 'ဟဲ့ အသံမပြုနဲ့၊ တိုးတိုးပြော၊ ခားပြဆိုတာ သူတို့တွေ့တာ လောက်ဘဲ ယူသွားမှာ၊ မတွေ့တာကျန်ဦးမှာပဲ၊ ဒီည နာရခဲလှတဲ့ တရားကို ငါဖြောင့်ဖြောင့် နာချင်လို့ တရားနာတာ၊ အနှောင့် အယှက်မလုပ်စမ်းနဲ့၊ အသာနေစမ်း'ဟု ပြောပြီးနောက် တရားကို ဆက်၍ နာမြဲနာနေ၏။

ဥပါသိကာမကြီး၏ စကားကို ခားပြဗိုလ် ကြားသော အခါ 'ဒါလောက် ရတနာသုံးပါးကို ကြည်ညိုတဲ့ပုဂ္ဂိုလ်ရဲ့ အိမ်ကို ခားပြတိုက်ရင် ငါတို့တစ်တွေ ဒုက္ခရောက်တော့မှာပဲ'ဟု ထိတ်လန့်သံဝေဂဖြစ်ပြီးလျှင် အိမ်ကိုသွား၍ ခားပြများ ယူထားပြီးသား ပစ္စည်းများအားလုံး ပြန်ထားစေပြီးလျှင် ခားပြ အားလုံးကို ခေါ်ခဲ့၍ တရားနာကြစေ၏။

တရားဆုံးသောအခါ ဥပါသိကာမကြီးသည် သောတာပတ္တိ ဖိုလ်၌ တည်သွား၏။

အရဏ် တက်သောအခါ ဓားပြဖိုလ်သည် သူ့ လူများနှင့် အတူ ဥပါသိကာမကြီးထံ သွား၍ အကြောင်းစုံပြောပြကာ ကန်တော့ တောင်းပန်ကြ၏။ ဥပါသိကာမကြီးက သည်းခံ ကျေနပ်ကြောင်း ပြော၏။ ဓားပြများက သည်းခံရုံမဟုတ်ဘဲ သူတို့ကို ရဟန်းပြုပေးရန် ကုဋိကဏ္ဏသောဏ မထေရ်ထံ အပ်နှံပေးဖို့ တောင်းပန်ကြသဖြင့် အပ်နှံ ပေးလိုက်ကာ ဓားပြ များကို ရဟန်းပြုပေးလိုက်သည်။

တရားနာခြင်းသည် တရားအဓိပ္ပါယ်ကို နားလည်ပါက အရဟတ္တ မဂ်ဖိုလ် နိဗ္ဗာန်တိုင်အောင် အကျိုးထူး ရနိုင်သည်။ အဓိပ္ပါယ် နားမလည်သော်လည်း တရားအသံကို ကြည်ညိုသဒ္ဓါစိတ်ဖြင့် နာယူပါက သံသရာ၌ အထုံပါရမီ ရလာ၍ နောင်ဘဝများတွင် အရဟတ္တမဂ်ဉာဏ် အတွက် အထောက်အပံ့ဖြစ်သည်။

ကဿပဘုရားရှင် လက်ထက်တော်က လင်းနို့ သား ငါးရာတို့သည် လိုဏ်ဂူအတွင်း၌ နေကြသည်။ ထိုဂူအတွင်း၌ ရဟန်းတစ်ပါးသည် နေ့ စဉ် အဘိဓမ္မာ တရားတော်ကို ရွတ်အံ သရဇ္ဈာယ်လေ့ရှိသည်။ လင်းနို့ များသည် ထိုရဟန်း၏ တရားအသံ၌ ကြည်ညိုစိတ်ဖြင့် နာကြလေ့ရှိရာ လင်းနို့ များ သေလွန်သောအခါ ထိုကုသိုလ်ကြောင့် နတ်ပြည်သို့ ရောက်ကြ ရ၍ ဂေါတမ ဘုရားရှင်လက်ထက်တော်၌ အဘိဓမ္မာ တရားတော် ကို ကျွမ်းကျင်တတ်မြောက်သော အရှင်သာရိပုတ္တရာ ၏ တပည့် ရဟန်းငါးရာတို့ ဖြစ်လာကြကုန်၏။

ထို့အတူ ဖားတစ်ကောင်သည် မြတ်စွာဘုရား တရားဟောတော်မူသော အသံကို ကြည်ညိုစိတ်ဖြင့် နာယူနေစဉ် နွားကျောင်းသား၏ တုတ်ဖြင့် ဖိမိ၍ စုတေစိတ် ကျကာ ထိုကုသိုလ်ကြောင့် တာဝတိံသာ နတ်ပြည်၌ ရွှေဗိမာန်ဝယ် ကြီးကျယ်မြင့်မြတ်သော နတ်စည်းစိမ်ကို ခံစားရ၏။

အနာထပိဏ် သေဌေး၏သား ကာလအမည်ရှိ လုလင်သည် တရားနာယူလိုစိတ် မရှိသဖြင့် ဖခင်ဖြစ်သူက သားအား ကျောင်းတော်သို့ သွားရောက်တရားနာလျှင် အသပြာတစ်ထောင် ပေးမည်ဟု ပြောဆိုတိုက်တွန်း၏။

အသပြာ တစ်ထောင် ရလိုမှုကြောင့် လုလင်သည် ကျောင်းသို့သွား၍ တရားမနာဘဲ တရားပွဲပြီးသောအခါ အခြားသူများနှင့် အတူ ပြန်လာ၍ ငွေတစ်ထောင်ကို တောင်းယူလေသည်။ နောက်တစ်နေ့တွင် ဖခင်သေဌေးက သားဖြစ်သူအား ဘုရား တရားတော်ကို နာယူ၍ ပြန်ပြောနိုင်မှ ငွေတစ်ထောင် ပေးမည်ဟု ပြောကာ စေလွှတ်လိုက်သည်။

ကာလလုလင်သည် ငွေရလိုမှုကြောင့် မြတ်စွာဘုရားရှင်၏ တရားတော်ကို ဂရုတစိုက် နာယူမှတ်သား၏။ ထိုသို့ နာယူနေစဉ် တရားတော်၏ အနက်အဓိပ္ပါယ်ကို ထိုးထွင်းသိရှိ၍ သောတာပန် တည်လေသည်။

အိမ်ပြန်သောအခါ ဖခင်ဖြစ်သူ အနာထပိဏ် သေဌေးကြီးက ငွေတစ်ထောင် ဆီးပေးသော်လည်း မယူတော့ပြီ၊ တရားအရသာကို ငွေနှင့် မလဲလိုတော့ချေ။

ထို့ကြောင့် တရားနာခြင်းသည် ဆင်းရဲဒုက္ခ ကင်းငြိမ်းခြင်း၊ စိုးရိမ်သောက ပူဆွေးမှု ပူလောင်မှုများ ငြိမ်းအေးခြင်း၏ အကြောင်း ဖြစ်သည်ဟု ဆိုရမည် ဖြစ်ပေသည်။

ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလာမုတ္တမံ။

## ခန္တီစ

ဝတ်စားနေထိုင် ရန်ခပ်သိမ်း၊
စိတ်ကိုချုပ်ထိန်း သည်းခံလေ။
ကျိုးကြောင်းပြည့်စွန် ဆုံးမစကားကို၊
ပြောကြားလာက နာလွယ်စေ။
သူမြတ်ပုဂ္ဂိုလ် ဟူသမျှ၊
မကြာခဏ တွေ့ဆုံလေ။
သဘာဝတွေး မှန်ကန်ရေး၊
ဆွေးနွေးမပြတ်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

# မင်္ဂလာ(၂၇)

၂၇။**ခန္တီမင်္ဂလာ** သည်းခံခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

သည်းခံခြင်းဟူသည် စိတ်ရှည်ခြင်း၊ မညည်းမညူ အောင့်အည်း သည်းခံနိုင်ခြင်း၊ လောဘအလိုသို့ မလိုက်ဘဲ နေနိုင်ခြင်း၊ ဒေါသအလိုသို့ မလိုက်ဘဲ နေနိုင်ခြင်း၊ အချမ်းအပူ နှိပ်စက်ခြင်း၊ ရောဂါဝေဒနာ နှိပ်စက်ခြင်းတို့ကို အောင့်အည်း သည်းခံနိုင်ခြင်းပင် ဖြစ်သည်။

လှပသော အဆင်းရူပါရုံကို ကြည့်ချင်သော်လည်း မကြည့်ဘဲ နေနိုင်အောင် အောင့်အည်း ထိန်းသိမ်းနိုင်ခြင်း၊ သာယာသော အသံကို နားထောင်ချင်ပါလျက် နားမထောင်မိအောင် အောင့်အည်းနိုင်ခြင်း၊ အလားတူ မွှေးကြိုင်သောရနံ့၊ ချိုမြိန်သော အရသာ၊ နူးညံ့သော အတွေ့အထိတို့ကို ကြိုက်နှစ်သက်သော်လည်း စိတ်အလိုမလိုက်ဘဲ မျိုသိပ် ထားနိုင်ခြင်းသည် သည်းခံခြင်းမည်၏။

တေမိယ ဇာတ်တော်၌ ဘုရားအလောင်း တေမိမင်းသားကို စားသောက်ဖွယ်ရာများ၊ လှပသော ကချေသည်များဖြင့် ဖြားယောင်း သွေးဆောင်သော်လည်း တေမိမင်းသားသည် စိတ်အလိုမလိုက်ဘဲ အောင့်အည်း သည်းခံနိုင်ခဲ့သည်။

ကြောက်မက်ဖွယ်ရာ ရွံရှာစက်ဆုပ်ဖွယ်ရာကောင်းသော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ အာရုံများကို မလွဲသာ မရှောင်သာ ရင်ဆိုင် တွေ့ကြုံရသည့်အခါ ကြောက်လန့်တုန်လှုပ်ခြင်း၊ စိတ်နှလုံးမသာ မယာဖြစ်ခြင်း၊ ဒေါသအမျက် ထွက်ခြင်းတို့ကို မဖြစ်ပေါ်စေရန် မိမိစိတ်ကို ပညာဉာဏ်ဖြင့် ထိန်းသိမ်း၍ အောင့်အည်း သည်းခံနိုင်ရမည်။

အလောင်းတော် တေမိမင်းသားသည် သန်လျက်စွဲကိုင်သော

သူသတ်ယောက်ျား ခြိမ်းခြောက်မှု၊ အမုန်ယစ်သော ဆင်နှင့် နင်းသတ်ရန် ခြိမ်းခြောက်မှု၊ အဆိပ်ပြင်းသော မြွေဖြင့် ခြိမ်းခြောက်မှုများကို တွေ့ကြုံရသောအခါ မတုန်မလှုပ် တည်ကြည်ငြိမ်သက်စွာ ကြံ့ကြံ့ခံနေခဲ့သည်။

ယေဘုယျအားဖြင့် လောကတွင် ဆင်းရဲမွဲတေ နေသူများကို အနီးကပ် လေ့လာကြည့်ပါက ဘာကိုမျှ သည်းမခံနိုင်ကြသည်ကို တွေ့ရပေမည်။ ခန္တီမင်္ဂလာ ပျက်စီးနေကြသည်။ အစားအသောက် သည်းမခံနိုင်၍ အမဲ၊ သား၊ ငါးကို မတန်တဆဈေးနှုန်းဖြင့် အကြွေးခံစားကြသည်။ အာဟာရမဖြစ်သည့် လက်ဖက်ရည်၊ ကော်ဖီ သို့မဟုတ် အရက် ကြွေးတင်ကာ သောက်ကြသည်။

အဝတ်၌ သည်းမခံနိုင်၍ အကြွေးစနစ်ဖြင့် ဈေးကြီးပေးပြီး ဝတ်ဆင်ကြသည်။ ညစာပင် မရှိသည်အထဲ အိုးခွက်ပန်းကန်နှင့် ခြင်ထောင်ကို ပေါင်ပြီး ပွဲလမ်းသဘင် ကြည့်ကြသည်။ ဘာကိုမျှ သည်းမခံနိုင်သဖြင့် ပို၍ပို၍ ဆင်းရဲတွင်း နက်လာသည်ကို နားမလည်ကြချေ။

ရန်တုံ့မမူခြင်း၊ လက်စားမချေခြင်း၊ ရန်ငြိုးမဖွဲ့ခြင်း၊ မိမိကို နှိပ်စက်ညှဉ်းပန်း စော်ကားသူအား ပြန်လည် အမျက်မထွက်ခြင်းသည် လည်း ခန္တီမည်၏။

ယင်းသည်းခံခြင်း ခန္တီတရားကို လက်တွေ့ကျင့်သုံး လိုက်နာမှုနှင့် စပ်လျဉ်း၍ ခန္တီဝါဒီဇာတ်နှင့် စူဠဓမ္မပါလ ဇာတ်တော်များကို ထုတ်ပြပါဦးမည်။

## ခန္တီဝါဒီဇာတ်

ဗာရာဏသီပြည် ကလာဗုမင်းသည် ဥယျာဉ်တော်သို့ ထွက်၍ အရက်သေစာသောက်စားပြီး မိဖုရားမောင်းမများနှင့် ပျော်မြူးနေသည်။ ကလာဗုမင်း ခေတ္တခဏအိပ်ပျော်သွားစဉ်

အခြွေအရံ မိဖုရားမောင်းမ များသည် ဥယျာဉ်တွင်း၌လှည့်လည်၍ တစ်ခုသောအင်ကြင်းပင်ရင်း၌ ရသေ့တစ်ပါးကို ဖူးတွေ့ရ၍ ဝိုင်းဝန်းခြံရံကာ တရားနာနေကြသည်။

ဘုရင်သည် သူ၏ မိဖုရားမောင်းမများကို လက်ခံ စကားပြောနေသော ရသေ့အား လူယုတ်မာအဖြစ်သတ်မှတ်၍ အမျက်ပြင်းစွာထွက်လျက် သန်လျက်ကိုကိုင်စွဲကာ ရသေ့ထံ သွားပြီးလျှင် သင်သည် အဘယ်ဝါဒ ရှိသနည်းဟု မေး၏။

ရှင်ရသေ့က သည်းခံခြင်း ခန္တီဝါဒရှိသည်ဟု ဆို၏။ ကလာဗုမင်း သည် ခန္တီရှိမရှိ လက်တွေ့ စမ်းသတ်ဦးမည်ဟု ဆို၍ ဆူးတပ်သောကြိမ်ဖြင့် အချက်တစ်ထောင် ရိုက်စေ၍ ခန္တီရှိသေးသလောဟု မေး၏။

ခန္တီရှိပါကြောင်း ရသေ့က ပြန်လည်ဖြေကြား၏။ ထို့နောက် လက်ဖျား၊ ခြေဖျားများကို ဖြတ်၍ မေးပြန်ရာ ခန္တီရှိပါကြောင်း ပြန်လည်ဖြေကြား၏။ တစ်ဖန် ဒူးနှင့် လက်မောင်းများကို ဖြတ်၍ မေးပြန်၏။ ရှင်ရသေ့ကလည်း ခန္တီရှိပါကြောင်း ဖြေ၏။

ကလာဗုမင်းသည် လက်မောင်းရင်း၊ ပေါင်ရင်းနှင့် နှာခေါင်းတို့ကို သန်လျက်ဖြင့်ဖြတ်ကာ ရသေ့ကြီး၏ ရင်ဝကို ဖနောက်ဖြင့်ပေါက်၍ ထွက်ခွာသွားလေသည်။ ဥယျာဉ်မှ အထွက်တွင် ကလာဗုမင်းသည် မြေမျိုခံရ၍ အဝီစိငရဲသို့ အရှင်လတ်လတ် ရောက်သွားလေသည်။

**စူဠဓမ္မပါလဇာတ်**

စူဠဓမ္မပါလ ဇာတ်တော်တွင် ဗာရာဏသီပြည် မဟာပတာပ မင်းသည် မိမိအလွန်ချစ်မြတ်နိုးသော စန္ဒာဒေဝီ

မိဖုရားကြီး၏ အဆောင်သို့ သွားလေသည်။ မိဖုရားကြီးသည် ခမ္မပါလအမည်ရှိသော သားငယ်ကို ရင်ဝယ်ပိုက်လျက် ကလူကျီစယ်နေရာ ဘုရင်ကြီးကြွလာသည်ကို မမြင်သဖြင့် ခရီးဦးကြိုဆိုခြင်း၊ ထိုင်ရာမှထ၍ အရိုအသေပြုခြင်းတို့ကို မပြုလုပ်မိဘဲ ရှိချေသည်။

ဘုရင်ကြီးက ဤမိဖုရားသည် သားအားကိုးဖြင့် ငါကိုယ်တော်မြတ် ကြွလာသည်ကို မလေးမခန့်နေဘိသည်။ သားငယ် အရွယ်ရောက်လာ ပါမူကား ငါကိုယ်တော်မြတ်၏ အသက်စည်းစိမ်ကိုပင် လုပ်ကြံဖွယ်ရာ ရှိသည်ဟု ဒေါသအမျက် ပြင်းစွာထွက်လျက် မိမိအဆောင်သို့ပြန်သွား၍ သားတော် ခမ္မပါလကိုယူခဲ့ရန် အာဏာပါးကွက်သားကို စေခိုင်း လိုက်သည်။

အာဏာပါးကွက်သားများသည် မိဖုရားကြီး၏ ရင်ခွင်တော်အတွင်းမှ သားငယ်ကို ဆွဲငင်လုယူခဲ့ကြသည်။ မိဖုရားကြီးသည် ငိုယိုတောင်းပန်လျက် လိုက်လာခဲ့သည်။ ဘုရင်ကြီး၏ အမိန့်တော်အရ အာဏာပါးကွက်သားများသည် မင်းသားငယ်၏ လက်နှစ်ဖက်ကို ဖြတ်ပစ်လိုက်သည်။

မင်းသားငယ်သည် ဟစ်အော် ငိုယိုခြင်းမရှိဘဲ ခမည်းတော်အပေါ် မေတ္တာရှေ့ထား၍ သည်းခံလျက်နေသည်။ ဆက်လက်၍ မင်းသားငယ်၏ ခြေနှစ်ဖက်ကို ဖြတ်စေသည်။ မိဖုရားကြီးသည် သည်းထန်စွာငိုကြွေးလျက် တောင်းပန်သော်လည်း ဘုရင်ကြီးသည် အမျက်မပြေနိုင်သဖြင့် သားတော်ကို ခေါင်းဖြတ်စေ၍ ခန္ဓာကိုယ်အစိတ်အပိုင်းများကို ကောင်းကင်သို့ ပစ်မြှောက်ကာ သန်လျက်ဖြင့် ခံစေပြီး သန်လျက်ပန်း ကစားစေသည်။

စန္ဒာဒေဝီမိဖုရားကြီးသည် အသည်းနှလုံးကြေကွဲကာ
သေပွဲဝင်သွားပြီ မဟာပတာပမင်းလည်း မြေမျိုခံရ၍
အရှင်လတ်လတ် မဟာအဝီစိ ငရဲ ကျရောက်သွားလေသည်။

ဤကား ဒေါသအလိုလိုက်သူနှင့် ဒေါသကို ထိန်းချုပ်နိုင်သူအား နှိုင်းယှဉ် သုံးသပ်သင့်သော ဖြစ်ရပ်နှစ်ခုကို တင်ပြခြင်းတည်း။

## ဆဒ္ဒန်ဆင်မင်းဇာတ်

အလောင်းတော်ဆဒ္ဒန်ဆင်မင်းသည် သောနုတ္တိုရ်မုဆိုး၏ မြားဒဏ်နှင့် အစွယ်ကို လွှဖြင့် တိုက်ဖြတ်ခံရသဖြင့် နာကျင်မှုဝေဒနာကို အောင့်အည်းသည်းခံ၍ သောနုတ္တိုရ် မုဆိုးအပေါ် အမျက်မထွက်ဘဲ ခွင့်လွှတ်သည်းခံနိုင်ခဲ့သည်။

## သင်္ခပါလဇာတ်

သင်္ခပါလဇာတ်တော်တွင် သင်္ခပါလ နဂါးမင်းကို မုဆိုး တစ်ဆယ့်ခြောက်ယောက် တို့သည် တံစို့ ရှစ်ချောင်းနှင့် ထိုးဖောက်၍ တံစို့ များကို ထမ်းပိုးသဖွယ် ပြုလုပ်ကာ နှစ်ယောက်တစ်တွဲ ဦးပဲ့ထမ်းယူလာခဲ့ကြသည်။

သင်္ခပါလ နဂါးမင်းသည် ဒေါသဖြင့်မျက်စောင်းထိုးကြည့်ပါက ထိုမုဆိုး တစ်ဆယ့်ခြောက် ယောက်တို့ ဖွဲ့ ပြာကျသွားနိုင်စွမ်းရှိသော်လည်း မိမိ၏ သီလကို အပျက်မခံသည့် အတွက် မျက်စိနှစ်ဖက်စုံမှိတ်ကာ မေတ္တာမပျက် သည်းခံခဲ့လေသည်။ လှည်းကုန်သည်တစ်ဦးက တွေ့ ရှိပြီး မုဆိုးများအား ငွေပေး၍ သင်္ခပါလနဂါးမင်းကို လွှတ်စေခဲ့သည်။

## အရှင်ပုဏ္ဏ မထေရ်

မြတ်စွာဘုရား လက်ထက်တော်က အရှင်ပုဏ္ဏ မထေရ်သည် သုနာပရန္တ တိုင်းသို့ သွားရောက် သာသနာပြုမည်ဖြစ်ကြောင်းကို မြတ်စွာဘုရားအား လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားက

'သုနာပရန္တတိုင်းသားတို့သည် ကြမ်းကြုတ်ခက်ထန်ကုန်၏။ ထိုသူတို့သည် အကယ်၍ သင့်ကို ဆဲရေးတိုင်းထွာခြင်း၊ ခြိမ်းခြောက်ခြင်းပြုကြလျှင် သင့်အား မည်ကဲ့သို့ဖြစ်မည်နည်း' ဟု မေးတော်မူ၏။

အရှင်ပုဏ္ဏက 'သုနာပရန္တတိုင်းသားတို့သည် ငါ့အား နှုတ်ဖြင့်သာ ဆဲရေးခြိမ်းခြောက်ကြကုန်၏၊ လက်ဖြင့်ထိုးကြိတ်ရိုက်နှက်ခြင်း မပြုသည်မှာ တော်သေးသည်ဟု ယူဆပါမည်ဟု လျှောက်၏။

'ခဲဖြင့်ပေါက်ခြင်း၊ တုတ်ဖြင့်ရိုက်ခြင်း၊ ဓားဖြင့်ခုတ်ခြင်း၊ အသေသတ်ခြင်းဖြင့် အကြမ်းဖက်မှု တစ်ဆင့်ဆင့်ချင်း တိုးတက်ပြုမူလာခဲ့သော် သင့်အား မည်သို့ဖြစ်မည်နည်း' ဟု ဆက်ကာဆက်ကာ မေးတော်မူရာ အရှင်ပုဏ္ဏကလည်း 'တုတ်ဖြင့်မရိုက်သေးသဖြင့် ခဲဖြင့် ပေါက်သည်မှာတော်ပါသေး၏။ ဓားဖြင့် မခုတ်သေးသဖြင့် တုတ်ဖြင့်သာ ရိုက်သည်မှာတော်ပါသေး၏။ အသက်မသေဘဲ ဓားဖြင့်ခုတ်ရုံသာ ခုတ်ကြသည်မှာတော်ပါသေး၏။ အကယ်၍ အသေသတ်ကြပါမူ ဤခန္ဓာကိုယ် အပုပ်ကောင် ဝန်ထုပ် ဝန်ပိုးကြီး ထမ်းဆောင်နေရသည်မှာ စက်ဆုပ် ငြီးငွေ့ဖွယ်ရာဖြင့် ထိုဝန်ထုပ်ကြီးမှ လွတ်မြောက်စေရန် မိမိကိုယ်တိုင် လုံ့လ မစိုက်ထုတ်ရဘဲ သုနာပရန္တတိုင်းသားများက သတ်ဖြတ်ကြသည်မှာ ကျေးဇူးတင်ဖွယ်ရာ ဖြစ်၏ဟု အောက်မေ့မှတ်ထင်ယူဆပါမည်'ဟု လျှောက်ထား၏။

မြတ်စွာဘုရားရှင်သည် အရှင်ပုဏ္ဏ၏ သည်းခံနိုင်စွမ်းရည်ကို ချီးမွမ်းတော်မူ၍ သုနာပရန္တတိုင်းသို့ သွားခွင့်ပြုတော်မူ၏။

**ကဲ့ရဲ့ခုနစ်ရက်**

ကောသမ္ဗီမြို့တွင် မာဂဏ္ဍီမိဖုရားက ငွေအသပြာပေးကာ စေခိုင်းထားမှုကြောင့် ကောသမ္ဗီ မြို့သူမြို့သားတို့သည် ဘုရားအမှူးရှိသော သံဃာတော်များ ဆွမ်းခံကြွလာစဉ် ယုတ်မာစွာ ဆဲရေးတိုင်းထွာခြင်း၊ ကြိမ်းမောင်းနှင်ထုတ်ခြင်း၊ ခဲ,တုတ်တို့ဖြင့် ပစ်ခတ်ခြင်း ပြုကြကုန်၏။

အရှင်အာနန္ဒာမထေရ်က ရာဇဂြိုဟ်မြို့သို့ ပြောင်းရွှေ့ကြသွားရန် လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားက အာနန္ဒာ ရာဇဂြိုဟ်မြို့ သူ မြို့သားများကလည်း အလားတူ ဆဲရေးခဲ့သော် အဘယ်အရပ်သို့ ပြောင်းရွှေ့မည်နည်းဟု မေးတော်မူ၏။

ရာဇဂြိုဟ် မြို့သူမြို့သားများက ဆဲရေးပြန်သော် သာဝတ္ထိမြို့သို့ ပြောင်းရွှေ့ပါမည်ဟု လျှောက်ထား၏။ မြတ်စွာဘုရားရှင်က ဤကဲ့သို့ ဆဲရေး စော်ကားသူတွေ့တိုင်း ရွှေ့ပြောင်းနေရပါက မဆုံးနိုင်လောက်အောင် ပြောင်းရွှေ့နေရပေမည်။ စစ်မြေပြင်၌ ဆင်ပြောင်ကြီးသည် ရန်သူဘက်မှ ပစ်ခတ်သော ဓား၊ လုံ၊ လေး၊ မြားတို့၏ ဒဏ်ကို ကြံ့ကြံ့ခံသကဲ့သို့ ရိုင်းပျ ပုတ်ခတ်စော်ကားသော စကားလုံးများကို ငါဘုရားသည် ရှေ့တန်းမှ နေ၍ခံယူမည်။ ဤကဲ့ရဲ့သဂြိုဟ် စကားများသည် ခုနစ်ရက်စေ့သောအခါ အလိုအလျောက် ပပျောက်သွားလိမ့်မည်ဟု မိန့်ကြား၍ ဆွမ်းခံကြွမြဲ ကြွတော်မူ၏။ ခုနစ်ရက်ကြာသောအခါ ကဲ့ရဲ့ရှုတ်ချ ဆဲရေးမှုများသည် အလိုအလျောက် ရပ်စဲသွားလေသည်။

## အချမ်းအပူကို သည်းခံခြင်း

လောကမသနာဂ မထေရ်သည် စေတီယတောင်၌ ကမ္မဋ္ဌာန်း အားထုတ်နေရာ ဆောင်းရာသီ ဆီးနှင်းကျချိန် လွင်တီးခေါင်၌ နေလျက် လောကန္တရိတ်ငရဲ၏ အအေးလွန်ကဲမှုကို ဆင်ခြင်လျက် အအေးဒဏ်ကို သည်းခံ၏။

အလားတူပင် အဝီစိငရဲ၏ ပူလောင်မှုကို ဆင်ခြင်၍ အပူဒဏ်ကို သည်းခံလျက် ကမ္မဋ္ဌာန်းတရားအားထုတ်၏။ ပဓာနိယ မထေရ်သည် ဆွမ်းမရသော နေ့၌ ပြိတ္တာဘုံ၏ ငတ်မွတ်ခြင်းကို ဆင်ခြင်၍လည်းကောင်း၊ မှတ် ခြင် ယင် မြွေ ကင်း သန်းတို့ ကိုက်ခဲသည်ရှိသော် အစမထင် သံသရာ၌ ခြင်္သေ့ သစ်ကျားတို့၏ ခံတွင်း၌ အကြိမ်များစွာ ပျက်စီးခဲ့ရခြင်းကို ဆင်ခြင်၍ လည်းကောင်း သည်းခံလျက် ကမ္မဋ္ဌာန်း တရားကို အားထုတ်၏။

ထိုမထေရ်သည် တရားနာနေစဉ် မြွေကိုက်ခဲခြင်း ခံရသည်ကို သည်းခံလျက် မိမိသီလကို ဆင်ခြင်ပြီး ကမ္မဋ္ဌာန်းတရား အားထုတ်ရာ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

အလားတူပင် ပိဏ္ဍပါတိက မထေရ်သည်လည်း တရားနာနေစဉ် ခြေသလုံးသားကို ငန်းမြွေကကိုက်ရာ ငန်းမြွေကိုဖမ်း၍ အုတ်ထဲ၌ ထည့်လျက် တရားကို ဆက်လက်နာ၏။ တရားဆုံးမှ ငန်းမြွေကို လွှတ်ရာသို့ ပို့၍ လွှတ်လိုက်၏။

## ဒုံရင်းပြန်ပြေးခြင်း

မြတ်စွာဘုရားရှင်၏ တရားတော်ကို နာကြားရသော ဗြာဟ္မဏပုဏ္ဏား မျိုးတို့သည် အကျွတ်တရားရကုန်၍ မိမိတို့ပုဏ္ဏား အယူဝါဒ ဗြဟ္မာ ကိုးကွယ်မှုကို စွန့်လွှတ်ကြ၍ မြတ်စွာဘုရားအား ဆည်းကပ် ကိုးကွယ် ကြ၏။

ဤကဲ့သို့ ပုဏ္ဏားများ ဘာသာအယူဝါဒ ပြောင်းသွားသည်ကို မခံရပ်နိုင်သော ပုဏ္ဏားကြီးတစ်ယောက်သည် မြတ်စွာဘုရားရှင်ကို စေ့စေ့ ကြည့်ပြီး ပက်ပက်စက်စက် အားပါးတရ အယုတ်တမာ ဆဲရေးနေလေ သည်။

ဆဲပြီး မော၍ ခေတ္တရပ်နားသွားသောအခါ မြတ်စွာဘုရားရှင်က 'အို…ပုဏ္ဏား၊ သင်၏မိတ်ဆွေများသည် သင့်ထံသို့လာရောက်၍ လက်ဆောင်ပစ္စည်းများပေးကြသည်ကို သင့်အနေဖြင့် လက်မခံပါက ထိုပစ္စည်းများသည် မည်သူ၏ ပစ္စည်းများဖြစ်ကြသနည်း'ဟု မေးတော်မူ၏။

ပုဏ္ဏားကြီးက 'အို….အရှင်ဂေါတမ၊ အကျွန်ုပ် လက်မခံပါက ယူလာသူတို့၏ ပစ္စည်းများသာ ဖြစ်ပါကုန်မည်'ဟု ဖြေကြား၏။ ထိုအခါ မြတ်စွာဘုရားရှင်က 'အို…ပုဏ္ဏား၊ ယခု သင် ဆဲရေး ရေရွတ် နေသော အယုတ်တမာစကားများကို ငါဘုရား လက်ခံတော်မမူ' ဟူ၍ မိန့်တော်မူရာ ပုဏ္ဏားကြီးသည် 'မိမိဆဲရေးသမျှစကားများ မိမိထံ

ဒုံရင်းပြန်ရောက်နေ ပါပြီ' ဟု သဘောပေါက်ကာ မြတ်စွာဘုရားထံမှောက် မိမိအမှားကို ဝန်ချ တောင်းပန် လေတော့သည်။

သို့ဖြစ်၍ ရှေးပညာရှိတို့က ရန်မလိုမှ ရန်ပြုသည်၊ ရန်လိုက ရန်ပိုသည်ဟု ဆုံးမစကားထားခဲ့သည်။

## သူခိုးကြီး တကက်ပြား

တုတ်ခွန်သွင်း အင်းဝတည် ဟူသော မှတ်တမ်းအရ ကောဇာသက္ကရာဇ်၇၂၆ ခုနှစ်တွင် အင်းဝမြို့ကို တည်ထောင်တော်မူသော သတိုးမင်းဖျားသည် စောဥမ္မာကို တောင်ညာစံဒေဝီ မဟေသီ မိဖုရားခေါင်ကြီး ပြု၍ နန်းစံတော်မူသည်။

သူခိုးကြီးတကက်ပြားသည် စစ်ကိုင်းဘက်၌ နေ၍ ညဥ့်အခါ အင်းဝမြို့တော်ဘက်သို့ လာရောက်ခိုးလေ့ရှိသည်။ မှူးကြီးမတ်ကြီးများနှင့် သူခိုးသူကြွယ်များ၏ နေအိမ်များမှ ပစ္စည်းဥစ္စာကို သင့်တင့်ရုံသာ ခိုးယူလေ့ရှိသည်။ မှူးမတ်ဗိုလ်ပါတို့ မဖမ်းနိုင်သဖြင့် သတိုးမင်းဖျားကိုယ်တိုင် ဖမ်းယူရလေသည်။

ဖမ်းမိပြီးသော တကက်ပြားကို နန်းကြမ်းပြင်၌ ပက်လက်ချထားပြီး 'နင့်ကို ငါကိုယ်တိုင် ကွပ်မျက်မည်၊ ဓားကြိုက်သလား၊ လှံကြိုက်သလား၊ ပုဆိန်ကြိုက်သလား၊ ကြိုက်ရာရွေး' ဟု မိန့်တော်မူရာ တကက်ပြားသည် ကြောက်ရွံ့ဟန်မပြ၊ ရဲတင်းစွာဖြင့် 'ကြိုက်သလို စီရင်တော်မူပါလော့၊ အကျွန်ုပ်ကား မိဖုရားကြီးစောဥမ္မာကို ကြိုက်ပါသည်' ဟု လျှောက်ထား၏။

သတိုးမင်းဖျားလည်း 'ဤမျှ ရဲရင့်သူတစ်ဦးကို အချည်းနှီး အလဟဿ မသေစကောင်း၊ တိုင်းပြည်အတွက် အမှုတော်ထမ်းစေမှ သင့်တော်မည်' ဟု သဘောရ၍ အပြစ်ကို ခွင့်လွှတ်သည်းခံ၍ သူကောင်းပြုတော်မူ၏။

ခန္တီဓေါ် သည်းခံခြင်း တရားကို မင်္ဂဖိုလ်နိဗ္ဗာန်သို့ ရောက်ရန် အားထုတ်ရာ၌သာ ကျင့်သုံးရန် လိုအပ်သည်မဟုတ်။ လောကီလူမှုရေးရာ နိုင်ငံရေး စည်းရုံးရေးလုပ်ငန်း၊ စီးပွားရေးအရောင်းအဝယ်လုပ်ငန်း၊ ပညာသင်ယူမှုနှင့် နိုင်ငံဝန်ထမ်းလုပ်ငန်းနှင့် စစ်ရေးစစ်ရာများ၌လည်း အချမ်း၊ အပူ၊ ပင်ပန်းဆင်းရဲခြင်း ဆာလောင်မွတ်သိတ်ခြင်း၊ ကဲ့ရဲ့ ရှုတ်ချ စော်ကားမော်ကား ဆဲရေးပြောဆိုခြင်း၊ ခြိမ်းခြောက်ရိုက်နှက်ပုတ်ခတ်ခြင်း များကို ကြိတ်မှိတ်အောင့်အည်း သည်းခံနိုင်မှသာလျှင် မိမိလိုလား မှန်းဆထားသည့် ပန်းတိုင်သို့ ရောက်နိုင်ကြမည်ဖြစ်၍ သည်းခံခြင်း ခန္တီတရားကို အမြဲလက်ကိုင်ထားကြရမည် ဖြစ်သတည်း။

# မင်္ဂလာ (၂၈)

၂၈။ **သောဝစဿတာမင်္ဂလာ** ဆိုဆုံးမ လွယ်ကူခြင်းသည် ကောင်းမြတ်သောမင်္ဂလာ မည်၏။

ပညာရှိသူတော်ကောင်းများက မကောင်းမှုမှ ရှောင်ကြဉ်ရန် တားမြစ်ခြင်း၊ ကောင်းမှုပြုလုပ်ရန်တိုက်တွန်းညွှန်ကြားခြင်းများ ပြုသည့်အခါ လွယ်ကူစွာ လိုက်နာကြရမည်။ ခေါင်းမာမနေသင့်၊ မှားမှန်းသိပါက ချက်ချင်း အလျှော့ပေးရမည်။

အချို့သော သားမြေးတပည့်များသည် မိဘဆရာသမားများက ပစ္စည်းဉစ္စာ အာဏာရှိချိန်တွင် ပြောစကားကို နားထောင်ကြသော်လည်း မိဘဆရာသမားများမှာ ပစ္စည်းဉစ္စာအာဏာ ချို့တဲ့ကင်းမဲ့သည့်အခါ ပြောစကားဆိုစကားကို မလေးမစား မလိုက်နာဘဲ နေတတ်ကြသည်။ အမှန်စင်စစ် မိဘဆရာသမားများ ပစ္စည်းဉစ္စာ အာဏာကင်းမဲ့နေချိန်၌ ယင်းတို့၏ ဆုံးမစကားကို ပို၍ပင် ရိုသေလေးစား လိုက်နာသင့်ကြပေသည်။

ဆုံးမစကားပြောကြားသူကို ရွှေအိုးရှိရာ ညွှန်ပြလာသူကဲ့သို့ မှတ်ရမည်။ ဆင်းရဲသားတစ်ယောက်အား ဤရွှေအိုးကို ယူလော့ဟု ခြိမ်းခြောက်ရိုက်နှက်၍ ညွှန်ပြလာခဲ့သော် အမျက်ထွက်ခြင်းမရှိ၊ ဝမ်းမြောက်ဝမ်းသာ ရှိသကဲ့သို့ ထို့အတူ မိမိ၏ မှားယွင်းချွတ်ချော် မသင့်တော်သည်တို့ကို ဝေဖန်ထောက်ပြ ဆုံးမလာသူအပေါ် အမျက်ထွက်ခြင်း မပြုအပ်၊ ဝမ်းမြောက်ဝမ်းသာ လက်ခံရာ၏ဟု ဓမ္မပဒ ပဏ္ဍိတဝဂ်၌ လာရှိ၏။

သောဝစဿတာမင်္ဂလာ၏ အဓိပ္ပါယ်ကို လွယ်လွယ် ရှင်းပြရပါက အမိန့်နာခံခြင်း၊ တစ်ခွန်းပြောရုံမျှဖြင့် လိုက်နာခြင်းဖြစ်သည်။

လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ အမိန့်နာခံမှု သောဝစသဿတာဂုဏ်နှင့် ပြည့်စုံလေလေ အဖိုးတန်လေလေဖြစ်၏။ သစ်ဆွဲဆင်ထက် ဆပ်ကပ်ဆင်သည် အမိန့်နာခံမှု သောဝစဿတာဂုဏ်နှင့် ပိုမို ပြည့်စုံသောကြောင့် ဆပ်ကပ်ဆင်ကို အဖိုးအခပေး၍ ကြည့်ကြရသည်။

လူ့အဖွဲ့အစည်း လူ့ဘောင်လောက၌ အိမ်မှာနေလျှင် မိဘစကားကို နားထောင်ကြရမည်။ ကျောင်းရောက်လျှင် ဆရာ့စကားကို နားထောင်ကြရမည်။ ရှေးခေတ် လူတို့သည် ဆရာသမား မိဘများက စာကြိုးစားရန် အလုပ်ကြိုးစားရန်၊ အပျော်အပါးမလိုက်စားရန် တစ်ကြိမ်ဆုံးမရုံမျှဖြင့် တစ်သက်လုံး လိုက်နာလေ့ ရှိကြသည်။

မိဘဆရာသမားတို့က ထိုင်ဆိုလျှင် ထိုင်၍ ထဆိုလျှင် ထရ၏။ ကာပြန်ခြင်း၊ ကလန်ကဆန် လုပ်ခြင်းမရှိ၊ မရိုက်မနှက် မခြိမ်းမခြောက်ရဘဲ မိဘဆရာစကားကို ကျောက်ထီးတန္တု၊ အလေးပြုလျက် မြေဝယ်မကျ နားထောင်၏။

ရာမဇာတ်တော်၌ ဖခမည်းတော် ဒသရထမင်းကြီးက ရာမ လက္ခဏ ညီနောင်တို့ကို မြို့တော်မှနှင်ချ၍ တောမြိုင်အတွင်း၌ တစ်ဆယ့်နှစ်နှစ် နေရန် အမိန့်ချမှတ်ခဲ့သည်။ ရာမ လက္ခဏတို့ တောတွင်း၌ နေထိုင်၍ မကြာမီပင် ခမည်းတော်မင်းကြီး နတ်ရွာစံတော်မူသည်။ တိုင်းသူပြည်သားများနှင့် မှူးမတ်များက ရာမမင်းသားကို မင်းမြှောက်ကြသော်လည်း တစ်ဆယ့်နှစ် နှစ် မပြည့်သေးသဖြင့် တောတွင်းမှာ ဆက်လက်နေသည်။

ရာမ မင်းသား၏ ခြေနင်းတော် နှစ်ခုကို ရာဇပလ္လင်ပေါ်၌ တင်ထား၍ တရားအဆုံးအဖြတ် ခံယူကြရသည်။ မှန်ကန်ပါက ခြေနင်း နှစ်ဖက်တို့သည် ပကတိအတိုင်းရှိနေကြ၍ မမှန်မကန် ပါက ခြေနင်း နှစ်ဖက်တို့သည် အချင်းချင်း ခွပ်ကြသည်။

ရာမ မင်းသားသည် ခမည်းတော်၏ အမိန့်အတိုင်း တစ်ဆယ့်နှစ်နှစ် ပြည့်ပြီးမှ အယုဒ္ဓယနေပြည်တော်သို့ ပြန်လာ၍ နန်းတက်သည်။

အရှင်သာရိပုတ္တရာသည် ဆိုဆုံးမလွယ်ကူရာ၌ စံပြုထိုက်ပါပေသည်။ မိမိကလည်း ဆုံးမတတ်၍ သူတစ်ပါးဆုံးမသည်ကိုလည်း ရိုသေစွာ လိုက်နာလေ့ရှိသည်။

'ယနေ့မှ ရှင်သာမဏေဖြစ်လာသော ခုနစ်နှစ် အရွယ် ရှင်သာမဏေငယ်က ဆုံးမသည့် အဆုံးအမကိုပင်လျှင် ဦးထိပ်ထက် ပန်ဆင်လျက် နာယူပါမည် ' ဟု အရှင်သာရိပုတ္တရာ မထေရ်ကြီးသည် ထုတ်ဖော် မြွက်ကြားတော် မူခဲ့ပေသည်။ အရှင်သာရိပုတ္တရာမထေရ်သည် အပြောနှင့်ညီအောင် လက်တွေ့လည်း လိုက်နာကျင့်သုံးခဲ့သည်။

တစ်ရံရောအခါ အရှင်သာရိပုတ္တရာသည် မြို့ရွာတွင်းသို့ ကြွရန် သင်္ကန်းကို သေချာစွာပြုပြင် ဝတ်ရုံမှုမပြုဘဲ အမှတ်တမဲ့ ကျောင်းထဲမှ ထွက်လာတော်မူ၏။ သင်္ကန်းမှာ မညီမညာ ဖြစ်နေသည်ကို တွေ့မြင်ရသော သာမဏေငယ် တစ်ပါးက 'အရှင်ဘုရား သင်္ကန်းမညီမညာ ဖြစ်နေပါသည်' ဟု လျှောက်ထားလိုက်သည်။

ထိုအခါ အရှင်သာရိပုတ္တရာမထေရ်သည် ကျောင်တွင်းသို့ ပြန်ကြွ၍ သင်္ကန်းကို အဝန်းညီစွာ ဝတ်ရုံပြီးနောက် သာမဏေငယ်အား 'ဒီလောက်ဆိုလျှင် သင့်တော်ပါပြီလား' ဟု လက်အုပ်ချီ၍ ရိုသေစွာ မေးမြန်းလေသည်။ သာမဏေငယ်က 'သင့်လျော်ပါပြီဘုရား' ဟု လျှောက်ထားမှ ဆက်လက်ကြွသွားတော့သည်။

အလားတူပင် အရှင်ရာဟုလာသည်လည်း ဆိုဆုံးမ ဩဝါဒကို နာယူရာ၌ အလွန်ထင်ရှားသည်။ အချို့သော ရဟန်းတော်များသည် အရှင်ရာဟုလာ၏ ဆုံးမ လွယ်ကူမှုကို စမ်းသပ်လိုသဖြင့် အရှင်ရာဟုလာ သွားရာ လမ်းခရီးတွင် အမှိုက်များပစ်ချထား၍ အမှိုက်ရှုပ်ပွေနေသည့် အတွက် အရှင်ရာဟုလာကို အပြစ်တင်ကြသည်။

အရှင်ရာဟုလာသည် မိမိစွန့်ပစ်သော အမှိုက်များ မဟုတ်ကြောင်း ငြင်းဆိုခြင်းမပြုဘဲ အမှိုက်များကို မညည်းမညူ ရှင်းလင်း သုတ်သင်လေသည်။

ထပ်မံ၍ အရှင်ရာဟုလာကို စမ်းသပ်လိုသော ပုဂ္ဂိုလ်များသည် အရှင်ရာဟုလာ သွားရာလမ်း၌ တံမြက်စည်းများ၊ အမှိုက်တောင်းများ ပစ်ချထား၍ အရှင်ရာဟုလာ ပြုလုပ်ထားဘိသကဲ့သို့ အပြစ်တင်ကြ လေသည်။

အရှင်ရာဟုလာသည် ငြင်းဆိုခြင်းမပြုဘဲ ထိုတံမြက်စည်းများ အမှိုက်တောင်းများကို လေးလေးစားစား ကောက်ယူသိမ်းဆည်းပေး လေသည်။

အရှင်ရာဟုလာသည် နေ့စဉ် နံနက်စောစော အိပ်ရာမှထပြီးလျှင် သဲများကို လက်ခုပ်ဖြင့်ယူ၍ 'ယနေ့ အကျွန်ုပ်သည် မြတ်စွာဘုရားနှင့် ဥပဇ္ဈာယ် ဆရာ့အထံတော်မှ သဲလုံးအရေအတွက်နှင့် ညီမျှသော ဆုံးမဩဝါဒများကို ရလိုပါ၏' ဟု ဆိုပြီး သဲများကို ကြဲဖြန့်လေ့ရှိသည်။

စိတ်ကောင်းစိတ်မြတ်ရှိသူတို့သည် ဆုံးမစကားကိုနာယူ လွယ် သည်။ လွယ်လွယ်ကူကူဖြင့် လိုက်နာလေ့ရှိသည်။ မိဘဆရာ သမားများ၊ မိတ်ဆွေများက မိမိအပြစ်ကိုထောက်ပြ၍ ပြုပြင်ဆင်ခြင်ရန် ဆုံးမသည့်အခါ လိုလိုလားလားလိုက်နာ ပြုပြင်တတ်ကြသည်။

ထိုကဲ့သို့ ဆိုဆုံးမသည်ကို လိုက်နာခြင်းဖြင့် ပစ္စုပ္ပန်သံသရာ နှစ်ဖြာအကျိုးစီးပွားကို ရနိုင်ပေသည်။ အချို့သော ပုဂ္ဂိုလ်များသည် မိမိမှားမှန်းသိပါလျက် ပညာရှိသူတော်ကောင်းတို့၏ ဆုံးမစကားကို လိုက်နာခြင်းမပြုဘဲ အမှားကိုပင် ဆက်လက်ဆွဲကိုင်လေ့ရှိကြသည်။

> မြတ်စွာဘုရားလက်ထက်တော်က ဥပတိဿနှင့် ကောလိတ တို့သည် မိမိတို့ဆရာ သိဉ္စည်းပရိဗိုဇ်ကြီးအား ဘုရားစစ် ဘုရားမှန်ပေါ်ထွန်းလာပြီဖြစ်၍ မြတ်စွာဘုရားရှင် ထံတော်သို့ သွားရောက် ဆည်းကပ်ကြပါကုန်စို့ ဟု တိုက်တွန်းစကား ပြောကြားလေသည်။

ထိုအခါ သိဋ္ဌည်း ဆရာကြီးက ငါသည် လူအပေါင်း၏ ဆရာအဖြစ်ဖြင့် နေထိုင်ခဲ့ပြီဖြစ်၍ သူတစ်ပါး၏ တပည့်အဖြစ် မခံယူနိုင်တော့ပါ၊ အိုးစရည်းကြီး(ခံအိုး) အဖြစ်မှအိုးငယ် (လောင်းအိုး) အဖြစ် အရောက်မခံနိုင်ဟု ဆို၏။

တပည့်နှစ်ဦးက ထပ်ခါထပ်ခါတိုက်တွန်းသည့်အခါ သိဋ္ဌည်းဆရာကြီးက ဤလောကတွင် လူမိုက်နှင့် ပညာရှိ အဘယ်ကများသနည်းဟု မေး၏။ လူမိုက်များ၍ ပညာရှိကား အနည်းငယ်မျှသာဟု ဖြေကြားကုန်၏။ ထိုသို့ဖြစ်လျှင် ပညာရှိများသည် ပညာရှိ ရဟန်းဂေါတမထံသို့ သွားကြလိမ့်မည်၊ လူမိုက်များသည် ငါ့ထံသို့လာကြလိမ့်မည်၊ သင်တို့သွားလိုက သွားကြလော့၊ ငါတမူကား မလိုက်တော့ပြီဟု ဆို၍ ဘဝကို အရှုံးခံခဲ့လေသည်။

အလားတူပင် အိန္ဒိယနိုင်ငံ ကျေးလက်တောရွာ တစ်ခု၌ မျိုးရိုးဇာတိ မြင့်မြတ်သော ယောကျ်ားတစ်ယောက်သည် လယ်တော၌ မြက်များကိုရိတ်၍ မြက်ထုံးကြီးတစ်ထုံး ရရှိလေသည်။ ယင်းမြက်ထုံးကို ထမ်းပိုးဖြင့် ထမ်းယူနိုင်ရန် မြက်ထုံး၏အလေးချိန်နှင့် ညီမျှသော ကျောက်တုံးတစ်ခုကို ထမ်းပိုး၏ တစ်ဖက်စွန်း၌ ချိတ်ဆွဲ၍ ထမ်းလာခဲ့သည်။

လမ်းတစ်ဝက်တွင် မောသဖြင့် သစ်ပင်ရိပ်၌ ခေတ္တချနား နေစဉ် မျိုးရိုးဇာတိ ယုတ်ညံ့သော ဒွန်းစဏ္ဍား လုလင်တစ်ဦး ရောက်ရှိလာ၏။ လုလင်က အဘယ်အကျိုးငှာ ဤကျောက်တုံး ကြီးကို သယ်ဆောင်လာသနည်းဟု မေး၏။ အမျိုးကောင်းသားက မြက်ထုံးအလေးချိန်မျှစေရန် သယ်ဆောင်လာခဲ့ကြောင်း ပြော၏။

အလေးချိန် ညီမျှစေရန်အတွက် အဆိုပါမြက်ထုံးကို ဖြေ၍ အညီအမျှ နှစ်ထုံးပြုလုပ်ပြီးလျှင် ထမ်းပိုးတစ်ဖက်တစ်ချက်

ထား၍ သယ်ဆောင်သွားပါက ကျောက်တုံးအတွက် အပို ဝန်လေးမှု သက်သာမည်ဖြစ်ကြောင်း အကြံပေးစကား ပြောကြားလေသည်။

အမျိုးကောင်းသားသည် ခေတ္တမျှ စဉ်းစားပြီးနောက် အဆွေလုလင်ပေးသော အကြံဉာဏ်သည် မှန်ကန်ကောင်းမွန်ပါ သည်။ သို့ရာတွင် ကျွန်ုပ်တို့ကဲ့သို့ မျိုးရိုးဇာတိမြင့်မြတ်သော အမျိုးကောင်းသား တစ်ဦးအနေဖြင့် ဒွန်းစဏ္ဍားလုလင်၏စကားကို လိုက်နာရန် မဖြစ်နိုင်ပါ။ မိမိဇာတိမျိုးရိုး ဂုဏ်သိက္ခာကို ထိန်းသိမ်းသည့်အနေဖြင့် နဂိုမူလအတိုင်း ဆက်လက် လုပ်ဆောင် မည်ဖြစ်ကြောင်း ပြန်ကြား၍ မြက်ထုံးနှင့် ကျောက်တုံးကို အိမ် အရောက် ထမ်းသွားလေသည်။

ဆိုဆုံးမ၍ လွယ်ကူသူနှင့်ခက်ခဲသူ နှစ်ဦးတို့ အကျိုးရှိ အကျိုးမဲ့ ဖြစ်ရပုံကို ပါယာသိ ရာဇညသုတ်၌ အရှင်ကုမာရကဿပမထေရ်က ဤသို့ နှိုင်းယှဉ်၍ ဟောကြားထားသည်။

သူငယ်ချင်း နှစ်ဦးတို့သည် အတူတကွ ခရီးထွက်ခဲ့ရာ လမ်းခရီး၌ ဘေးအန္တရာယ် တစ်ခုခုကြောင့် ရွာသားများ စွန့်ပစ် ထွက်ခွာသွားသော ကျေးရွာများကို ဖြတ်သန်းသွားရသည်။

ပထမရွာ၌ ပိုက်ဆံလျှော်များကို တွေ့ရှိ၍ တစ်ယောက် တစ်နိုင်စီ ထမ်းခဲ့ကြသည်။ ခရီးအတန် သွားမိသောအခါ ဒုတိယ ရွာပျက်ကုန်း၌ ချည်ခင် ချည်ထုပ်များကို တွေ့ရှိရသည်။

လူလိမ္မာသည် ပိုက်ဆံလျှော်များကို စွန့်ပစ်၍ ချည်ခင် ချည်ထုပ်များကို ထမ်းယူခဲ့သည်။ လူမိုက်မှာမူ အလေးခံ၍ ထမ်းလာခဲ့ရသော ပိုက်ဆံလျှော်ထုံးကြီးကို စွန့်မပစ်သင့်ဟု ယူဆ၍ ဆက်လက်ထမ်းလာခဲ့သည်။

တတိယ ရွာပျက်ကုန်းသို့ ရောက်သောအခါ ရက်လုပ်ပြီး အထည်အလိပ်များကို တွေ့ရှိရသည်။ လူလိမ္မာသည် ချည်ထုပ်များကို စွန့်ပစ်၍ အထည်အလိပ်များကို သယ်ယူခဲ့သည်။ လူမိုက်မူကား အလေးခံ၍ ထမ်းခဲ့ရသော ပိုက်ဆံလျှော်ထုံးကြီးကို မစွန့်ပစ်နိုင်သဖြင့် ဆက်လက်ထမ်းလာခဲ့သည်။

တစ်ဖန် စတုတ္ထရွာပျက်ကုန်းသို့ ရောက်သောအခါ အဖိုးတန် ရွှေ ငွေရတနာများကို တွေ့ရှိရ၍ လူလိမ္မာသည် အထည်အလိပ်များကို စွန့်ပစ်ထားခဲ့ပြီး ရွှေငွေရတနာများကို သယ်ဆောင် သွားလေသည်။ လူမိုက်မူကား မူလ သယ်ယူခဲ့သည့် ပိုက်ဆံလျှော်ထုံးကြီးကို မစွန့်ပစ်လွှတ်နိုင်သဖြင့် ဆက်လက် ထမ်းယူလာခဲ့သည်။

နေအိမ်သို့ အသီးသီး ပြန်ရောက်သောအခါ လူလိမ္မာမှာ သားမယားဆွေမျိုး တစ်သိုက်တို့အား ပေးကမ်းထောက်ပံ့ ကျွေးမွေးနိုင်သဖြင့် အသက်ထက်ဆုံး ဝမ်းမြောက်ရွှင်လန်း ချမ်းသာစွာ နေထိုင်ရလေသည်။ လူမိုက်ကား သားမယား ဆွေမျိုးများ၏ ကဲ့ရဲ့ရှုတ်ချမှုကို အသက်ထက်ဆုံး ခံယူသွားရ လေသည်။

# မင်္ဂလာ (၂၉)

၂၉။ **သမဏာနဉ္စဒဿနမင်္ဂလာ** ဘုရားရဟန္တာအရိယာ သူတော်စင်များ ရဟန်းသာမဏေများကို ဖူးမြင်ရခြင်းသည် ကောင်းမြတ်သော မင်္ဂလာ မည်၏။

**ရဟန်း**

ရဟန်းဟူသည် ဖြူစင်သော အကျင့်သိက္ခာ သီလ သမာဓိ ပညာအားဖြင့် လူသာမန်တို့ထက် မြင့်မြတ်သော ပုဂ္ဂိုလ်ဖြစ်သည်။

အကြင်သူသည်—

လက်ကို စောင့်စည်း၏ (သူတစ်ပါးကို လက်ဖြင့် ရိုက်ပုတ် ညှဉ်းဆဲ သတ်ဖြတ်ခြင်းမှ စောင့်စည်း၏)

ခြေကို စောင့်စည်း၏ (သူတစ်ပါးကို ခြေဖြင့် ကန်ကျောက် နှိပ်စက်ခြင်း မပြုမိစေရန် စောင့်စည်း၏)

နှုတ်ကို စောင့်စည်း၏ (သူတစ်ပါးကို နှုတ်ဖြင့် ဆဲဆို ကြိမ်းမောင်း နှိပ်စက်သတ်ဖြတ်ခြင်း မပြုမိစေရန် စောင့်စည်း၏)

ကမ္မဋ္ဌာန်း စီးဖြန်းမှု၌ မွေ့လျော်၍ တည်ကြည်သောစိတ် ရှိ၏။ တစ်ပါးတည်းနေ၍ ရောင့်ရဲတတ်၏။ ထိုသူကို ရဟန်းဟူ၍ ဆိုကုန်၏။

အကြင်ပုဂ္ဂိုလ်အား ရုပ်တရား၊ နာမ်တရား အားလုံးတို့၌ မြတ်နိုး စွဲလမ်းမှုမရှိ။ ရုပ်နာမ်တို့ ပျက်စီးသော်လည်း မစိုးရိမ်။ ထိုပုဂ္ဂိုလ်ကို ရဟန်းအစစ်ဟူ၍ ဆိုအပ်၏။

ကောင်းစွာတည်ငြိမ်သည်ဖြစ်၍ ငြိမ်သက်သော ကိုယ် နှုတ် စိတ် ရှိသော၊ စည်းစိမ်ဥစ္စာ အာဏာခြွေရံ ဟူသော ကာမဂုဏ်တို့ကို ထွေးအန်ပြီးသော ရဟန်းကို ငြိမ်းအေးသော ရဟန်းဟူ၍ ဆိုအပ်၏။

န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော၊ သူတစ်ပါးကို ညှဉ်းပန်းနှိပ်စက်သော သူသည် သမဏ (ကိလေသာ ငြိမ်းပြီးသူ) မဟုတ်ဟု မြတ်စွာဘုရား ဟောကြားတော်မူ၏။

ကိလေသာ ပူလောင်မှုများ အေးငြိမ်းပြီးသော တည်ကြည်ငြိမ်သက်သော ရဟန်းများကို ဖူးတွေ့ရခြင်းသည် အန္တရာယ်ခပ်သိမ်း၊ ဘေးခပ်သိမ်း ကင်းငြိမ်းစေ၍ ကျက်သရေမင်္ဂလာအဖြာဖြာကို တိုးတက်စေနိုင်၏။ စိတ်ကြည်လင်မှု၊ စိတ်ချမ်းသာမှုကို ဖြစ်စေ၏။

**အဇာတသတ်မင်းကြီး**

မြတ်စွာဘုရားရှင် လက်ထက်တော်က အဇာတသတ်မင်းကြီးသည် ဖခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို သတ်မှု (အဖသတ်ကံ)ကို ကျူးလွန်မိသဖြင့် အမြဲတစေ နောင်တရနေသည်။ အတွင်းကျိတ် အုံ့ပုန်းပူနေသည်။

ညီလာခံတွင် တိုင်းရေးပြည်ရေးများ စီမံခန့်ခွဲနေခိုက်၌သာ အဖသတ်မှုကို မေ့နေကာ ညီလာခံစဲ၍ ပရိသတ်ကွဲလျှင် ဥဒယဘဒ္ဒ မင်းသားငယ်သည် အရွယ်ရောက်လာပါက သူ၏ ဘိုးဘိုး အကြောင်း မေးမြန်းစုံစမ်းပေတော့မည်။

ထိုအခါ မင်းဘိုးဘိုး မင်းအဖေသတ်၍ သေပြီဟု တစ်စုံတစ်ယောက်က ပြောလိမ့်မည်။ ဥဒယဘဒ္ဒ မင်းသားသည် ငါလည်း အဖကို သတ်၍ ထီးနန်းလုယူတော့မည်ဟု စိတ်ကူးကြံစည် တော့မည်။

ဤသို့ စသည် တွေးတော၍ သားငယ်ကို ကြည့်ရင်း ကြည့်ရင်း စိမ့်ပြီးကြောက်လာသည်။ အိပ်လိုက်တိုင်း အိပ်မက်ဆိုးများချည်း မက်သည်။ ငရဲခွေးနှင့် ငရဲထိန်းများ လိုက်နေ၍

ကြောက်အားလန့်အားပြေးနေရခြင်း၊ သားတော်ကလေး၏ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံရခြင်း စသည်ဖြင့် အိပ်မက်ဆိုးချည်း မက်နေသဖြင့် မအိပ်ရဲအောင်ပင် ဖြစ်နေသည်။

ယင်းကဲ့သို့ စိတ်မချမ်းသာမှုများကို ပပျောက်စေရန်အတွက် ဂိဇ္ဈကုဋ်တောင်ခြေရှိ ဆရာဇီဝက၏ သရက်ဥယျာဉ်၌ သီတင်း သုံးနေတော်မူသော မြတ်စွာဘုရားထံ သွားရောက် ဖူးမျှော် လေသည်။

တန်ဆောင်မုန်းလပြည့်ည၏ လပြည့်ဝန်းသည် ရွှန်းပထိန် ဝင်းနေသကဲ့သို့ မြတ်စွာဘုရား သီတင်းသုံးတော်မူသည့် မဏ္ဍပ် အတွင်း၌လည်း ဆီမီးရောင် ထွန်းလင်းလျက်ရှိသည်။

မြတ်စွာဘုရား၏ ရှေ့တော်မှောက်၌ သမာပတ်ဝင်စားနေ ကြသော ရဟန်းပေါင်း ၁၂၅၀ တို့သည် ခြေဆတ်ခြင်း၊ချောင်း ဟန့်ခြင်းကိုမျှ မပြု၊ ငြိမ်သက်တည်ကြည်စွာ မျက်လွှာ ချလျက် ကျောက်ဆင်းတုများပမာ မလှုပ်မယှက် ထိုင်နေတော်မူကြသည်။

မင်းကြီးသည် နန်းတွင်းသူ အချောအလှ မောင်းမ မိဿံ ငါးရာ အခြံအရံနှင့် လာရောက်ခြင်း ဖြစ်သည်။ မင်းခမ်းမင်းနား ကြီးကျယ်ခမ်းနားပုံကို လည်းကောင်း၊ မင်းတို့၏ တင့်တယ်ခြင်း၊ နန်းတွင်းသူတို့၏ လှပခြင်းကို လည်းကောင်း ရာဇဂြိုဟ် မြို့သူမြို့သားများ အလုအယက် သူ့ထက်ငါ တိုးဝှေ့၍ ငေးစိုက် ကြည့်ခြင်းကို ခံခဲ့ရသော်လည်း ဤတစ်ပွဲတွင်မူ ရဟန်းပေါင်း ၁၂၅၀ အနက်မှ မျက်လွှာဖွင့်ကြည့်မည့် ပုဂ္ဂိုလ် တစ်ပါးမျှ မရှိ၊ မိမိတို့ကသာ သံဃာတော်များကို အားမရနိုင်အောင် ဖူးမြော် ကြည်ညိုနေ ကြရသည်။ ဤမျှ ငြိမ်သက်တည်ကြည်ပြီး ဣန္ဒြေရှိသော ပရိသတ်ကို မမြင်ဖူးသဖြင့် တအံ့တသြ ငေးမော ကြည့်မိသည်။

အဇာတသတ် မင်းကြီးသည် ငြိမ်သက် တည်ကြည်သော ရဟန်းများကို ဖူးတွေ့ရသဖြင့် ကြည်ညိုစိတ်များ ယိုဖိတ်ခဲ့ရလေ

သည်။ မြတ်စွာဘုရားရှင်၏ တရားတော်ကို မနာရမီကပင် သံဃာတော်များကို ကြည်ညိုတတ်လေပြီ။ ထို့နောက် မြတ်စွာဘုရား တရားတော်များကို နာကြားရသောအခါ ပစ္စုပ္ပန် စိတ်ဆင်းရဲမှုမှ လုံးဝလွတ်မြောက်၍ သံသရာ ဆင်းရဲဒုက္ခလည်း အတိုင်းမသိ လျော့နည်း သွားလေပြီ။

## ဥပတိဿပရိဗိုဇ်

အလားတူပင် အရှင်သာရိပုတ္တရာ လောင်းလျာဖြစ်သော ဥပတိဿပရိဗိုဇ်သည် အရှင်အဿဇိမထေရ် ဆွမ်းခံသည်ကို ဖူးမြော်ရ၍ ကြည်ညိုစိတ်ဖြစ်ပေါ်ခဲ့သည်။ ရှေ့သို့ကြည့်ခြင်း၊ တူရူကြည့်ခြင်း၊ တစောင်းကြည့်ခြင်း၊ မျက်လွှာချထားခြင်းစသော စက္ခုန္ဒြေ၏ တည်ငြိမ်မှု၊ ခြေလက်တို့ကို သတိနှင့် ယှဉ်လျက် ကွေးခြင်း၊ ဆန့်ခြင်း၊ ရှေ့သို့တက်ခြင်း၊ နောက်သို့ ဆုတ်ခြင်းစသော ကာယိန္ဒြေ တည်ငြိမ်မှုများမှာ တအံ့တသြ ငေးမောကြည့်လောက် စရာ ဆွဲငင်နိုင်အားရှိ၍ ထိုပရိဗိုဇ်သည် အရှင်အဿဇိအား ကြည်ညိုသဒ္ဓါတိုးပွားစေခဲ့သည်။ ယင်းကြည်ညိုမှုမှတစ်ဆင့် မဂ်တရား၊ ဖိုလ်တရားကို ရရှိခဲ့ခြင်း ဖြစ်သည်။

## သီရိမမှာသောက

ထို့ပြင် မဂဓတိုင်း ပါဋလိပုတ်နေပြည်တော်၌ အသောက မင်းသည် အလွန်ခက်ထန် ကြမ်းကြုတ် ရက်စက်၏။ ဖအေတူ ညီအစ်ကို မင်းသား တစ်ရာ ရှိရာ ညီတော် တိဿမှတစ်ပါး ကျန်မင်းသား ကိုးဆယ့်ကိုးယောက်တို့ကို သတ်ဖြတ် သုတ်သင် လိုက်သည်။

နယ်ချဲ့စစ်ပွဲများ မရပ်မနား ဆင်နွှဲခဲ့ရာ လူပေါင်း သိန်းသန်းချီ၍ သေကြေ ပျက်စီးခဲ့ရသည်။ ဤသို့ တိုက်ခိုက် သတ်ဖြတ်မှု၌ ပျော်မွေ့နေသော မင်းသားကို စဏ္ဍ (ကြမ်းကြုတ် ရက်စက်သူ) စဏ္ဍအသောက = စဏ္ဍာသောကဟု ခေါ်ကြသည်။

စဏ္ဍာသောကမင်းသည် ဣန္ဒြေ ငြိမ်သက်စွာဖြင့် နိဂြောဓ သာမဏေငယ် ဆွမ်းခံကြွသွားသည်ကို ဖူးတွေ့ရ၍ ရတနာသုံးပါး၌ သက်ဝင်ယုံကြည်ကာ တရားစမ္မနှင့်အညီ တိုင်းပြည်အုပ်ချုပ်သဖြင့် ဓမ္မအသောက = ဓမ္မာသောက မင်းတရားကြီးဟု ပြောင်းလဲ ခေါ်ဝေါ်ခဲ့ကြသည်။

ဤကား အကျင့်သိက္ခာနှင့် ပြည့်စုံသော ရဟန်းသာမဏေ များကို ဖူးတွေ့ရသဖြင့် ကောင်းကျိုးအနန္တ ပွားတိုးပုံ ဖြစ်ပါသည်။

**စိတ္တဂုတ္တမထေရ်**

သီဟိုဠ်ကျွန်း ကုရဏ္ဍကလိုဏ်ကြီး၌ စိတ္တဂုတ္တမထေရ် သီတင်းသုံးနေ၏။ ဝိပဿီ၊ သိခီ အစရှိသော ဘုရား ခုနစ်ဆူတို့၏ တောထွက်ခန်း ပန်းချီဆေးရေး အရုပ်များရှိ၏။ ထိုအရုပ်များမှာ မြင်ရသူတို့ နှလုံးမွေ့လျော် ကြည်နူးဖွယ်ဖြစ်ကြ၏။

တစ်နေ့တွင် ရဟန်းငယ်အချို့သည် ကျောင်းစဉ်လှည့်လည် ကြည့်ရှုကြ၏။ ထိုဂူသို့ ရောက်သောအခါ ရဟန်းငယ်တို့က "အရှင်ဘုရား လိုဏ်ဂူမှ ဆေးရေးပန်းချီကားများသည် နှလုံး မွေ့လျော်ဖွယ် တင့်တယ်ဆန်းကြယ်လှပါ၏" ဟု လျှောက်ကြ၏။

ထိုအခါ စိတ္တဂုတ္တ မထေရ်ကြီးက "ငါ့ရှင်တို့.... ငါသည် ဤလိုဏ်ဂူ၌ နေခဲ့သည်မှာ နှစ်ပေါင်း ခြောက်ဆယ်ကျော် ခဲ့ပါပြီ၊ သို့သော်လည်း ဤလိုဏ်ဂူ၌ ပန်းချီကားများ ရှိမရှိ မသိခဲ့ပါ၊ ယခုမှ မျက်စိကောင်းသော ငါ့ရှင်တို့ကို အမှီပြု၍ သိရပေသည်" ဟုဆို၏။

ထိုမထေရ်ကြီးနေသော လိုဏ်ဂူအပေါက်ဝတွင် ကံ့ကော် ပင်ကြီး တစ်ပင်ရှိ၏။ ထိုကံ့ကော်ပင်ကိုလည်း မထေရ်ကြီးသည် အပေါ်သို့မော်၍ မကြည့်စဖူး၊ ကံ့ကော်ဝတ်မှုန်တို့ကို မြေပြင်၌ မြင်မှသာလျှင် ကံ့ကော်ပင်ကြီး ပွင့်သည်ကို သိ၏။

ဘုရင်မင်းမြတ်သည် မထေရ်ကြီး၏ သီလ သမာဓိဂုဏ်နှင့် ပြည့်စုံကြောင်း ကြားသိ၍ ပူဇော်လိုသောကြောင့် လူလွှတ်၍ ပင့်၏။ သုံးကြိမ်တိုင်တိုင် ပင့်သော်လည်း မကြွလာသောကြောင့် ထိုရွာ၌ နို့စို့ကလေးရှိကုန်သော မိန်းမသားတို့၏ သားမြတ်ကို ရင်လွှမ်းအဝတ်ဖြင့် ရစ်ပတ်စေ၍ မင်း၏တံဆိပ်ကို ခတ်စေ၏။

"အကြင်မျှလောက်သော ကာလပတ်လုံး မထေရ်ကြီးသည် မကြွလာ၊ ထိုမျှလောက် ကာလပတ်လုံး သူငယ်တို့သည် နို့စို့ခွင့်မရစေရ" ဟု အမိန့်ထုတ်ပြန်၏။

မထေရ်ကြီးသည် သူငယ်တို့ကို သနားသဖြင့် ကြွတော်မူ၏။ မင်းသည် မထေရ်ကြီး ကြွလာကြောင်းကို ကြားလျှင် "အမတ်တို့ မထေရ်ကြီးကို နန်းတွင်းသို့ ပင့်ဆောင်ကြကုန်" ဟု ဆို၏။

နန်းတွင်းသို့ မထေရ်ကြီး ကြွရောက်သောအခါ မင်းနှင့် မိဖုရား ရှိခိုးပူဇော်၏။ မင်းကြီး ရှိခိုးသောအခါ၌ လည်းကောင်း၊ မိဖုရားရှိခိုးသောအခါ၌လည်းကောင်း မထေရ်ကြီးသည် "သုခီ ဟောတု မဟာရာဇ" ဟုချည်း ဆုပေး၏။

သို့ဖြင့် ခုနစ်ရက်မျှ ကြာသောအခါ နောက်ပါရဟန်းတို့က "အရှင်ဘုရား အဘယ်သို့ပါနည်း၊ အရှင်ဘုရားသည် မင်းက ရှိခိုးသော်လည်းကောင်း၊ မိဖုရားက ရှိခိုးသော်လည်းကောင်း သုခီ ဟောတု မဟာရာဇ ဟုချည်း ဆုပေးနေပါသည်" ဟု လျှောက်ကြ၏။

"ငါ့ရှင်တို့၊ ငါတို့သည် မင်း ဟူ၍လည်းကောင်း၊ မိဖုရား ဟူ၍ လည်းကောင်း ပိုင်းခြားမှတ်သားခြင်းမပြု" ဟု ပြန်ကြား၏။

သုခီ ဟောတု မဟာရာဇ ဟူသည်မှာ မင်းကြီး ချမ်းသာပါစေ ဟူသတည်း။ ဤသို့သော ရဟန်းပုဂ္ဂိုလ်ဘားတို့ကို ဖူးမြော် ရခြင်းသည် စင်စစ် ကောင်းမြတ်သော မင်္ဂလာဖြစ်၏။

## မင်္ဂလာ (၃၀)

၃၀။ **ကာလေန ဓမ္မသာကစ္ဆာမင်္ဂလာ** သင့်တင်လျောက်ပတ်သော အခါ၌ တရားစကား အမေးအဖြေ ပြုလုပ်ဆွေးနွေးခြင်းသည် မင်္ဂလာမည်၏။

နောင်သံသရာ၊ နောင်ဘဝအယူအဆနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကံ ကံ၏ အကျိုးတရားနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဝိပဿနာ ဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်နှင့် စပ်လျဉ်း၍လည်းကောင်း တွန့်ဆုတ်မှု ပျံ့လွင့်မှု ယုံမှားသံသယဖြစ်မှု တစ်ခုခုကြုံလာသောအခါ ယင်းကို ပယ်ဖျောက်နိုင်ရန် ပညာရှိများထံ မေးမြန်းရ၏။ နှီးနှောဆွေးနွေးရ၏။

ထိုကဲ့သို့ မေးမြန်း နှီးနှောဆွေးနွေးမှုကြောင့် တရားအရှင်မြတ်စွာ ဘုရားရှင်ကို လေးစားကြည်ညို မြတ်နိုးမှု ဖြစ်လာနိုင်သည်။ အနက် အဓိပ္ပါယ်ကို ရှင်းလင်းစွာ နားလည်သဘောပေါက် လာနိုင်၏။ တရားတော်၏ နက်နဲသော သဘောကို သုတမယပညာ၊ စိန္တာမယပညာ၊ ဘာဝနာမယ ပညာတို့ဖြင့် ထိုးထွင်းသိမြင်နိုင်၏။

တရားဆွေးနွေးသော ပုဂ္ဂိုလ်၏ စကားများကို ထောက်ဆ၍ ဤအရှင်သည် ရဟန္တာသော်လည်းကောင်း ဖြစ်ရမည်၊ ရဟန္တာဖြစ်ရန် အားထုတ်နေသူသော်လည်းကောင်း ဖြစ်ရမည်ဟု သီတင်းသုံးဖော်တို့၏ ချီးမွမ်းခြင်းကို ခံယူရရှိနိုင်၏။

တရားဆွေးနွေးခြင်းဖြင့် မဂ်ဉာဏ်ကို ရလိုစိတ်ထက်သန်စွာဖြင့် ကြိုးပမ်းအားထုတ်၏။ ရပြီးသော ပုဂ္ဂိုလ်များမှာ ဖလသမာပတ် ဝင်စားကာ ဖိုလ်ချမ်းသာကို ခံစားလျက်နေ၏။

ရဟန်းတော်များအနေဖြင့် ညဦးယံနှင့် မိုးသောက်ယံကို တရား ဆွေးနွေးရန် သင့်တင့်လျောက်ပတ်သော အချိန်အဖြစ် သတ်မှတ်တော်မူကြ သည်။ ထိုအချိန်သည် လူသံဆူညံသံများ တိတ်ဆိတ်၍ တည်ကြည်မှု သမာဓိအားကောင်းပြီး ဉာဏ်ပညာထက်မြက်သော အချိန်ဖြစ်၍ တရားဆွေးနွေးရန် သင့်တင့်လျောက်ပတ်သည်ဟု ဆိုခြင်းဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း၂၅၀၀ ကျော်က မြတ်စွာဘုရားလက်ထက် တော်တွင် အယူဝါဒရှင်များသည် အချင်းချင်း ဝါဒပြိုင်ပွဲများ၊ ဝါဒစစ်ပွဲများ ဆွေးနွေးပွဲများ ပြုလုပ်လေ့ရှိကြ၏။

ကောသလတိုင်း၊ မဂဓတိုင်း၊ ကာသိတိုင်း၊ ဝိဒေဟတိုင်း စသော တိုင်းကြီးပြည်ကြီးများ၌ ဗြာဟ္မဏခေါ် ပုဏ္ဏားပညာရှိများ၊ မုနိခေါ် ရသေ့များ၊ သမဏခေါ် ရဟန်းများ၊ ပရိဗိုဇ်နှင့် အာဇီဝကတက္ကတွန်း များသည် မကြာခဏ တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ကြ၏။

တရားဆွေးနွေးပွဲများကို မင်းညီမင်းသား သေဋ္ဌေးသူကြွယ်၊ ကုန်သည် လယ်လုပ် အလုပ်သမားများသည် စုဝေးလာရောက် နားထောင်လေ့ ရှိကြ၏။ ကောသလမင်းကြီး၏ မိဖုရား မလ္လိကာဒေဝီသည် တရား ဆွေးနွေးပွဲများ ကျင်းပရန် တည်ပင်တန်းများ အလှအပပြုပြင် ထားသော ဥယျာဉ်ကြီးတစ်ခု ပြုလုပ်လှူဒါန်းထားခဲ့လေသည်။

သစ္စကပရိဗိုဇ်နှင့် ဥပါလိသူကြွယ်တို့သည် မြတ်စွာဘုရားရှင်နှင့် အကြိတ်အနယ် ယှဉ်ပြိုင်၍ တရားဆွေးနွေးခဲ့ဖူးလေသည်။ သစ္စကပရိဗိုဇ်၏ နှမများဖြစ်ကြသော စာလာ ဥပစာလာ စသော ပရိဗိုဇ်မ လေးဦးသည်လည်း အရှင်သာရိပုတ္တရာမထေရ်ကြီးနှင့် ဝါဒယှဉ်ပြိုင် အနိုင်ရလိုမှုဖြင့် တရား ဆွေးနွေးခဲ့ရာ ပရိဗိုဇ်မ လေးဦးတို့ ရှုံးနိမ့်ကာ ဘိက္ခုနီသာသနာသို့ ကူးပြောင်းခဲ့ရလေသည်။

မိလိန္ဒမင်းကြီးသည်လည်း ရဟန္တာ အရှင်နာဂသိန်မထေရ်အား တရားဆွေးနွေးမေးမြန်းခွင့်ရသည့်အတွက် သံသယကင်းရှင်း၍ ဝိစိကိစ္ဆာမှ လွတ်ကင်းခဲ့ရလေသည်။

တရားဆွေးနွေးရာ၌ မေးမြန်းခြင်း (ပုစ္ဆာ)လေးမျိုးရှိ၏ –

| | |
|---|---|
| အဒိဋ္ဌဇောဒနာပုစ္ဆာ | = မသိနားမလည်သဖြင့် မေးမြန်းခြင်း |
| ဒိဋ္ဌသံသန္ဒနာပုစ္ဆာ | = မိမိသိထားသည့်အသိနှင့် သူတစ်ပါး သိထားသည့်အသိ တူညီမှု ကွဲပြားမှုကို ညှိနှိုင်း နှီးနှောလိုသဖြင့် မေးမြန်းခြင်း |
| ဝိမတိစ္ဆေဒနာပုစ္ဆာ | = မိမိသိထားသည်မှာ မသေချာ မရေရာသဖြင့် သေချာပြတ်သား ရှင်းလင်းသွားစေရန် ယုံမှားသံသယ ကင်းရှင်းလိုသဖြင့် မေးမြန်းခြင်း |
| ကထေတုကမျတာပုစ္ဆာ | = မိမိအနေဖြင့် အစအဆုံး ပိုင်နိုင်စွာ သိပြီးဖြစ်၍ မသိသေးသူများအား ရှင်းလင်းပြောကြားလိုသဖြင့် စကားစပ်ရာသည့် အနေဖြင့် မေးမြန်းခြင်း၊ ဖြေချင်၍ မေးခြင်း |

ဟူ၍ အမေးလေးမျိုးရှိသည်။

ထိုတွင် မြတ်စွာဘုရားရှင်တို့သည် သဗ္ဗညုတ ဉာဏ်တော်ဖြင့် အလုံးစုံသိပြီးဖြစ်၍ ကထေတုကမျတာ ပုစ္ဆာဖြင့်သာ မေးလေ့ရှိသည်။ ဘုရားရှင်မှတစ်ပါး အခြားသော ပုဂ္ဂိုလ်များမှာ အထက်ပါအမေးလေးမျိုးလုံးကို သုံးလေ့ရှိကြသည်။

တရားဆွေးနွေးရာ ပါးနပ်ကြောင်း၊ တတ်ကြောင်း မိမိသိကြောင်း နားလည်ကြောင်းကို ဂုဏ်ဖော်လိုသဖြင့် လူစည်ကားရာ အရပ်တွင် အာပေါင်အာရင်းသန်သန်ဖြင့် စကားနိုင်လုပြောခြင်း၊ နားမလည်ရင်

ဝင်မပြောနဲ့၊ မသိရင်မှတ်ထား စသည်ဖြင့် တစ်ဖက်သားကို ဖိနှိပ်ပြောဆို ဆွေးနွေးခြင်းကို မင်္ဂလာတရားတော်အရ တရားဆွေးနွေးခြင်း၊ ဓမ္မသာကစ္ဆာမင်္ဂလာဟု မခေါ်နိုင်ချေ။

မိမိမှားလျှင် အလျှော့ပေး၍ အမှန်ကို လက်ခံခြင်း၊ အမှားကိုစွန့်လွှတ်ခြင်းပြုလျက် ဆွေးနွေးမှသာလျှင် ဓမ္မသာကစ္ဆာမင်္ဂလာမည်၏။

လူသည် ဘာသာတရားနှင့်မကင်းကွာနိုင်။ တစ်ချိန်မဟုတ်တစ်ချိန် ဘာသာတရားဘက်သို့ ဦးလှည့်လာတတ်သည်။ တစ်သက်လုံး မူးရူးသောက်စားနေသူ ဖြစ်ပါစေ အသက်အရွယ်လေး အနည်းငယ်ထောက်လာပါက ဘုရားစကား၊ တရားစကား ပြောချင်လာကြသည်။ တရားဆွေးနွေးဝိုင်းသို့ တစ်နေ့မဟုတ်တစ်နေ့ ရောက်လာလေ့ရှိသည်။

ထိုအခါ မိမိအမြင် မိမိအယူအဆကို ခေါင်းမာစွာ ကိုင်စွဲမနေဘဲ အမှန်တရားလက်ခံနိုင်ရန် မိမိစိတ်ကို ကြိုတင်ပြင်ဆင် ဆုံးမထားသင့်ကြသည်။ ထိုသို့ မဟုတ်ပါက တရားဆွေးနွေးပွဲဝိုင်းမှ ငြင်းပွဲ၊ ခုံပွဲ၊ ရန်ပွဲအဖြစ်သို့ ရောက်ရှိသွား၍ ကုသိုလ်မရဘဲ အကုသိုလ် တိုးပွားမည်ကို သတိရှိသင့်ကြပေသည်။

## ဖိုးရာဇာနှင့် သီဟပတော့အမတ်ကြီး

အင်းဝခေတ်က မြန်မာအမတ်ကြီးဖိုးရာဇာနှင့် မွန်အမတ်ကြီး သီဟပတော့တို့ တွေ့ဆုံဆွေးနွေးခန်း၌ ပညာရှိအမတ်ကြီးနှစ်ဦးတို့သည် ဆွေးနွေးပွဲမစမီ ရှေးဦးစွာ စစ်သူကြီးတို့၏ ဆွေးနွေးခြင်းဖြင့် ဆွေးနွေးမည်လော၊ ပညာရှိတို့၏ ဆွေးနွေးခြင်းဖြင့် ဆွေးနွေးမည်လော ဟု ညှိနှိုင်းကြသည်။

စစ်သူကြီးတို့၏ ဆွေးနွေးခြင်းမှာ မှန်သည်မှားသည်ကို ပဓာနမထားဘဲ မိမိဘက်က အသာစီး အနိုင်ရဖို့သာ ပဓာနထား၍ ဆွေးနွေးရသည်။

ပညာရှိတို့၏ ဆွေးနွေးခြင်းမှာမူ အရှုံးအနိုင်သည် ပဓာနမဟုတ်၊ အမှားအမှန်သည်သာလျှင် ပဓာနဖြစ်သည်။ မိမိစကားမှားနေလျှင် မှားကြောင်း ဝန်ခံ၍ အခြားသူ၏စကား မှန်ကန်နေလျှင်လည်း မှန်ကန်ကြောင်း ထောက်ခံပြောဆိုနိုင်ရပေမည်။

ထို့ကြောင့် ပညာရှိတို့၏ ဆွေးနွေးခြင်းဖြင့် တရားဆွေးနွေးမှသာလျှင် ဓမ္မသာကစ္ဆာမင်္ဂလာ ဖြစ်နိုင်ပေသတည်း။

တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာနဒဿနံ။
နိဗ္ဗာနသစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလမုတ္တမံ။

**တပေါစ**

လောကီအာရုံ ဖိမ်ယစ်မှုးလို့၊
အပျော်မကြူးနဲ့ ခြိုးခြံလေ။
မေတ္တာဗြဟ္မစိုရ် လက်ကိုင်သုံးလို့၊
သူမြတ်ကျင့်ထုံး ယွင်းမသွေ။
လေးပါးသစ္စာ ဉာဏ်မြင်ကြည့်လို့၊
အမှန်သိအောင် ကြိုးစားလေ။
ဒုက္ခလွတ်ကင်း နိဗ္ဗာန်ချဉ်း၊
အလင်းပေါက်နိုင်စေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

## မင်္ဂလာ (၃၁)

၃၁။ **တပမင်္ဂလာ** ခြိုးခြံစွာကျင့်ခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

ကာမဂုဏ် အာရုံများကို လိုက်စားခြင်း၊ စည်းစိမ် ခံစားခြင်း၊ ကိလေသာ တိုးပွားခြင်းတို့သည် ပုပ်ဟောင်နံစော် မကောင်းသောအနံ့ဆိုးများကို ထုတ်လွှင့်နေခြင်းဖြစ်သည်။

ယင်းအပုပ်နံ့ အညှီနံ့များသည် ကိလေသာ စိုစွတ်မှုကြောင့် ဖြစ်သည်။ ကိလေသာအစိုဓာတ်များ ခန်းခြောက်သွားပါက နံစော်ခြင်းသည် ပပျောက်သွားမည် ဖြစ်သည်။

ထိုကဲ့သို့ ကိလေသာစိုစွတ်မှုများ ခန်းခြောက်ပပျောက်သွားစေရန် ပြင်းထန်သော လုံ့လဝီရိယဖြင့် ခြိုးခြံချွေတာသော အကျင့်ကို ကျင့်သုံးရမည် ဖြစ်သည်။

ခြိုးခြံချွေတာသော အကျင့်၏ ဆန့်ကျင်ဘက်မှာ လျှပ်ပေါ် လော်လီမှု ဖြစ်သည်။ လော်လီမှုများမှာ အဝတ်၌ လော်လီခြင်း၊ အစား၌ လော်လီခြင်း၊ အဆင်း၊ အသံ၊ အနံ့တို့၌ လော်လီခြင်း ဟူ၍ အမျိုးမျိုး ရှိသည်။

အဝတ်အထည် ဝတ်ဆင်ရခြင်း၏ ရည်ရွယ်ချက်မှာ အချမ်းအပူမျှတစေရန်၊ ကြည့်ရှု၍ တင့်တယ်စေရန်သာလျှင် ဖြစ်သည်။ လှချင်ပချင်စိတ်၊ ဝါကြွားချင်စိတ်ကို မထိန်းချုပ်နိုင်ဘဲ အဆင်ဆန်းပေါ်တိုင်း အထည်ဆန်းပေါ်တိုင်း ဝတ်ဆင်လိုမှုသည် အဝတ်၌ လော်လီသည်မည်၏။

အစားကောင်း၊ အသောက်ကောင်းများကို သင့်လျော်ရုံမျှဖြင့် တင်းတိမ်မှုမရှိဘဲ တစ်မြို့လုံးဆိုင်ပေါက်စေ့ လှည့်လည် စားသောက်နေမှုသည် အစား၌ လော်လီသည်မည်၏။

ထိုနည်းတူ ရူပါရုံ အဆင်း အာရုံခံစားမှု၌ လော်လီခြင်း၊ သဒ္ဒါရုံ အသံအာရုံခံစားမှု၌ လော်လီခြင်း၊ ဂန္ဓာရုံ အနံ့ အာရုံခံစားမှု၌ လော်လီခြင်း၊ ရသာရုံ အရသာခံစားမှု၌ လော်လီခြင်း၊ ဖောဋ္ဌဗ္ဗာရုံ အတွေ့အထိ ခံစားမှု၌ လော်လီခြင်း ဟူ၍ လော်လီခြင်း ငါးပါးနှင့် ပြည့်စုံသူကို ပျက်စီးခြင်းငါးပါးသို့ ရောက်နေသူဟု ဆိုရမည်။

ထိုကဲ့သို့ လျှပ်ပေါ်လော်လီမှုများကို လျော့နည်းပပျောက်သွားစေရန် "တပမင်္ဂလာ" ကို ကျင့်သုံးကြရမည်။ ရူပါရုံခံစားမှုနှင့် ပတ်သက်၍ ရုပ်ရှင်ကားသစ်လဲတိုင်း ကြည့်ချင်သော်လည်း မိမိစိတ်ကို ချိုးခြံ၍ သင့်လျော်ရုံ အတိုင်းအတာဖြင့်သာ ကြည့်ရမည်။

ရုပ်ရှင်ကားသစ်လဲတိုင်း ကြည့်မည်ဆိုပါက အချိန်ကုန် ငွေကုန် လူပန်း စသော မကောင်းကျိုးများသာ ဖြစ်ပေါ်လာပေမည်။ ယခုခေတ်ပေါ် တယ်လီဗေးရှင်းစက်များ အကူအညီဖြင့် နိုင်ငံပေါင်းစုံမှ ဗွီဒီယိုဇာတ်ကားများကို လွယ်လွယ်ရတိုင်းကြည့်၍ အရသာခံစားနေမည်ဆိုပါက လူ့သက်တမ်း ထက်ဝက်မကျိုးမီပင် မျက်စိကွယ်သွားနိုင်ပေသည်။

ရုပ်ရှင်ဇာတ်ကား၊တီဗွီ၊ ဗွီဒီယိုကားများကို အတောမသတ်ကြည့်ရှု နေမှုကြောင့် ဤခေတ်ကျောင်းသားလူငယ်များ မှတ်ဉာဏ်နည်းပါးပြီး စိတ်တည်ကြည်မှု စူးစိုက်မှုစွမ်းရည် မရှိတော့သည်ကို တွေ့ရပေသည်။ ဤကား အဆင်းအာရုံ (ရူပါရုံ)၌ လျှပ်ပေါ်လော်လီမှု၏ အကျိုးဆက် ဖြစ်သည်။

တစ်ဖန် တေးဂီတ အသံသွင်း တိပ်ခွေများဖွင့်၍ နေ့ညမပြတ် နားစည်းစိမ်ခံစားနေမှုများကြောင့် လူတို့၏ စိတ်ပိုင်းဆိုင်ရာ အရည်အသွေး နိမ့်ကျလာသည်ကို တွေ့နေရပေသည်။

အဆိုးရွားဆုံးမှာ အိမ်ထောင်ရေးကိစ္စ၌ လျှပ်ပေါ်လော်လီခြင်း ဖြစ်သည်။ ယနေ့ခေတ် ဤကမ္ဘာလောကဝယ် တိုးတက်သည်ဆိုသော နိုင်ငံအများအပြား၌ လင်ခန်း မယားခန်း လျှပ်ပေါ် လော်လီမှုများကို အရှက်အကြောက် ကင်းမဲ့စွာ ရဲရဲတင်းတင်း ပြုမူလျက်ရှိကြသည်။

ကျွန်ုပ်တို့နိုင်ငံတွင်မူ ထေရဝါဒဗုဒ္ဓဘာသာ သာသနာ့ဦးသျှောင် ဆရာတော်ကြီးများ၏ သီလတန်ခိုးတောဇော် အရှိန်အဝါကြောင့် ဟိရီသြတ္တပ္ပ အရှက်အကြောက်တရားနှစ်ပါးက လွှမ်းမိုးထားနိုင်သည်မှာ ယနေ့အထိ ဖြစ်ပါသည်။

ယင်းဟိရီသြတ္တပ္ပ အရှက်နှင့်အကြောက်တရား နှစ်ပါးကို ပယ်ဖျက်ပစ်ရန် ယနေ့ခေတ် လူငယ်များ စိတ်အားထက်သန်စွာ ကြိုးပမ်းနေကြသည်ကို တွေ့ရှိရပေသည်။ အရှက်ကို လုံအောင်မဖုံးဘဲ ပေါ်လွင်အောင် ဖော်ပြလိုကြသည်။

ဤကဲ့သို့ အရှက်ကင်းမဲ့စွာ ဝတ်စားဆင်ယင်ခြင်းကိုပင် ခေတ်မီသည်၊ တိုးတက်သည်၊ ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်သည်ဟု ထင်မြင်ယူဆနေကြသည်။ အရှက်ကင်းမဲ့မှုသည် လူသားထုတစ်ရပ်လုံးကို တိရစ္ဆာန်အဆင့်သို့ ပို့ဆောင်တော့မည်ကို သတိပြုသင့်ကြပေသည်။

ထို့ကြောင့် အာရုံငါးပါးမလိုက်စားဘဲ ခြိုးခြံချွေတာ၍ တပမဂ်လာကို ဖြည့်ကျင့်နိုင်ရန် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ကာယ ဟူသော ဤငါးပါးကို ထိန်းချုပ်ခြင်း (ဣန္ဒြိယ သံဝရ) အမှုပြုကြရပေမည်။ မျက်စိကို လွှတ်မပေးဘဲ သတိဖြင့် ထိန်းချုပ်ရမည်။ နားကို လွှတ်မပေးဘဲ သတိဖြင့် ထိန်းချုပ်ရမည်။ နှာခေါင်းကို လွှတ်မပေးဘဲ သတိဖြင့် ထိန်းချုပ်ရမည်။ ကိုယ်ကာယကို လွှတ်မပေးဘဲ သတိဖြင့် ထိန်းချုပ်ရမည်။

ငါးပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလ၊ အာဇီဝဋ္ဌမကသီလ တို့ကို စောင့်ထိန်း၍ ခြိုးခြံသော တပ အကျင့်ကို ကျင့်ကြရမည်။ ခြိုးခြံချွေတာသော အကျင့်ကို ပျင်းရိသူနှင့် စိတ်ဓာတ်ပျော့ညံ့သူများ ကျင့်သုံးနိုင်မည် မဟုတ်ပေ။ ဝီရိယဓာတ်အား၊ လုံ့လစွမ်းပကား ကြီးမားသူတို့သာလျှင် ကျင့်သုံးနိုင်ကြပေသည်။

ငါးရာ့ငါးဆယ် ဇာတ်တော်တွင် ဘုရားအလောင်း ကျေးမင်းသည် ရေသဖန်းပင်တစ်ပင်၌ နေထိုင်လျက် ခြိုးခြံချွေတာသော တပအကျင့်ကို ကျင့်သုံးနေသည်။

မိမိနေထိုင်သည့် ရေသဖန်းပင် တစ်ပင်ဘည်းမှ အသီးအပွင့်တို့ကိုသာ စားသောက်နေထိုင်၏၊ အခြား သစ်ပင်များသို့ သွားရောက် စားသောက်ခြင်းမပြုဘဲ တပ အကျင့်ကို ဖြည့်ကျင့်လျက်ရှိသည်။

ကျေးမင်း၏ အကျင့်သီလကြောင့် နတ်တို့သေဌ်နင်း သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် ပူလောင်သော အခြင်းအရာကို ပြလေသည်။ ကျေးမင်း၏ အကျင့်သီလကြောင့် ဤကဲ့သို့ ပူလောင်မှုဖြစ်ရကြောင်း သိရှိရသောအခါ သိကြားမင်းသည် ကျေးမင်းနေထိုင်သော ရေသဖန်းပင်ကို အသီးအပွင့်များသာမက အရွက်များကိုပါ ခြွေချလိုက်သည်။

ကျေးမင်းသည် အသီးအပွင့် အရွက်များ မရှိသောအခါ ရေသဖန်းပင်၏ အခွံအခေါက်များကို စားသုံးလျက် ဆက်လက်နေထိုင်သည်။ အသီးအပွင့်ဝေဆာနေသော အခြားသစ်ပင်များသို့ ပြောင်းရွှေ့သွားခြင်း မပြုခဲ့ချေ။ ဆက်လက်၍ သိကြားမင်းသည် ရေသဖန်းပင်၏ အခွံအခေါက်များကို ကွယ်ပျောက်စေ၍ သဖန်းပင်ငုတ်တိုမျှကိုသာ ကြွင်းကျန်စေသည်။

ကျေးမင်းသည် ယင်းသစ်ငုတ်တိုပေါ်၌ နေလျက် သစ်သားခေါက်များကို ဖဲ့ယူစားသောက်လျက် ဆက်လက် နေထိုင်လေသည်။ ထိုကဲ့သို့ ခွဲသတ္တိ၊ ဝီရိယပြင်းထန်စွာဖြင့် ခြိုးခြံချွေတာမှု တပအကျင့်ကို ကျင့်သုံးနေသော အလောင်းတော်ကျေးမင်းအား သိကြားမင်းကိုယ်တိုင် ကြည်ညိုစိတ် ဖြစ်ပေါ်လာ၍ ရေသဖန်းပင်ငုတ်တိုကို အခက်အလက်၊ အရွက်အပွင့်၊ အသီးများဖြင့် ဝေဆာစွာ ပြန်လည်ဖန်ဆင်းပေးရသည်။

တပမင်္ဂလာ ခြိုးခြံချွေတာမှုကို လက်တွေ့ကျင့်သုံးရာ၌ မြတ်စွာဘုရားလက်ထက်တော်က သာကေတမြို့မှ သေဋ္ဌေးကတော်ကြီး တစ်ယောက်၏ စနစ်ကောင်းပုံကို အတုယူနိုင်ကြရန် ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံမှ သင်တန်း ဆင်းလာ၍ မဂဓတိုင်း ရာဇဂြိုဟ်မြို့သို့ ပြန်ခဲ့သော ဆရာဇီဝက သည် လမ်းတစ်ဝက်၌ သာကေတမြို့သို့ ရောက်သောအခါ ရိက္ခာကုန်လေသည်။ ရှေ့ဆက်ရမည့်ခရီးမှာ အစာရေစာ ရှားပါးသော ကန္တာရခရီးဖြစ်၍ ရိက္ခာအလုံအလောက် မရရှိပါက မလွယ်ကူ လှချေ။

ထိုအချိန်က သာကေတမြို့တွင် သေဋ္ဌေးကတော်ကြီးသည် ခေါင်းကိုက်နာ(ဦးယဉ်းခဲ) ခံစားနေရသည်မှာ ခုနစ်နှစ် ရှိလေ သည်။ ဆရာပေါက်စ ဇီဝကသည် ဆေးစွမ်းပြရန် လူမမာ ရှာဖွေ စုံစမ်းသည့်အခါ သေဋ္ဌေးကတော်ကြီး၏ ခေါင်းကိုက် ရောဂါကို ကြားသိရလေသည်။

သေဋ္ဌေးအိမ်တံခါးစောင့်ကိုသွား၍ ဆေးဆရာ ရောက်ရှိလာ ကြောင်း ပြောကြားစေသည်။ တံခါးစောင့်က သွားရောက်ပြော ကြားသည့်အခါ သေဋ္ဌေးကတော်ကြီးက ဆေးဆရာ ဘယ်အရွယ်လဲ ဟု မေးရာ လူငယ်တစ်ဦးဖြစ်ကြောင်း ဖြေကြား သည်။

သေဋ္ဌေးကတော်က ငါ့ခေါင်းကိုက်ရောဂါကို ဒိသာ ပါမောက္ခ ဆရာအိုကြီးတွေ အမြောက်အမြား ကုသသော်လည်း ပျောက်ကင်းမှုမရှိ၊ ဆေးဖိုးဝါးခသာ ပေးလိုက်ရ၍ ငွေကုန် လူပန်း ဖြစ်ခဲ့သည်ဟု စကားပြန်လိုက်သည်။

ဆရာဇီဝကသည် ရောဂါမပျောက်လျှင် ဘာမျှမပေးပါနှင့်၊ ပျောက်လျှင်မူကား ပေးချင်သလောက်ပေးပါဟု အာမခံချက်ပေးမှ ကုသခွင့်ရလေသည်။ ဆရာဇီဝကသည် ရောဂါလက္ခဏာကို

အကဲဖြတ်၍ ထောပတ်တစ်ဇွန်းကို **တောင်းလိုက်သည်**။ ယင်း ထောပတ်ကို ဆေးအမျိုးမျိုးတို့နှင့် **ရောနှောကြိုချက်**၍ သေဌေး ကတော်ကို ညောင်စောင်းပေါ် ပက်လက်**အိပ်စေလျက် နှာ**ခေါင်းမှ ထောပတ်နှင့် ရောသော ဆေးကို သွင်း**လေသည်**။

ထောပတ်သည် အာခံတွင်းသို့ စီးဆင်းလာ၍ **သေဌေး** ကတော်သည် ထွေးခံထဲ၌ ထွေးချလိုက်သည်။ **ကျွန်မကို** လှမ်းခေါ်၍ ထွေးခံထဲမှ ထောပတ်ကို ဂွမ်းဖြင့်တို့ယူရန် စေခိုင်းသည်။ ထိုအခါ ဆရာဇီဝကသည် မျက်နှာပျက်သွား လေသည်။ သေဌေးကတော်ကြီးကလည်း ရိပ်မိသဖြင့် အဘယ့်ကြောင့် မျက်နှာပျက်ရသည်ကို မေးမြန်းသည်။

ထိုအခါ ဆရာဇီဝကက "ဤအိမ်ရှင်မသည် အံ့သြဖွယ် ချြိုးခြံချွေတာလှသည်။ စွန့်ပစ်ရမည့်ထောပတ် အနည်းငယ်ကိုပင် လျှင် ဂွမ်းစဖြင့် တို့ယူဘိ၏။ ငါသည် အဖိုးတန်သော ဆေးများကိုအသုံးပြု၍ ကုသလိုက်ရ၏။ ထိုက်တန်သော ဆေးဖိုး ဝါးခ ပေးမည်မထင်" ဟု တွေးတောမိသဖြင့် မျက်နှာမသာမယာ ဖြစ်ရကြောင်းကို ပြန်ကြားပြောဆို၏။

ထိုအခါ သေဌေးကတော်ကြီးက "ကျွန်ုပ်တို့ အိမ်ရှင်များ သည် မိမိစောင့်ထိန်းရမည့်ဝတ္တရားကို သိရှိပါသည်။ ဤထွေးထုတ်လိုက်သော ထောပတ်သည် ခြေဖဝါးကွဲသော ရောဂါကို လိမ်းနိုင် ပါသည်။ ထို့ပြင် ဆီမီးထွန်းညှိရာ၌လည်း အသုံးပြုနိုင်ပါသည်။ အကျိုးမဲ့ အလဟဿမပြုန်းတီးစေရန် သိမ်းဆည်းခြင်း ဖြစ်ပါသည်။ ဆရာ့အတွက် ဆေးဖိုးဝါးခ မနည်းစေရပါ" ဟု ရှင်းပြ၍ ဆရာဇီဝကအား ငွေတစ်သောင်း ခြောက်ထောင်နှင့် မြင်းရထားတစ်စီးကို ဆေးဖိုးဝါးခအဖြစ် ပူဇော်ကန်တော့လိုက်လေသည်။

---

ဤသို့လျှင် ရှေးခေတ်က လူကြီးသူမများသည် ပစ္စည်းဝတ္ထုတစ်ခုကို အလဟဿ မဖြစ်စေဘဲ စနစ်ဇယားဖြင့် အသုံးချတတ်သည်။

ရဟန်းတော်များသည်လည်း မိမိတို့ကိုယ်တိုင် ပင်ပင်ပန်းပန်း လုပ်ကိုင်ရှာဖွေခြင်းမပြုရဘဲ အလှူခံရရှိသော ပစ္စည်းများကို မပျက်စီးအောင် တာရှည်ခံအောင် အကျိုးရှိအောင် ထိန်းသိမ်းစောင့်ရှောက် အသုံးချခဲ့ကြသည်ကို တွေ့နိုင်လေသည်။

မြတ်စွာဘုရားလက်ထက်တော်က ကောသလမင်း၏ မောင်းမငါးရာတို့သည် အရှင်အာနန္ဒာအား ကြည်ညိုသဖြင့် အပေါ်ရုံ ပုဆိုးငါးရာကို လှူဒါန်းခဲ့ကြလေသည်။ ကောသလမင်းကြီးသည် လှူသမျှယူသော အရှင်အာနန္ဒာမထေရ်ကို မကျေနပ်သဖြင့် ဤမျှများပြားသော အဝတ်အထည်တို့ကို ရဟန်းတော်တစ်ပါးအနေဖြင့် မည်ကဲ့သို့ အသုံးချမည်နည်း။ အထည်ဆိုင်ဖွင့်၍ ရောင်းမည်လောဟု မေးလျှောက်၏။

ထိုအခါ အရှင်အာနန္ဒာမထေရ်က မိမိ၏ တပည့်ရဟန်းများ အနက် သင်္ကန်းဟောင်းနွမ်းသော ရဟန်းများအား ပေးမည်ဟု ဆို၏။ ဆက်လက်၍ ကောသလမင်းကလည်း မူလသင်္ကန်းဟောင်းများကို မည်သို့မည်ပုံ ပြုလုပ်မည်နည်းဟု မေး၏။ သူတို့ထက်ပို၍ ဟောင်းနွမ်းသော သင်္ကန်းများကို ဝတ်ရုံနေရသော ရဟန်းများအား ပေးမည်ဟု ဆို၏။

ထိုအခါ ကောသလမင်းက ဆက်လက်၍ ပို၍ ဟောင်းနွမ်းသော သင်္ကန်းများကို မည်သို့ပြုလုပ်မည်နည်းဟု မေး၏။ မြေအခင်းပြုမည်ဟုဆို၏။ မူလရှိသော မြေအခင်း အဟောင်းများကို မည်သို့ပြုမည်နည်းဟု မေး၏။ ခြေသုတ်ကြိုးဝန်း(ခြေသုတ်ခုံ) ပြုလုပ်မည်ဟုဆို၏။ မူလခြေသုတ်ခုံ

အဟောင်းများကို မည်သို့ပြုမည်နည်းဟုမေး၏။ မူလခြေသုတ်ခုံ အဟောင်းများကို အပိုင်းအပိုင်း ဖြတ်တောက်၍ မြေညက်ဖြင့် နယ်ပြီးလျှင် နံရံကို လိမ်းကျံမည်ဟု မိန့်ကြား၏။

ထိုအခါ ကောသလမင်းကြီးသည် ကြည်ညိုမှုသဒ္ဓါ တရားဆတက်ပွားလာ၍ ဤအရှင်ကောင်းအရှင်မြတ်တို့အား လှူဒါန်းလိုက်သော ပစ္စည်းဝတ္ထုများသည် အချည်းနှီးအလဟဿ ပျက်စီးသွားသည်ဟူ၍ မရှိဟု ချီးမွမ်းစကားလျှောက်ထားပြီး နောက်ထပ်အထည်ငါးရာ လှူဒါန်းပြန်လေသည်။

ခြိုးခြံချွေတာမှုနှင့်စပ်လျဉ်း၍ မိုးခေါင်ရေရှား အညာဒေသတွင် ဆန်ဆေးရည်ကို လက်ဆေးခြင်း၊ ပန်းကန်ဆေးခြင်း၊ အိုးဆေးခြင်း တို့အတွက် အသုံးပြုပြီးနောက် နွားသောက်ရန် နွားစာကျင်းထဲသို့ လောင်းထည့်လေ့ရှိသည်။ ရေကို သုံးဆင့်လေးဆင့် စနစ်ဇယားကျနစွာ အသုံးပြုကြရသည်။

ရန်ကုန်မြို့တော်သူ မြို့တော်သားများမှာ ရေဘုံဘိုင် (ရေပိုက်ခေါင်း) အောက်၌ ရေဖလား စသည်ထည့်စရာ တစ်ခုခုခံမထားဘဲ တောက်လျှောက် ရေကိုဖွင့်ထားကာ မျက်နှာသစ်ခြင်း၊ ဆေးကြော လျှော်ဖွပ်ခြင်းများကို ပြုလုပ်နေကြသည်။ တပေါစ မင်္ဂလာကို ဘယ်သောအခါမှ သိကြပါလေမည်နည်း။

ကျွန်ုပ်တို့၏ အဘိုးအဘွားများသည် ထမင်းကြမ်း ကျန်နေလျှင် ရေတစ်ထပ်ဆေး၍ နောက်ချက်မည့်ထမင်းအိုးနပ်သောအခါ ထည့်သွင်း၍ နပ်လေ့ရှိကြ၏။

ရှေးခေတ်က ဘုန်းကြီးကျောင်းများတွင် အခါကြီး ရက်ကြီးများ၌ ဆွမ်း(ထမင်း)များ အစုလိုက်အပြုံလိုက် ပိုလျှံနေလေ့ရှိသဖြင့် ယင်းဆွမ်း (ထမင်း) ပိုများကို ကျောင်းသားကိုရင်များအား ထမင်းခြောက် လှန်းစေ၍ သိမ်းဆည်းထားလေ့ရှိသည်။

ထမင်းခြောက်ကို သဲပူထိုးပြီး မရွေးလုပ်၍လည်းကောင်း၊ ရေနွေးဖျော်၍ ထမင်းအဖြစ်လည်းကောင်း စားသုံးလေ့ရှိကြသည်။ ထမင်းခြောက်သည် အစာကြေကျက်လွယ်၍ ရင်ပြည့်ရင်ကယ်ခြင်းမရှိ ကျန်းမာရေးနှင့် ညီညွတ်လေသည်။

ဤကား ရှေးလူကြီးသူမတို့၏ "တပေါစ" မင်္ဂလာကို လက်တွေ့လိုက်နာကျင့်သုံးကြပုံ ဖြစ်ပါသည်။

## မင်္ဂလာ (၃၂)

၃၂။ **ဗြဟ္မစရိယ မင်္ဂလာ** မမြတ်သော မေထုန်အမှုမှရှောင်ကြဉ်ခြင်း၊ မြင့်မြတ်သော ရဟန်းတရားကို အားထုတ်ခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

ကာမဘုံသား သတ္တဝါများသည် ကာမဂုဏ် အာရုံငါးပါးကို အမြဲတစေ ခံစားနေကြရာ ယင်းအာရုံငါးပါးအနက် ဖောဋ္ဌဗ္ဗအာရုံ အတွေ့အထိ ခံစားမှုကို အကောင်းဆုံး အထွတ်အမြတ်အဖြစ် သတ်မှတ်ထားကြ၏။

ဖောဋ္ဌဗ္ဗအာရုံကို မရမနေ ငမ်းငမ်းတက် စွဲလမ်း တပ်မက်မှုကြောင့် အသက်ကိုပင် စွန့်လွှတ်ကာ မိုက်မဲစွာ တိုက်ပွဲဝင်ကြသည်။ ယဉ်ကျေးသိမ်မွေ့သော လူ့လောကတွင်မူ တစ်လင်တစ်မယား ပေါင်းသင်းဆက်ဆံနေထိုင်မှုကို အပြစ်ဟူ၍ မသတ်မှတ်ဘဲ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့် လောကတံထွာ ဓမ္မတာအဖြစ် သတ်မှတ် ခွင့်ပြုထားကြရသည်။

မိမိဇနီး မိမိခင်ပွန်းမျှဖြင့် ရောင့်ရဲတင်းတိမ်လျက် တစ်ပါးသူထံ အာရုံမသွား၊ စိတ်မကစားပါက ဗြဟ္မစရိယ မင်္ဂလာဖြစ်ပြီဟု ဆိုသင့်ပေသည်။ သို့ရာတွင် ထိုကဲ့သို့ အိမ်ထောင်ရေး မဖောက်ပြားမှုကို အာရတီပါပါ၊ ဝိရတီပါပါ၌ ကာမေသုမိစ္ဆာစာရာ ဝေရမဏီအဖြစ်ဖြင့် ထည့်သွင်းဖော်ပြခဲ့လေပြီ။ တို့ကြောင့် ဤမင်္ဂလာ တရားတော်၌ မေထုန်အမှုမှ လုံးဝရှောင်ကြဉ်ခြင်းကိုပင် ယူသင့်၏။

**ယသ သေဋ္ဌေးသား**

ယောက်ျားမိန်းမတို့သည် ရမ္မက် ပူလောင်မှုကြောင့် **အညစ်အကြေး** စွန့်သည့် ကိုယ်ကာယအစိတ်အပိုင်းကိုပင် **အချင်းချင်းအပြန်အလှန်**

ပြင်းစွာတပ်မက် ခုံမင်ကာ ဆက်ဆံမြူးတူးကြသည်။ တပ်မက်သည့်စိတ် မရှိသည့်အခါတွင် ရွံရှာစက်ဆုပ်ဖွယ်အတိဖြစ်သည်ကို သိသာလှ ပေသည်။

မြတ်စွာဘုရားရှင် လက်ထက်တော်က ဗာရာဏသီပြည်၌ ယသ သေဋ္ဌေးသားသည် ယောက်ျားဟူ၍ အနားအကပ်မခံ၊ အပျိုကညာ အချောအလှများကသာ အဆိုအက အတီးအမှုတ် အချော့အမြှူ အကျွေးအမွေး အယုအယ ပြုစုပေးနေ၏။

တစ်နေ့သော အခါ ယသ သေဋ္ဌေးသားသည် သန်းခေါင်ယံ အချိန်တွင် တရေးနိုးလာ၍ ကြည့်လိုက်ရာ လှကညာများမှာ လူသေကောင်များပမာ တုံးလုံးပက်လက် မဖုံးမဖိ၊ ပါးစပ် ဟောင်းလောင်း ၊ သွားပုပ်ရည်စီးကြောင်းများ၊ တဂူးဂူးတဂဲဂဲ ဟောက်သံများဖြင့် သတိလက်လွတ် အိပ်မောကျနေသည်ကို စက်ဆုပ်ရွံရှာဖွယ်ရာ တွေ့မြင်ရလေသည်။

ယသသေဋ္ဌေးသားသည် ထိုသို့စက်ဆုပ်ရွံရှာဖွယ်ရာကို မြင်တွေ့ရလေသောကြောင့် ဘုံနန်းအဆင့်ဆင့် အံ့မခန်းသည့် စံအိမ်တော်ကြီးကို သုသာန်တစ်စပြင်ပမာ မှတ်ထင်သွား၍ နေအိမ်ကိုစွန့်ခွာပြီး ဘုရားရှင်ထံမှောက် သွားရောက်ရဟန်းပြုလေ တော့သည်။

## ယုတ်ညံ့သော အမှု

ယသ သေဋ္ဌေးသားကဲ့သို့ လုံးဝမစွန့်ခွာနိုင်သော်လည်း မေထုန်မှုကို အလွန်အကျွံ မလိုက်စားဘဲ ပညာဖြင့် ဆင်ခြင်၍ သင့်တင့်ရုံသာ ပြုသင့် ကြပေသည်။

ဤအမှု လွန်ကဲများပြားသူများမှာ ကိုယ်လက်ကိုက်ခဲမှု (ဂေါက် ရောဂါ) ဖြစ်တတ်ခြင်း၊ ရုပ်ရည် ရူပကာယ လန်းဆန်းမှုမရှိ၊ အဆင်း အရောင်အဝါမှိန်ခြင်း၊ အင်အားကုန်ခန်းခြင်း၊ ချောင်းဆိုးပန်းနာ ရင်ကျပ်

ရှုနာရှိက်ကုန်းဖြစ်တတ်ခြင်း၊ မှတ်ဉာဏ်နည်းပါးခြင်း၊ သတိမေ့လျော့ခြင်း၊ သွေးတိုးရင်ကျပ်ရောဂါဖြစ်တတ်ခြင်း၊ အသားအရေ ဖြူဖပ်ဖြူရော်ရှိ၍ ကြုံလှီဖျော့တော့ခြင်း၊ နှလုံးရောဂါ, သွက်ချာပါဒလေငန်းရောဂါ ဖြစ်နိုင်ခြင်း၊ မေထုန်မှုကို အကြောင်းပြု၍ အနာမျိုးကိုးဆယ့်ခြောက်ပါး ဖြစ်ပေါ်နိုင်ခြင်းကြောင့် ဤကိစ္စ ဤအမှုကို သွေးဆိုးအနာဆိုး ရောဂါဆိုးကြီးများကို ချက်ချင်းလက်ငင်း ခံစားရတော့မည်လောက် တွေးထောက်ဆင်ခြင်ကြောက်လန့်လျက် မေထုန်မှုမှ ဝေးစွာ ရှောင်ကြဉ်ကြရာ၏။

ရှောင်ကြဉ်နိုင်ပါက အသက်ရှည်စွာ၊ အနာမဲ့ကင်း၊ အင်အားပြည့်ဖြိုး၊ မှတ်ဉာဏ်တိုးကာ ချမ်းသာသုခနှင့် ပြည့်စုံမည် ဖြစ်ပေသည်။

မြတ်စွာဘုရားရှင်သည် မိမိချစ်သား ရဟန်းတော်များအား ဆုံးမရာ၌ မေထုန်အမှုကို ပြုခြင်းထက် မိမိ၏ အင်္ဂါဇာတ်ကို ရဲရဲပြောင်ပြောင် တောက်လောင်နေသော မီးကျီးတွင်းထဲသို့ ထည့်ခြင်းက ပို၍ ကောင်းမည် ဖြစ်ကြောင်း၊ အဆိပ်ပြင်းသော မြွေပွေး၏ ခံတွင်းသို့ သွင်းခြင်းက ပို၍ ကောင်းမည်ဖြစ်ကြောင်း ဟောကြားဆုံးမတော်မူခဲ့ပေသည်။

**ကာမစည်းစိမ် ဘင်ပုပ်အိမ်**

ရဟန်းတော်များသည် ရေအိမ်တက်ရာ၌ ရေအိမ်၌ရှိသော မစင်စု၌လည်းကောင်း၊ ပိုးလောက်စု၌လည်းကောင်း၊ မတင့်မတယ် ရွံရှာစက်ဆုပ်ဖွယ်သာတည်း၊ မိမိခန္ဓာကိုယ်သည်လည်း မစင်အစု ပိုးမျိုး ရှစ်ဆယ်တို့၏ တည်ရာဖြစ်၍ ရွံရှာစက်ဆုပ်ဖွယ်ရာသာတည်းဟု ဆင်ခြင်မှု (အသုဘသညာ)ကို ပွားလေ့ရှိကြကုန်၏။

ယင်းဘာဝနာကား အလွန်မြတ်သော ကုသိုလ်ဖြစ်သည်။ ထို့ကြောင့် အင်းဝခေတ်က မြောက်နန်းကျောင်း **ဆရာတော်သည်**

အမတ်မျိုးနွယ်ဖြစ်၍ "အရှင်ဘုရား၊ လူ၀တ်ဖြင့်နေပါမှ ဤသို့သော အမတ်စည်းစိမ်ကို ရလေမည်"ဟု ရင်းနှီးသော အမတ်များက လျှောက်ထားသည်ကို "သင်တို့အမတ်စည်းစိမ်သည် ငါ့ရေအိမ်ထက် ပွားစေအပ်သော အသုဘ သညာ တစ်စိတ်ကို မီမည်လော" ဟုမိန့်တော်မူကြောင်းကို ပြောစဉ်ရှိသည်။

**မေထုန်ငယ် ၇ ပါး**

ယောကျ်ားနှင့်မိန်းမတို့ ကာယကံမြောက် ဆက်ဆံမှီဝဲမှုကို မေထုန် ကြီးဟုခေါ်၍ အခြားအပေါ်ယံဆက်ဆံမှုများကို မေထုန်ငယ်ဟု ခေါ်၏။ အတွေ့နှင့်အငွေ့ ဟု ခွဲခြားခေါ်နိုင်ပါသည်။ မေထုန်ငယ် ၇- ပါးမှာ-

(က) လိင်မတူသူချင်း နံ့သာလိမ်းပေးမှု၊ နင်းနှိပ် ဆုပ်နယ်ပေးမှု ရေချိုးပေးမှုတို့ကို သာယာခြင်း

(ခ) အပြန်အလှန် တစိမ့်စိမ့် ကြည့်နေရမှုကို သာယာခြင်း

(ဂ) အတူတကွ ပြောဆိုရယ်မောနေရမှု၊ ကစားနေရမှုကို သာယာခြင်း

(ဃ) နံရံအကွယ်တစ်ဖက်မှ စကားပြောသံ၊ ရယ်သံ၊ သီချင်းသံများကို သာယာခြင်း

(င) ရှေးယခင်က အတူတကွ ပြောဆိုရယ်မောခဲ့ရခြင်း၊ ကစားမြူးတူးခဲ့ရခြင်းတို့ကို ပြန်လည်အောက်မေ့ သာယာခြင်း

(စ) သူတစ်ပါး ကာမဂုဏ်ခံစားသည်ကိုမြင်၍ သာယာခြင်း ချောင်းကြည့်၍ သာယာခြင်း

(ဆ) လူ့စည်းစိမ် နတ်စည်းစိမ်ကို တောင့်တ၍ အလှူဒါနပြုမှုကို သာယာခြင်း-

တို့ဖြစ်ပေသည်။

**(ထိ, ကြည့်, ကစား၊ အသံကြား၊ ကြံငြား ကာမဂုဏ်။ စည်းစိမ်သာယာ၊ ဝဋ်ပဋ္ဌနာ၊ သတ္တာ ငယ်မေထုန်။)**

**ဗြဟ္မစရိယအကျင့်**

ကမ္ဘာပေါ်ရှိ ဘာသာ အယူဝါဒတိုင်း၌ ရှေးထုန်အမှုမှ ရှောင်ကြဉ်သည့် ဗြဟ္မစရိယအကျင့်ကို အနည်းနှင့်အများ ကျင့်သုံးကြသည်ကို တွေ့ရပေသည်။ ရက်အပိုင်းအခြား၊ လအပိုင်းအခြား၊ နှစ်အပိုင်းအခြား သော်လည်းကောင်း၊ သက်ဆုံးတိုင် ရာသက်ပန်သော်လည်းကောင်း ကျင့်သုံးကြလေသည်။

ရှေးခေတ် အိန္ဒိယနိုင်ငံ၌ တောထွက်ရဟန်းပြုခြင်းဖြင့် သော်လည်းကောင်း၊ တောမထွက်သော်လည်း အိမ်ထောင်မပြုဘဲ လူပျိုစင် အပျိုစင် အဖြစ်ဖြင့်သော်လည်းကောင်း နေထိုင်ကျင့်သုံးလေ့ရှိကြသည်။

မဃဒေဝ ဇာတ်တော်၌ မဃဒေဝ မင်းမျိုးများသည် ဦးခေါင်း ထက်၌ ဆံဖြူပင်တစ်ပင်တွေ့ပါက ထီးနန်းကို သားတော်အား လွှဲအပ်၍ တောထွက်ပြီး ရဟန်းပြုကြသည်။

ဗြာဟ္မဏ ပုဏ္ဏားမျိုး၌မူ ဗြဟ္မစရိယ အကျင့်ကို ငယ်ရွယ်စဉ်မှစ၍ မိမိစွမ်းနိုင်သမျှ အသက်နှစ်ဆယ်၊ အသက်သုံးဆယ်၊ အသက်လေးဆယ် နှစ်အထိ နှစ်အပိုင်း အခြားသတ်မှတ်၍ ကျင့်သုံးလေ့ရှိကြ၏။ ထိုသို့ ကျင့်သုံးသူများ သည် မိမိကိုယ်ကို ဗြဟ္မစာရီအဖြစ် ဂုဏ်ယူဝင့်ကြွားကာ ကြေညာလေ့ရှိ၏။

သုဝဏ္ဏသာမဇာတ်တော်၌ ဒုကူလနှင့် ပါရိကာတို့သည် ရာသက်ပန် ဗြဟ္မစရိယအကျင့်ကို ကျင့်ကြသည်။ ဥဒယဘဒ္ဒဇာတ်တော်၌မူ ဥဒယဘဒ္ဒ မင်းသားနှင့် ဥဒယဘဒ္ဒမင်းသမီးတို့သည် စက်ရာတစ်ခုတည်း၌ အတူတကွ အိပ်စက်ကြသော်လည်း တစ်ဦးနှင့်တစ်ဦး ပြစ်မှားသော စိတ်ရှိသူဘက်မှ ပန်းကုံးညှိုးစေသတည်းဟု အဓိဋ္ဌာန်ပြု၍ ပန်းကုံးခြား၍ အိပ်စက်ကြရာ စိတ်ဓာတ်စင်ကြယ်ကြသဖြင့် ပန်းကုံးလုံးဝမညှိုးကြောင်း၊ ရာသက်ပန် စင်ကြယ်စွာနေထိုင်သွားကြကြောင်း ပြဆိုထားလေသည်။

**ပိပ္ပလိနှင့်မယ်ဘဒ္ဒါ**

မြတ်စွာဘုရားရှင် လက်ထက်တော်အခါက ရာဇဂြိုဟ်ပြည်၌ ကပိလပုဏ္ဏားရှိ သား အသက်နှစ်ဆယ်ရှိ ပိပ္ပလိလုလင်ကို သာဂလမြို့သူ အသက်တစ်ဆယ့်ခြောက်နှစ်အရွယ် ဘဒ္ဒါ ကာပိလာနီနှင့် ထိမ်းမြားရန် လူကြီးချင်းသဘောတူ စေ့စပ်ထားကြသည်။

ထိုနှစ်ဦးသည် ဗြဟ္မာပြည်၌ အဖြစ်များခဲ့၍ မေထုန်အမှုကို စက်ဆုပ်ရွံရှာသဖြင့် အိမ်ထောင်မပြုလိုကြောင်း၊ မိဘများကွယ်လွန်ပါက တောထွက်ပြီး ရဟန်းပြုမည်ဖြစ်ကြောင်း၊ အိမ်ထောင်ဖက်ကို အလိုရှိပါက အခြားသူတစ်ဦးနှင့် လက်ထပ်သင့်ကြောင်း ဖော်ပြထားသည့်စာများကို မိဘများမသိစေရန် လျှို့ဝှက်စွာ အပြန်အလှန် ပေးပို့ကြသည်။

စာပို့သူများသည် လမ်းခရီး၌ ဆုံမိကြ၍ စာများကို လဲလှယ်ဖတ်ရှုပြီး ဆုတ်ပစ်လိုက်ကြသည်၊ ချစ်ကြိုက်ကြောင်း မေတ္တာစာကို ရေးသားထည့်သွင်း ပေးပို့ကြသည်။ ထိုသူနှစ်ဦးမှာ အလိုမရှိဘဲ မိဘတို့ဆန္ဒ မလွန်ဆန်နိုင်သဖြင့် အိမ်ထောင်ပြုကြရသည်။

အတူတကွ နေကြသော်လည်း အချင်းချင်း တပ်မက်သော မျက်စိဖြင့်မကြည့်၊ ရယ်မောပြောဆိုခြင်းမရှိ၊ ညအိပ်ရာဝင်သော အခါ ပိပ္ပလိသည် လက်ယာဘက်မှ အိပ်ရာသို့တက်၏။ မယ်ဘဒ္ဒါသည် လက်ဝဲဘက်မှ အိပ်ရာသို့ တက်၏၊ အချင်းချင်း ထိမိမည်စိုး၍ အိပ်ရာ၏အလယ်၌ ပန်းကုံးနှစ်ခုခြားထား၍ ညဥ့်သုံးယံပတ်လုံး မအိပ်ဘဲ ကာလကို ကုန်လွန်စေ၏။

ထိုသူနှစ်ဦးတို့သည် မိဘများ ကွယ်လွန်သောအခါ နှစ်ဦး စလုံးရဟန်းပြုကြ၍ သပိတ်ကိုလွယ်လျက် ပြာသာဒ်မှ ဆင်းသက်

ခဲ့ကြသည်။ လမ်းခရီး၌ လမ်းနှစ်ခွသို့ ရောက်သောအခါ ပိပ္ပလိလုလင်သည် လမ်းခွဲ၌ရပ်လျက် "ဘဒ္ဒါငါတို့နှစ်ဦး အတူသွားပါက ရဟန်းပြုပြီးပါလျက် မခွဲနိုင်မခွာရက် ဖြစ်ကြသည်ဟု တွေ့မြင်သူတို့ စိတ်ပြစ်မှား အကုသိုလ်ပွားဖွယ် ဖြစ်သည်။ ဤလမ်းနှစ်ခွတွင် သင်နှစ်သက်ရာ လမ်းကြောင်းကို လိုက်လော့" ဟု ဆို၏။

ဘဒ္ဒါသည် ပိပ္ပလိကို လက်ယာရစ် သုံးပတ်လှည့်လည်အရိုအသေပြု ရှိခိုးပြီးလျှင် လက်ဝဲဘက် လမ်းကြောင်းအတိုင်း သွားလေ၏။ ပိပ္ပလိလုလင်သည် လက်ယာဘက် လမ်းကြောင်းအတိုင်း သွားလေ၏။

ထိုသူနှစ်ဦးခွဲခွာသောအခါ "ကမ္ဘာတစ်သိန်းကာလပတ်လုံး မိတ်ဖွဲ့လာခဲ့သူနှစ်ဦးသည် ယနေ့နောက်ဆုံး ခွဲခွာကြလေပြီ၊ သင်တို့နှစ်ဦး၏ ဂုဏ်ကျေးဇူးကို ထမ်းဆောင်ထားခြင်းငှာ မစွမ်းနိုင်" ဟု ဆိုဘိသကဲ့သို့ ယူဇနာ နှစ်သိန်းလေးသောင်း အထုရှိသော ဤမဟာပထဝီမြေကြီးသည် မြည်ဟည်းတုန်လှုပ်၏။

မြေကြီးမြည်ဟည်းသံသည် ကောင်းကင်ယံ၌ မိုးကြိုးသံကဲ့သို့ဖြစ်၍ တောတောင်အလုံး ပဲ့တင်ထပ်လေသည်။ မြတ်စွာဘုရားရှင်သည် ယင်းအသံကို ကြားတော်မူ၍ ဉာဏ်ဖြင့် ဆင်ခြင်တော်မူ၍ သပိတ်သင်္ကန်းကို ယူလျက် ကိုယ်တော် တစ်ပါးတည်း သာလျှင် သုံးဂါဝုတ်ခရီးတိုင်အောင် ကြွတော်မူသည်။

ပိပ္ပလိလုလင်သည် မြတ်စွာဘုရားရှင်ထံ၌ ရဟန်းပြု၍ ရှစ်ရက်မြောက်သောနေ့၌ ရဟန္တာအဖြစ်သို့ ရောက်ရှိလေသည်။ မယ်ဘဒ္ဒါသည် ဘိက္ခုနီမကျောင်းသို့ရောက်ရှိ၍ မကြာမီ အရဟတ္တဖိုလ် သို့ ရောက်ရှိလေသည်။

ဤကား မေထုန်အမှုမှ ရှောင်ကြဉ်ခြင်း ဗြဟ္မစရိယ အကျင့်ကို ကျင့်သဖြင့် အရဟတ္တဖိုလ်တိုင်အောင် အကျိုးထူးရပုံကို ဖော်ပြခြင်း ဖြစ်သည်။

ထို့ကြောင့် မေထုန်မှရှောင်ကြဉ်ခြင်း ဗြဟ္မစရိယအကျင့်ကို စွမ်းနိုင်ပါက ရာသက်ပန် စောင့်ထိန်းကျင့်သုံးသင့်ကြ၍ ရာသက်ပန်မစွမ်းနိုင်ပါကလည်း တစ်နေ့တစ်ရက်၊တစ်လ တစ်နှစ် စသည်ဖြင့် စွမ်းနိုင်သမျှ ကာလပိုင်းခြားပြီး စောင့်ထိန်းကျင့်သုံးကြရန် ကြိုးပမ်းသင့် ကြပေသည်။

အကယ်၍ မိမိကိုယ်တိုင် ဗြဟ္မစရိယအကျင့်ကို မကျင့်သုံးနိုင်ပါက ဗြဟ္မစရိယအကျင့်မြတ်ကို ပျက်စီးစေနိုင်သည့် မလုံမခြုံ ဝတ်စားဆင်ယင်မှုများ၊ အဆိုအကများ၊ စာပေရေးသားမှုများ မပြုမိကြစေရန် အသိတရား လက်ကိုင်ထားကာ ရှောင်ရှားသင့်ကြပေသည်။

မြန်မာနိုင်ငံတွင် ဝတ်စားဆင်ယင်မှု၊ အဆိုအကနှင့် ဖြေဖျော်ရေး စာပေများကို အရှက်အကြောက် ဟိရိဩတ္တပ္ပတရားနှစ်ပါးက ယခုအချိန်ထိ လွှမ်းမိုးထားနိုင်ဆဲဖြစ်၍ နိုင်ငံခြားယဉ်ကျေးမှု မထိုးဖောက်နိုင်သေးသည့် တစ်ခုတည်းသော ကမ္ဘာ့စံပြ စင်ကြယ်သော နိုင်ငံအဖြစ် ကြွေးကြော်ခိုင်ရှာ ရပ်တည်နိုင်ခဲ့သည်။

မြန်မာအမျိုးသမီးများ၏ အခန်းကဏ္ဍကို သုတေသနပြုလေ့လာသူ နိုင်ငံခြားသူ အမျိုးသမီးပညာရှင်တစ်ဦးက သူတို့တိုင်းပြည်ယဉ်ကျေးမှုအရ အရွယ်ရောက်သူတိုင်း အပျိုရည်မပျက်သူဟူ၍ မရှိနိုင်တော့ကြောင်း၊ မြန်မာနိုင်ငံတွင်မူ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာအရ အပျိုစင်များသာမက ရာသက်ပန် အပျိုကြီးအဖြစ် နေထိုင်သွားသူများကို တွေ့ရကြောင်း ချီးကျူးဝန်ခံ ပြောဆိုသွားသည်။

ကျွန်ုပ်တို့သည် ရှစ်ပါးသီလ (ဥပုသ်သီလ)ခံယူ ဆောက်တည်ရာ၌ အဗြဟ္မစရိယာ ဝေရမဏိ၊ မမြတ်သော မေထုန်အမှုမှ ရှောင်ကြဉ်ပါ၏ဟု ဆောက်တည်ကြသည်။

ထို့ကြောင့် ရှေးလူကြီးများသည် မိမိဥပုသ်သီလ မညှိုးနွမ်းစေရန် မကျိုးမပေါက် မပျောက်မကျားစေရန်အတွက် ဥပုသ်သီလစောင့်သုံးသည့် သီတင်းနေ့များ၌ မိမိနေအိမ်သို့ မပြန်တော့ဘဲ ဘုန်းကြီးကျောင်း ဥပုသ်ဇရပ်ပေါ်၌သာ တရားစာပေ ဖတ်ရှု နာယူခြင်း၊ တရားဆွေးနွေးခြင်း၊ ပုတီးစိပ်ခြင်းဖြင့် အချိန်ကုန်စေ၍ နောက်တစ်နေ့ မိုးလင်း ဥပုသ်ထွက်ပြီးမှ နေအိမ်သို့ ပြန်လာလေ့ရှိကြသည်။

ဘူရိဒတ်ဇာတ်တော်၌ ဘူရိဒတ် နဂါးမင်းသည် လည်းကောင်း၊ စမ္ပေယျဇာတ်တော်၌ စမ္ပေယျ နဂါးမင်းသည်လည်းကောင်း နဂါးပြည်၌ နဂါးမများကြောင့် မိမိသီလ ညှိုးနွမ်းမည်ကို စိုးရိမ်၍ လူ့ပြည် လူ့ရွာ တောတောင်အတွင်းသို့ လာရောက်ပြီး ဥပုသ်သီလ စောင့်ထိန်းကြရသည်။

ရတနာပုံခေတ် မန္တလေး နေပြည်တော်တွင် ဥပုသ်သည်များသည် သီတင်းနေ့များ၌ မဟာမုနိဘုရား ၄၅ တာ၏ မြောက်ဘက်ရှိ ဥပုသ်ဇရပ်များတွင် ညအိပ်နေထိုင် ဥပုသ်စောင့်လေ့ရှိကြသဖြင့် ယင်းအရပ်ကို ဥပုသ်တော်ကုန်းအရပ်ဟု ခေါ်တွင်လျက်ရှိသည်။

သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင်တိုင်းသည် ဗြဟ္မစရိယမင်္ဂလာကို ရာသက်ပန် မဖြည့်ကျင့်နိုင်ပါက သီတင်းနေ့များ အခါကြီးရက်ကြီးများတွင် ဥပုသ်သီလဆောက်တည်ခြင်းဖြင့် ဗြဟ္မစရိယမင်္ဂလာနှင့် ပြည့်စုံစေရန် ကြိုးပမ်းသင့်ကြပေသည်။

# မင်္ဂလာ (၃၃)

၃၃။ **အရိယသစ္စာနဒဿန မင်္ဂလာ** အရိယသစ္စာ လေးပါးမြတ်တရားကို ထိုးထွင်း သိမြင်ခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

**သမ္မုတိသစ္စာ**

သစ္စာဟူသည် မှန်ကန်ခြင်းဖြစ်သည်။ သစ္စာသည် သမ္မုတိသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယသစ္စာဟူ၍ သုံးမျိုးရှိရာ လူတို့သုံးနှုန်းပြောဆိုနေကျဝေါဟာရအတိုင်း မိဘကို မိဘဟုခေါ်ဝေါ်ပြောဆိုခြင်း၊ ဆရာသမားကို ဆရာသမားဟူ၍ ပြောဆိုခြင်း၊ သားသမီးကို သားသမီးဟု ပြောဆိုခြင်း ဆင်မြင်းကျွဲနွားတိရစ္ဆာန်များကို ဆင်မြင်းကျွဲနွားတိရစ္ဆာန်ဟု ခေါ်ဝေါ်ပြောဆိုခြင်းသည် သမ္မုတိသစ္စာမည်၏။ (သမ္မုတိ = လူတို့ သမုတ်ခြင်း၊ အမည်တပ်ခြင်း)

ယင်းသမ္မုတိသစ္စာကိုပင် ဝစီသစ္စာဟု ခေါ်၏။ ခိုးလျှင် ခိုးမိပါသည်ဟု အမှန်အတိုင်း ဝန်ခံပြောဆိုခြင်း၊ မခိုးလျှင် မခိုးပါဟု အမှန်အတိုင်း ပြောဆိုခြင်း၊ မုသာဝါဒမှ ရှောင်ကြဉ်ခြင်းသည် ဝစီသစ္စာမည်၏။ ပြောသည့်အတိုင်း လုပ်၍ လုပ်သည့်အတိုင်းပြောခြင်း၊ မိမိကတိကို မြဲအောင်ထိန်းနိုင်ခြင်းကို သစ္စာစောင့်သည်၊ သစ္စာရှိသည်ဟု ဆိုကြသည်။

**ပရမတ္ထသစ္စာ**

လူနတ်ဗြဟ္မာ သတ္တဝါဟူသော ပညတ်သဘောကို မယူမူ၍ ယင်းသတ္တဝါ၌ ဖွဲ့စည်းပါဝင်နေသော စိတ်စေတသိက် နာမ်တရားများ၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဟူသော မဟာဘူတရုပ်များ၏ ပင်ကို သဘောလက္ခဏာကို ပရမတ္ထသစ္စာဟု ခေါ်သည်။

ဥပမာအားဖြင့် လောဘစေတသိက်၏ လိုချင် တပ်မက်သော သဘောသည် မဖောက်မပြန် မှန်ကန်သောကြောင့် ပရမတ္ထသစ္စာမည်၏။

**အရိယသစ္စာလေးပါး**

ဖြူစင်မြင့်မြတ်သော ဘုရား ရဟန္တာ အရိယာပုဂ္ဂိုလ်တို့သာ သိနိုင်သော သစ္စာတရားသည် အရိယသစ္စာမည်၏။ အရိယသစ္စာသည်–

| | |
|---|---|
| ဒုက္ခသစ္စာ | = ဆင်းရဲခြင်းအမှန် |
| သမုဒယသစ္စာ | = ဆင်းရဲခြင်း၏အကြောင်းတရားအမှန် |
| နိရောဓသစ္စာ | = ဆင်းရဲကြောင်း တဏှာ၏ချုပ်ငြိမ်းရာအမှန် |
| မဂ္ဂသစ္စာ | = ဆင်းရဲကုန်ဆုံးရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်လမ်းစဉ်အမှန်– |

ဟူ၍ လေးပါးရှိ၏။

**ဒုက္ခသစ္စာ**

ဘဝတစ်ခု၌ ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲ၏။ အိုရခြင်းသည် ဆင်းရဲ၏။ နာဖျားရခြင်းသည် ဆင်းရဲ၏။ သေရခြင်းသည် ဆင်းရဲ၏။ မချစ်မနှစ်သက်သော အာရုံနှင့်အတူတကွ ယှဉ်တွဲနေရခြင်းသည် ဆင်းရဲ၏။ ချစ်နှစ်သက်သော အာရုံနှင့် ကွေကွင်းရခြင်းသည် ဆင်းရဲ၏။ ရတာမလို လိုတာမရ ဖြစ်နေခြင်းသည် ဆင်းရဲ၏။

အကျဉ်းချုပ်အားဖြင့်ဆိုပါက စွဲလမ်းငြိတွယ် ဖြစ်ပေါ်နေသော ခန္ဓာငါးပါးရုပ်နာမ်တရားတို့သည် ဆင်းရဲ၏။ မခံချိမခံသာ ဝေဒနာ

များသည် ဆင်းရဲ၏၊ သာယာရွှင်မြူး ကြည်နူးဖွယ်သော ဝေဒနာများ သည် ပျက်စီးသွားလေ့ရှိ၍ ဆင်းရဲ၏။ သက်ရှိသက်မဲ့ပစ္စည်းအားလုံးသည် မရပ်မနား အမြဲပြုပြင် ဖန်တီးပေးနေရသဖြင့် မမြဲသောကြောင့် ဆင်းရဲ၏။ ဤသို့ စသည်ဖြင့် သိမြင်ခြင်းသည် ဒုက္ခသစ္စာကို သိမြင်ခြင်း ဖြစ်၏။

**သမုဒယသစ္စာ**

ဆင်းရဲဒုက္ခ ဟူသမျှသည် လိုချင်တပ်မက်မှု လောဘ၊ ချစ်ခင်တွယ်တာမှု လောဘ၊ နှစ်သက်စုံမက်မှု လောဘ ဟုခေါ်သော တဏှာသာလျှင် အကြောင်းရင်းရှိ၏။ ငါ့ဟာ၊ ငါ့ပစ္စည်းဟုသိမ်းပိုက်မှုကြောင့် ဆင်းရဲခြင်း ဖြစ်ရ၏။

ဥပမာအားဖြင့် သင်မပိုင်သော မြေကွက် တစ်ခုပေါ်၌ တစ်စုံတစ်ယောက်က အညစ်အကြေးစွန့်သော်လည်းကောင်း၊ မြေကို တူးဆွ၍သော်လည်းကောင်း၊ သင်၏စိတ်၌ တစ်စုံတစ်ရာ ထိခိုက်မှု ရှိမည်မဟုတ်ချေ။ သင်ပိုင်သောမြေကွက်ပေါ် ထိုသို့လာရောက်ပြုလုပ်လာပါမူ မခံမရပ်နိုင် ဒေါသ ဒေါမနဿ ဖြစ်ပေလိမ့်မည်။

သင်၏ သစ်ပင် သီးပင်အရင်း၌ စုပုံထားသော နွားချေးကို လာရောက် ယူဆောင်သွားပါက အမျက်ထွက်ခြင်း စိတ်ဆိုးခြင်း ဒေါသ၊ စိတ်နှလုံးမသာယာခြင်း ဒေါမနဿများ ဖြစ်လာကာ စိတ်ဆင်းရဲမှု ဖြစ်လိမ့်မည်။

ထို့ကြောင့် အရာခပ်သိမ်းအပေါ်၌ လောဘဖြင့် တွယ်တာကပ်ငြိမှုကြောင့်သာလျှင် ဆင်းရဲဒုက္ခဖြစ်ကြရသည်။ အကြောင်းဖြစ်သော လောဘ တဏှာကို အဆများစွာ တိုးပေးပါက အကျိုးဖြစ်သော ဆင်းရဲဒုက္ခ သည်လည်း အဆများစွာ တိုးလာသည်ကို တွေ့ရပေမည်။

လောဘတဏှာကို ဆင့်ကဲဆင့်ကဲ လျှော့ပါးပေးပါက ဆင်းရဲဒုက္ခသည်လည်း အချိုးအဆအတိုင်း လျော့နည်းသွားသည်ကို တွေ့နိုင်ပေသည်။ မည်သူမဆို ဤကြောင်းကျိုးဆက်စပ်မှု ပုံသေနည်းကို မှန် မမှန် စနစ်တကျ လက်တွေ့ စမ်းသပ်နိုင်ပါသည်။ ဤသို့ လက်တွေ့ စမ်းသပ်ခံနိုင်မှုကို ဧဟိပဿိကောဟု ဆိုလိုပါသည်။

**နိရောဓသစ္စာ**

နိဗ္ဗာန်ကို မျက်ဝါးထင်ထင်တွေ့မြင်သောအခါ လောဘ တဏှာ သမုဒယသည် ချုပ်ငြိမ်းလေ၏။ ထိုနိဗ္ဗာန်ကို နိရောဓသစ္စာဟု ခေါ်၏။ လောဘတဏှာ သမုဒယ ချုပ်ငြိမ်းစေရန် နည်းလမ်းမှာ တဏှာပွားစေမည့် အာရုံများမှ ဝေးစွာ ရှောင်ကြဉ်ရမည်။

ပွဲလမ်းသဘင် ရုပ်ရှင်အဆိုအက အတီးအမှုတ်များသည် ဘုရားရှင်သာသနာတော်အတွက် ဆူးငြောင့် တံကျင်သဖွယ် ဖြစ်၏။ ယောကျ်ားအတွက် မိန်းမ၊ မိန်းမအတွက် ယောကျ်ားသည် တဏှာ တိုးပွားစေနိုင်သောကြောင့် မဆက်ဆံသင့်သော ဆန့်ကျင်ဘက်အာရုံ (ဝိသဘာဂအာရုံ) မည်၏။

တဏှာပွားစီးစေနိုင်မည့် အာရုံများနောက်သို့ လိုက်စားနေပါက တဏှာချုပ်ငြိမ်းဖို့ဝေးစွ၊ ဆတက်ထမ်းပိုး တိုးရန်သာဖြစ်၏။ အနာရှိသူ တစ်ဦးသည် အမဲသားစား၍ ငရုတ်သီးသျှော်ခံနေပါက အနာငန်းမန်း တက်ပြီး ပိုမိုရောင်ရမ်းလာပေမည်။ ထို့ကြောင့် တဏှာသမုဒယအားနည်း ချုပ်ငြိမ်းစေရန်အတွက် နိဗ္ဗာန်ကို အာရုံပြုနိုင်အောင် ကြိုးပမ်းအားထုတ်ကြရမည်။ စိတ်သည် နိဗ္ဗာန်ကို အာရုံပြုနိုင်မှသာ တဏှာသမုဒယ ချုပ်ငြိမ်းနိုင်ပေသည်။

**မဂ္ဂသစ္စာ**

ဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်မြတ်လမ်းစဉ်သည် မဂ္ဂသစ္စာမည်၏။ နိဗ္ဗာန်သို့ရောက်ရှိရန် ကိုယ့်အားကိုယ်ကိုး၍

ကိုယ်တိုင်အားထုတ် ကျင့်ကြံရပေမည်။ တဏှာသမုဒယ ချုပ်ငြိမ်းစေရန် ကိုယ်တိုင်ကြိုးပမ်း အားထုတ်ရပေမည်။

တန်ခိုးရှင်ထံ လက်ဖြန့်တောင်းခံ၍ မရနိုင်ချေ။ ဆရာသမားအပေါ် ပစ်ပုံ အားကိုးနေ၍လည်းမဖြစ်၊ ဓာတ်စီးနတ်စီးနေ၍လည်း မရနိုင်၊ ကိုယ်တိုင်ကျင့်ကြံရမည့် လမ်းစဉ်မှာ–

၁။ သမ္မာဒိဋ္ဌိ = မဖောက်မပြန် မှန်ကန်သော ဉာဏ် အမြင်ကိုရအောင် အားထုတ်ရမည်။

၂။ သမ္မာသင်္ကပ္ပ = မိမိသူတစ်ပါး နှစ်ဦးသားတို့ ဆင်းရဲ ဒုက္ခ မရောက်စေနိုင်သော၊ မိမိ သူတစ်ပါးနှစ်ဦးသားတို့ ချမ်းသာစေ နိုင်သော အကြံအစည် ကောင်းများကို ကြံစည်ရမည်။

၃။ သမ္မာဝါစာ = မိမိသူတစ်ပါး နှစ်ဦးသားတို့ ဆင်းရဲ ကင်းကွာ ချမ်းသာစေနိုင်မည့် မှန်ကန် ကောင်းမြတ်သော စကားကို ပြောဆို ရမည်။

၄။ သမ္မာကမ္မန္တ = မိမိသူတစ်ပါး နှစ်ဦးသားတို့ ဆင်းရဲ ကင်းကွာ ချမ်းသာစေနိုင်မည့် မှန်ကန် ကောင်းမြတ်သော အလုပ်ကို ပြုလုပ် ရမည်။

၅။ သမ္မာအာဇီဝ = မိမိသူတစ်ပါး နှစ်ဦးသားတို့ ဆင်းရဲ ကင်းကွာ ချမ်းသာစေနိုင်မည့် အသက် မွေးဝမ်းကျောင်းအလုပ် ကိုလုပ်ကိုင် ရမည်။

၆။ သမ္မာဝါယာမ = အထက်ဖော်ပြပါ မဂ္ဂင်ငါးပါးကို တိုးပွားများပြားလာအောင် အားထုတ် ဆောင်ရွက်ရာ၌ မပျင်းမရိ ထကြွ လုံ့လရှိရမည်။

၇။ သမ္မာသတိ = အထက်ဖော်ပြပြီး မဂ္ဂင်ခြောက်ပါးတို့ အယုတ်အလွန်မရှိ အမြဲ ဟန်ချက်ညီညီ ဖြစ်ပေါ်နေစေရန် စောင့်ကြည့်ညှိနှိုင်း ပေးရမည်။

၈။ သမ္မာသမာဓိ = ဖော်ပြပါ မဂ္ဂင်တရားများကို တစ်ပြိုင်တစ်ကွဲ တစ်သီးတစ်ခြားစီ ဖရိုဖရဲ ဖြစ်မသွားစေရန် အာနာပါနစသော ကမ္မဋ္ဌာန်းအာရုံတစ်ခုခု၌ စိတ်ကို ထည့်သွင်းထားရမည်။ တည်ငြိမ်စေရမည်။

ဤအကျင့်လမ်းစဉ် မဂ္ဂင်ရှစ်ပါးကို ဖြည့်ကျင့် ဆည်းပူးမှသာလျှင် တဏှာသမုဒယ ချုပ်ငြိမ်း၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မည် ဖြစ်ပါသည်။

ဤမဂ္ဂင်ရှစ်ပါးလမ်းစဉ်သည် လောကီအကျိုးစီးပွား၊ လောကုတ္တရာအကျိုးစီးပွား ပြီးမြောက်အောင် ဆောင်ရွက်ရာ၌ မလွဲမရှောင်သာ လိုက်နာကျင့်သုံးကြရမည့် လမ်းမှန်လမ်းရိုး လမ်းဟောင်းကြီးဖြစ်၏။

ကာမဂုဏ် စည်းစိမ်ခံစားသည့် (ကာမသုခလ္လိကာ နုယောဂ)၊ လက်ယာအစွန်းတစ်ဖက်ရောက် လမ်းစဉ်နှင့် အငတ်အပြတ် ဆင်းရဲဒုက္ခခံကာ ကျင့်သုံးရသည့် (အတ္တကိလမထာနုယောဂ)၊ လက်ဝဲအစွန်းတစ်ဖက်ရောက် လမ်းစဉ်တို့ကို ရှောင်ရှားနိုင်သည့် အလယ်အလတ်လမ်းစဉ် (မဇ္ဈိမပဋိပဒါကျင့်စဉ်) ဖြစ်ပေသည်။

ဤအရိယသစ္စာနဒဿနမင်္ဂလာသည် အထက်၌ ဖော်ပြခဲ့ ပြီးသော ဗြဟ္မစရိယ မင်္ဂလာ၏ အကျိုးတရား ဖြစ်ပေသည်။

## မင်္ဂလာ (၃၄)

၃၄။ **နိဗ္ဗာနသစ္ဆိကိရိယာ မင်္ဂလာ** နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

တဏှာ၏ ချုပ်ငြိမ်းရာဌာန၊ တဏှာမှ လွတ်မြောက်သော နယ်ပယ်ကို နိဗ္ဗာန်ဟု ခေါ်သည်။ (နိဗ္ဗာန = နိ + ဝါန။ နိ = မရှိခြင်း ကင်းခြင်း + ဝါန = တဏှာ။)

လောကဌ် အကြောင်းအရာတစ်ခုကို သူပြော လူပြော တစ်ဆင့်ကြားမှုဖြင့် သိသော အသိမျိုးသည် မခိုင်မြဲ ယိုင်လဲဖောက်ပြန်တတ်၏။ မိမိကိုယ်တိုင် မျက်ဝါးထင်ထင် မျက်မြင်ဒိဋ္ဌ တွေ့ကြုံပြီး သိရှိရသော အသိမျိုးသည် မယိုင်မလဲ ခိုင်မြဲ၏။

ထို့အတူ နိဗ္ဗာန်တရားတော်ကို ဉာဏ်ဖြင့် တိုက်ရိုက် အာရုံပြု သိလိုက်ရခြင်းကို မျက်မှောက်ပြု (သစ္ဆိကရဏ)ဟု ခေါ်ဆိုရ၏။ ယင်းကဲ့သို့ မျက်မှောက်ပြုရသော အသိမျိုးသည် မယိုင်မလဲ ခိုင်မြဲ၏။ တစ်လောကလုံးနှင့် ဆန့်ကျင်ပြီး ပြောရသော်လည်း တုန်လှုပ်ခြင်းမရှိ၊ အသိဉာဏ် ခိုင်မြဲ၏။

**နိဗ္ဗာန်ချမ်းသာ**

နိဗ္ဗာန်ချမ်းသာသည် ခံစားရသော (ဝေဒယိတ) သုခချမ်းသာမျိုး မဟုတ်၊ အလိုအလျောက် ငြိမ်းချမ်းနေသော (သန္တိ) သုခ ချမ်းသာဖြစ်သည်။ လူအများ နားလည်နေကြသော သုခချမ်းသာမှာ လုံ့လစိုက်ထုတ် ခံစားမှသာလျှင် အရသာပေါ်ထွက်သည်။ မလှုပ်မယှက် ငြိမ်သက်စွာနေလျှင် ခံစားမှု (ဝေဒယိတ) အရသာမရှိ ဖြစ်တတ်သည်။

ဥပမာအားဖြင့် အလွန်လှသော ပန်းချီကား တစ်ချပ်ကို ကြည့်ရာ၌ မျက်စိကို ပန်းချီကားတစ်ခုလုံးသို့ ရွေ့လျား ပြေးလွှားနေစေမှသာလျှင် အလှအပ အရသာ ပေါ်နိုင်သည်။ တစ်နေရာတည်း၌ မရွေ့မလျား စိုက်ကြည့်ထားပါက အလှအပ အရသာ မပေါ်နိုင်၊ ခံစားချက်မရှိနိုင်တော့ချေ။

အလားတူပင် တေးဂီတအသံကို သံစဉ်အမျိုးမျိုး ကူးပြောင်းပေးမှသာ အရသာ ခံစားရ၏။ သံစဉ်တစ်မျိုးတည်းကိုသာ တောက်လျှောက် တစ်ဆက်တည်းကြားနေရပါက အိပ်ငိုက်သွားပေမည်။ အစားအသောက် အရသာခံရာ၌လည်း သွားဖြင့် ကြိတ်ဝါးခြင်း၊ လျှာဖြင့် လူး လိမ့်လှည့်ပေးခြင်း လှုပ်ရှားမှုပြုမှသာ အရသာပေါ်နိုင်သည်။

ဖောဋ္ဌဗ္ဗ အတွေ့အထိအာရုံ၌လည်း မလှုပ်မယှက် ငြိမ်သက်နေပါက အရသာ ခံစားမှု မဖြစ်နိုင်ချေ။ ဤကဲ့သို့ လုံ့လ ပယောဂ စိုက်ထုတ်ခံစား မှသာ ရရှိနိုင်သော ချမ်းသာမျိုးကို ဝေဒယိတ သုခ (လုပ်ယူရသည့် သုခ) ဟုခေါ်၏။ တစ်စုံတစ်ရာ ကြောင့်ကြ ဗျာပါရ မစိုက်ထုတ်ရဘဲ အလိုအလျောက် မလှုပ်မယှက် ငြိမ်သက်စွာ ချမ်းသာနေသော ချမ်းသာသုခမျိုးကို (သန္တိ သုခ) နိဗ္ဗာန်ချမ်းသာ ဟု ခေါ်၏။

## နိဗ္ဗာန်ကိုသိရန် ခက်ခဲခြင်း

နိဗ္ဗာန် တရားတော်၏ ချမ်းမြေ့မှု ငြိမ်သက် အေးချမ်းမှုကို ပုထုဇဉ်လူသားတို့ နားလည်အောင် ရှင်းပြရန် အလွန်ခက်ခဲသည်။ အကြောင်းမူ လူသားတို့သည် အနက်အဓိပ္ပာယ် တစ်ခုကို သိရှိခြင်း ဆိုသည်မှာ မိမိတို့ တွေ့ကြုံခံစားဖူးထားသော အသိဉာဏ်နှင့်ထပ်တူကိုသော်လည်းကောင်း၊ ဆင်တူကိုသော်လည်းကောင်း သိရှိခြင်းဖြစ်သည်။

မော်တော်ကား လုံးဝမမြင်ဖူးသော ကျေးတောသား တစ်ယောက်အား မော်တော်ကား၏ အကြောင်းကို ပြောပြရာ၌ ကျေးတောသားသည် မော်တော်ကား၏ အနက်အဓိပ္ပာယ်ကို အပြည့်အဝ မသိနိုင်၊ အပြည့်အဝ အာရုံမခံစားနိုင်၊ မိမိသိရှိထားသော နွားလှည်းတစ်ခု ဥပမာပြု နှိုင်းခိုင်း၍ မှန်းဆသိသော အသိဉာဏ်သာ ဖြစ်နိုင်ပေလိမ့်မည်။

ယင်းအသိသည် မှန်းဆသိခြင်းဖြစ်၍ မှန်ချင်မှ မှန်ပေမည်။ မလိုရာ နံဘေးချော်သွားတတ်သည်လည်း ရှိ၏။ အမိဝမ်းတွင်း မျက်စိကွယ်လာခဲ့သော လူတစ်ယောက်မှာ အဖြူ၊ အနီ၊ အညို၊ အပြာ စသော အဆင်း ရူပါရုံကို တွေ့ထိခံစားမှု မရှိသဖြင့် ထိုသူအား အရောင်အဆင်းနှင့် စပ်လျဉ်း၍ မည်သို့ပင် ရှင်းပြ ပြောကြားသော်လည်း သိရှိခံစားနိုင်မည်မဟုတ်ပေ။

ရှေးအခါက မွေးရာပါ မျက်မမြင် တစ်ဦးအား ၎င်း၏ သူငယ်ချင်းက နွားနို့သည် အဖြူရောင်ဖြစ်ကြောင်း ပြောပြသည်။ မျက်မမြင်က အဖြူရောင်သည် အဘယ်ကဲ့သို့နည်းဟု မေးရာ ဗျိုင်းကဲ့သို့ဖြူသည်ဟု ရှင်းပြသည်။ တစ်ဖန် ဗျိုင်းဆိုသည်မှာ အဘယ်ကဲ့သို့နည်းဟု မေးပြန်ရာ ဗျိုင်းဆိုသည်မှာ လည်ပင်းကွေးကွေးကောက်ကောက်ရှိသည်ဟု ရှင်းပြသည်။ ဗျိုင်းလည်ပင်းကိုလည်း မမြင်ဖူးသဖြင့် မျက်မမြင်က လက်တွေ့ ကိုင်တွယ်စမ်းသပ်ကြည့်လိုသည်ဟု ပြောရာ သူငယ်ချင်း ဖြစ်သူသည် လက်မောင်းကို ကွေးပြ၍ မျက်မမြင်အား လက်ဖြင့် စမ်းခိုင်းလေသည်။

မျက်မမြင်သည် သူငယ်ချင်း၏ လက်မောင်း ကွေးကွေးကို စမ်းကြည့်ပြီးနောက် "အဖြူဆိုသည်မှာ ကွေးကွေးကောက်ကောက်ကြီးပါတကား" ဟု မှတ်ချက်ချလိုက်လေသည်။

ထို့ကြောင့် ပုထုဇဉ်များအား နိဗ္ဗာန်မှာ ကြက်သား၊ ဝက်သားမရှိ၊ ရုပ်ရှင်နှင့်တီဗွီလည်းမရှိ၊ လေယာဉ်ပျံ၊ မော်တော်ကားလည်းမရှိ၊ ခန္ဓာငါးပါးရုပ်နာမ်တရားလည်းမရှိဟု ရှင်းပြပါက ပုထုဇဉ်လူသားသည် နိဗ္ဗာန်ကို မလိုချင်တော့ပါဟု ဆိုပေလိမ့်မည်။

အကြောင်းမူကား ပုထုဇဉ်လူသားသည် အစားသောက်မျိုးစုံ၊ ပျော်ပွဲ ရွှင်ပွဲမျိုးစုံ၊ အဝတ်အဆင်တန်ဆာမျိုးစုံ၊ ယာဉ်ရထားမျိုးစုံတို့ကို တပ်မက်လိုလားနေ၏။ ငြီးငွေ့မှုမရှိသေး၊ အပြစ်မမြင်သေး။

ထို့ကြောင့် ယင်းခံစားဖွယ်ရာ စည်းစိမ်များ ကင်းမဲ့နေသော နိဗ္ဗာန်ကို မလိုချင်မှုဖြစ်ရလေသည်။ ယင်းခံစားစံစားဖွယ်ရာ စည်းစိမ်များကို ငြီးငွေ့ စိတ်ကုန်လာသည့်အခါမှသာ နိဗ္ဗာန်ကို ရှာဖွေလေတော့သည်။

အသက်အရွယ်ကြီးရင့်၍ အတွေ့အကြုံ များလာသည့်အခါ မျက်စိ အာရုံဖြစ်သည့် အငြိမ့်ပွဲ၊ ဇာတ်ပွဲ၊ ရုပ်သေး၊ ရုပ်ရှင်၊ မျက်လှည့် ဆပ်ကပ် စသော ကြည့်စရာများကိုလည်း ထူးသည် ဆန်းသည် မထင်တော့ချေ။ ကြည့်၍ အရသာမတွေ့၊ သာယာမှုရှာမရ ဖြစ်လာသည်။

နားအာရုံဖြစ်သည့် အဆိုအတီး အမှုတ် ဖြေဖျော်မှုများ၌ စိတ်ဝင်စား၍ မရ၊ သာယာမှုမရ ဖြစ်လာသည်။ တရုတ်အစာ၊ ကုလားအစာ၊ မြန်မာအစာ မျိုးစုံ စားကြည့်သော်လည်း လျှာမှာ အရသာမတွေ့လှ။ အစားအသောက်၌ သာယာမှုရှာမရ ဖြစ်လာသည်။

ကျွန်ုပ်တို့ ငယ်စဉ်က ရပ်ကွက်ထဲတွင် အငြိမ့်ပွဲ ကသည်ကို အလွန်ကြည့်ကောင်းလှသဖြင့် အိမ်ပြန်ပြီး အဘွားကို လိုက်ကြည့်ရန် ပြောသည်။ အဘွားက ပြုံးပြီး တော်ပါပြီကွယ် အညောင်းခံမကြည့်ချင်ပါဘူး၊ လူစော်နံတယ်ဟု ဆိုသည်။ ကျွန်တော်သည် အဘွားကို အပြစ်တင်မိသည်။ သူများတွေက ပိုက်ဆံကုန်ခံပြီး အလကားပြတာကိုတောင် လူစော်နံသလေး၊ ဘာလေးနဲ့၊ မကြည့်ချင်လဲနေ ဟု ဆောင့်ကြီးအောင့်ကြီး ပြောဆိုကာ ပွဲခင်းသို့ပြန်ခဲ့သည်။

ယခု မိမိကိုယ်တိုင် အဘွားအရွယ် ရောက်လာသော အခါတွင်မူ အဘွားလိုပဲ အမိပ္ပာယ်ပေါက်လာသည်။ လူစော်နံတယ်ဆိုတာကို နားလည်လာပြီ၊ လူစုစုရှိရာမသွားချင်တော့၊ တစ်ယောက်တည်း လွတ်လွတ်လပ်လပ် အေးအေးဆေးဆေး နေချင်လာသည်။ ပြင်ပ အာရုံများ၌ ကျက်စားချင်စိတ်မရှိ၊ မိမိကိုယ်ပိုင်အာရုံဖြင့်သာ နေလိုစိတ် ဖြစ်လာသည်။ ဤအခြေအနေမျိုးသို့ ရောက်လာသူ တစ်ဦးအားသာ နိဗ္ဗာန်အကြောင်း ရှင်းလင်းပြောပြ၍ နားလည် လက်ခံနိုင်ပေလိမ့်မည်။

လူစုလူဝေးဖြင့် လှုပ်လှုပ်ရွရွ ဆူဆူညံညံပတ်ဝန်းကျင်ကို သာယာနေသူ၊ အကောင်းထင်နေသူ၊ မငြီးငွေ့သေးသူ တစ်ဦးအား နိဗ္ဗာန် အကြောင်းရှင်းပြနေပါက ကျွဲပါးစောင်းတီးသာ ရှိချေတော့မည်။

သို့ရာတွင် အနုမာန မျက်ရမ်းဆဖြင့် ရော်ရမ်းမှန်းဆအသိမျိုးဖြင့် သိရှိနားလည်စေရန် ပြောပြရပါမူ နိဗ္ဗာန်ဟူသည် ဒုက္ခခပ်သိမ်းကင်းငြိမ်းရာ၊ တဏှာသမုဒယ ကုန်ဆုံးချုပ်ငြိမ်းရာ နယ်ပယ်ဖြစ်သည်။

ဥပမာအားဖြင့် ဆေးလိပ်စွဲနေသူသည် လုံးဝဆေးလိပ်ပြတ်သွား သောအခါ ဆေးလိပ်အရသာအပေါ် တွယ်တာကပ်ငြိမှု တဏှာသမုဒယ ချုပ်ငြိမ်းလေပြီ။ ယင်းတဏှာချုပ်ငြိမ်းမှုကြောင့် ဆေးလိပ်အဆင်သင့်မရ၍ စိတ်ဆင်းရဲခြင်း၊ မီးခြစ်ရှာမရ၍ စိတ်နှလုံးမသာယာခြင်း စသော ဒုက္ခအပေါင်းမှ လွတ်မြောက်လေပြီ။

ဤအတွေ့အကြုံကို အခြေပြု၍ ဒုက္ခနှင့် ဒုက္ခ၏အကြောင်း သမုဒယတို့ အပြီးသတ်ဇာတ်သိမ်းချုပ်ငြိမ်းခြင်းသဘောကို မှန်းဆ နိုင်ကြပေမည်။ နိဗ္ဗာန်၌ အုပ်စိုးသူမရှိ၊ အုပ်စိုးခံရသူလည်းမရှိ၊ပုဂ္ဂိုလ် သတ္တဝါလည်းမရှိ၊ စိတ်စေတသိက်များ၊ ရုပ်တရားများမရှိ၊ ခန္ဓာငါးပါးမရှိ၊ ဒုက္ခ မဖက်၊ သုခသက်သက်သာရှိ၏။ ခံစားမှုသုခမရှိ။ ငြိမ်းချမ်းမှု သန္တိသုခသာရှိ၏ ဟု အကျဉ်းချုပ် မှတ်သားထားရန် ဖြစ်သည်။

နိဗ္ဗာန်ကို သိလိုပါက ရှေးဦးစွာ ဒုက္ခနှင့် ဒုက္ခသမုဒယကို သိအောင် ကြိုးစားရသည်။ ခန္ဓာငါးပါးရုပ်နာမ်တရားတို့သည် ဒုက္ခတုံး ဒုက္ခခဲ ဆင်းရဲအစုအဝေးကြီး ဖြစ်သည်ဟု ဉာဏ်အမြင် ဖြစ်ပေါ်လာအောင် ကြိုးစားအားထုတ်ကြရမည်။ ဒုက္ခကို ပိုင်းခြားသိ၍ သမုဒယကို ပယ်သတ်နိုင်သည့်အခါ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မည် ဧကန်ဖြစ်ပေသည်။

ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလမုတ္တမံ။

## ဖုဋ္ဌဿ

ဆင်းရဲချမ်းသာ သဘာဝ၊
တွေ့ကြုံနေကြ လူတိုင်းပေ။
ကောင်းဆိုးနှစ်တန် အစုံတွဲလို့၊
တလဲစီလှဲ့ အမြဲနေ။
လောကဓံကြုံ မဖြုန်တမ်းပေါ့၊
မတုန်စမ်းနဲ့ စိတ်ခိုင်စေ။
သောကကိုထိန်း ရမ္မက်သိမ်း၊
အေးငြိမ်းချမ်းသာနေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

# မင်္ဂလာ (၃၅)

၃၅။ **လောကဓမ္မေဟိ ဖုဋ္ဌဿ စိတ္တံ န ကမ္ပတိ မင်္ဂလာ**
လောကဓံ တရားရှစ်ပါးတို့နှင့် တွေ့ထိသော် စိတ်၏
မတုန်မလှုပ်ခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

အရိယသစ္စာန ဒဿန မင်္ဂလာဖြင့် သောတာပတ္တိ မဂ်ဉာဏ်ရရှိမှုကို ရည်ညွှန်း၏။ နိဗ္ဗာနသစ္ဆိကိရိယာ မင်္ဂလာဖြင့် သောတာပတ္တိဖိုလ်၊ နိဗ္ဗာန်ကို အာရုံပြုကာ ဖလသမာပတ် ချမ်းသာခံစားနိုင်ပုံကို ရည်ညွှန်းဖော်ပြခြင်းဖြစ်၏။ ဖုဋ္ဌဿဂါထာ၌ လာရှိသော နကမ္ပတိ အသောကံ၊ ဝိရဇံ၊ ခေမံ ဟူသော မင်္ဂလာလေးပါးသည် ရဟန္တာပုဂ္ဂိုလ်၏ ဂုဏ်ကို ဖော်ထုတ်ပြသခြင်း ဖြစ်၏။

**လောကဓံ ရှစ်ပါး**

လောကထဲရှိ ဘုရားရဟန္တာ မကျန် လူနတ်ဗြဟ္မာ သတ္တဝါအားလုံးတို့သည် ရှောင်လွှဲ၍မရ၊ တွေ့ကြုံကြရသော တရားရှစ်ပါးကို လောကဓမ္မ=လောကဓံ တရားဟု ဆိုသည်။ လောကဓံ တရားရှစ်ပါးတို့မှာ–

(၁) လာဘော ။ ။ ပစ္စည်း လာဘ်လာဘရရှိခြင်း၊ ပစ္စည်းဥစ္စာ ပေါများခြင်း၊ ရှာဖွေရလွယ်ခြင်း၊

(၂) အလာဘော ။ ။ ပစ္စည်း လာဘ်လာဘ မရခြင်း၊ ပစ္စည်းဥစ္စာ ရှားပါးခြင်း၊ ဆင်းရဲ ချို့တဲ့ခြင်း၊ ရှာ၍ဖွေ၍ မရနိုင်ခြင်း။

(၃) ယသော ။ ။ အခြံအရံ အခြွေအရံ ပေါများခြင်း၊ မျက်နှာပွင့်၍ လူတိုင်းက ခေါ်ချင် ပြောချင် နှုတ်ဆက်ချင် ဖြစ်နေခြင်း၊ ဝိုင်းဝန်းကူညီသူ ပေါများခြင်း။

(၄) အယသော ။ ။ အခြွေအရံကင်းမဲ့ခြင်း၊ အထီးကျန်ခြင်း၊ မျက်နှာမွဲ၍ ခေါ်မည့်ပြောမည့် နှုတ်ဆက်မည့်သူမရှိခြင်း၊ ကူညီမည့်သူ ကင်းဝေးခြင်း။

(၅) နိန္ဒ ။ ။ နိမ့်ကျခြင်း၊ကဲ့ရဲ့ခြင်း၊ ရှုတ်ချခံရခြင်း၊ လူမုန်းများခြင်း၊ မကောင်းသတင်း ကျော်ကြားခြင်း၊ လူများစုက ထိုပုဂ္ဂိုလ်၏ မကောင်းသတင်းကို မြိန်ရေ ရှက်ရေ ပြောဆိုနေကြခြင်း။

(၆) ပသံသ ။ ။ ချီးမွမ်း ချီးကျူးခံရခြင်း၊ ကောင်း သတင်း ကျော်စောခြင်း၊ တစ်ဦးချင်း လည်းကောင်း,လူစု လူဝေးဖြင့် လည်းကောင်း ချီးကျူးခြင်း၊ ဘုန်း တော်ဘွဲ့များ ရေးသား သီဆိုကြခြင်း။

(၇) သုခံ ။ ။ ကိုယ်၏ ချမ်းသာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံခြင်း၊ အနာရောဂါမရှိ ကျန်းမာစွာဖြင့် ပစ္စည်းဥစ္စာ ရာထူးဂုဏ်သိန် စုံလင်စွာ စိတ်အနှောင့်အယှက်မရှိ စည်းစိမ် ခံစား ရခြင်း။

(၈) ဒုက္ခ ။ ။ ကိုယ်၏ဆင်းရဲခြင်း စိတ်၏ ဆင်းရဲခြင်း ခံစားရခြင်း၊ အနာရောဂါ နှိပ်စက်ခံရ၍ ပစ္စည်းဥစ္စာ ရာထူး ဂုဏ်သိန် ကင်းမဲ့လျက် စိတ် မချမ်းသာမှု ခံစားနေရခြင်း။

ဤလောကဓံတရား ရှစ်ပါးအနက် လာဘော၊ ယသော၊ ပသံသ၊ သုခ ဟူသော အကောင်းဘက်နှင့် တွေ့ကြုံရသည့်အခါ ပုထုဇဉ်များနှင့် သေက္ခပုဂ္ဂိုလ်များသည် ဝမ်းမြောက် ရွှင်မြူးတက်ကြွမှု ဖြစ်ကြသည်။ အချို့မှာ မာနတံခွန်ထူကာ လူတစ်ဖက်သားကို မတူမတန်ဟု ယူဆလာကြသည်။ မျက်စိကောင်းကောင်းမဖွင့်ချင်၊ ခေါင်းထောင်ကာ လည်မော့လာသည်။ လက်မထောင်၍ စကားပြောသည်။ ကောင်းကင်လေမိကာ ဘဝင်မြင့်လာသည်။ ငယ်သူငယ်ချင်းများ၊ မိတ်ဆွေရင်းချာများ၊ မိဘညီအစ်ကိုမောင်နှမ သားချင်းများကိုပင် မခေါ်ချင်မပြောချင်ဖြစ်လာသည်။ ဤကဲ့သို့ ဖြစ်ခြင်းကို အကောင်းကြုံ၍ တုန်လှုပ်သည်ဟု ဆိုသည်။

အလာဘော၊ အယသော၊ နိန္ဒ၊ ဒုက္ခ ဟူသော မကောင်းဘက် လောကဓံလေးပါးတို့နှင့် တွေ့ကြုံရသည့်အခါ စိတ်ပျက်ဝမ်းနည်း ငိုပွဲဆင်တတ်သည်။ စိတ်အားငယ်တတ်သည်။ ပရိသတ် အလယ်၌ မျက်နှာရှုံ့တွခေါင်းငိုက်စိုက်ချလျက် လူထဲဝင်ရမှာကို လန့်နေသည်။ သိမ်ငယ်စိတ်က လွှမ်းမိုးနေ၍ မိတ်ဆွေရင်းကိုပင် နှုတ်မဆက်ရဲ၊ "ငါ့ကို ပြန်နှုတ်ဆက်ပါ့မလား"ဟု မယုံမရဲ ဖြစ်တတ်သည်။ ရွှေမပါ၊ စိန်မပါလျှင် ပရိသတ်ထဲမဝင်ရဲ၊ ထောင်ကျော်တန် အဝတ်အထည်မဝတ်ရလျှင် ပွဲမတိုးဝံ့ သဖြင့် အိမ်တွင်းပုန်းလုပ်နေတတ်သည်။ ဤကဲ့သို့ဖြစ်ခြင်းကို မကောင်းကြုံ၍ တုန်လှုပ်သည်ဟု ဆိုသည်။

တိုယိုတာ၊ ကိုရိုလာကား၊ အက်စ်အီးကား စီးလာသည့်အခါ အသိမိတ်ဆွေများကို တွေ့စေချင် မြင်စေချင်လွန်းလှသည်။ မိမိအိမ်မှ

ကားအဆင်မသင့်၍ ဘတ်စကားမှတ်တိုင်၌ ရပ်ပြီး ကားစောင့်ရသည့် အခါများ အသိမိတ်ဆွေမြင်မှာစိုးမိသည်။ ဤကဲ့သို့ အနိမ့်အမြင့် လှုပ်ရှားမှုများကို လောကဓံကြောင့် တုန်လှုပ်သည်ဟု ဆိုသည်။

ဘုရားရဟန္တာများမှာမူ အကောင်းလောကဓံ လေးပါးကြောင့်လည်း ဝမ်းမြောက် ရွှင်လန်းတက်ကြွမှု တုန်လှုပ်မှုမရှိ၊ အဆိုး လောကဓံ လေးပါးကြောင့်လည်း စိတ်ပျက်အားငယ်မှု တုန်လှုပ်မှုမရှိချေ။

မြတ်စွာဘုရားရှင်သည် နောက်လိုက်ရဟန်းတော်ငါးရာနှင့် အတူ ကောသမ္ဗီ နေပြည်တော်အတွင်း ဆွမ်းခံ လှည့်လည်သော အခါ မာဂဏ္ဍီမိဖုရားကြီး၏ ခိုင်းစေမှုကြောင့် ကောသမ္ဗီပြည်သားတို့သည် ဆွမ်းမလောင်းရုံသာမက မြတ်စွာဘုရားနှင့် ရဟန်းတော်များကို သတ်မည်၊ ဖြတ်မည်၊ ရိုက်မည် ကြိမ်းမောင်းခြိမ်းခြောက်၍ ခဲများ၊ တုတ်များဖြင့် ပစ်ခတ်ကြသည်၊ အမျိုးနှင့်ချီ၍ ဆဲရေးကြသည်။ လူအုပ်ကြီးများဖွဲ့၍ နောက်မှ လိုက်ပြီးဆဲဆိုကြသည်။ ရှေ့မှကြို၍လည်း ဆဲဆိုကြသည်။ ဘေးနှစ်ဖက်ညှပ်၍လည်း အော်ကျယ်ဟစ်ကျယ် ခုနစ်သံချီ ဆဲရေးကြသည်။ သူတို့၏ ယုတ်ညံ့သော အင်္ဂါဖြင့်လည်း တိုင်းထွာ ဆဲရေးကြသည်။

နောက်လိုက် ရဟန်းတော်များထဲ၌ အများစုမှာ ရဟန္တာများ ဖြစ်ကြ၍ တုန်လှုပ်မှုမရှိကြသော်လည်း အရှင်အာနန္ဒာမှာမူ သောတာပန် (သေက္ခပုဂ္ဂိုလ်)မျှ ဖြစ်၍ စိတ်ပျက်လက်ပျက် ရှက်အားပိုကာ စိတ်မထိန်းနိုင် တုန်လှုပ်မှုဖြစ်ရသည်။ မြို့ပြင်သို့ ရောက်လျှင် ရောက်ချင်း မအောင့်နိုင်တော့ဘဲ အရှင်အာနန္ဒာသည် မြတ်စွာဘုရားရှင်အား ကောသမ္ဗီပြည်မှ ထွက်သွားကြပါစို့ဘုရား၊ ဤမျှဆဲဆိုယုတ်မာကြမ်းတမ်းသည့် တိုင်းပြည်မှာ မနေလျှင် ကောင်းပါသည်ဘုရားဟု လျှောက်ထား လိုက်သည်။

ဘယ်တိုင်းပြည်ကို သွားကြမလဲဟု မြတ်စွာဘုရားရှင်က မေးသည့်အခါ ရာဇဂြိုဟ်ပြည်ကို သွားကြပါမည်ဘုရားဟု လျှောက်ထား၏။ အကယ်၍ ရာဇဂြိုဟ်ပြည်သားတွေက အလားတူ ဆဲရေးကြလျှင် ဘယ်သို့သွားမည်နည်းဟု မေးရာ ဗာရာဏသီပြည်ကို သွားပါမည်ဟု လျှောက်ထားလိုက်၏။ ဗာရာဏသီပြည်ကဆဲလျှင် ဝေသာလီပြည်ကို၊ ဝေသာလီပြည်က ဆဲလျှင် သာဝတ္ထိကို၊ သာဝတ္ထိကဆဲလျှင် ကပိလဝတ်ကို သွားပါမည် စသည်ဖြင့် အရှင်အာနန္ဒာသည် ဇမ္ဗူဒီပါ တစ်ကျွန်းလုံး လှည့်ပြေးဖို့ လျှောက်ထားလိုက်သည်။

ထိုအခါ မြတ်စွာဘုရားရှင်က "အာနန္ဒာ၊ ပြဿနာတစ်ခုကို ဤကဲ့သို့ လှည့်ပတ်ရှောင်ပြေးနေရုံမျှဖြင့် ပြေလည်သွားမည် မဟုတ်၊ ငါဘုရားသည် ခေါင်းဆောင်ပီသစွာ ရှေ့တန်းမှနေ၍ ကြံ့ကြံ့ခံကာ ရင်ဆိုင်ဖြေရှင်းမည်။ စစ်မြေပြင်၌ ဆင်ပြောင်ကြီး သည် ဓား၊ လှံ၊ လေး၊ မြား လက်နက်ပေါင်းစုံ ထိုးနှက်မှုဒဏ်ကို မတွန့်မဆုတ် ကြံ့ကြံ့ခံသကဲ့သို့ ကောသမ္ဗီပြည်သားများ၏ ဆဲရေးရှုတ်ချကဲ့ရဲ့မှု၊ ခြိမ်းခြောက်မှုတို့ကို ရှေ့တန်းမှနေလျက် သည်းခံတော်မူမည်"ဟု မိန့်တော်မူ၍ နေ့စဉ်အချိန်မှန်မှန် ကြွမြဲမပျက် ဆွမ်းခံဝင်တော်မူသည်။

ဆဲရေး ခြိမ်းခြောက်သူများလည်း မြို့ဝင်မှ မြို့ထွက်အထိ လိုက်လံဆဲရေး ရေရွတ်ကြရာ ကြာသော် ၎င်းတို့၏ စကားလုံး များမှာ အပ်ကြောင်းထပ်ကာ ရိုးလာသည်။ ဆဲသူရော ကြားရသူများအဖို့ပါ မဆန်းသလို ဖြစ်လာသည်။ အသစ်အဆန်း ထွင်ကာ ဆဲဆိုခြိမ်းခြောက်ဖို့ စကားလုံးများလည်း ကုန်သလောက် ဖြစ်လာ၍ ဆဲသူများ ကိုယ်တိုင်လည်း စိတ်သိပ်မပါတော့ချေ။ စိတ်ကုန်လာကာ ဆဲသူများ အားလျော့လာသည်။

တစ်စုံတစ်ရာ ပြန်မပြောဘဲ နေ့စဉ်အဆဲခံ ကြွလာနေသော ဘုရားရှင်နှင့် ရဟန်းတော်များကို ဘေးပရိသတ်က စိတ်ညွှတ်လာသည်။ ကြာလျှင် ဘေးမှ ပွဲကြည့်ပရိသတ်က အခြောက်တိုက်ဆဲရေးနေသူများကို ဝိုင်းရိုက်ပစ်တော့မည့် အခြေအနေ ဖြစ်လာသည်။

နောက်ဆုံး ခုနစ်ရက်လွန်မြောက် ရှစ်ရက်ရောက်သောအခါ ကြည်ညိုကိုးကွယ်သူ ပရိသတ်ကြီးက ဝန်းရံနေတော့သဖြင့် ဆဲရေးခြိမ်းခြောက်သူများ ခေါင်းမပြူရဲတော့ချေ။ ဤကား အဆိုးလောကဓံကို မြတ်စွာဘုရားနှင့် ရဟန်းတော်များ မတုန်မလှုပ် ကြံ့ကြံ့ခံယူခဲ့ကြပုံ ဖြစ်တော့သည်။

ပုထုဇဉ်မျှသာ ဖြစ်သော ကျွန်ုပ်တို့သည်လည်း ဘုရားရဟန္တာအရှင်မြတ်တို့၏ ကျင့်ထုံးကိုအတုယူ၍ ကောင်းဆိုးနှစ်တန် လောကဓံနှင့် ကြုံတွေ့သည့်အခါ မမေ့ မလျော့သောသတိတရားဖြင့် ပညာဉာဏ်ဖြင့် ဆင်ခြင်လျက် လောကဓံလှိုင်းပုတ်သည့်အခါ မတုန်မလှုပ် ခံနိုင်ရည်ရှိအောင် ကြိုးပမ်းသင့်ကြပေသည်။

# မင်္ဂလာ (၃၆)

၃၆။ **အသောက မင်္ဂလာ** စိုးရိမ်မှုကင်းခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

သောက စိုးရိမ်ခြင်း၊ ကြောက်ရွံ့ ထိတ်လန့်ခြင်း။ ပရိဒေဝ ငိုကြွေးမြည်တမ်းခြင်း၊ တမ်းတ၍ ငိုယိုခြင်း။ ဒုက္ခ ဒုက္ခဝေဒနာ ခံစားရခြင်း။ ဒေါမနဿစိတ်နှလုံး မသာမယာဖြစ်ရခြင်း။ ဥပါယာသ စိတ်နှလုံး ပူလောင်ခြင်း။ ဤသို့ ဖြစ်ပေါ်ခံစားရခြင်းများကို အကျဉ်းချုံး၍ သောကစိုးရိမ်ခြင်းဟု ဆိုခြင်းဖြစ်သည်။

သောကသည် ဗျသနတရားငါးပါးတို့ကို အခြေခံ၍ ဖြစ်ရသည်။ ယင်းဗျသနတရား ငါးပါးတို့မှာ–

(၁) ဉာတိဗျသန၊ မိဘညီအစ်ကို မောင်နှမဆွေမျိုး၊ မိတ်သင်္ဂဟ ပျက်စီးခြင်း၊ သေဆုံးခြင်း။

(၂) ဘောဂဗျသန၊ စည်းစိမ်ဥစ္စာပျက်စီးခြင်း။

(၃) ရောဂဗျသန၊ ဆေးမတွေ့နိုင်သည့်ရောဂါဆိုး အနာဆိုး စွဲကပ်ခြင်းတည်းဟူသော ပျက်စီးခြင်း။

(၄) သီလဗျသန၊ ကိုယ်ကျင့်တရားပျက်စီးခြင်း။

(၅) ဒိဋ္ဌိဗျသန၊ သမ္မာဒိဋ္ဌိအယူဝါဒမှ မိစ္ဆာဒိဋ္ဌိ အယူဝါဒသို့ ရောက်ရှိပျက်စီးခြင်း–

ဟူ၍ ငါးပါးရှိသည်။

ယင်းဗျသနတရား ငါးပါးတို့နှင့် တွေ့ကြုံရသည့်အခါ ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်များသည် စိုးရိမ်ပူဆွေး ငိုကြွေးကြရသည်။အရှင်အာနန္ဒာသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူခါနီး၌ ဖြေမဆည်နိုင် ငိုကြွေးခဲ့သည်။

ပရိနိဗ္ဗာန်စံတော်မူပြီးနောက်တွင်လည်း မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းတော်၏ ဂန္ဓကုဋိကျောင်းဆောင်အတွင်း ခုတင်ညောင်စောင်းတော်ကို မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်က ပြုစုလုပ်ကျွေးခဲ့သည့် ဝတ္တရားများအတိုင်း ငိုကြွေးကာ ဆက်လက်ပြုလုပ်နေသည်။

ကျောင်းဆောင်ကို တံမြက်လှည်းခြင်း၊အိပ်ရာကို ပြင်ခင်းခြင်း ဆက်လက်ပြုလုပ်လျက် မြတ်စွာဘုရား ဆွမ်းခံချိန်ပါဘုရား၊ ကိုယ်တော်တစ်ပါးတည်း ကိန်းအောင်းချိန်ပါဘုရား၊ ပရိသတ်များ ဝင်ဖူးမြော်ကန်တော့ခံချိန်ပါဘုရား၊ ရဟန်းများအား ဩဝါဒတရား ချီးမြှင့်ရန်အချိန်ပါဘုရား စသည်ဖြင့် ငိုယိုလျက် အချိန်မှန်မှန် လျှောက်ထားနေ၏။

နောင်တွင်မှ အသိတရားရရှိ၍ ပညာဉာဏ်ဖြင့် ဆင်ခြင်ကာ သောကကိုထိန်းရသည်။ ထိုအချိန်က အရှင်အာနန္ဒာသည် ကိလေသာအာသဝေါတရားများ ကုန်ခန်းသည့် ရဟန္တာအဖြစ်သို့ မရောက်ရှိသေးသဖြင့် ထိုကဲ့သို့ တမ်းတပူဆွေး သောကမီး ဆူဝေခဲ့ခြင်း ဖြစ်သည်။

ရဟန္တာပုဂ္ဂိုလ်များမှာမူ ကိလေသာအာသဝေါကုန်ခန်းပြီး ဖြစ်၍ စိုးရိမ်ပူဆွေးမှု သောက မဖြစ်တော့ချေ။ မိဘဆွေမျိုး မိတ်ဆွေများ၏ ပျက်စီးမှုကို မဆိုထားဘိ၊ မိမိကိုယ်တိုင် သတ်ဖြတ်ခံရ ညှဉ်းဆဲခံရသော်လည်း ကြောက်ရွံ့ထိတ်လန့်ခြင်း၊ စိုးရိမ်ငိုကြွေးခြင်း၊ စိတ်နှလုံးမသာယာခြင်း မဖြစ်တော့ချေ။ အကြောင်းမူ မိမိခန္ဓာငါးပါး အပါအဝင် အရာခပ်သိမ်းအပေါ်၌ တွယ်တာငြိကပ်မှုမရှိ၊ စွန့်လွှတ်ပြီး ဖြစ်သောကြောင့်တည်း။

ပုထုဇဉ်များမှာမူ ဘာကိုမျှ မစွန့်လွှတ်နိုင်၊ သက်ရှိသက်မဲ့ အားလုံးကို တွယ်တာကပ်ငြိနေသောကြောင့် အမြဲစိုးရိမ်သောက ရောက်နေကြရသည်။ ကြောက်ရွံ့ ထိတ်လန့်တတ်ကြသည်။ ပူဆွေး ငိုကြွေးကြရသည်။ တစ်သက်တာ တွေ့ကြုံရသည့် သောကများကို စုပုံလိုက်ပါက တောင်တစ်ခုစာမျှရှိမည်။ လူ့ဘဝကို အူဝဲငိုသံဖြင့် စခဲ့ရ၍ ငိုသံဖြင့် အဆုံးသတ်ကြရသည်။ အစမထင် သံသရာတွင်

တစ်ယောက်စီ ကျခဲ့သော မျက်ရည်များမှာ သမုဒ္ဒရာရေပမာဏမျှ ရှိသည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည်။

ကလေးဘဝ ကစားဖော်များက မခေါ်ဘဲ နေမည်ကို စိုးရိမ်ခဲ့ရသည်။ ကျောင်းနေစဉ်က စာမေးပွဲကျမည်ကို စိုးရိမ်ခဲ့ရသည်။ ကျောင်းက ထွက်သောအခါ အလုပ်မရမည်ကို စိုးရိမ်ခဲ့ရ၍ အလုပ်ရပြန်တော့လည်း ရာထူးမတက်မည် စိုးရိမ်ရပြန်သည်။ ထို့နောက် ချစ်သူအတွက် သားသမီးအတွက် မြေးအတွက် စိုးရိမ်ပူပန်ရပြန်သည်။

ဤမျှ စိုးရိမ်သောကများ အဆက်အပြတ် ခံစားနေရပါလျက် အားမရ မတင်းတိမ်သေးသဖြင့် အလွမ်းဇာတ်ကားများကြည့်ကာ အငှားမျက်ရည်ကျပြီး သောကခံစားသေးသည်။ ချစ်သူအတွက် ဘယ်လောက်စိုးရိမ်ရသည်ကို ထုတ်ဖော်ပြောကြားခြင်းဖြင့် အချစ်ကို သောကဖြင့် သက်သေထူကြသည်။ သေချာစွာ စိစစ်ကြည့်ပါက ပုထုဇဉ်တို့၏ ဘဝကို သောကဖြင့် တည်ဆောက်ထားပုံရသည်။

အမှန်စင်စစ် သောကဖြစ်ရမည်ကို မည်သူမျှ မလိုလားကြချေ။ သို့သော်လည်း သောကဖြစ်စေမည့် အကြောင်းတရားကို မစွန့်လွှတ်လိုကြချေ။ အကောင်းထင်နေကြ၏။ သောက၏ အကြောင်းရင်းမှာ ပိယခေါ် ချစ်ခြင်းပေတည်း။ တစ်လောကလုံးသည် အချစ်ကို အမွှမ်းတင်ကာ အမြတ်တနိုးဖွဲ့ဆိုနေကြ၏။ အချစ်ကြောင့် အသက်ရှင်နေရ၍ အချစ်မရှိလျှင် ဘဝသည် အဓိပ္ပာယ်ကင်းမဲ့နေပြီဟု ဆိုကြ၏။ ထို့ကြောင့် အချစ်ကို ရှာဖွေ၍ တယုတယ ပြုကြရ၏။

မြတ်စွာဘုရားရှင်က –

ပိယတော ဇာယတေ သောကော၊
ပိယတော ဇာယတေ ဒုက္ခံ။

ပိယတော၊ ချစ်ခင်နှစ်သက် စုံမက်မြတ်နိုးမှုကြောင့်။ သောကော၊ စိုးရိမ်ရခြင်းသည်။ ဇာယတေ၊ ဖြစ်ပေါ်ရလေ၏။ ပိယတော၊ ချစ်ခင်နှစ်သက်စုံမက်မြတ်နိုးမှုကြောင့် ။

ဒုက္ခံ ၊ ဆင်းရဲဒုက္ခသည်။ ဇာယတေ၊ ဖြစ်ပေါ်ရလေ၏ – ဟူ၍ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဟောကြားတော်မူ သည်။ ထိုတရားကို သာဝတ္ထိပြည် ကောသလမင်းကြီး ကြားသိရသော အခါ မလ္လိကာမိဖုရားကြီးအား "ဘုရားဟောတာ မှန်နိုင်ပါ့မလား၊ လူတိုင်းအချစ်ကို တောင့်တ မြတ်နိုးနေကြတာ၊ အချစ်ကြောင့် ဝမ်းသာ ရွှင်ပျပျော်မြူးကြရသည့် ချမ်းသာသုခကို ရနေပါလျက် အချစ်ကြောင့် သောကနှင့်ဒုက္ခ ဖြစ်ရတယ်ဆိုတာ ဟုတ်နိုင်ပါ့မလား" ဟု မေးမြန်းဆွေးနွေး လေသည်။

မလ္လိကာမိဖုရားကြီးက မြတ်စွာဘုရားရှင် တရားတော်မှာ တစ်သဝေမတိမ်း မှန်ကန်ပါကြောင်း ထောက်ခံပြောကြားလိုက်သည်။ ထိုအခါ ကောသလမင်းကြီးက "သင်မိဖုရားမှုကား ဘုရားဟောသမျှ အားလုံးမှန်၊ နည်းနည်းမှ ဝေဖန်စဉ်းစားခြင်းမပြု၊ ဘာဟောဟော ဟောသမျှ ထောက်ခံဖို့အသင့်ဖြစ်နေတော့တာပဲ"ဟု အပြစ်တင်လေသည်။

မိဖုရားကြီးက " အရှင်မင်းကြီးသည် ဤနန်းတော်အတွင်း၌ မည်သူ့ကို အချစ်ဆုံးဖြစ်သည်ဟု အမှန်အတိုင်း ပြောကြားပါလော့"ဟုဆို၏ မင်းကြီးက ဝဇီရီအမည်ရှိ သမီးတော်လေးကို အချစ်ဆုံးဟု ဆို၏။ အကယ်၍များ ထိုသမီးတော်ကလေး အပြင်းအထန် နာဖျားမကျန်းဖြစ်ပါက မစိုးရိမ်ဘဲ နေပါမည်လောဟု မေး၏။

ကောသလမင်းကြီးလည်း စိုးရိမ်သောက ဖြစ်မည်ဟုသာ ဖြေလိုက်သည်။ ထိုသို့ဖြစ်ပါက အချစ်ကြောင့် စိုးရိမ်သောကဖြစ်ရပါသည် ဟူသော ဘုရားဟောဒေသနာ မှန်မမှန်ကို မေးမြန်းရာ ကောသလမင်း ကြီးသည် ဘုရားဟောဒေသနာ မှန်ကန်ကြောင်းကို ဝန်ခံလိုက်ရ တော့သည်။

ထို့ကြောင့် ဘုရားရဟန္တာများကဲ့သို့ စိုးရိမ်သောက လုံးဝကင်း ဝေးခြင်း မဖြစ်နိုင်သော်လည်း သောကလျော့နည်းသွားအောင် သောက၏ အကြောင်းဖြစ်သော အချစ်ကို လျှော့ပေးသင့်ကြလေသည်။

အသိဉာဏ်ပညာဖြင့် ကြိုတင်ဆင်ခြင်ထားပါက အမှန်တကယ် တွေ့ကြုံလာသည့်အခါ စိုးရိမ်ပူဆွေးခြင်းမရှိဘဲ သောကကို ဖြေဖျောက်နိုင်ကြသည်။

ရှေးအခါက ဘုရားအလောင်းသည် ရွာတစ်ရွာ၌ ဇနီး၊ သား၊ သမီး၊ ချွေးမ၊ အစေခံမတို့နှင့်အတူ ခြောက်ဦး သားတို့ လယ်ယာလုပ်ကိုင်နေကြ၏။ ဘုရားအလောင်းသည် သေခြင်းတရား(မရဏာနုဿတိ)ကို အမြဲဆင်ခြင်နေကြရန် ဆုံးမထားသဖြင့် တစ်အိမ်သားလုံး ဆင်ခြင်နှလုံးသွင်းထားကြ၏။

တစ်နေ့သော် သားအဖနှစ်ယောက် လယ်ထွန်သွားရာ သားမှာ မြွေကိုက်၍ သေလေ၏။ တရားသိသော ဖခင်မှာ စိုးရိမ်ပူဆွေးငိုကြွေးခြင်းမရှိဘဲ အိမ်ရှိလူကုန်လာရန်နှင့် ထမင်းတစ်ယောက်စာ ယူ၍လာရန် မှာလိုက်၏။

ဇနီး၊သမီး၊ ချွေးမ၊ အစေခံမတို့သည် လာကြ၍ သေသူကို တွေ့ကြသော်လည်း ငိုကြွေးခြင်းမပြုကြဘဲ မီးသဂြိုဟ်နေကြ၏။

ဤအချင်းအရာကိုမြင်သော သိကြားမင်းသည် လာလတ်၍ သင်တို့သည် သေသူအတွက် အဘယ်ကြောင့် ငိုကြွေးခြင်း မပြုသနည်းဟု မေးရာ–

ဖခင်ဖြစ်သူက " အရှင် မြွေသည် အရေဟောင်းကို စွန့်ပစ်သကဲ့သို့ အကျွန်ုပ်၏သားလည်း မိမိလားရာဂတိသို့ သွားလေပြီ။ ငါသည် သားအတွက် မစိုးရိမ်ပါ"ဟု ဆို၏။

မိခင်ဖြစ်သူက "အရှင် ထိုသားသည် ကျွန်ုပ်တို့မခေါ်ဘဲ ကျွန်ုပ်တို့အိမ်၌ ဖြစ်လာ၏။ ကျွန်ုပ်တို့ ခွင့်မပြုဘဲ ဘဝတစ်ပါးသို့ ပြောင်းသွား၏။ ထိုသို့ အလိုအလျောက်လာ၍ အလိုအလျောက်

သွားသော သားအတွက် ငို၍ အဘယ်အကျိုး ရှိအံ့နည်း။ မိဘဆွေမျိုးတို့ ငိုကြွေးသည်ကို သိမည်မဟုတ်ဘဲ ဘဝတစ်ပါးသို့ သွားလေပြီတကား" ဟုဆို၏။

ဇနီးဖြစ်သူက "အရှင် သေလေပြီးသော သူအတွက် ငိုကြွေး ခြင်းသည် ကောင်းကင်မှ လမင်းကိုပေးပါဟု ငို၍တောင်းသော သူငယ်နှင့်တူ၏။ အကျွန်ုပ်လင်သည် ထိုက်ရာသို့ လားလေပြီ။ အဘယ်မှာ ပူဆွေးရန်ရှိတော့အံ့နည်း"ဟု ဆို၏။

နှမကမူ "အရှင် အကျွန်ုပ်တို့ငိုသော် ကြုံလို၍ အဆွေ ခင်ပွန်း ချစ်ကျွမ်းဝင်သူတို့ စိတ်မချမ်းသာရုံရှိမည်။ အကျွန်ုပ်၏ မောင်သည် ထိုက်ရာသို့ လားလေပြီ။ အဘယ်မှာ ပူဆွေးရန်ရှိတော့ သနည်း" ဟုဆို၏။

အစေခံကလည်း "သေပြီးသူကို တောင့်တငိုကြွေးသူသည် ကွဲပြီးသော အိုးကို ပြန်ပြီး စေ့စပ်ရန် တောင့်တသည်နှင့် တူ၏။ အကျွန်ုပ်အရှင်သည် ထိုက်ရာသို့ လားလေပြီ။ အကျွန်ုပ်တို့ ပူရန်မရှိ" ဟုဆိုသည်။

ထိုအခါ သိကြားမင်းသည် ထိုသူတို့အား ကြည်ညိုလျက် "သင်တို့သည် ဤနေ့မှစ၍ အလုပ် မလုပ်ကြနှင့်၊ သင်တို့ အိမ်၌ ရတနာခုနစ်ပါးနှင့် ပြည့်စေအံ့။ ဒါန၊ သီလ၊ ဘာဝနာ တို့ကိုသာ ကြိုးစားပြုကြပါလေတော့"ဟု ဆို၍ ပြန်လေသတည်း။

# မင်္ဂလာ (၃၇)

၃၇။ **ဝိရဇမင်္ဂလာ** ရမ္မက်ဟူသော မြူမရှိခြင်းသည် ကောင်း မြတ်သော မင်္ဂလာမည်၏။

ရဟန္တာပုဂ္ဂိုလ်များသည် ရဇဟုခေါ်သော မြူအညစ်အကြေးမရှိ။ မြူအညစ်အကြေးဆိုသည် ကိလေသာတဏှာရမ္မက် ဖြစ်သည်။ ကြေးညှော် အညစ်အကြေးများသည် ပစ္စည်းဝတ္ထု တစ်စုံတစ်ခုကို ကပ်ငြိမိပါက ထိုပစ္စည်းဝတ္ထုသည် အရောင်အဆင်း ညှိုးမှိန်သွားရသည်။

ရွှေကို ကြေးနှင့် ရောခြင်း ငွေနှင့်ရောခြင်း၊ ခဲနှင့် ရောခြင်းစသည်ဖြင့် ရောစပ်ထားပါက ကြေးညှော်အညှိ တက်လာ၍ အရောင်အဝါ မတောက်ပနိုင်ချေ။ ထိုကဲ့သို့ အညစ်အကြေးမစင်ကြယ်ဖြစ်နေသော ရွှေကို ဖိုဝ၌ အရည်ကျို၍ ကန့်စသည် ပေါက်ထည့်ပြီး လောင်ကျွမ်းစေခြင်း၊ ငရဲမီးဖြင့် စားခြင်းများ ပြုလုပ်လိုက်သောအခါ ကြေး၊ ငွေ၊ ခဲစသော အညစ်အကြေးများ ချော်ဖြစ်သွား၍ ရွှေသားစစ်စစ်သာ ကျန်ရှိတော့သည်။ ရွှေသားစစ်စစ်သာ ရှိသည့်အခါ ကြေးညှော် အညစ်အကြေးများ အညှိများ ကပ်ငြိခြင်းမရှိတော့သဖြင့် အရောင်တဖိတ်ဖိတ် တောက်ပနေလေတော့ သည်။

ထိုနည်းအတူ လောဘ ဒေါသ မောဟ ကိလေသာ အညစ်အကြေး များနှင့် ယှဉ်တွဲနေသော စိတ်သည် အရောင်မတောက် မကြည်မလင် နောက်ကျုနေသည်။ လောဘ ဒေါသ မောဟ ကိလေသာအညစ်အကြေး များမှ ကင်းစင်နေသော စိတ်သည် ကြည်လင်တောက်ပနေသည်။ ထို့ကြောင့် ဘုရားရဟန္တာများ၏ စိတ်သည် လောဘ (ရာဂ) ဒေါသ မောဟ အညစ်အကြေးများ ကင်းစင်နေသည်။ ရွှေသားစစ်စစ်မှာ ကြေးညှော်မကပ်ငြိနိုင်သကဲ့သို့ ဖြစ်သည်။

မြတ်စွာဘုရားလက်ထက်တော်က စူဠပန္ထကမထေရ်သည် ဝါတွင်းသုံးလ၌ ဘုရားရှိခိုးဂါထာ တစ်ပုဒ်ကိုမျှ ရအောင်မကျက်မှတ်နိုင်သဖြင့် အစ်ကိုကြီးဖြစ်သူ မဟာပန္ထကမထေရ်က စူဠပန္ထကကို သာသနာ့ဘောင်မှ ထွက်သွားရန် ခိုင်းသည်။

မြတ်စွာဘုရားသိတော်မူ၍ စူဠပန္ထကမထေရ်ကို ခေါ်ယူပြီးလျှင် ဆွတ်ဆွတ်ဖြူသော ပိတ်စတစ်ခုကိုပေး၍ လက်ဝါးနှစ်ဖက်ကြားထားပြီး ပွတ်နေရန် နှုတ်မှလည်း ရဇောဟရဏံ = မြူကိုဆောင်ခြင်း (ကြေးတင်ခြင်း)ဟု ရွတ်ဆိုနေစေသည်။

စူဠပန္ထကမထေရ်သည် ရဇောဟရဏံ = ကြေးတင်ခြင်းဟု ရွတ်ဆိုလျက် ပိတ်ဖြူစကို ပွတ်လျက်နေရာ ပိတ်ဖြူစသည် တဖြည်းဖြည်း ဖြူရာမှ ညိုလာ၏၊ ညိုရာမှ ညစ်မည်း သွားသည်ကို တွေ့မြင်ရ၍ ကိုယ်တွေ့အသိဉာဏ် တစ်ခုရသည်ကို မြင်တွေ့လာ၏။ မူလက ဖြူဆွတ်နေသော ပိတ်စသည် ငါ၏ခန္ဓာကိုယ် (လက်ဝါး)နှင့် ပွတ်တိုက်ဖန်များ၍ မည်းညစ်လာသည်။ ဤကြေးညှော်များသည် အခြားမှလာသည် မဟုတ်။ ငါ၏ ကိုယ်ခန္ဓာ(လက်ဝါး)မှ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ဤခန္ဓာကိုယ်ကြီးကား အညစ်အကြေး ကြေးညှော်အတိသာတည်း ဟု ဆင်ခြင်စဉ်းစားနေလေသည်။

ထိုအချိန်တွင် မြတ်စွာဘုရားရှင်သည် အရှင်စူဠပန္ထကရှိရာသို့ ရောင်ခြည်တော်ခြောက်သွယ်လွှတ်၍ တန်ခိုးတော်ဖြင့် ဟောကြားသည်မှာ "ချစ်သား စူဠပန္ထက ဤမြူမှုန့် ဖုန်မှုန့်များကိုသာ ကြေးညှော် အညစ်အကြေးဟု ခေါ်သည်မဟုတ်၊ ရာဂ ဒေါသ မောဟတရားများသည် စင်စစ် အညစ်အကြေးများဖြစ်၍

ယင်းရာဂ ဒေါသ မောဟ အညစ်အကြေးများကို ပယ်စွန့်ရမည်" ဟု ဟောကြားတော်မူသည်။ ထိုတရားတော်ကို အမှီပြု၍ အရှင်စူဠပန္ထကသည် ဝိပဿနာဉာဏ် ရင့်ကျက်ပြီး ရာဂ ဒေါသ မောဟ ကိလေသာ အညစ်အကြေးများ ကင်းကွာ၍ ရဟန္တာ အဖြစ်သို့ ရောက်တော်မူသည်။

# မင်္ဂလာ (၃၈)

၃၈။ **ခေမမင်္ဂလာ** ဘေးရန် ကင်းကွာခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

ရဟန္တာပုဂ္ဂိုလ်သည် ကာမဂုဏ်အာရုံငါးပါးကို သိမ်းပိုက်ခြင်း မရှိ။ ဝတ္ထုကာမ ကိလေသာကာမတို့မှ ကင်းဝေးသောကြောင့် ဘေးရန်ဟူ**၍** မြူမျှ မရှိတော့ချေ။

စိန် ရွှေ ရတနာ ကျောက် သံ ပတ္တမြား ဆန်ရေ စပါး ကျွဲ နွားစသည်ဖြင့် သက်ရှိ သက်မဲ့ ပစ္စည်းဥစ္စာများ ပိုင်ဆိုင်မှုနှင့် စပ်လျဉ်း**၍** ဘေးအသွယ်သွယ် ရန်အသွယ်သွယ် ပွားရ၏။ ဇနီးမယား၊ သမီး၊ သားကို အကြောင်းပြု၍ ဘေးရန်များ ဖြစ်ပေါ်ရ၏။

ရဟန်းတော်များမှာ ပစ္စည်းဥစ္စာဟူ၍ သပိတ်တစ်လုံးနှင့် သင်္ကန်းသုံးထည်သာရှိသည်။ သင်္ကန်းမှာလည်း အမှိုက်ပုံထဲမှ သူတစ်ပါး စွန့်ပစ်ထားသော အဝတ်စများ စပ်ဟပ်ချုပ်လုပ်ဆိုးထားခြင်းဖြစ်၍ လုယက် ယူငင်ရန်မဆိုထားဘိ အလကား ပေး၍ပင် ယူကြမည်မဟုတ်ချေ။

သပိတ်မှာလည်း မွဲမွဲခြောက်ခြောက်မြေသပိတ်ဖြစ်၍ သူခိုး ဓားပြများ ယူချင်မည်မဟုတ်။ ထို့ကြောင့် သပိတ် သင်္ကန်းကို အကြောင်းပြု၍ ဘေးရန်ဖြစ်စရာမရှိ။ ကျောင်းသခ်မ်းမှာလည်း သစ်ပင်ရိပ်၊သို့မဟုတ် သစ်ရွက်မိုးကျောင်းဖြစ်၍ မည်သူမျှလာရောက် ကျောင်းလုကြမည်မဟုတ်။ တစ်နေ့စာတစ်နေ့ အလှူခံစားသောက်၍ အပိုအမိ သိုလှောင်သိမ်းဆည်းထားခြင်း မရှိသဖြင့် စားရေရိက္ခာကို လာရောက် လုယူမည့် ဘေးရန်မှ ကင်းဝေး၏။ ဤကား ပြင်ပမှလာသော ဘေးရန်များ ကင်းဝေးပုံဖြစ်သည်။

ရဟန္တာပုဂ္ဂိုလ်သည် ကာမယောဂ၊ ဘဝယောဂ၊ ဒိဋ္ဌိယောဂ၊ ာဝိဇ္ဇာယောဂ ဟူသော ယောဂလေးဖြာ ဘေးရန်မှကင်း၏။ ယောဂ လးပါးသည့် အတွင်းရန်သူများ ဖြစ်၏။ တည်ကြည်ငြိမ်သက် စင်ကြယ်နေ သာ စိတ်ကို ကာမရာဂဟုခေါ်သော ကာမယောဂတရားသည် လုယက် ျက်ဆီးတတ်၏။ ကာမရာဂ ဖြစ်ပေါ်လာပါက စင်ကြယ်နေသော ိတ်သည် မည်းညစ်သွား၏။ တည်ကြည်ငြိမ်သက်နေသော စိတ်သည် ယောက်ယက်ခတ် တုန်လှုပ်ချောက်ချားလာ၏။

၆၂-ပါးသော မိစ္ဆာဒိဋ္ဌိ အယူဝါဒများသည် သမ္မာဒိဋ္ဌိ အမြင် မှောက်မှားစေရန် နှောင့်ယှက်ဖျက်ဆီးတတ်၏။ မိစ္ဆာဒိဋ္ဌိ မိစ္ဆာအယူဝါဒများ ဝင်ရောက်လာသည့်အခါ စိတ်သည် မငြိမ်မသက်တုန်လှုပ် ချောက်ချား တတ်၏။

အဝိဇ္ဇာခေါ် မောဟ အမှောင်ထုကြီးသည် အမှန်ကို မမြင်နိုင်အောင် အမှားကို အမှန်ထင်လာအောင် လှည့်စားတတ်၏။ ကြည်လင်သော ဉာဏ်အမြင်ကို မည်းညစ် နောက်ကျုသွားစေ၏။ ရဟန္တာပုဂ္ဂိုလ်သည် ယင်းအတွင်းရန်သူဖြစ်သော ယောဂလေးပါးမှ ကင်းလဖြင့် ဘေးကင်းသူ ရန်ကင်းသူဟုဆိုရ၏။

တစ်နည်းအားဖြင့် ပုထုဇဉ်ဘဝသည် သားရဲတိရစ္ဆာန်နှင့် ခိုးသား ဓားပြ ပေါများသော တောအုပ်ကြီး တောင်တန်းကြီးကို ဖြတ်သန်းသွားရ သော ခရီးသည်နှင့်တူ၏။ ခရီးသည်သည် ယင်းတောအုပ် တောင်တန်းကြီးကို တထိတ်ထိတ်တလန့်လန့် စိုးရိမ်ကြောက်လန့်စွာဖြင့် ဖြတ်သန်းသွားလာခဲ့ရပြီးနောက် တရားဥပဒေ စိုးမိုးနေသည့် လူယဉ်ကျေး များ နေထိုင်ရာမြို့တော်သို့ ရောက်သွားသောအခါ ရဟန္တာအဖြစ် ရောက်သွားသည်နှင့်တူ၏။ ထို့ကြောင့် အန္တရာယ်များလှသော ကန္တာရ ခရီးကြမ်းကို ဖြတ်သန်းသွားနေချိန်နှင့် အေးချမ်းသာယာသော ရွှေမြို့တော်သို့ ရောက်ရှိချိန်တို့ နှိုင်းယှဉ်ကြည့်ပါက ရဟန္တာပုဂ္ဂိုလ်၏ ခေမမင်္ဂလာနှင့် ပြည့်စုံပုံကို **မှန်းဆသိနိုင်ပေသည်။ တစ်နည်းအားဖြင့် မိကျောင်း ငါးမန်းများ**

ဝေါမျှားသော ရေပြင်ကို ဖြတ်ကူးလာပြီးနောက် ကျွန်းသာယာသို့ ရောက်ရှိသူကိုကြည့်၍ ခေမံ = ဘေးရန်ကင်းခြင်း မင်္ဂလာကို နားလည်နိုင်ပေသည်။

**မာရ်နတ်၏ စစ်သည်များ**

တစ်နည်းအားဖြင့် မာန်စစ်သည် ဆယ်ပါးကို အောင်နိုင်သော ကြောင့် ရဟန္တာပုဂ္ဂိုလ်၏အဖြစ်သည် ခေမံ = ဘေးရန်မရှိဟုဆိုလိုပါသည်။ အာရုံငါးပါး ကာမဂုဏ်တရားများသည် မာရ်နတ်မင်း၏ ပထမဦးဆုံး စစ်သည်ဖြစ်၏။ ယင်းကာမဂုဏ်အာရုံများကို တွန်းလှန် ဖယ်ရှားနိုင်သော အခါ ဥပုသ်စောင့်သုံးခြင်း၊ တရားဘာဝနာစီးဖြန်းခြင်း၊ တောထွက်၍ ရဟန်းပြုခြင်းတို့ကို ပြုလုပ်နိုင်၏။

ထို့နောက် မာရ်နတ်၏ ဒုတိယစစ်သည်နှင့် ရင်ဆိုင်ရတတ်သည်။ ဒုတိယစစ်သည်မှာ တရားအာရုံ၌ မပျော်မွေ့ခြင်း၊ ရဟန်းဘဝ၌ မပျော်မွေ့ခြင်း အရတိ ဖြစ်သည်။

ယင်းအရတိကို ကျော်လွှန်လာသောအခါ ဆာလောင်မွတ်သိပ်ခြင်း ဟူသော တတိယ မာရ်စစ်သည်နှင့် ရင်ဆိုင်ရပြန်သည်။

ယင်းကိုကျော်လွှန်နိုင်ပြန်သောအခါ အတိတ်ကာလက ခံစား ခဲ့ဖူးသော ကာမဂုဏ်အာရုံများကို ပြန်လည်တမ်းတခြင်း၊ အနာဂတ်၌ ခံစားခွင့်ရရန် မျှော်မှန်းသည့် တဏှာတည်းဟူသော စတုတ္ထစစ်သည်နှင့် ရင်ဆိုင်ရပြန်သည်။

ထို့နောက် လေးလံထိုင်းမှိုင်း ငိုက်မျဉ်းခြင်း ထိနမိဒ္ဓဟူသော ပဉ္စမမာရ်စစ်သည်နှင့် တွေ့ကြုံရပြန်သည်။

ထို့နောက် မိမိ၏ဘာဝနာကမ္မဋ္ဌာန်းအာရုံ၌ ထင်မြင်လာသော ကြောက်မက်ဖွယ်ရာ အာရုံတည်းဟူသော ခြောက်ခုမြောက် မာရ်စစ်သည် နှင့် တွေ့ရတတ်သည်။

ထို့ထက် အဆင့်မြင့်လာသောအခါ သတ္တမမာရ်စစ်သည်ဖြစ်သော မိမိအားထုတ်နေသည့် တရားလမ်းစဉ်အပေါ်၌ မှန်မှမှန်ရဲ့လေလားဟု ယုံမှားသံသယ ဝိစိကိစ္ဆာ ဖြစ်လာတတ်သည်။ ထို့နောက် တရားအားထုတ်ရာ၌ ကြည်လင်တောက်ပ ဝင်းထိန်သော အာရုံနိမိတ် များနှင့် အသိဉာဏ်ထက်မြက်မှုများ ပေါ်ပေါက်လာ၍ ဘဝင်မြင့်တက်လာတတ်သည်။ ဆရာသမား၏ ကျေးဇူးကို ပစ်ပယ်၍ ငါလိုလူ ဇမ္ဗူမရှိဟု မာနအလွန်တက်ကြွလာတတ်သည်။

ယင်းအဆင့်ကို ကျော်လွန်ပြန်သောအခါ နာမည်ကျော်ကြားလိုခြင်း၊ အပူဇော်ခံလိုခြင်း၊ လာဘ်လာဘ အလှူအတန်း ကန်တော့ပွဲများ အမြဲမပြတ် ရလိုခြင်း ဟူသော လာဘသက္ကာရသိလောက မာရ်စစ်သည်နှင့် ရင်ဆိုင်တွေ့ရတတ်သည်။

နောက်ဆုံးပိတ် ကျော်လွှားနိုင်ရန် ခက်ခဲသော မာရ်စစ်သည်မှာ မိမိမည်မျှ တော်ကြောင်း၊ တတ်ကြောင်း၊ အခြားသူများ မည်မျှ ညံ့ဖျင်းကြောင်း ပြောကြားလိုမှု အတ္တုက္ကံသန ပရဝမ္ဘနတရား ဖြစ်ပေသည်။ များသောအားဖြင့် သူတော်ကောင်းအမည်ခံပုဂ္ဂိုလ်များသည် နောက်ဆုံးဖြစ်သော မာရ်စစ်သည်တပ်မကြီးနှစ်တပ်ကို မဖြိုခွဲနိုင်၊ မကျော်လွှားနိုင်ကြသည်ကို တွေ့နေရပေမည်။

ယင်းမာရ်နတ်၏ စစ်သည် တည်းဟူသော ဘေးအန္တရာယ်များသည် ရဟန္တာပုဂ္ဂိုလ်အား နှောင့်ယှက် ဖျက်ဆီးနိုင်ခြင်းမရှိ။ ထိုကဲ့သို့ မာရ်စစ်သည် အန္တရာယ်မှ ကင်းလွတ်နေသောကြောင့် ရဟန္တာ ဟူသည်မှာ ခေမံ (ဘေးရန်မရှိ) ဟု ဂုဏ်ထူးဝိသေသဖြင့် ချီးကျူး ဂုဏ်ပြုရခြင်း ဖြစ်ပေသည်။

တောဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလမုတ္တမံ။

မင်္ဂလသုတ္တံ နိဋ္ဌိတံ။

## မင်္ဂလာ၏အကျိုး

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာကုံးကို၊
လိုက်နာကျင့်သုံး ပန်သူတွေ။
စီးပွားချမ်းသာ ကျက်သရေတိုးလို့၊
ကောင်းကျိုးစည်ပွင့်‘ တဝေဝေ။
ဘေးကင်းရန်ကွာ ချစ်သူပေါလို့၊
စိတ်ရောကိုယ်ရော ချမ်းသာမလေ၊
ပြောဆိုကြံဆ ဆောင်သမျှ၊
အောင်ရမည် ကိန်းသေ။
အဲဒါကြောင့် ပန်ကြ ဆင်ကြ မင်္ဂလာ့ ပန်းခိုင်တွေ။

မင်္ဂလာ ဦးဘသန်း
နှင့်
ဒဂုန် ဦးထွန်းမြင့်

# နိဂုံး

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ တရားတော်များကို လိုက်နာကျင့်သုံးသူများအတွက် ရရှိနိုင်သော အကျိုးတရားနှစ်ပါးကို မင်္ဂလသုတ္တံ၌ အောက်ပါအတိုင်း ဟောကြားထားသည်။

(က) သဗ္ဗတ္ထမပရာဇိတာ = မည်သည့်နေရာမှာမျှ အရှုံးမရှိနိုင်၊ နေရာတိုင်း၌ အောင်ပွဲခံရမည်။

(ခ) သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ = မည်သည့် နေရာမှာ မဆို ချမ်းသာသုခကို ရရှိသည်။

ဤမင်္ဂလာတရား သုံးဆယ့်ရှစ်ပါးသည် ဘာသာမရွေး၊ လူမျိုးမရွေး၊ တိုင်းပြည်နေရာ ဒေသမရွေး လူတိုင်းလိုက်နာ ကျင့်သုံးကြရမည့် လူ့ ကျင့်ဝတ်တရားတော်ဖြစ်သည်။

လူမိုက်ကို ရှောင်၍ လူလိမ္မာပညာရှိနှင့် ပေါင်းသင်း ဆက်ဆံရမည်၊ ဗဟုသုတ ရှာဖွေဆည်းပူးရမည်၊ စကား အပြောအဆို ချိုသာယဉ်ကျေးရမည်၊ မိဘကို ပြုစုလုပ်ကျွေးရမည်၊ သားမယားကို ချီးမြှောက်ထောက်ပံ့ရမည်၊ အရက်သေစာ မသောက်စားရ စသော ဤကျင့်ဝတ်တရားများကို ဘာသာတိုင်းက ငြင်းပယ်ခြင်းမရှိ၊ လက်ခံကျင့်သုံးကြသည်။ လူမျိုးတိုင်း လက်ခံကျင့်သုံးကြရသည်။

အဘယ်ကြောင့်ဆိုသော် ဤတရားတော်သည် လူမျိုးမရွေး ဘာသာမရွေး၊ တိုင်းပြည်နေရာဒေသမရွေး အားလုံးအတွက် မှန်ကန်သော လူ့ကျင့်ဝတ်ဖြစ်သောကြောင့်တည်း။

အမှန်တရားဟူသည် မည်သည့်လူမျိုးအတွက်မဆို မှန်ကန် ရမည်။ မည်သည့်နေရာဒေသမှာမဆို မှန်ကန်ရမည်။ မည်သည့်အချိန်ကာလမှာမဆို မှန်ကန်ရမည်။

ယခုပြဆိုခဲ့သည့် မိဘကို လုပ်ကျွေးပြုစုခြင်း၊ သားမယားကို ချီးမြှောက်ထောက်ပံ့ခြင်း၊ ပေးကမ်းစွန့်ကြဲ လှူဒါန်းခြင်း၊ အရက်သေစာ စသော မူးယစ်ဆေးဝါးမှီဝဲခြင်းမှ ရှောင်ကြဉ်ခြင်း စသော ဤမင်္ဂလာ တရားတော်များကို လိုက်နာကျင့်သုံးပါက အတိတ်ကာလ၌လည်း ကောင်းကျိုးတရား ခံစားကြရသည်။ ပစ္စုပ္ပန်ကာလ၌လည်း ကောင်းကျိုးတရား ခံစားကြရသည်။ အနာဂတ်ကာလ၌လည်း ကောင်းကျိုး တရားခံစားကြရမည်။

ဤတိုင်းပြည်မှာ ကျင့်သုံးလျှင်လည်း ကောင်းကျိုးတရား ခံစား ကြရမည်။ အခြားတိုင်းပြည်မှာ ကျင့်သုံးလျှင်လည်း ကောင်းကျိုးတရား ခံစားကြရမည်။ မြန်မာလူမျိုးများ လိုက်နာကျင့်သုံးလျှင်လည်း ကောင်းကျိုးတရားများ ခံစားကြရမည်။ တရုတ်လူမျိုးများ လိုက်နာ ကျင့်သုံးလျှင်လည်း ကောင်းကျိုးတရား ခံစားကြရမည်။ ဥရောပ လူမျိုးများ လိုက်နာကျင့်သုံးလျှင်လည်း ကောင်းကျိုးတရားခံစားကြရမည်။ အာဖရိက လူမျိုးများ လိုက်နာကျင့်သုံးလျှင်လည်း ကောင်းကျိုးတရား ခံစားကြရမည်။

ထို့ကြောင့် ဤမင်္ဂလာတရားတော်သည် လူသား တစ်ရပ်လုံး စီးပွားချမ်းသာရရှိရန် ဟောကြားညွှန်ပြထားသော တရားတော်များဖြစ် သည်။

ဤမင်္ဂလာတရားတော်များကို လိုက်နာကျင့်သုံးသည့်အတွက် တစ်စုံတစ်ရာ ဆုံးရှုံးနစ်နာမှု မဖြစ်နိုင်ချေ။ လူမိုက်ကို ရှောင်ကြဉ်၍ လူလိမ္မာပညာရှိကို မှီဝဲ ဆည်းကပ်ခြင်းကြောင့် သင့်အား တစ်စုံတစ်ရာ နစ်နာဆုံးရှုံးမှုမဖြစ်နိုင်ချေ။ အကျိုးအမြတ် ဖြစ်ထွန်းရန်သာ ရှိသည်။

ရိုသေလေးစားမှုဂါရဝ၊ မိမိကိုယ်ကို နှိမ့်ချမှု နိဝါတ မင်္ဂလာကို လိုက်နာကျင့်သုံးခြင်းဖြင့် ထိုကျင့်သုံးသူအား တစ်စုံတစ်ရာ အကျိုးဆုတ် ယုတ်မှု၊ နစ်နာဆုံးရှုံးမှု မရှိနိုင်ချေ။ အကျိုးအမြတ်ဖြစ်ထွန်းရန်သာ ရှိသည်။

**အလားတူပင် မင်္ဂလာတရား သုံးဆယ့်ရှစ်ပါးအနက် မည်သည့်** မင်္ဂလာတရားတော်ကမျှ လိုက်နာကျင့်သုံးသူအား အကျိုးမဲ့ နစ်နာဆုံးရှုံးမှု မဖြစ်စေနိုင်၊ ကောင်းကျိုးချမ်းသာရရှိစေမည် ဧကန်ဖြစ်သည်။ ထို့ကြောင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဤသုံးဆယ့်ရှစ်ဖြာမင်္ဂလာ တရားတော်များကို လိုက်နာကျင့်သုံးသူအား မည်သည့်နေရာဒေသတွင်မျှ နစ်နာဆုံးရှုံးမှုမရှိနိုင် (သဗ္ဗတ္ထမပရာဇိတာ) ဟူ၍လည်းကောင်း၊ နေရာဒေသ မရွေးကောင်းကျိုးချမ်းသာ ရရှိနိုင်သည့် (သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ) ဟူ၍ လည်းကောင်း ရဲရဲတင်းတင်း အာမခံချက်ပေးတော်မူခဲ့ခြင်း ဖြစ်သည်။ ဘုရားရှင်ကိုယ်တော်တိုင် အာမခံချက်ပေးထားသော တရားတော်များဖြစ်၍ လက်တွေ့လိုက်နာ ကျင့်သုံးရန်မှာ ကျွန်ုပ်တို့၏ တာဝန်သာ ဖြစ်ပေတော့ သည်။

ဤခေတ် လူတို့၏သက်တမ်းကို ပျမ်းမျှအားဖြင့် အသက်(၈၀) တမ်း အဖြစ် သတ်မှတ်၍ အရွယ်လေးပါးပိုင်းခြားလျှင် အရွယ်တစ်ခုတွင် အနှစ်(၂၀)စီ ဖြစ်ပေလိမ့်မည်။ မင်္ဂလာတရားတော်များကိုလည်း ယင်းအရွယ်လေးပါးနှင့်အညီ (၄)ပိုင်းခွဲဝေ၍ ယေဘုယျအားဖြင့် လိုက်နာကျင့်သုံးကြရန် ဖြစ်သည်။

ပထမအရွယ် အသက်(၂၀)အတွင်း မင်္ဂလာတရားတော် အမှတ်စဉ် (၁)မှ (၁၀)အထိ အထူးဂရုပြုလိုက်နာကျင့်သုံးကြရန် ဖြစ်သည်။

ဒုတိယအရွယ် အသက်(၂၀)မှအသက်(၄၀)အထိ မင်္ဂလာ တရားတော် အမှတ်(၁၁)မှ (၂၀)အထိ အထူးအလေးပြု လိုက်နာ ကျင့်သုံးကြရန် ဖြစ်သည်။

တတိယအရွယ် အသက်(၄၀)မှ အသက်(၆၀)အထိ မင်္ဂလာ တရားတော် အမှတ်စဉ်(၂၁)မှ (၃၀)အထိ အထူးအလေးပြု လိုက်နာကျင့်သုံးကြရန် ဖြစ်သည်။

စတုတ္ထအရွယ် အသက်(၆၀)မှ အသက်(၈၀)အထိ မင်္ဂလာ တရားတော် အမှတ်စဉ်(၃၁)မှ (၃၈)အထိ အထူးအလေးပြု လိုက်နာ ကျင့်သုံးကြရန်ဖြစ်သည်။

မင်္ဂလာတရားတော်(၃၈)ပါးလုံးကို လူတိုင်း လိုက်နာကျင့်သုံးကြရမည် ဖြစ်သော်လည်း မင်္ဂလာတရားတော် အမှတ်စဉ်(၁၄)မှ (၂၅)အထိ မင်္ဂလာတရား(၁၂)ပါး ကိုမူ ချမ်းသာကြွယ်ဝသူများ၊ ရာထူးရာခံနှင့်ပြည့်စုံ၍ အာဏာရှိသူများ၊ ခေါင်းဆောင်များ အနေဖြင့် အထူးဂရုပြု၍ လိုက်နာကျင့်သုံးသင့်ကြပေသည်။

နိဂုံးချုပ်အားဖြင့် ဤသုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်ကို လိုက်နာကျင့်သုံးသူများသည် ပညာတတ်လူလိမ္မာ၊ ပစ္စည်းဥစ္စာ အာဏာ တန်ခိုးနှင့် ပြည့်စုံကြမည့်အပြင် ဘဝနိဂုံး အဆုံးသတ်သည့်အခါ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်တိုင်ရောက် ကောင်းကျိုးချမ်းသာ ခံစားရမည်ဖြစ်ကြောင်း ဖော်ပြ လိုက်ရပေသတည်း။

မောင်အံ့
(မဟာဝိဇ္ဇာ-ဘုံဘော)

ပ.မ.၁၁.စ. ၃၃/၁၁.၁၀.၂၀၁၃.(၃၀၀၀)လစ်သို၊ မြင်ပ • က

# လူ့ကျင့်ဝတ် မင်္ဂလာတရား

အမှန်တရားဟူသည် မည်သည့်လူမျိုးအတွက်မဆို မှန်ကန်ရမည်။ မည်သည့်နေရာဒေသမှာမဆို မှန်ကန်ရမည်။ မည်သည့်အချိန်ကာလမှာမဆို မှန်ကန်ရမည်။

ဤမင်္ဂလာတရား သုံးဆယ့်ရှစ်ပါးသည် ဘာသာမရွေး၊ လူမျိုးမရွေး၊ တိုင်းပြည်နေရာဒေသမရွေး၊ လူတိုင်းလိုက်နာ ကျင့်သုံးကြရမည့် လူ့ကျင့်ဝတ်တရားတော် ဖြစ်သည်။

လူမိုက်ကိုရှောင်၍လူလိမ္မာပညာရှိနှင့် ပေါင်းသင်းဆက်ဆံရမည်။ ဗဟုသုတ ရှာဖွေဆည်းပူးရမည်၊ စကားအပြောအဆို ချိုသာ ယဉ်ကျေးရမည် မိဘကို ပြုစုလုပ်ကျွေးရမည်၊ သားမယားကို ချီးမြှောက်ထောက်ပံ့ရမည်၊ အရက်သေစာ မသောက်စားရ စသော ဤကျင့်ဝတ် တရားများကို ဘာသာတိုင်းက ငြင်းပယ်ခြင်းမရှိ၊ လက်ခံကျင့်သုံးကြသည်။ လူမျိုးတိုင်း လက်ခံကျင့်သုံးကြရသည်။

အဘယ်ကြောင့် ဆိုသော် ဤတရားတော်သည် လူမျိုးမရွေး ဘာသာမရွေး၊ တိုင်းပြည်နေရာဒေသမရွေး အားလုံးအတွက် မှန်ကန်သော လူ့ကျင့်ဝတ် ဖြစ်သောကြောင့်တည်း။